
www.burmeseclassic.com

THIHAYADANAR

ရွှေဥဒေါင်း

(ဂုဏ်ထိုက်အောင်ပြိုင်)

# လက်ထက်တော်ကြီး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

သီဟရတနာစာအုပ် - (၈၅)

# လက်ထက်တော်ကြီး

## ရွှေဥဒေါင်း

ပထမအကြိမ်ထုတ်မူအတိုင်း ပြန်လည်ထုတ်ဝေခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၁၂၃၃/၂၀၀၄ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၂၀၁/၂၀၀၄ (၁၁)

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်
၁၉၆၀ ခုနှစ်၊ ရဲရင့်စာပေ
ဒုတိယအကြိမ်
၁၉၉၄ ခုနှစ်၊ ပန်းရွှေပြည်စာအုပ်တိုက်
တတိယအကြိမ်
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ
သီဟရတနာစာပေ

အုပ်ရေ ■ (၁၀၀၀)

ထုတ်ဝေသူ ■ ဦးသိမ်းစိုး
(မြ-၀၃၉၈၂)
(သီဟရတနာစာပေ)
အမှတ်(၁၀၀-D)၊ အင်းလျားလမ်း၊
တမာရွတ်မြို့နယ်။

မျက်နှာဖုံးနှင့် ■ ဒေါ်ခင်အေးမြင့်
အတွင်းပုံနှိပ် (ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း-၃၀၊ ပုဇွန်တောင်။

ထွန့်ပျူတာစာစီ ■ Dream City

မျက်နှာဖုံးဒီဇိုင်း ■ THIHA Group

စာအုပ်ချုပ် ■ တိုမြင့်

တန်ဖိုး ■ (၈၀၀)ကျပ်

# ရွှေဥဒေါင်း (၁၈၈၉-၁၉၇၃)

မန္တလေးမြို့ ဝါးတန်းရပ်ကွက်တွင် အဖ ဦးဖျော၊ အမိ ဒေါ်ရွှေ တို့မှ ၁၈၈၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဖေသိန်းဖြစ်သည်။

လေးနှစ်သားအရွယ်တွင် မန္တလေးမြို့ ဗုဒ္ဓဘာသာ သီလရှင်ကျောင်း၌ ပညာသင်ကြားသည်။ ထို့နောက် လူကျောင်း၊ ဘုန်းကြီးကျောင်း၊ အေဘီအမ်ကျောင်းတို့သို့ အဆင့်ဆင့်ပြောင်းရွှေ့ ပညာသင်သည်။ ၁၉၀၈ ခုနှစ်တွင် ကာလကတ္တားတက္ကသိုလ် အသိအမှတ်ပြု အင်းထရင့်စာမေးပွဲကို အောင်မြင်သည်။

မန္တလေး ဗုဒ္ဓဘာသာကျောင်း၊ အေဘီအမ်ကျောင်းနှင့် ကန္နီရှာ အင်္ဂလိပ်ကျောင်းတို့တွင် ကျောင်းဆရာ၊ ရွှေဘိုအရေးပိုင်ရုံး သစ်တော စာရေး၊ မန္တလေး လယ်ယာစိုက်ပျိုးခြင်းနှင့် သမဝါယမမင်းကြီးရုံး၌ တောလိုက်စာရေး၊ 'သူရိယမဂ္ဂဇင်း' အယ်ဒီတာ၊ 'မြန်မာ့ဗုဒ္ဓဟာဂျာနယ်' တွဲဖက်ထုတ်ဝေသူ၊ 'နယူးဘားမားသတင်းစာ' တိုက် စက္ကရီတေရီ (၁၉၂၆)၊ ပဲခူးမြို့ ခရစ်ယာန်စာပေအသင်း ဘာသာပြန်ဆရာ(၁၉၃၀)၊ 'သူရိယ သတင်းစာ' အယ်ဒီတာ (၁၉၃၆)၊ 'လူထုသတင်းစာ' အယ်ဒီတာချုပ်၊ 'လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ' အယ်ဒီတာချုပ် (၁၉၆၄-၆၈) စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) ကိုယ်စားလှယ်အဖြစ် တရုတ်နိုင်ငံ၊ ဆိုဗီယက်နိုင်ငံများသို့ ရောက်ရှိခဲ့သည်။

၁၉၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့ညတွင် ရန်ကြီးအောင်ဝတ္ထုကို ပထမဆုံးရေးသည်။ ဝတ္ထုရှည်(၅၀)ကျော်၊ ဝတ္ထုတို(၃၀၀)ကျော်ကို ဆီလျော်အောင် မှီငြမ်းပြု၍လည်းကောင်း၊ တိုက်ရိုက်မြန်မာပြန်၍လည်းကောင်း ရေးသားခဲ့သည်။ စုံထောက်မောင်စံရှား၊ ဂျမဒါကိုတိုကြီး၊ ရှုပနန္ဒီ၊ ရှုဝ ကလျာဏီ၊ ပထမဆရာသိန်း၊ ဓော်ဟိတ်၊ သူတော်စိန် စသည်တို့မှာ ထင်ရှားသော အမိုးဝတ္ထုများဖြစ်သည်။ ရတနာသိုက်၊ မျှော်တလင့်လင့်၊ သူရဲကောင်းသုံးယောက်၊ သွေးစုပ်မြေ စသည်တို့မှာ တိုက်ရိုက်ဘာသာပြန်ဝတ္ထုများ ဖြစ်သည်။ ပင်ကိုရေး ဝတ္ထုရှည်များတွင် ရန်ကြီးအောင်မှာ ထင်ရှား၏။ ဘာသာရေး၊ အတွေ့တွေ့ဗဟုသုတ၊ ဖရိုးသွားမှတ်တမ်း၊ ကိုယ်ရေးအတ္ထုပ္ပတ္တိ၊ ကျန်းမာရေးနှင့် ကြီးပွားရေး စာအုပ်များကိုလည်း ပြုစုခဲ့သည်။ မျှော်တလင့်လင့် ဖြင့် ၁၉၅၂ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ သွေးစုပ်မြေဖြင့် ၁၉၅၅ ခု စာပေဗိမာန် ဘာသာပြန်ဆု၊ တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များဖြင့် ၁၉၆၁ ခုနှစ် စာပေဗိမာန် သုတပဒေသာ ဆု ရရှိခဲ့သည်။

၁၀ ဩဂုတ် ၁၉၇၃ တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com

## သိဟရတနာစာပေတိုက်မှထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်မမလေး၏ သူမ
၂။ ဂျာနယ်ကျော်မမလေး၏ ရင်မှတ္တရှိုက်
၃။ ဂျာနယ်ကျော်မမလေး၏ မေတ္တာ
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ သူ
၅။ ဂျာနယ်ကျော်မမလေး၏ နတ်ရေးငယ်ရွှေစာ
၆။ ဂျာနယ်ကျော်မမလေး၏ ကမ္ဘာမြေဝယ်
၇။ ဂျာနယ်ကျော်ဦးချစ်မောင်၏ အိမ်ကြီးမာယာ
၈။ ဂျာနယ်ကျော်မမလေး၏ စိတ်
၉။ ဆောင်းဝင်းလတ်၏ လွမ်းလောက်ပေသည်
၁၀။ ဂျာနယ်ကျော်မမလေး၏ သူလိုမိန်းမ
၁၁။ မောင်သိန်းတန်၏ သည်အရွယ်
၁၂။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ သေခြင်းနှင့် အားမာန်
၁၃။ ပါရဂူ၏ ဘုရားကျောင်း တံမြက်လှည်းသမား
၁၄။ ဒေါက်တာခင်လေးမြင့်၏ ကျွန်ုပ်၏သဒ္ဒါ
၁၅။ လေသူရဲတစ်ဦး(ဦးလှဝင်း)၏ မုန်တိုင်း
၁၆။ ဂျာနယ်ကျော်မမလေး၏ ရွှေလင်းယုန်
၁၇။ ဂျာနယ်ကျော်မမလေး၏ ပုဂ္ဂလပညတ်
၁၈။ မြတ်ဆွေ၏ စာရေးဆရာတို့၏ အနီးအဝေးပုံရိပ်များ
၁၉။ မင်းဆွေ၏ နာမည်
၂၀။ မိချမ်းဝေ၏ အလွမ်းပင်ဆင့် ကျွမ်းရင်နင့်
၂၁။ ဦးလှမို၏ ရဟန္တာအစ ကောဏ္ဍည
၂၂။ လူထုစိန်ဝင်း၏ ပထမအမျိုးသမီးလမ်းထွင်သူများ
၂၃။ ဂျာနယ်ကျော်မမလေး၏ ရဲဘော်ဖခင်မှတ်တမ်း
၂၄။ မင်းခိုင်ဦး၏ ပန်းတို့သည်လည်း ရနံ့ချင်းမြိုင်မညီနိုင်
၂၅။ ဇော်နောင်၏ အာရှမျက်လုံးများဖြင့် အနောက်ကမ္ဘာကိုကြည့်ရှုခြင်း
၂၆။ ဟိန်းလတ်၏ သိစိတ်စီးကြောင်းဖြစ်တည်မှုသစ် ပစ္စုပ္ပန်သရုပ်မှန် နှင့် စာပေအနုပညာရေးရာ
၂၇။ ဂျာနယ်ကျော်မိသားစု၏ ဂျာနယ်ကျော်စီးဆင်းမှု
၂၈။ ရွှေဥဒေါင်း၏ အေဗရာဟင်လင်ကွန်း
၂၉။ ဒဂုန်တာရာ၏ မေ
၃၀။ နတ်နွယ်၏ ရင်သွေးနှင့် မိုရေးဗီးယား ဝတ္ထုတိုများ
၃၁။ ဂျာနယ်ကျော်မမလေး၏ သုခုမအနုပညာရှင်
၃၂။ ဂျာနယ်ကျော်မမလေး၏ အဖြူ
၃၃။ ချစ်ဦးညို၏ လက်ဘဒီပချစ်သူ
၃၄။ ဂျာနယ်ကျော်မမလေး၏ တွေးတစိမ့်စိမ့်
၃၅။ မန္တလေးကလောင်စုံ၏ မဆုံဖြစ်ကြသူများ
၃၆။ လူထုဒေါ်အမာ၏ ငွေနှင့်လက်နက်
၃၇။ ဒဂုန်တာရာ၏မြိုင်
၃၈။ ရွှေဥဒေါင်း၏ ရှိတ်စပီးယား ဝတ္ထုတိုများ
၃၉။ မိချမ်းဝေ၏ လှိုင်းနှစ်ထပ်ပင်လယ်
၄၀။ လူထုစိန်ဝင်း၏ အရှေ့ကိုမျှော်၍ အနောက်ကိုကြည့်ခြင်း
၄၁။ မြသန်းတင့်၏ ကံကောင်း
၄၂။ ချစ်ဦးညို၏ သုဝဏ္ဏဘုမ္မိဝေဒနာ
၄၃။ မင်းသုဝဏ်၏ ပန်းနှင့်ပင်စည်
၄၄။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ
၄၅။ ဂျာနယ်ကျော်မမလေး၏ သွေး
၄၆။ ဟိန်းလတ်၏ကမ္ဘာကျော်စာရေးဆရာများနှင့် သူတို့၏စာများ
၄၇။ အောင်ဝေး၏ အေးမြမြမီးလျှံ
၄၈။ မောင်ဝံသ၏ ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၏ နိုင်ငံရေး၊စီးပွားရေး မြင်ကွင်းကျယ်လေ့လာချက်
၄၉။ ဆောင်းဝင်းလတ်၏ မီးပြတိုက်
၅၀။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ
၅၁။ ဒေါက်တာခင်လေးမြင့်၏ LET US SPEAK FRENCH
၅၂။ လူထုဒေါ်အမာ၏ မြန်မာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများ
၅၃။ ဂျာနယ်ကျော်မမလေး၏ မြန်မာ့ဆေးပညာ
၅၄။ ကျော်ဝင်း၏လူများ ဖြစ်ရပ်များ တွေ့ရှိချက်များ(နိုင်ငံတကာအိုင်ဒီယာမိတ်ဆက်)
၅၅။ ချစ်ဦးညို၏ အချစ်ဖြင့်လောင်ကျွမ်းတောက်ပသူများ
၅၆။ ရွှေဘိုမိမိကြီး၏ ဗုဒ္ဓသာသနာပြုပုဂ္ဂိုလ်ကျော် အနာဂါရိကဓမ္မပါလ
၅၇။ ဝသုန်၏ သားကလေးအမည်မသိနှင့် ဝတ္ထုတိုများ
၅၈။ ချစ်ဦးညို၏ ချစ်သူသုန္ဒရီ
၅၉။ မြသန်းတင့်၏ အညာကရုပ်ပုံလွှာများ
၆၀။ တက်တိုး၏ မေတ္တာမွန် (Silas Marner)
၆၁။ မောင်ပေါ်ထွန်း၏ အကြီးအကဲ (The Haj-Leon Uris)
၆၂။ ချစ်ဦးညို၏ ပန်းမှုန်ဝေ
၆၃။ ကြည်ဦး၏ လွမ်းပင်တိုင်စံနှင့် နန်းဘုံသိဟာသေ
၆၄။ စံတင့်ထွန်း(လှကွန်း)၏ ရွှေမည်း၊ တိုယိုတာစီးရီးနှင့် အိကွေတာယဉ်ကျေးမှု
၆၅။ ဒဂုန်တာရာ၏ စန္ဒရားဆရာ (သို့) မဟာအချစ်
၆၆။ အောင်ပွင့်ဦး၏ ပညတ်ချက်အမှတ် (၁၁) သင့်အားမဖမ်းမိစေရ (Jeffrey Archer - The Eleventh Commandment)
၆၇။ ချစ်ဦးညို၏ သစ္စကပရဝိုဇ်နှင့် ကာဠုဝုဒ္ဓရက္ခိတ

www.burmeseclassic.com

www.burmeseclassic.com


၆၈။ မောင်မိုးသူ၏ ခေတ်မီမီ ကမ္ဘာကြည့် ကြည့်မြင်
၆၉။ မောင်ဝံသ၏ နိုင်ငံတကာအတွေး၊ နိုင်ငံတကာအမြင်
၇၀။ ချစ်ဦးညို၏ တရားရှင်နှင့်ရာဟုလာ
၇၁။ မောင်ပေါ်ထွန်း၏ ပတ်တီဟတ်စ် နှင့် အတ်စ်အယ်အေဝိုကား
၇၂။ တက်တိုး၏ ကမ္ဘာကျော်သူလျှိုမယ် မာတာဟာရီ
၇၃။ ဂျာနယ်ကျော်မမလေး၏ မာလာရီ
၇၄။ နတ်နွယ်၏ တတ္တသိုလ်နှင့်ပြင်ပတမ္ဘာ
၇၅။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး (Le Petit Prince)
၇၆။ မောင်ဝဏ္ဏ၏ ချစ်တဲ့သူငယ်လေ
၇၇။ သန်းမြင့်အောင်၏ ငိုခြင်း၊ ရယ်ခြင်း၊ နီးခြင်း၊ ဝေးခြင်း . . . ဝတ္ထုတိုများ
၇၈။ ချစ်ဦးညို၏ လက်ရွေးစင်ဝတ္ထုတိုများ
၇၉။ ပါရဂူ၏ နေရဥရာ
၈၀။ လူထုဒေါ်အမာ၏သက်တံရောင် (The Rainbow)
၈၁။ မောင်ဝံသ၏ စတီးဝဲလ်နှင့် မြန်မာပြည်စစ်မျက်နှာ (DD Rooney)
၈၂။ မောင်မိုးသူ၏ စိန့်ပီတာစဘတ်မှလူ (Ken Follett)
၈၃။ ချစ်ဦးညို၏ စတ္တရနှင့်ဘဝ္ဂါ
၈၄။ မောင်သန်းဆွေ၏ အိမ်ရှေ့စံလှိုင်မင်းမှသည် ဂျွန်ဝီလီယန်မောင်လတ်သို့
[redacted]


## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၈၆။ မိုးယံနိန်း(သားဂျာနယ်ကျော်)၏ ဆင့်ရှဲဆင့်ရှဲ ဆတ်ရှဲဆက်ရှဲ
၈၇။ ဂျာနယ်ကျော်မမလေး၏ လက်ရွေးစင် ဝတ္ထုတိုများ
၈၈။ ချစ်ဦးညို၏ မိမိနှင့် အဝိဥာဏကများ
၈၉။ ဗိုလ်အေးမောင်၏ မြားနက်
၉၀။ စည်သူမြသန်း၏ ဆရာမြသန်းတင့်၊ ဒေါက်တာဘဦး၊ ကျော်မောင်၊
အမှောင်ရိပ်ဝယ်နှင့် အခြားဖြစ်ရပ်များ
၉၁။ ဒေါက်တာခင်လေးမြင့်၏ အိပ်မက်ဆန်သောဘဝ
၉၂။ ညီပုလေး၏ လီဒိုဖားကောင်း မင်ခြစ်မှတ်စုများ
၉၃။ ဆောင်းဝင်းလတ်၏ ကြယ်စင်မှုမို့ လွမ်းဦးရစ်သီ (သို့) ဝင်းဦး
၉၄။ မြသန်းတင့်၏ ပွင့်တူရွက်တူ နှင်းမြူတောင်စိုး နှင့် နေကြာပွင့်ရိုင်း
၉၅။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၉၆။ မောင်ပေါ်ထွန်း၏ ဆယ့်နှစ်လရာသီ
၉၇။ ချစ်ဦးညို၏ အီဂျစ်နှင့် အာဝ်လန် နိုင်ငံခြားကို သွားထားလေမလား
၉၈။ တက်တိုး၏ သူတို့အတွေးအခေါ်မှတ်စုများ
၉၉။ မောင်ဝဏ္ဏ၏ ရယ်စရာကောင်းနေမလားမသိဘူး၊ ဒီလိုလေ. . .
၁၀၀။ ဂျာနယ်ကျော်မမလေး၏ ယဉ်ကျေးမှုခရီးသည်


# လက်ဆက်တော်ကြီး

၁၉၂၀ ပြည့်နှစ်၌ ကျွန်ုပ်သည် သူရိယမဂ္ဂဇင်း အယ်ဒီတာအဖြစ်မှထွက်ပြီးနောက် ဇနီးသည်နှင့်အတူ ညီနှစ်ယောက်တို့ကိုပါ ခေါ်ဆောင်လျက် ဒေသန္တရဗဟုသုတ ဆည်းပူးသည့်သဘောနှင့် ဝက်လက်၊ ထီးချိုင့်၊ ကသာ၊ မြစ်သား၊ အမရပူရ၊ စစ်ကိုင်းတောင်ရိုး စသောဒေသများသို့ လှည့်လည်ကာ တစ်လတစ်နှစ်လစီမျှ နေထိုင်ခဲ့ဖူးသည်တွင် အမရပူရမြို့၌လည်း အိမ်တစ်လုံးငှား၍ ၂ လကျော်မျှ နေထိုင်ခဲ့လေသည်။

အမရပူရမြို့၌ရှိသည့် အသက် ၆၀ ကျော်ခန့်ရှိ၍ ရင်ပတ်တွင် ဆေးနီအမြောက်အမြားနှင့် အဖြူတစ်ဝက်ရောလျက်ရှိသော ဆံပင်ကလေးကို သပ်ရပ်စွာ ရောင်ချောထုံးလေ့ရှိသော လူကြီးတစ်ယောက်နှင့် အိမ်နီးချင်းဖြစ်ခဲ့ရလေသည်။ ကျွန်ုပ်သည် ထိုလူကြီး၏ဥပဓိရုပ်ကို မြင်ကတည်းက သဘောကျ၍ မိတ်ဖွဲ့လိုခဲ့ရာ လူကြီးကလည်း ကျွန်ုပ်အား ဝတ္ထုရေးဆရာတစ်ယောက်ဟု ကြားသိသည်နှင့် အရောတဝင် ခေါ်ငင်ဆက်ဆံလိုဟန် တူပေသည်။

တစ်နေ့သောနံနက်၌ ကျွန်ုပ်သည် အိမ်ရှေ့မန်ကျည်းပင်ကြီးအောက်ရှိ ကွပ်ပျစ်ကလေးပေါ်တွင် လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့လျက်ရှိစဉ် လူကြီးက လှမ်းကြည့်သည်နှင့် "ကြွပါဦးလေ ဘကြီး၊ လက်ဖက်ရည်ကြမ်း သုံးဆောင်ပါဦး" ဟု ဖိတ်ခေါ်လိုက်ရာတွင် သွက်လက်စွာပင် ကူးလာခဲ့လေသည်။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှစ၍ လူကြီးနှင့် ကျွန်ုပ်သည် တစ်နေ့ထက်တစ်နေ့ ခင်မင်ရင်းနှီးသော အဖြစ်သို့ရောက်လာကြ၍ တစ်ယောက်အကြောင်းကို တစ်ယောက်ပြောပြကာ စကားလက်ဆုံဝင်ကြလေသည်။ လူကြီးမှာ ကျွန်ုပ်တွေးထင်သည့်အတိုင်း အတွေ့အကြုံများသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ "လက်ထက်တော်ကြီး" (မင်းတုန်းဘုရင်)ကို မှီလိုက်သည့်အလျောက် ဝတ္ထုရေးသမားတစ်ယောက်ဖြစ်သော ကျွန်ုပ်အဖို့မှာ "အချိုးကျ သကာတွေ့" ဆိုသောစကားပုံကဲ့သို့ရှိပေတော့သည်။ ဦးတောက်ထွန်း ကိုယ်တိုင်၏ အဖြစ်အပျက်များမှာ စာဖွဲ့လောက်အောင်မဟုတ်လှသော်လည်း ထိုသူကြုံတွေ့ရသည့် ပုဂ္ဂိုလ်များ၏ အဖြစ်အပျက်များမှာကား အမှန်တကယ် စိတ်ဝင်စားဖွယ် ကောင်းသည်ဖြစ်၍ ကျွန်ုပ် ရေးမှတ်ထားခဲ့ပါသေးသည်။

ဦးတောက်ထွန်း၏စကားအရ "ကျုပ်ကိုယ်တိုင်ကတော့ အညတြလူစားပါမောင်ရယ်၊ စာဖွဲ့လောက်အောင် မဟုတ်ပါဘူး။ သို့သော် ကျုပ်ပေါင်းသင်းခဲ့တဲ့ ပုဂ္ဂိုလ်ကြီးများကတော့ တကယ့်လူရည်ချွန် နာမည်ကြီးတွေပါပေဗျာ။ ဒီတော့ကာ ကျုပ်အကြောင်းကိုရေးလျှင် ကျုပ်ကို ဗဟိုပြုပြီး ရေးပေမယ်လို့ ကျုပ်ကဝန်းကျင်တဲ့ကြိုး ပြောသမျှလို အဖိုးတန်တာ မဟုတ်ပါဘူး။ အရေးကြီးတာက ပန်းမဟုတ်လား၊ ဒီတော့ သူတို့က ပန်းတွေ၊ ကျုပ်က ကြိုးဆိုပါတော့။ သို့သော် ပန်းကုံးရာမှာ ကြိုးမပါဘဲ မပြီးသလို သူတို့တတွေ အကြောင်းရေးလျှင် ကျုပ်မပါဘဲ မပြီးလေဘူးမောင်ရဲ့" ဟု ပြောဖူးရာ ကျွန်ုပ်သည် ထိုစကားကို ကြားလိုက်ရသည်မှစ၍ ဦးတောက်ထွန်းကား လေးစားလောက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်ဟု အသိအမှတ်ပြုလိုက်ပါတော့သည်။

လွန်ခဲ့သောလအတွင်း၌ ကျွန်ုပ်သည် တောင်ပြုံးနှင့် ရတနဂူနတ်ပွဲများသို့ မရောက်သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၍ ကျွန်ုပ်ငယ်စဉ်(နှစ်ပေါင်း ၅၀ လောက်က) ပွဲများနှင့် မည်ကဲ့သို့ ခြားနားလေသနည်းဟု ၎င်းနတ်ပွဲနှစ်ပွဲလုံးသို့ "နေ့ချင်းပြန်" တစ်ရက်စီ သွားရောက်ခဲ့သည်။ ကြီးပြင်းလာသဖြင့် မပျော်တတ်သောကြောင့်သာမဟုတ်၊ အထူးသဖြင့် တောင်ပြုံးပွဲမှာလည်း၊ လှေ၊ ခြေလျင်စသည်ဖြင့် အနည်းဆုံး ၂ ညအိပ် သွားတတ်ကြသည့် ၁၉ ရာစုပြည့်ခါစအချိန်က တောင်ပြုံးပွဲများနှင့် နှိုင်းစာသော်ရာခိုင်နှုန်း ၁၀ မျှပင် ပျော်စရာကျွန်တော့သည် မထင်ပေ။ တောင်ပြုံးရွာထဲ၌ တည်းခိုရန် အိမ်ငှား၍ ကော်ဇော၊ ဖန့်လန့်ကာ ခင်းကျင်းကာ ဝါးရုံတာတွင် ခုတင်စက်ဖွင့်လျက် တက်ချည်ဆင်းချည်ပြင့်ဖတ်ဖတ်မောရခြင်းများ၊ နတ်စင်နှင့်တဲအိမ် အခေါက်ခေါက်ကူးသန်းစဉ်





ကြိတ်ကြိတ်တိုးစည်ကားသော ဈေးတန်းကြီးတစ်လျှောက် အထက်ကယို အောက်ထစိုလျက် ခြေမျက်စိမြုပ်သော ရွှံ့ဗွက်ထဲ၌ ရုန်းရခြင်းများ၊ ကြက်၊ ဝက်သော ဟင်းလျာများထက် ဟင်းရွက်စုံ ဟင်းချိုပူပူနှင့် တောင်ပြုံးငါးချဉ်ကိုကြက်သွန်မြိတ်၊ နံနံမြိတ်နှင့် ငရုတ်သီးစိမ်း နိုင်နိုင်ထည့်သုပ်၍ ရှူးရှူးရှားရှားစားရခြင်းများ၊ မိုးရည်စက်လက်တွင် "တောထိုင်" လိုသော်လည်း ချုံတိုင်းတွင်လူရှိနေသဖြင့် မဟားတယား ပြေးရခြင်းများ စသည်တို့သည် ဤခေတ်တွင်မရှိတော့ချေ။ ရွှံ့ဗွက်ရုန်းရခြင်း၊ ဖတ်ဖတ်မောရခြင်း၊ ရှူးရှူးရှားရှား စားရခြင်း၊ "တောထိုင်" စရာနေရာ ရှားပါးခြင်းများသည် ဒုက္ခများသာဖြစ်၍ အဘယ်မှာပျော်စရာရှိပါသနည်းဟု မေးကြအံ့။ လောက၌ ပျော်စရာဟူသမျှသည် ဒုက္ခထဲမှချကြသည်ဖြစ်၍ ဒုက္ခကင်းသော ပျော်စရာသည် အဘယ်မှာ ရှိပါအံ့နည်းဟု ပြန်မေးရပေမည်။ ပျော်စရာဟူသမျှသည် ကိုယ့်အိမ်တွင် ပက်လက်ကုလားထိုင်ပေါ်၌ ဆေးတံ၊ သို့မဟုတ် ဆေးလိပ်တစ်လိပ်နှင့် မှိန်းရခြင်းထက် ဒုက္ခပိုသည်ချည်းမဟုတ်ပါလော။

တောင်ပြုံးပွဲသို့မီးရထားဖြင့် သွားခဲ့သော်လည်း ရတနဂူပွဲသို့မူ ဒုက္ခပိုစေလိုသည်နှင့် ကျွန်ုပ်သည်ဘိုင်စကယ်ဖြင့် သွားခဲ့သည်။ ကြီးတောင်ကြီးခါမှ အပင်ပန်းခံလိုသည်ဟု အပြစ်ဆိုကြသော်လည်း ကျွန်ုပ်မှာ ဤခရီးကို အသွားအပြန် ဘိုင်စကယ် နင်းနိုင်ပါသေး၏လောဟူ၍ စမ်းသပ်လိုသည်တစ်ကြောင်း၊ ဘတ်စ်ကားပေါ်၌ တိုးတိုးဝှေ့ဝှေ့ မလိုက်လိုသည်တစ်ကြောင်းကြောင့် ကိုယ့်ခြေထောက်ကိုကိုယ်အားကိုးခဲ့သည်။

ရတနဂူနတ်ပွဲမှ ပြန်လာ၍ အမရပူရသို့ရောက်သောအခါ ယခင်နှစ်ပေါင်း ၃၀ ကျော်က နေခဲ့ဖူးသည့် ရပ်ကွက်ကို သတိရသည်နှင့် ဝင်ရောက်စုံစမ်း၏။ နေအိမ်များကား တစ်မျိုးတစ်မည် ဖြစ်နေကြလေပြီ။ အငှားနေခဲ့ဖူးသည့် နှစ်ထပ်အိမ်ကလေးပင် မရှိတော့ချေ။ သို့ရာတွင် အိမ်ရှေ့မှ မန်ကျည်းပင်ကြီးများကား ပြောင်းလဲခြင်း ရှိကြဟန်မတူ။ ကြည့်နိုင်လျှင် မှတ်မိသေး၏။ မပျော်လင့်ဘဲနှင့် မှုနေခြင်းကား ဦးတောက်ထွန်းပင် ဖြစ်လေသည်။

အဘိုးကြီးမှာ အသက် ၉၀ ကျော်ပြီဖြစ်သော်လည်း တောင်ဝှေးနှင့်လမ်းလျှောက်နိုင်သေး၏။ မြေးများ၊ မြစ်များနှင့်အတူနေ၍ ယတ္တန်းစင် သန့်ရှင်းစင်ကြယ်ခဲ့ရသည်။ ကျွန်ုပ်က ပြောပြသောအခါ ဦးတောက်ထွန်းသည် အလွန်ဝမ်းမြောက်ဟန်နှင့် နှုတ်ဆက်ပြီးနောက် ယခင်ကပြောပြဖူးသော အတ္ထုပ္ပတ္တိကို ကျွန်ုပ်ရေးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါ၏လောဟု မေးရှာသည်။ ကျွန်ုပ်မှာ ဤတွင်မှသတိရ၍ အိမ်သို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် စာအုပ်ဗီရိုနှင့်ဖာမ်များကို မွှေနှောက်ရှာဖွေရသည်။ ဂျပန်ခေတ်အတွင်း၌ အခြားစာအုပ်များ ပျောက်ဆုံးသော်လည်း ၁၉၁၇ ခုနှစ်မှ ၁၉၂၃ ခုနှစ်တိုင်အောင် ကျွန်ုပ်မှတ်သားခဲ့သည့် ဒိုင်ယာရီ ၇ အုပ်နှင့် မှတ်စုစာအုပ်မှာ ဖာတစ်လုံးထဲတွင် ကံအားလျော်စွာ တွေ့ရပေသည်။

မြဝတီမဂ္ဂဇင်းအတွက် ဝတ္ထုရှည်တစ်ပုဒ် တောင်းခံထားရာတွင် ကျွန်ုပ်သည် ဦးတောက်ထွန်းနှင့် အပေါင်းအဖော်များအကြောင်းကို ဝတ္ထုအနေဖြင့် ရေးသားရခြင်းဖြစ်ပါကြောင်း။

❑

## အခန်း (၁)

ကျွန်ုပ်သည် အမရပူရမြို့သားဖြစ်၍ ဖခင်ဦးလူတော်၊ မိခင်ဒေါ်ဖွားဆုံတို့မှ မွေးဖွားသည့် တစ်ဦးတည်းသောသား ဖြစ်သည်။ ကျွန်ုပ်မှာ လူသာမန်တစ်ယောက်မျှသာဖြစ်၍ စာဖွဲ့လောက်သော ပုဂ္ဂိုလ်တစ်ဦးမဟုတ်ပါ။ သို့ရာတွင် မန္တလေးမြို့၌ ရနှောင်မောင်တုတ် ဘုန်းကြီးစဉ်က ကျွန်ုပ်နှင့် ပေါင်းသင်းဆက်ဆံခဲ့ရသော ပုဂ္ဂိုလ်များမှာလူထူး, လူချွန်များ ဖြစ်ကြသောကြောင့် ထိုပုဂ္ဂိုလ်များအကြောင်းတို့ မဖော်ပြမီ ကျွန်ုပ်အကြောင်းကို ပလ္လင်ခံသောအနေဖြင့် ဖော်ပြရခြင်းမျှသာ ဖြစ်ပါသည်။

ဖခင် ဦးလူတော်မှာ သီပေါဘုရင် လက်အောက်တွင် စစ်မှုထမ်း တစ်ယောက်ဖြစ်၍ မန္တလေး ရွှေမြို့တော်ကြီး၌ နေထိုင်စဉ် ကျွန်ုပ်တို့ သားအမိနှစ်ယောက်မှာ မိခင်ဘက်မှ အမွေရသော လယ်မြေအပေါ်မှ လယ်ထောက်ခဖြင့် လှုတမ်းဈေးရုံ နေထိုင်စားသောက် နိုင်ကြပါသည်။ မိခင်ဒေါ်ဖွားဆုံမှာ ဆွေကြီး, မျိုးကြီးထဲကဖြစ်၍ မောင်အကြီးဖြစ်သူ မောင်မောင်ကြီးမှာ မန္တလေးမြို့ ရွှေနန်းတော်ကြီး၌ ကွမ်းရေတော်အဖြစ်နှင့် အမှုထမ်းပါသည်။ ကျွန်ုပ်၏ဦးကြီး မောင်မောင်ကြီးမှာ ၎င်း၏ဘိုးလေးတစ်ယောက်က ရှင်ပြုမင်္ဂလာ အခမ်းအနားတွင် လက်ဖွဲ့ခဲ့သောလယ်မြေ ယခုခေတ်အခေါ် ဧက ၅၀ ကျော်(တောင်သူအခေါ် လှေ ၂၀၀ စိုက်)အပေါ်မှ ရရှိသော လယ်ထောက်ခဖြင့် မန္တလေးရွှေမြို့တော်တွင် သိုက်မြိုက်တင့်တယ်စွာ နေထိုင်နိုင်သူတစ်ယောက် ဖြစ်ပါသည်။ သို့ဖြစ်၍ ကွမ်းရေတော်အဖြစ်နှင့် ဘုရင်မင်းမြတ် ပေးသနားတော်မူသော ဆုတော်လာဘ်တော်များမှာ ခမောင်မောင်ကြီးအဖို့ မုန့်ဖိုးမျှသာသဘောထား၍ ရွှေမြို့တော်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်တန်းဆိုသောအရာရှိ၊ အရာခံများ၏သားများနှင့် တပြိုင်ကာ သုံးဖြုန်းနိုင်လောက်အောင် ဝင်ငွေရှိပေသည်။ ဦးကြီးအကြောင်းကို ဤနေရာတွင် ဤမျှသာ ဖော်ပြပြီးနောက် လာလတ္တံ့သော အခန်းများတွင် အကျယ်တဝင့် ဖော်ပြပါဦးမည်။

မိခင်သည် ကျွန်ုပ်အား တောင်သမန် ဘုန်းကြီးကျောင်းတွင် အပ်နှံ၍သဒ္ဒါ၊ သင်္ဂြိုဟ်စသည်တို့ကို ကျောင်းသား ၂၀ ကျော်တို့နှင့်အတူ သင်ကြားရာတွင် ကျွန်ုပ်နှင့် လည်ပင်းဖက်၍ ကြီးခဲ့ကြသည့် မောင်ထွန်းကျော်ဆိုသူနှင့် အထူးချစ်ခင်ခဲ့ကြပါသည်။ မောင်ထွန်းကျော် ထူးချွန်သလောက်ကျွန်ုပ်မှာ လူတန်းစေ့ရုံ ခေါ်လောက်သည့် လူ့သာမန်ကလေး တစ်ယောက်မျှသာ ဖြစ်သော်လည်း ခွန်အားကြီးသော သူသည်ခွန်အားနည်းသော သူတစ်ယောက်နှင့် တွဲဖက်၍ ၎င်းအား အကာအကွယ်ပေးရခြင်းအလုပ်ကို အသားယူတတ်သည့်အလျောက်၊ အခြားသောဘုန်းကြီးကျောင်းသားများက ကျွန်ုပ်အား နိုင့်ထက်ကလူ ပြုမူရာတွင် မောင်ထွန်းကျော်က ကျွန်ုပ်အတွက် ထိုးသတ်ပေးခဲ့ဖူးပါသည်။ ဘုန်းကြီးကျောင်းသားထုံးစံအတိုင်း နောက်မှ ရောက်လာသော ကျွန်ုပ်အား ကျောင်းသားဟောင်းသုံးလေးယောက်က ဝိုင်းဝန်းနှိပ်စက်ကြရာတွင် မောင်ထွန်းကျော်သည် ထိုသူငယ်များကို ထိုးသတ်ပေးသည်။ ၎င်းတို့အနက် တစ်ယောက်ကို မောင်ထွန်းကျော်က ထမ်း၍ပေါက်သဖြင့် ဆရာတော်၏ကြိမ်ဒဏ်ပေးခြင်း ခံရဖူးပါသည်။ ထိုအချိန်မှစ၍ မောင်ထွန်းကျော်သည် (ယခုကာလ အခေါ်အားဖြင့်) ကျွန်ုပ်၏ဟီးရိုးဖြစ်လာပါတော့သည်။

ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်မှာ လူ့သာမန်ကလေးတစ်ယောက်မျှသာ ဖြစ်သော်လည်း ထူးချွန်ခြင်းမရှိသည့်အတွက် ဝမ်းနည်းဖွယ် မဟုတ်ဟု စဉ်းစားမိပါသည်။ အဘယ့်ကြောင့်ဆိုသော် ထူးချွန်သည်ဆိုသော လူများသည် မိမိထက်ထူးချွန်သောသူနှင့် တွေ့ရဦးမည်ဖြစ်ရာ ထိုအခါ၌ ၎င်းတို့သည် မနာလိုဝန်တိုခြင်း ဖြစ်၍ စိတ်နှလုံးပူလောင်ရ၏။ မိမိထက်ထူးချွန်သူ ပေါ်ရချေသလောဟု ဒေါပွတတ်၏။ သူ့ထက်သာအောင်ကြိုးစားရခြင်းအတွက် စိတ်မောရ၏။ ယင်းသို့ကြိုးစားရာ၌ ၁၀ ယောက်အနက်တွင် တစ်ယောက်မျှ အောင်မြင်တတ်သော်လည်း မအောင်မြင်သူ ကိုးယောက်အဖို့မှာ စိတ်ဆင်းရဲရချေသည်။ သာမန်အရည်အချင်းမျှသာရှိသော ကျွန်ုပ်မှာမူကား ကိုယ်ထက်ထူးချွန်သော လူကို တွေ့ရသည့်အခါ ငါ့ထက် သာပေသည်ဟုရိုးရိုးဖြောင့်ဖြောင့် ဝန်ခံလိုက်ခြင်းအားဖြင့် ထိုသူကလည်း ကျေနပ်၍ ကျွန်ုပ်အဖို့လည်း စိတ်၏ငြိမ်းချမ်းခြင်း ရရှိပါသည်။ သို့ဖြစ်၍





ကျွန်ုပ်သည် လူချွန်တစ်ယောက် မဖြစ်ဘဲ သာမန်ထဲက နေရသည့်အတွက် ဝမ်းနည်းစရာမဟုတ်ဟု စဉ်းစားမိပါသည်။

မောင်ထွန်းကျော်မှာ မိဘမဲ့ဖြစ်၍ ပန်းပဲသမား ဦးလွန်းပြည့်ဆိုသူနှင့် နေထိုင်ရသည်တွင် ဘုန်းကြီးကျောင်း၌ ကြာရှည်စွာ မနေနိုင်ရှာဘဲ ပန်းဘဲအလုပ်၌ ထုဆောက်လောင်ဘက်ရသော အရွယ်တွင် အလုပ်ခွင်သို့ ဝင်ရရှာသည်။ ကျွန်ုပ်တို့မှာ အိမ်နီးချင်းဖြစ်၍ ကျွန်ုပ်သည် ကျောင်းမှပြန်လာသောအခါတွင် ပန်းပဲဖိုသို့ အချိန်ဖြန်းလေ့ရှိ၏။ ပန်းပဲသမား ဦးလွန်းပြည့်မှာ ကာယဗလ အလွန်ကောင်းသည် ဖြစ်၍ ငါးပိဿာခန့်ရှိသော တူကြီးကို ကိုင်နိုင်သည်ဖြစ်သောကြောင့် အရပ်သူ အရပ်သားများသည်ရာဇဝင်လာ တင့်တယ်ကိုမှီး၍ ၎င်းအား ဦးတင့်တယ်ဟု ခေါ်ကြသည်တွင် ငယ်မည် ကွယ်ပျောက်လျက် ရှိလေတော့သည်။ ဦးတင့်တယ်က တူကြီးဖြင့် တစ်ချက်ထုတိုင်း မောင်ထွန်းကျော်က တူကလေးဖြင့် နှစ်ချက်ထုလေရာ၊ "ဒုန်း တက်တက်" "ဒုန်းတက်တက်" "ဒုန်းတက်တက်"မြည်သော တူသံကို ကျွန်ုပ်၏နေအိမ်မှ ကြားရသည့်အခါတိုင်း ကျွန်ုပ်သည် ထမင်းစားခိုက်၌ဖြစ်စေ၊ တပျာကယာစား၍ ပြေးလာတတ်၏။ ရဲရဲနီရဲမကာ ဖွေးဖွေးဖြူမတတ် ရှိနေသော သံတုံးကြီးကို တူဝရီးနှစ်ယောက် (မောင်ထွန်းကျော်က ဦးတင့်တယ်အား ဦးလေးဟုခေါ်သည်) တူတစ်လုံးစီနှင့် ထုနက်ရာတွင် ပိန့်ကနဲ ပြားကနဲ ဖြစ်သွားစဉ် မီးပွားများ တဖွားဖွားလွင့်စင် ထွက်သွားသည်မှာ (အထူးသဖြင့် ဆောင်းဥတုရာသီများ၌) ကြည့်၍မငြီးနိုင်အောင် ရှိပါတော့သည်။ ပန်းပဲဖိုသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဖားဖိုကြီးကို ကြိုးဆွဲပေးခြင်းဖြင့် တူဝရီးနှစ်ယောက်ကို ကူညီရခြင်းမှာ ကျွန်ုပ်အဖို့ အကြည်နူးဆုံးသော အလုပ်တစ်ခု ဖြစ်ပါသည်။

ဦးတင့်တယ်မှာ မကွေးရာမင်းသား လက်သပ်မွေးခဲ့ဖူးသည့် လက်ဝှေ့သမားတစ်ယောက်ဖြစ်၏။ ထိုခေတ်အခါက မင်းညီမင်းသားများသည်လက်ဝှေ့ကောင်များကို လက်သပ်မွေး၍ သူ့လူ ငါ့လူ ယှဉ်ပြိုင်ထိုးသတ်စေ၏။ နိုင်သော လက်ဝှေ့သမားအား ဗလာပုဆိုးဆုချ၍ ချက်ချင်းဝတ်စေပြီးလျှင် လက်ဝှေ့ရေးပြေးခြင်းမှာ လက်သပ်မွေးသော မင်းသာအဖို့လည်းကောင်း၊ လက်ဝှေ့သမားအဖို့လည်းကောင်း၊ အလွန်မြိန်ရှက်သော အရသာထူးတစ်ခု ဖြစ်ဟန်တူ၏။ ဦးတင့်တယ်သည် ဝါးဖိုးတစ်လုံးကို ဖြန်းဖြန်းကွဲစေနိုင်အောင် ပြင်းထန်မာကျောသော လက်သီးဆုပ်ကြီး ရှိသည်ဖြစ်၍ လက်ဝှေ့သမားနှစ်ယောက် စင်ခင်းသေဖူးသည်ဟု ပြောကြ၏။ ထိုအခါတွင် ၎င်းကို လက်သပ်မွေးသော မင်းသားက



www.burmeseclassic.com

www.burmeseclassic.com



( ... ဖြင့် အမှုလည်း
မဖြစ်၊ ... ျ။ နောက်ဆုံး၌
ဦးတင့်တယ ... သိမ်းမြားရာတွင်
လက်ဇွေ့ အလုပ ... ပါတော့မည်ဟု
အာမခန်တာ ခံလိုက ... သည်။

ကျွန်ုပ်သည် ဦးတ ... လိုက်သော်လည်း
ဦးတင့်တယ်နှင့်ပတ်သက်၍ ၄ ... ဘစ်ခုကို သတိရ
သေး၏။ တစ်နေ့သ၌ ကျွန်ုပ်နှင့် ၎င်း ... ပ် ရတနပုံနတ်ပွဲမှ
ပြန်လာကြစဉ် မြင်းချောမြင်းလှကြီး လေ ... ဲ့အနီးမှ ပွတ်ကပ်
ကာ မန္တလေးဘက်သို့ စိုင်းသွား၏။ မြင်းမျ ... ပ်ပုဆိုး တောင်ရှည်
များကို ခါးပုံထိုးလျက် "ဆင်ကပေါင်း" ပေါင်းထ ... င်းစီးသမားများကို
မြင်ရခြင်းအားဖြင့် ထိုလူများသည် အရာရှိ အရာခံများ၏ ... ျား ဖြစ်တန်ရာ၏။
တစ်ယောက်သော မြင်းစီးသမားသည်ဦးတင့်တယ်၏ ကျယ်ပြန့်သော ကျောပြင်ကြီးကို မြင်ရ၍ လက်ယားသည့်လက္ခဏာနှင့် မြင်းကို ကြိမ်သွင်းဟန်ဖြင့် ဦးတင့်တယ်၏ ကျောပြင်သို့ ဖြန်းကနဲ ရိုက်လိုက်၏။ ဤတွင် ဦးတင့်တယ်က "လူပုံက မြင်းမစီးတတ်ဘဲနဲ့ စိုင်းချင်သေးသကိုးကွ"ဟု အော်လိုက်၏။ ကြိမ်သွင်းသောလူသည် မိမိမြင်းကို ချက်ချင်း ဖက်သတ်လိုက်သဖြင့် အခြားမြင်းစီးသမားများလည်း ရပ်လိုက်ကြသည်။ ထိုခေတ်အခါက ကုက္ကိုကန်သားများသည် ဓားသိုင်း၊ လှံသိုင်း၊ တုတ်သိုင်း၊ လက်သိုင်းစသည့်အတတ်များကို ရှမ်းဆရာများထံတွင် နည်းခံကာ သင်ယူထားတတ်ကြလေရာ ထိုသူသည် သိုင်းသမားတစ်ယောက် ဖြစ်ဟန်တူ၍ ဦးတင့်တယ်အားလည်း သာမန်လူပုပ်မှုကြီးတစ်ယောက်ဟူ၍ မှတ်ထင်သောကြောင့် ကြောက်ရွံ့ဟန်မရှိသည့်ပြင်၊ ဆုံးမ လိုက်မည်ဟူ၍ပင် စိတ်ကူးဟန်တူလေသည်။ သို့ဖြစ်၍ မြင်းစီးသမားသည် ဦးတင့်တယ်ထံသို့လှည့်ပြန်လာခဲ့ရာ ၎င်း၏အဖော်များကလည်း "ဘုတ်ထိုင်းကောင်ကြီးကို ဆုံးမလိုက်စမ်းပါ သူငယ်ချင်းရာ"ဟု အချင်းချင်း မျက်စိမှိတ်ကာ အားပေးတိုက်တွန်းကြ၏။ လက္ခဏာမှာ အပေါင်းအဖော်များသည် ဦးတင့်တယ်ကို သိပြီးဖြစ်၍ သူငယ်ချင်းချင်း "ဂျောက်ချ"လိုက်ကြခြင်း ဖြစ်ဟန်တူသည်။

ထိုလူ။ ။ "ဟော့ ဘုတ်ထိုင်းကြီး ဘာပြောလိုက်တယ်"

တယ်။ ။ "မြင်းမစီးတတ်ဘဲနဲ့ စီးချင်တယ်လို့ ပြောတာပေါ့"





လူ။ ။ "စီးတတ်လို့ စီးလာတာ မမြင်ဘူးလား"

တယ်။ ။ "မြင်းစီးတတ်ရင် ကြိမ်သွင်းတာ ဒီလိုသွင်းရသလား"

ဤအတောအတွင်း မြင်းပေါ်ကလူသည် ဦးတင့်တယ်၏ မောက်မာသော လေသံကြောင့်မျက်နှာကို သေချာစွာ လှမ်းကြည့်လိုက်သည်တွင် ...

လူ။ ။ "အလို တခြားလူ မှတ်တယ် ဦးတင့်တယ်ကြီး ပါလား"

တယ်။ ။ "ဟုတ်တယ်လေ ဘာဖြစ်သလဲ"

လူ။ ။ ဒီသူငယ်တွေက ခင်ဗျားသားကလေးတွေလား၊ ရော့ ရော့ ငါ့ညီများ မုန့်ဖိုးပေးရဦးမယ်"ဟုဆိုကာ ကျွန်ုပ်နှင့် မောင်ထွန်းကျော်တို့အား အသပြာတစ်ကျပ်စီ ပစ်ပေးသွားလေသည်။ ယင်းသို့ပေးရင်း ထိုလူက...

"မင်းတို့အဖေ မတော်တဆ လက်ကျိုးသွားရင် လုပ်ကိုင်မကျွေးနိုင်ဘဲ နေပါဦးမယ်ကွာ"ဟုရယ်မောကာပြောရင်း မြင်းကို ပြန်လှည့်သွားရာ ၎င်း၏ အဖော်များကလည်း သူငယ်ချင်း၏ မျက်နှာထားပြောင်းခြင်းကို မြင်ကြရသည်နှင့် ဝါးခနဲ ရယ်မောကာ ရွှေမြို့တော်ဘက်သို့ ဆက်လက်စိုင်းသွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မောင်ထွန်းကျော်မှာ ပန်းပဲသမား ဦးတင့်တယ်၏ တူဆိုသော်လည်း ရုပ်လက္ခဏာခြင်းမှာ ဘီလူးနှင့်မင်းသားတမျှ ခြားနားခြင်းရှိ၏။ ဦးတင့်တယ်၏ မယား မနန်းယူမှာ မိန်းမချောတစ်ယောက်ဖြစ်သည် မှန်သော်လည်း ဆင်းရဲသား အဆက်အပေါက်မျှသာဖြစ်၍ မိန်းမကြမ်းတစ်ယောက်ဖြစ်၏။ မောင်ထွန်းကျော် မှုကား ပန်းပဲသမား၏ တူဆိုသော်လည်း ၎င်း၏ ရုပ်ရည်နှင့် ကြန်အင်္ဂါလက္ခဏာ များမှာ မြန်မာလူမျိုးထဲတွင် အထက်တန်းစားဖြစ်ကြောင်းကို တစ်ချက်တည်း ကြည့်ရုံမျှနှင့် ရိပ်မိနိုင်လောက်ပေသည်။ သို့ရာတွင် မောင်ထွန်းကျော်၏ ချောလှပုံမှာ မင်းညီ၊မင်းသားများကဲ့သို့ အနုစားမဟုတ်၊ ကြီးမားထွားကျိုင်း၍ အခံ့စားချောလှခြင်းဖြစ်ပေသည်။ အသက် ၁၆ နှစ်မျှသာ ရှိသေးသော်လည်း ကျွန်ုပ်ထက် ဦးခေါင်းတစ်လုံးမြင့်၍ နှာတံပေါ်, မျက်လုံးပြူးနှင့် မေးရိုးကြီးသည် ဖြစ်၍ အလွန်တရာ တင်းမာခက်ထန်သော စိတ်သည်းရှိ၏။ မောင်ထွန်းကျော်၏ မာနမှာလည်း အံ့သြလောက်အောင် ကြီးမြင့်ပါပေသည်။ ထိုနေ့က မြင်းစီးသမားက ပစ်ပေးသွားသော အသပြာငွေနှစ်ကျပ်အနက် တစ်ကျပ်ကို ကျွန်ုပ်ကောက်ယူသော် လည်း မောင်ထွန်းကျော်သည် မိမိအတွက်ပေးသော ငွေတစ်ကျပ်ကို မမြင်ဟန်ပြု၍ အခြားဘက်သို့ လှည့်နေလိုက်သဖြင့် ကျွန်ုပ်က ကောက်ယူခဲ့ရလေသည်။ ရပ်သူ ရွာသားများသည် ပန်းပဲသမား၏ တူတစ်ယောက်၌ အဆမတန်အောင် မာနကြီး ခြင်းကို ကဲ့ရဲ့လိုကြသော်လည်း မောင်ထွန်းကျော်၏ ခံ့ညားသော ကာယဣန္ဒြေကို မြင်ရခြင်းဖြင့် ၎င်း၏ရှေ့တွင် ကဲ့ရဲ့ဖို့ဝေးစွ စကားဟ၍ပင် မပြောဝံ့ကြချေ။ ကျွန်ုပ်အဖို့မှုကား မောင်ထွန်းကျော်၏ ပြောပုံ, ဆိုပုံ, လုပ်ပုံ, ကိုင်ပုံ မျက်နှာ ထားပုံများသည် ချီးကျူးဖွယ်ရာချည်းဖြစ်နေ၍ ယောကျ်ားများအနက်တွင် အတု





လုပ်ဖွယ် အကောင်းဆုံးသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် အခါခပ်သိမ်း မော့ကြည့်၍ မအားမရနိုင်အောင် ရှိတော့သည်။

ဘုန်းကြီးကျောင်း၌နေစဉ် မောင်ထွန်းကျော်သည်သဒ္ဒါ, သင်္ဂြိုဟ် စသော စာများ၌ စိတ်ဝင်စားခြင်း မရှိသော်လည်း နိပါတ်တော်များ၊ ဇာတ်ကြီးများကို တော်ရှု၍ ဣန္ဒြာဝံသ၊ ဝိဇယကာရီစသော ဝတ္ထုများနှင့် ရာဇဝင်များကို ကြားနာ မှတ်သားလေ့ရှိသည်။ မောင်ထွန်းကျော်၏ ထူးခြားသော အရည်အချင်းတစ်ခုမှာ ကြောက်စိတ်ဆို၍ လုံးဝမရှိ၊ ဘေးအန္တရာယ်ထူပြောသော အလုပ်ဟူသမျှကို နှစ်သက်စွာ လုပ်တတ်၏။ အမြင့်ဆုံးသော သစ်ပင် ထိပ်ဖျားသို့တက်ခြင်း၊ ဧရာဝတီ မြစ်တစ်ဖက်ကမ်းသို့ကူးခြင်း၊ အနက်ဆုံးသော တောထဲသို့သွားခြင်း၊ တစ္ဆေချောက်တတ်သည်ဆိုသော သစ်ပင်၊ သို့မဟုတ် အဆောက်အဦးများသို့ ညအချိန်၌ ထုံးကွက်ခြင်းစသော အလုပ်မျိုးတို့ကို မောင်ထွန်းကျော်သည် ဆေးပေါ့လိပ်တစ်လိပ် ဆုရရုံဖြင့် လုပ်လေ့ရှိ၏။ ရရှိသော ဆေးပေါ့လိပ်ကိုမူ ၎င်းကိုယ်တိုင် ဆေးလိပ်မသောက်တတ်သည်နှင့် ကိုရင်ကြီးများအား ပေးလှူ လိုက်သည်။

တစ်ညသ၌ ကျွန်ုပ်နှင့် မောင်ထွန်းကျော်တို့သည် ဦးပိန်တံတားဦး၌ရှိသော မင်းကင်းမြို့စား၏ အဆောက်အဦးကြီးတွင် တစ္ဆေချောက်သည်ဟု ပြောကြသော ကြောင့် ချင်းနင်းဖွန့်စား၍ ဝင်ကြရန် ကြိုးစားခဲ့ဖူး၏။ ၎င်းအဆောက်အဦးနှင့် ပတ်သက်၍ နာမည်ကြီးခဲ့ပုံကား ဤသို့တည်း။

အဆောက်အဦးပိုင်ရှင် မင်းကင်းမြို့စားသည် အပေါင်းအသင်းယောက်တို့နှင့် အတူ ၎င်းအိမ်ကြီးအတွင်းတွင်ရှိ အခန်းတစ်ခန်းတွင် "ကျင်ပဲ" ကစားကြ၏။ ကျင်ပဲဟူသည်မှာ အလျား ၄ လက်မ အနံ ၁ လက်မခန့်ရှိသည့် ကျောနက်စက္ကူဖဲ ဖြစ်၍ တရုတ်ပြည်မှလာသော ဖဲထုပ်မျိုးဖြစ်ရာ ယခုအခါ၌ ကွယ်ပျောက်နေပြီ ဖြစ်သော်လည်း သီပေါဘုရင်လက်ထက်၌ အရပ်သူ, အရပ်သားများ အနှံ့အပြား ကစားလေ့ရှိလေသည်။ မင်းကင်းမြို့စား၏ နေအိမ်ကြီး၌ "ကျင်ပစ်" ကြသော လူများမှာ (၁)မင်းကင်းမြို့စား (၂) ၎င်း၏ညီအရင်း ခင်မောင်ကြီး၊ (၃)ညီဝမ်းကွဲ တော်သူ ထီးဖြူတော်မိုး မောင်မောင်တင်၊ (၄) ကျွန်ုပ်၏ ဦးကြီး ကွမ်းရေတော် မောင်မောင်ကြီးတို့ ဖြစ်လေသည်။

လူ ၄ ယောက်တို့သည် တစ်ညဗတ်လုံး ကျင်ဆွဲကြရာတွင် မင်းကင်း မြို့စား၏ ညီအရင်းဖြစ်သူ ခင်မောင်ကြီးက နိုင်၍ ကျန်လူသုံးယောက်တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



တရှုံးတည်းရှုံးကြသည်ဆို၏။ ထိုသူတို့သည် ပါသော အသပြာငွေအားလုံး ရှုံးကြသည့်ပြင် ဝတ်ထားသော လက်ဝတ်လက်စားများပါ ရှုံးကုန်ကြသည်ဆို၏။ တစ်ညဝတ်လုံး ဖဲကစားကြ၍ နံနက်လင်းသောအခါတွင် ခင်မောင်ကြီးမှာ အိပ်ခန်းထဲတွင် ဓားဒဏ်ရာကြီးနှင့် သေဆုံးနေသည်ကို တွေ့ကြရသည်ဆို၏။ ခင်မောင်ကြီး၏ရင်ဝတွင် ထိုးစိုက်ထားသော ဓားမြှောင်မှာ မင်းကင်းမြို့စား၏ ဓားမြှောင်ဖြစ်သည်ဆို၏။ အလောင်းကိုသင်္ဂြိုဟ်၍ မင်းကင်းမြို့စားအား နန်းတော်ကြီးက မသင်္ကာသောလေသံများ ပေါ်ထွက်လာသည်တွင် မင်းကင်းမြို့စားသည် တစ်ခါတည်း ကွယ်ပျောက်သွားသည်ဆို၏။ အချို့က ရှမ်းပြည်ဘက်သို့ ထွက်ပြေးသည်ဟု ပြောကြ၍ အချို့ကမူ ယိုးဒယားနယ်ဘက်သို့ ကူးသွားပြီဟူ၍ တွေးဆကြ၏။

ထိုအချိန်မှစ၍ ၎င်းအိမ်ကြီးကို ပိတ်ထားခဲ့ရသည်ဖြစ်ရာ ခင်မောင်ကြီးမှာ အစိမ်းသေဖြစ်သည့်အလျောက် တစ္ဆေဖြစ်၍ ၎င်းအိမ်ကြီးထဲတွင် ရှိနေသည်ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံတွင် ဦးပိန်တံတားပေါ်၌ ခေါက်တုံ့ခေါက်ပြန် ကြီးလျှောက်သည်ကို မြင်ရသည်ဟူ၍၎င်း ပြောကြ၏။ မည်သို့ပင်ဖြစ်စေ နေဝင်ပြီးသည့်နောက် ဦးပိန်တံတားကို တစ်ယောက်တည်း ဖြတ်ကျော်ဝံ့သူ မရှိခြင်းမှာကား အမှန်ပင်ဖြစ်တော့သည်။

ဖော်ပြခဲ့သည့်အတိုင်း စွန့်စားခြင်း၌ ဝါသနာပါသော မောင်ထွန်းကျော်သည် ညဦးအချိန်တွင် ၎င်းအိမ်ကြီးထဲသို့ ဝင်ကြည့်ကြရန် ကျွန်ုပ်အားအဖော်ညှိ၏။ ကျွန်ုပ်ကား အလွန်ကြောက်တတ်သူဖြစ်၍ မလိုက်ဝံ့ချေ။ ဤတွင် မောင်ထွန်းကျော်က "ငါတစ်ယောက်လုံး ပါသေးတာပဲကွ၊ လိုက်သာလိုက်ခဲ့ပါ၊ တစ္ဆေဆိုတာ ချောက်ရုံချောက်နိုင်တာပါကွ၊ လူကိုဘယ်နှယ်မှ မလုပ်ပါဘူး၊ တကယ်လို့လုပ်ရင် ငါရှေ့ကနေပြီး ခုခံပါ့မယ်။ မင်းကို လက်ဖျားနဲ့မှ မထိစေရပါဘူး" ဟု ပြော၏။ အလွန်ကြောက်သောအရာကို ကြည့်ချင်တတ်ခြင်းမှာ လူ၏သဘာဝဖြစ်သည့်အတိုင်း ကျွန်ုပ်သည် မောင်ထွန်းကျော်ကို တကယ်လည်း အားကိုးသည်နှင့် အတူလိုက်ဖို့ သဘောတူခဲ့လေသည်။ သို့ဖြစ်၍ မိခင် အိပ်ပျော်ပြီးနောက် ကျွန်ုပ်သည် တံခါးကို ဖြည်းညှင်းစွာဖွင့်၍ အိမ်ပေါ်မှဆင်းသွားပြီးလျှင် မောင်ထွန်းကျော်နှင့် ချိန်းထားသောနေရာတွင် တွေ့ဆုံကြလေသည်။

သန်းခေါင်နီးပါးရှိသော အချိန်တွင် ကျွန်ုပ်တို့နှစ်ယောက်သည် သစ်ပင်အုပ်ကြီးများ အောက်မှဖြတ်၍ ဦးပိန်တံတားထိပ်၌ရှိသော ငါးဆောင်ပြိုင်





အိမ်ကြီးသို့ သွားကြ၏။ လပြည့်ကျော် ငါးရက်လ, ကလေးသည် တိမ်မှုန်များအကြားမှ ငုပ်ချည်ပေါ်ချည်ရှိနေတော့သည်။ ခြံတံခါးကိုဖွင့်၍ အိမ်ရှေ့လှေကားဦးသို့ ရောက်ကြသောအခါ ကျွန်ုပ်မှာ ကြောက်အားကြီးသဖြင့် သွားများခိုက်ခိုက်တုန်လျက် ရှိနေသည်။ သို့ရာတွင် မောင်ထွန်းကျော်က "မကြောက်ပါနဲ့ ငါ့လူရ၊ ယောက်ျားပဲကွာ" ဟုဆိုကာ ရှေ့က တက်သွား၍ ကျွန်ုပ်လည်း လိုက်သွားရသည်။ အိမ်ရှေ့တံခါးကို တွန်းဖွင့်၍ အတွင်းသို့ ဝင်မည်ပြုသည်တွင် မောင်ထွန်းကျော်သည် မီးကပ်ကျောက်ဖြင့် မှိုကို မီးညှိ၍ အသင့်ဆောင်ယူခဲ့သော စဉ့်မီးခွက်ကြီးသို့ မီးကူး၍ ညှိလိုက်၏။ ထိုအခါ မလင်းတလင်းရှိနေသော ရေနံချေးမီးခွက်၏ အလင်းရောင်တွင် တိုင်လုံးကြီးများ၏ အရိပ်များသည် ဤမှထိုမှ ကူးပြောင်းပြေးလွှားနေကြသော တစ္ဆေများနှင့် တူလှသောကြောင့် ကျွန်ုပ်မလိုက်ဝံ့တော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်က "မင်း... ဝင်ကြည့်ပေတော့ မောင်ထွန်းကျော်ရာ၊ ငါ့ဒီက နေရစ်ပရစေရတော့" ဟု တောင်းပန်သည်နှင့် မောင်ထွန်းကျော် တစ်ယောက်တည်း စဉ့်မီးခွက်ကြီးကို ကိုင်လျက် အခန်းများကို တစ်ခန်းပြီး တစ်ခန်း ဝင်ကြည့်လေသည်။ ကျွန်ုပ်သည် လှေကားထိပ်တွင်ရပ်လျက် စောင့်နေရစ်စဉ် မောင်ထွန်းကျော်သည် အူယားဖားယား ပြန်ပြေးလာ၍ "ဟုတ်တယ်ဟာ သူငယ်ချင်းရေ၊ ဟုတ်တယ်" ဟု အလန့်တကြားပြော၏။

နုပ်။ ။ "ဘာလုပ်တာလဲ သူငယ်ချင်းရ"

ကျော်။ ။ "တစ္ဆေရှိတယ်ဆိုတာ ဟုတ်တယ်ကွ"

နုပ်။ ။ မင်းကို ချောက်လှတ်လိုက်သလား"

ကျော်။ ။ "ချောက်တာလား ဘာလားတော့ မသိဘူးကွာ။ ကြမ်းပြင်ပေါ်မှာရပ်လျက် ကိုယ်ထင်ပြရာက ဖြုတ်ဆို တစ်ခါတည်း ပျောက်သွားတာပဲ မောင်"

နုပ်။ ။ "နို့မင်း မကြောက်တတ်ဖူးဆို"

ကျော်။ ။ လူနဲ့ လူချင်းတော့ မကြောက်ပါဘူးကွာ။ တစ္ဆေဆိုတော့ စိတ်က မကြောက်ပေမယ့် ကြက်သီးတွေထတယ်ကွ"

ဤတွင် ကျွန်ုပ်မှာ ကိုယ်တိုင် တွေ့မြင်ခဲ့ရသော မောင်ထွန်းကျော်ထက်ပို၍ ကြောက်လာသည်နှင့် ချက်ချင်းပြန်ကြဖို့ ပူဆာလေတော့သည်။ ကျွန်ုပ်တို့သည် ၎င်းအိမ်ကြီးမှ ဆင်းလာ၍ ညောင်ပင်ကြီးအောက်သို့ ရောက်ကြသောအခါတွင် ကျွန်ုပ်တို့ရှေ့မှ မည်းမည်း,မည်းမည်းနှင့်လာနေသော လူ၏ပုံသဏ္ဌာန်တစ်ခုကို

www.burmeseclassic.com



မြင်ကြရ၏။ မောင်ထွန်းကျော်သည် ပထမ၌ တွန့်လွှားသော်လည်း နောက်ဆုံးတွင် တဟုန်တည်း ခုန်၍ ထိုပုံသဏ္ဌာန်ကို ဖက်လိုက်၏။ ထိုအခါ ပုံသဏ္ဌာန်က "ဟေ့ လွှတ်ကွ၊ ဘာလုပ်တာလဲ၊ ဇက်ပြုတ်သွားမယ်"ဟု ပြောလိုက်ရာတွင် မောင်ထွန်းကျော်က "ဘယ့်နှယ်လဲ ဦးလေးပါလား"ဟု အံ့သြစွာနှင့် ပြောလိုက်၏။ ထိုသူကလည်း "ဟာ မောင်ထွန်းကျော်ပါလား၊ ဟိုဟာက မောင်တောက်ထွန်း မဟုတ်လား၊ မင်းတို့ ဘာလုပ်ကြတာလဲ"ဟု ပြန်မေးလေသည်။

စင်စစ်သော်ကား ပုံသဏ္ဌာန်မှာ ပန်းပဲသမားဦးတင့်တယ် ဖြစ်နေ၍ အထုပ်ကြီးတစ်ထုပ်ကို ပွေ့ပိုက်လျက် ရှိလေသည်။ မောင်ထွန်းကျော်က တစ္ဆေချောက်သည်ဆို၍ လာရောက်စုံစမ်းခြင်းဖြစ်ကြောင်း၊ တစ္ဆေကို မိမိကိုယ်တိုင် မြင်ခဲ့ရကြောင်း ပြောပြသည်တွင် ဦးတင့်တယ်က "အလိုလေး ဘုရား ဘုရား" ဟု ရွတ်ဆိုကာ ကျွန်ုပ်တို့အား အိမ်သို့ ပြန်ရန် တိုက်တွန်းလေသည်။

တယ်။ ။"ကိုင်း ငါ့တူများ ပြန်နှင့်ကြ၊ ဦးလေးလိုက်ခဲ့မယ်"

ကျွန်ုပ်တို့နှစ်ယောက် ပြန်လာကြ၍ လမ်းတစ်ဝက်သို့ရောက်သောအခါ ဦးတင့်တယ်သည် ကျွန်ုပ်တို့ကို မှီလာ၏။ သူ၏လက်ထဲ၌ကား အထုပ်ကြီး ပါမလာတော့ချေ။

ကျော်။ ။ "ဦးလေး ဘာသွားလုပ်တာလဲ"

တယ်။ ။ "လူကြီးဆိုတာ လုပ်စရာတွေ ရှိတာပေါ့၊ ငါ့တူရယ်။ မင်းတို့ ကြီးလာတော့ သိပါလိမ့်မယ်"

ကျွန်ုပ်တို့သည် ၎င်းအဖြေကို မကျေနပ်သော်လည်း ဦးတင့်တယ်က နောက်ထပ်၍ မပြောတော့သည်နှင့် နေအိမ်သို့ အသီးသီး ပြန်လာခဲ့ကြလေ၏။

□

# အခန်း (၃)

တစ်နေ့သ၌ ကျွန်ုပ်နှင့်မိခင်သည် အိမ်ရှေ့တွင်ထိုင်လျက် ရွှေမြို့တော်၌ စစ်မှုထမ်းလျက်ရှိသော ဖခင်အကြောင်းကို ပြောနေကြစဉ် လမ်းပေါ်၌ လှည်းယာဉ် အလေးတစ်စီး မောင်းလာသည်ကို မြင်ကြ၏။ လှည်းပေါ်၌ကား ကိုယ်ကာယနှင့် လိုက်အောင် တောက်ပြောင်သစ်လွင်သော အဝတ်များ ဝတ်ဆင်ထားသည့် မိန်းမကြီးတစ်ယောက်ပါလာရာ၊ ကျွန်ုပ်က "နတ်ကတော်ကြီး"ဟူ၍ထင်မိသည်။ အသက် ၄၀ ကျော်ခန့်ရှိ၍ တုတ်တုတ်ပြဲပြဲ ဗိုက်ရွှဲကြီးဖြစ်နေသော ကိုယ်ကာယတွင် ပုတီး၊ နားဍောင်း လက်ကောက်မှစ၍ သနပ်ခါးပန်းမာလ်များဖြင့် မွမ်းမံခြယ်လှယ် ထားသည်ဖြစ်၍ သူတစ်ပါးကို ကဲ့ရဲ့ခဲလှသော ကျွန်ုပ်၏မိခင်က "ဖြစ်မှဖြစ်ရပလေ၊ ဘယ်လိုမိန်းမပါလိမ့်"ဟု ရွဲ့မဲ့ကာ ပြောလိုက်မိသည်။ ကျွန်ုပ်တို့သားအမိသည် ၎င်းလှည်းကို ကြည့်နေစဉ် လှည်းသည် ဦးတင့်တယ်၏ ပန်းပဲဖိုရှေ့၌ရပ်၍ မိန်းမကြီးသည် ပန်းပဲဖိုထဲသို့ ဝင်သွား၏။ ထိုအခါ ကျွန်ုပ်သည် မည်သည့်မိန်းမကြီး ဖြစ်သည်ဟု သိလိုသည်နှင့် ပန်းပဲဖိုသို့ ပြေးသွားမည်ပြုရာ၊ မိခင်ကလည်း "ဘယ်သူများလဲလို့ ကြည့်စမ်းချေးဟဲ့...ငါသား"ဟု တိုက်တွန်းလိုက်သည်။ ကျွန်ုပ် ရောက်သွားသောအခါ ဦးတင့်တယ်သည် အိမ်ရှေ့မှဆီးကြို၍ မိန်းမကြီးနှင့် စကားပြောလျက်ရှိရာ၊ မောင်ထွန်းကျော်မှာမူ ပန်းပဲဖိုထဲ၌ အလုပ်လုပ်လျက် ရှိသည်။ မိန်းမကြီးက ပန်းပဲဖိုဘက်သို့ လှမ်းကြည့်လျက် "သူပဲလား"ဟု မေးသဖြင့် ဦးတင့်တယ်က ခေါင်းညိတ်သည်တွင် မိန်းမကြီးသည် အလုပ်လုပ် နေသော မောင်ထွန်းကျော်အား စူးစိုက်ကာ လှမ်းကြည့်လေသည်။ ၎င်းတို့အနီးမှ ကျွန်ုပ် ဖြတ်သွား၍ မိန်းမကြီးကို သေချာစွာကြည့်လိုက်သောအခါ အလှန်အမင်း ခြယ်လှယ်ထားသဖြင့် နတ်ကတော်နှင့် တူသော်လည်း အရှယ်ကောင်းစဉ်၌

www.burmeseclassic.com



အလွန်လှပသော ရုပ်ဆင်းသဏ္ဌာန်ရှိခဲ့မှုသည်ဟု ကျွန်ုပ် ခန့်မှန်းနိုင်လေသည်။ မိန်းမကြီးသည် မောင်ထွန်းကျော်ရှိရာသို့ လျှောက်လာ၍—

မိန်း။ ။"လူကလေး နေကောင်းရဲ့နော်"

ကျော်။ ။"ဟုတ်ကဲ့ နေကောင်းပါတယ်"

မိန်း။ ။"ဒီမှာ ပျော်ရဲ့နော် လူကလေး"

ကျော်။ ။"ဟုတ်ကဲ့ ပျော်ပါတယ်"

မိန်း။ ။"လူကလေး ဘာများလိုချင်သလဲ"

ကျော်။ ။"ဘာမှ မလိုချင်ပါဘူးခင်ဗျာ"

ထို့နောက် မိန်းမကြီးက ဆက်လက်၍ စကားပြောလိုသေးသော်လည်း ဦးတင့်တယ်က မောင်ထွန်းကျော်အား "ကိုင်း ငါ့တူ၊ ဟိုခားမကို ဆေးသား တင်လိုက်ဟေ့"ဟု ပြောကာ၊ မိန်းမကြီးကို အိမ်ရှေ့သို့ခေါ်သွားရာ မိန်းမကြီးသည် မောင်ထွန်းကျော်နှင့် စကားပြောလိုသေးသည့်လက္ခဏာဖြင့် အိမ်ရှေ့သို့ မကျေမချမ်းဖြင့် လိုက်သွားရဟန်တူ၏။ ဦးတင့်တယ်ကလည်း ချော့မော့၍ ခေါ်သွားဟန်တူ၏။ မိန်းမကြီးသည် မောင်ထွန်းကျော်ကို လှည့်တကြည့်ကြည့်နှင့် အိမ်ရှေ့တွင် ဦးတင့်တယ်နှင့် စကားတီးတိုးပြောနေကြသေး၏။ နောက်ဆုံးတွင်မှ

မိန်း။ ။"ဒါဖြင့် နက်ဖြန်ခါနော်"

တယ်။ ။"ဟုတ်ကဲ့ စိတ်ချပါ"

မိန်း။ ။"စကားမပျက်စေနဲ့နော်၊ ကြားလား"

တယ်။ ။"စိတ်သာချပါ မမရယ်"

ထို့နောက် မိန်းမကြီးသည် လှည်းပေါ်သို့တက်၍ လှည်းသမားလည်း မောင်းနှင်သွားရာ၊ ဦးတင့်တယ်သည် မျက်စိတဆုံး မျှော်ကြည့်နေပြီးမှ ပန်းပဲဖိုထဲသို့ ဝင်လာ၏။ ကျွန်ုပ်သည် ဦးတင့်တယ်၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ ဤမျှလောက် ဣန္ဒြေကြီးသည်ကို တစ်ခါမျှ မတွေ့ရဖူးချေ။

တယ်။ ။"ငါ့တူရေ…ရှင်းတော်မလေးဆိုတာ သူပဲဟေ့၊ အခု သူ ရွှေကြက်ယက်ဘုရားနားမှာ ပြောင်းလာခဲ့တယ်။ ငါ့တူကို မြင်မြင်ချင်း ရေစက်ပါ လို့တဲ့ သိပ်ချစ်တယ်ဆိုပဲ မရှင်းတော်က ပစ္စည်းပေါတယ်ကွဲ့၊ သူ့အိမ်ကို ငါ့တူလာလည်ပါစေမယ်လို့ ဦးလေးက တာဝန်ခံလိုက်တယ်"

ကျော်။ ။"ဘာလုပ်ရမှာလဲ ဦးလေးရဲ့"

တယ်။ ။"သူ့မှာ ပစ္စည်းပေါတယ်ကွယ့် ပေးနိုင်၊ ကမ်းနိုင်တယ်"





ကျော်။ ။"ပေးနိုင်၊ ကမ်းနိုင်တော့ ဘာဖြစ်ရမှာလဲ သူများပေးတာကို ကျွန်တော်က ဘာကြောင့် ယူချင်ရမှာလဲ"

တယ်။ ။မယူချင်တော့ နေပေါ့ငါ့တူရယ်၊ ငါ့တူသွားလည်လိုက်ပါ၊ ဦးလေးက တာဝန်ခံလိုက်လို့ပါ"

ကျော်။ ။"ရှာရှာဖွေဖွေ ဦးလေးရယ်"

ဦးတင့်တယ်က တိုက်တွန်း၍ မောင်ထွန်းကျော်က ငြင်းဆန်လျက်ရှိရာ ကျွန်ုပ်မှာ ထိုမိန်းမကြီးကို သိလိုသောဆန္ဒရှိသည်နှင့် မောင်ထွန်းကျော်သွားလျှင် ကျွန်ုပ်လိုက်ပါမည်ဟုဆိုကာ ကူညီ၍ တိုက်တွန်းသည်တွင်မှ မောင်ထွန်းကျော်က "အေး လကွယ် မင်းလိုက်ရင်တော့ သွားတာပေါ့"ဟု သဘောတူလိုက်သည်။

အိမ်သို့ ရောက်သောအခါ ကျွန်ုပ်သည် မိခင်အား မိန်းမကြီးအကြောင်းကို ပြောပြ၍ နက်ဖြန်တွင် မောင်ထွန်းကျော်နှင့်အတူ ၎င်း၏နေအိမ်သို့ ကျွန်ုပ်လိုက်သွားပို့ အကြောင်းကိုလည်း ခွင့်တောင်းလေသည်။ မိခင်သည် မသိကျွမ်းသောသူ တစ်ယောက်၏ အိမ်သို့ ကျွန်ုပ် လိုက်မည်ဆိုခြင်းကို ကန့်ကွက်သော်လည်း မောင်ထွန်းကျော်က လိုက်ခဲ့ပါဟု ခေါ်သဖြင့် လိုက်ရမည်ဖြစ်သည်ဟု လိမ်လည် ပြောဆိုသည်တွင်မှ ခွင့်ပြုလေသည်။

နောက်တစ်နေ့ နေ့လယ်၌ ကျွန်ုပ်နှင့် မောင်ထွန်းကျော်တို့သည် ရွှေကြက်ယက်ဘုရားဘက်သို့ ခြေလျင်လျှောက်လာကြရာ အခြားသောအိမ်များ ထက် သစ်လွင်သပ်ရပ်သော အိမ်တစ်ဆောင်ကို မြင်ရခြင်းအားဖြင့် မိန်းမကြီး၏ အိမ်ဖြစ်သည်ဟု ကျွန်ုပ်ခန့်မှန်းနိုင်သည်။ နေအိမ်မှာ ဝါးဝင်းထရံ ခတ်ထားသော ဝင်းခြံမ၏ အလယ်၌ တည်ရှိ၍ ကျွန်ုပ်တို့သည် ဝင်းထဲသို့ ဝင်သွားကြသောအခါ အသက် ၃၀ ကျော် မိန်းမတစ်ယောက်က "ဘာကိစ္စလဲ"ဟု မေး၏။

ကျော်။ ။"လာခဲ့ပါမှာလို့ လာတာပဲ"

မိန်း။ ။"ဒေါ်ရှင်းတော်ကလား"

ကျော်။ ။"ဟုတ်ပါတယ်၊ မနေ့က မှာသွားတယ်"

မိန်း။ ။"မှာပေမဲ့ တွေ့လို့မဖြစ်ပါဘူး မောင်ရယ်"

ကျော်။ ။"ဘာကြောင့်လဲဗျာ"

မိန်း။ ။"ဘာကြောင့်လဲလို့ မပြောချင်ပါဘူး၊ ဟော ဟိုမှာတက်ကြည့် ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်လှမ်းကြည့်ပြီးနောက် သိလိုသည်နှင့် အိမ်ပေါ်သို့တက်သွားကြသောအခါ ကွပ်ပျစ်တစ်ခုပေါ်တွင် အိပ်ပျော်လျက်ရှိသော မိန်းမကြီးကို မြင်ရ၏။ မိန်းမကြီး၏ဟောက်သံကို လှေကားမှပင် ကြားရလေရာ၊ ကွပ်ပျစ်အနီးရှိ ခုံပိုင်းကလေးပေါ်တွင် ထန်းရေတမြူနှင့် နှီးခွက်တစ်လုံးကိုလည်း မြင်ကြရသည်။ ကျွန်ုပ်တို့သည် အပေါက်ဝမှ ရပ်ကြည့်ရုံမျှနှင့်ပင် အခြေအနေကို ရိပ်မိပြီးဖြစ်၍ မောင်ထွန်းကျော်သည် စက်ဆုတ်သောမျက်နှာထားနှင့် ချက်ချင်းပင် လှည့်ဆင်းလာခဲ့လေသည်။ မိန်းမကြီးကား နတ်ကတော်ကြီးဖြစ်၍ နတ်တင်သောထန်းရေခါးကို သောက်ပြီး ကျင်းပနေခြင်းဖြစ်သည်ဟု ကျွန်ုပ်တွေးတောမိသည်။

မောင်ထွန်းကျော်သည် လမ်းတစ်လျှောက်လုံး စကားမပြောဘဲ အိမ်သို့ ပြန်လာကြရာ အိမ်သို့ရောက်ခါနီးတွင်မှ "တို့မြင်ခဲ့တာတွေကို ဘယ်သူမှမပြောပါနဲ့ သူငယ်ချင်းရယ်"ဟု သတိပေး၏။ ကျွန်ုပ်ကမူ မိခင်မှတစ်ပါး မည်သူ့ကိုမျှ မပြောပါဟူ၍ ကတိပေးလိုက်သည်။

ကျော်။ ။"လူတွေသိကုန်မှဖြင့် သူ့ခမျာမှာ ရှက်စရာကြီး ဖြစ်ကုန်တော့မယ်ကွယ်၊ ငါတော့ဖြင့် ဦးလေးကိုတောင် မပြောဘူးဟေ့၊ နေမကောင်းလို့ ပြောလိုက်မှာပဲ"

နုပ်။ ။"မနေ့တုန်းကလဲ သူ မူးလာတာပါကွ"

ကျော်။ ။"မဟုတ်တာကွာ"

နုပ်။ ။"ဟုတ်တယ်ကွ၊ သူ့အနားက ဖြတ်လာတော့ ထန်းရေစော်နံတယ်ကွ"

ကျော်။ "ဟုတ်လား၊ ငါတော့မသိလိုက်ပေါင်ကွာ၊ အေးလေ ဘာပဲပြောပြော၊ မိန်းမကြီးမျက်လုံးကို ကြည့်ရတာ လူတစ်ဖက်သားကို မေတ္တာ ကရုဏာထားတတ်ပုံရတယ်ကွ"

မောင်ထွန်းကျော်သည် ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်အား တစ်ခွန်းတပါဒမျှ ထပ်၍မပြောတော့ဘဲ တစ်ခါတည်း ပြည်ဖုံးကားချလိုက်သည်။ သို့ရာတွင် ရက်သတ္တတစ်ပတ်ခန့် ကြာသောအခါ မိန်းမကြီးသည် ဦးတင့်တယ်ထံ လူတစ်ယောက်စေလွှတ်၍ မောင်ထွန်းကျော်လာစေဖို့ တောင်းပန်ပြန်သည်ဟု သိရ၏။ မောင်ထွန်းကျော်သည် ပထမ၌ ငြင်းဆန်သော်လည်း နောက်ဆုံးတွင် ကျွန်ုပ်လိုက်သည်ဆိုသဖြင့် သဘောတူလိုက်သည်။ လှည်းနှင့်လာခေါ်ခြင်းဖြစ်၍





ကျွန်ုပ်နှင့် မောင်ထွန်းကျော်သည် လှည်းစီးလျက် လိုက်ပါသွားကြ၏။ ထိုအိမ်သို့ ရောက်သောအခါ မိန်းမကြီးသည် ဝင်ပေါက်မှဆီးကြို၍ ကျွန်ုပ်တို့ကို အိမ်ပေါ်သို့ ခေါ်သွားပြီးလျှင် လောကွတ်ပျူငှာ ဧည့်ခံလေသည်။

အိမ်ပေါ်သို့ ရောက်သောအခါ မုန့်အမျိုးမျိုးနှင့် လက်ဖက်ရည်ကြမ်းဖြင့် ကျွန်ုပ်တို့ကို ဧည့်ခံကျွေးမွေး၍ မိန်းမကြီးက မိမိမှာပန်းပဲဦးတင့်တယ် မနန်းယုတို့နှင့် ငယ်ပေါင်းကြီးဖော်ဖြစ်ကြောင်း၊ မောင်ထွန်းကျော့် ငယ်စဉ်က မိမိပွေ့ချီခဲ့ဖူးကြောင်း၊ မိမိ၏နေအိမ်သို့ မကြာမကြာ အလည်လာကြဖို့အကြောင်းများနှင့် အောင်လှအောင် စကားပြောလေသည်။ ထန်းရည်စော်နံခြင်းကို ထောက်ခြင်းအားဖြင့် မိန်းမကြီးသည် ထိုနေ့တွင် မူးအောင်မသောက်သော်လည်း အတော်အတန် သောက်ထားသည်ဟု ကျွန်ုပ် အကဲခတ်မိသည်။

ထောပတ်, မလိုင်, သကာ ပျားရည် စသည်တို့ဖြင့် လုပ်သော သရေစာ ဘောင်းများကို ကျွန်ုပ်တို့အား ကျွေးမွေးရင်း မိန်းမကြီးသည် စကားတပြောပြောနှင့် အနီးတွင် ထိုင်လျက်ရှိစဉ် ကျွန်ုပ်သည် မင်းစိုးရာဇာများ၏ အိမ်တမျှ သိုက်မြိုက်စွာ ခင်းကျင်းထားသော အိမ်ထောင်မှုများကို စိတ်ထဲတွင် ချီးကျူးရာမှ နံရံ၌ ချိတ်ထားသော ပန်းချီကားတစ်ခုကို စိုက်ကြည့်နေမိသည်။

မိန်း။ ။"ဘာကြည့်သလဲကွယ့် သူငယ်"

နုပ်။ ။"ပန်းချီကား လှလွန်းလို့ ကြည့်တာပါခင်ဗျာ"

၎င်းပန်းချီကားမှာ ကချေသည်တစ်ယောက်၏ ပုံသဏ္ဌာန်ဖြစ်၍ အလွန်အရာ ပြေပြစ်သော ကိုယ်လုံးကိုယ်ပေါက်နှင့် လှပသောမျက်နှာရှိသည်ကို တွေ့ရသည်။

မိန်း။ ။"ဪ... ဟိုကားလား၊ အဲဒါဟာ သီပေါမင်း မိဖုရားပုံကို အခြေခံယ်တဲ့ ပန်းချီတော် ဦးညိုငယ်ရေးတဲ့ အရုပ်ကားပဲ"

နုပ်။ ။"ဒါဖြင့် ဒီပုံက စုဖုရားလတ်ရဲ့ပုံဖြစ်မှာပေါ့"

မိန်း။ ။"ဟီး... ဟီ... ဟီး...ဟုတ်ရိုးလား မောင်ရယ်၊ ကားအောက်မှာ ရေးထားတဲ့စာကို ဖတ်ကြည့်ပါဦး"

ကျွန်ုပ်သည် ထိုင်ရာမှထ၍ အရုပ်ကားအနီးသို့ ချဉ်းကပ်ပြီးလျှင် စာလုံးများကို ဖတ်လိုက်သောအခါ "ရင်းတော်မကလေး"ဟူသော စာလုံးများကို တွေ့ရသည်။

နုပ်။ ။"ရင်းတော်မကလေးဆိုတာ ဘယ်သူလဲခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မိန်း။ ။ဟီ… ဟီ… ဟီးပြောလို့တောင် ယုံမှာမဟုတ်ဘူးပေါ့ ၁၈နှစ် သမီးလောက်တုန်းက ဦးညီယော်ကြက်ရေးတဲ့ပုံပေါ့။ ရင်းတော်မကလေးဆိုတာ ငါပဲကွယ့်”

ဤတွင်မှ ဦးတင့်တယ်ပြောဖူးခြင်းကို ကျွန်ုပ်သတိရမိသည်။ ပန်းချီကား နှင့် မိန်းမကြီးကို နှိုင်းယှဉ်ကြည့်ရာတွင် နတ်ကတော်ဟန် ဖမ်းနေသောလက်ရှိ မိန်းမကြီးနှင့် ပန်းချီကားထဲမှ ကချေသည်မမှာ အနည်းငယ်မျှတူသည်ကို မတွေ့ရချေ။ သို့သော် သေချာစွာကြည့်သောအခါ၌ မျက်လုံးတစ်ချက် တူသေးသည်ဟု ကျွန်ုပ်ထင်မိသည်။

မိန်း။ ။“ကချေသည်မဆိုလို့ အထင်မသေးလိုက်နဲ့ လူကလေးများရေ။ ဟိုတုန်းကဆိုရင် မင်းညီမင်းသား အရာရှိ အရာခံဆိုသမျှ ကျုပ်ကို မပိုးပန်းဘူးတဲ့လူ မရှိဘူး။ မင်းတုန်းဘုရင်ကြီး ကိုယ်တော်တိုင်က ကျုပ်ကို မြလက်စွပ် တစ်ကွင်း ပေးသနားတော်မူဖူးတယ်”

နုပ်။ ။“အမေကြီးအသက် ဘယ်လောက်ရှိပြီလဲ”

မိန်း။ ။“ဟဲ့… ဘယ့်နှယ် အမေကြီးလဲ၊ ခုမှ ၃၀ ကျော် ရှိပါသေး တယ်ကွယ်”

ကျွန်ုပ်မှာ အနည်းဆုံး ၅၀ သို့ ချဉ်းကပ်ပြီ ထင်မိသဖြင့် အံ့အားသင့် မိသည်။

မိန်း။ ။“သြော်… လောက လောက ဟိုတုန်းကများကတော့ အရာရှိ အရာခံတွေက ရင်းတော်မလေးနဲ့ နှုတ်ဆက်ရတယ်ဆိုရင် ဂုဏ်ရှိတယ် ထင်ကြ တယ်။ ဒီခေတ်ကျတော့ တောသားလူငယ်နှစ်ယောက်ကတောင် အဖက်လုပ်ချင် ကြဟန် မတူဘူးနော်”

ဤတွင် မောင်ထွန်းကျော်သည် မိမိအား တောသားခေါ်ခြင်းကို မခံချင် သည့် လက္ခဏာနှင့်

ကျော်။ ။“တောသားဖြစ်ဖြစ်၊ မြို့သားဖြစ်ဖြစ်၊ နန်းတော်ကြီးသားဖြစ်ဖြစ်၊ ယောက်ျားဆိုတာ သတ္တိ ဗျတ္တိရှိမှ တန်ဖိုးရှိတာပါ အဒေါ်ရဲ့”

မိန်း။ ။“ဟုတ်ပါပေ့ ဟုတ်ပါပေ့ ငါမှားပါတယ် လူကလေးရယ်”

ကျွန်ုပ်သည် အခြေအနေမလှခြင်းအတွက် စကားဖန်ထိုးလိုသော အကြံနှင့်

နုပ်။ ။“အသက်ကြီးပေမဲ့ အသံတော့ ကောင်းဦးမှာပဲနော်”

မိန်း။ ။ “ကြီးလဲ မကြီးသေးပါဘူးသားရယ်၊ အမေက စိတ်မကောင်း





သို့ လုပ်မိလုပ်ရာတွေလုပ်ပြီး ဗိုက်ရွဲကြီး ဖြစ်နေလို့ပါ။ ကိုင်း နားထောင် ဆိုပြမယ်”

မိန်းမကြီးသည် “ကောင်းခြောက်ဆယ်လေးရပ်”အစချီသော တေးထပ်ကို သီဆိုလိုက်ရာ ၎င်း၏ရုပ်နှင့်အသံမှာ ဘာမျှမဆိုင်ချေတကားဟု ကျွန်ုပ် စဉ်းစားမိ ပါတော့သည်။ ဂီတဝါသနာပါသော မောင်ထွန်းကျော်မှာလည်း ငိုင်သွားလေ တော့သည်။ တေးထပ်အဆုံး၌-

မိန်း။ ။“ငါ့သားများ ထန်းရေခါး သောက်ကြမလား”

ကျော်။ ။(မျက်နှာရှုံ့လျက်) “မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တို့လဲ မသောက် ပါနဲ့”

ရင်းတော်မလေးသည် မောင်ထွန်းကျော်၏ မျက်နှာကို အတန်ကြာအောင် စေ့စိုက်လျက် ကြည့်နေသည်။ မောင်ထွန်းကျော်ကလည်း မိမိအား ကြည့်နေ သည်ကို သိသည်နှင့် မိန်းမကြီးကို ပြန်ကြည့်လျက်

ကျော်။ ။“ဒေါ်ဒေါ်”

မိန်း။ ။“ငါ့ကို အမေခေါ်ပါကွယ့်၊ မင်းတို့နှစ်ယောက်စလုံးပဲ”

ကျော်။ ။“ကိုင်းအမေ ကျွန်တော့်ကို ချစ်တယ်ဆို”

မိန်း။ ။“မင်းကို ဘယ်သူပြောသလဲ”

ကျော်။ ။“ဦးလေးက ပြောတယ်”

မိန်း။ ။ “ချစ်တော့ ဘာပြုသလဲ”

ကျော်။ ။ “ကျွန်တော့်ကိုချစ်ရင် ထန်းရေခါး မသောက်ပါနဲ့ခင်ဗျာ”

မိန်း။ ။“ငါက ပျင်းတယ်ကွဲ့”

ကျော်။ ။“အပျင်းပြေအောင် ကျွန်တော်တို့ ခဏ ခဏ လာမယ်ဗျာ၊ ထန်းရေမသောက်ပါနဲ့”

မိန်း။ ။“ထန်းရေမသောက်ရင် မင်းတို့ ခဏခဏ လာမယ်လား”

ကျော်။ ။“ဟုတ်ကဲ့”

မိန်း။ ။“ကိုင်း ဒါဖြင့် ဒီကနေ့ကစပြီး မသောက်တော့ဘူးဟေ့ မင်းတို့ ခဏခဏ လာကြ”

ကျော်။ ။ “ဥပုသ်နေ့တိုင်း ကျွန်တော်တို့လာမယ်”

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အထက်တွင်ဖော်ပြခဲ့သော အဖြစ်အပျက်များမှာ ရှင်ပြုပြီး၍ ကိုရင်လူထွက်စအချိန်၌ ဖြစ်လေရာ ကျွန်ုပ်မှာ ယခုအချိန်၌ ၁၇ နှစ်သားအရွယ်ရှိနေလေပြီ၊ ကျွန်ုပ်၏ဖခင်မှာ ဝန်သို့နယ်၌ သူပုန်နှိမ်နင်းစဉ်က ခြေသလုံးတွင် လှံထိုးမိသောဒဏ်ရာကြောင့် ခြေတစ်ဖက်မသန်ဘဲ ရှိသည်နှင့် စစ်ထဲမှ နုတ်ထွက်၍ ကျွန်ုပ်တို့နှင့်အတူ နေထိုင်လျက်ရှိသည်။ မောင်ထွန်းကျော်မှုကား ၁၉ နှစ်သားအရွယ်ရှိပြီဖြစ်ရာ အလွန်မာနကြီးသော လူတစ်ယောက်ဖြစ်သည့်အလျောက် အလုပ်ကြမ်းမျှသာဖြစ်သော ပန်းပဲအလုပ်တွင် မမွေ့လျော်နိုင်ပဲ ရှိတော့သည်။ မောင်ထွန်းကျော် မာနကြီးခြင်းကား အကြောင်းမဲ့မဟုတ်ပါဆေ။ အမရပူရတစ်မြို့လုံးတွင် ရုပ်ရည်အားဖြင့်လည်းကောင်း၊ ကာယဗလအားဖြင့်လည်းကောင်း၊ ရဲစွမ်းသတ္တိအားဖြင့်လည်းကောင်း၊ ဘာအလုပ်မဆို ဖြစ်မြောက်အောင်လုပ်နိုင်သည့် ကျင်လည်မှု၌လည်းကောင်း၊ ပြောရေးဆိုစဉ်၌လည်းကောင်း၊ ပြိုင်ဘက်မရှိဟု ဆိုရလောက်သည့် လူငယ်တစ်ယောက် ဖြစ်ပေသည်။ အကြမ်းလည်းရ၊ အနုလည်းရသည်ဟု ဆိုရသူတစ်ယောက်ဖြစ်၍ လက်ဝှေ့သတ်ခြင်း အလုပ်တွင်လည်း ဦးလေး ဦးတင့်တယ်၏ သင်ပြမှုကြောင့် လက်ဝှေ့သမားကြီးများထက်ပင် မျက်စိရှင်သေးသည်ဟု ပြောကြ၏။ ခြင်းလုံးခတ်ခြင်း၌လည်း အမရပူရတွင် ပြိုင်ဘက်မရှိချေ။ တစ်နေ့သ၌ ကျွန်ုပ်နှင့်အတူ လမ်းလျှောက်သွားစဉ် လက်ဝှေ့ကျော်တစ်ယောက်က ထန်းတက်သမားတစ်ယောက်အား အနိုင်ကျင့်နေသည်တွင် မောင်ထွန်းကျော်ကဝင်ပြောသဖြင့် လက်ဝှေ့သမားနှင့် ထိုးသတ်ကြရာ လက်ဝှေ့သမားမှာ နံရိုးတစ်ချောင်း ကျိုးသွားဖူးလေသည်။ ဦးတင့်တယ်က အလွန်အားရ၍ အရွယ်ရောက်သော အခါ၌ မိမိကဲ့သို့ ဝါးဘိုးဝါးကို ကွဲအောင်ထိုးနိုင်လိမ့်မည်ဟု အားပေးလေသည်။





မောင်ထွန်းကျော်သည် သံချိုင့်ထဲ၌ လှောင်ထားသော ခြင်္သေ့ကဲ့သို့ မိမိ၏အခြေအနေကို မကျေနပ်နိုင်သည့် စိတ်ထားမျိုး ဖော်ပြတတ်လေသည်။ တစ်နေ့သ၌ ကျွန်ုပ်တို့နှစ်ယောက်သည် တောင်သမန်အင်းဘက်သို့ အလည်အပတ်သွားရာမှ ပြန်လာကြရာတွင်

ကျော်။ ။ "ငါလိုလူနဲ့ ပန်းပဲသမားအလုပ်နဲ့ တန်သလား သူငယ်ချင်းရာ၊ ငါ့လက်မောင်း ကိုင်ကြည့်စမ်း၊ ဒီလိုကြွက်သားမျိုး တူကိုင်ဖို့ သုံးထိုက်သလား ငါ့လူရာ"

နုပ်။ ။"နို့ မင်းက ဘာလုပ်ချင်လို့လဲကွ"

ကျော်။ ။"မင်းညီ မင်းသားတွေက လက်ဝှေ့ကောင်းကောင်း သတ်တတ်တဲ့ လူကို မြှောက်စားတယ်ဆို မဟုတ်လားကွ၊ ရနောင်မင်းသားလို ဗုဒ္ဓိုလ်က ငါလိုလူကို လက်သပ်မွေးလိုက်ရင် ငါ ချက်ချင်း နာမည်ကြီးသွားမှာပေါ့ကွ"

နုပ်။ ။"နို့ မင်းက ရနောင်မင်းသားဆီ ရောက်ချင်လို့လား"

ကျော်။ ။"သူ့ဆီရယ်လို့ မဟုတ်ပါဘူး၊ သူငယ်ချင်းရာ။ ရွှေမြို့တော်ကြီးမှာ နေရရင် ဘယ်လိုနည်းနဲ့မဆို ငါ့နာမည်ကြီးရမယ်ကွ။ အခုတော့ လူတွေက ငါ့ကို ထွန်းကျော် ထွန်းကျော်နဲ့ ခေါ်ကြတာ ငါမခံချင်ဘူးကွ"

နုပ်။ ။ "ဒေါ်တော်ကြာတော့ မောင်ထွန်းကျော်။ ဒီနောက် ကိုထွန်းကျော်၊ နောက်ဆုံးကျတော့ ဦးထွန်းကျော် ဖြစ်လာမှာပေါ့ကွ"

ကျော်။ ။"ငါက ဒါပြောတာ မဟုတ်ဘူးကွ၊ မင်း အသိသားနဲ့ ရွှမ်းမနေစမ်းပါနဲ့"

နုပ်။ ။"ရွှမ်းတာမဟုတ်ပါဘူး၊ သူငယ်ချင်းရာ။ ထင်ပေါ်ရင် စင်တော်ကကောက်လိမ့်မယ်ဆိုတဲ့ စကားလဲ ရှိပါတယ်။ မင့်သတ္တိဗျတ္တိနဲ့ဆိုရင် တစ်နေ့နေ့တော့ ကျော်စောရမှာပါကွ"

ကျော်။ ။"ဒါတော့ ငါသိပါတယ်။ သို့သော်လဲ စောင့်နေရတာ ဖျင်းလှသကွာ"

ကျွန်ုပ်တို့သည် စကားတပြောပြောနှင့် လျှောက်လာကြတာ ကျွန်ုပ်တို့အိမ်ရှေ့တွင် မြင်းနှစ်စီး ချိတ်ထားသည်ကို မြင်သည်နှင့် "ဟော ရွှေမြို့တော်ကြီးက ငါတို့ဦးကြီး ထင်တယ်ဟေ့"ဟု ဆိုကာ မောင်ထွန်းကျော်နှင့် ခွဲခွာ၍ အိမ်ထဲသို့ ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်သို့ တက်လာသောအခါ သယံတော်များ ထိုင်လေ့ရှိသော နေရာတွင် တပလ္လင်ခွေလျက် ဖက်ဖြူဆေးလိပ်ကို လက်ကြားညှပ်ကာ ပတ္တမြား လက်စွပ်ကြီး ဖာဝင့်ဝင့်နှင့် စကားပြောနေသူကား ကျွန်ုပ်၏ဦးကြီးဖြစ်သည်ဟု ချက်ခြင်းပင် ကျွန်ုပ်သိလေသည်။ ကျွန်ုပ်၏ဦးကြီး ကွမ်းရတော် မောင်မောင်ကြီးသည် အလွန် "စခမ်းကြီးသူ" တစ်ယောက်ဖြစ်၍ မင်းနေပြည် ဖြစ်မှုးသည့် အမရပူရမြို့ကိုပင် ကျေးရွာဇနပုဒ်ကဲ့သို့ သဘောထားဟန်လက္ခဏာနှင့် အရောက် အပေါက်နည်းပါး၍ ကျွန်ုပ်ရင်ပြုစဉ်က တစ်ကြိမ်တည်းသာ ကျွန်ုပ်မြင်ဖူး၏။ စပ်ပုဆိုးတောင်ရှည်၊ ရင်စေ့အင်္ကျီလက်ကျပ်နှင့် ရွှေကြင်ခပ်ပုဝါကို ခေါင်းချိတ်လျက် မျက်စိမပွင့်တပွင့်နှင့် စကားပြောနေပုံမှာ မင်းသားဟန်ပါလှသည်ဟု ကျွန်ုပ်ထင်မိသည်။ ကျွန်ုပ်၏ မိခင်သည် ၎င်း၏မောင်ကြီးအကြောင်းကို ပြောသည့် အခါတိုင်း ရွှေနန်းတော်ကြီးက ကိုကိုကြီးက ဘယ်ပုံဝယ်သည်။ ရွှေနန်းတော်ကြီးက ကိုကိုကြီးက ဘယ်ပုံစားသည်, ဘယ်ပုံပြောသည် စသည်ဖြင့် ပြောလေ့ ရှိသောကြောင့် ကျွန်ုပ်၏မျက်စိတွင်းတွင် ဧကမ လူကြီးတစ်ယောက အနေပြင့် ထင်မြင်လျက်ရှိရာ ယခု သေချာစွာကြည့်ရသောအခါ၌ထင်မိသည်ထက် ပိုလျှင် သာပိုရမည်၊ မလျှော့နိုင်ဟူ၍ အောက်မေ့မိသည်။ မိခင်သည် ဦးကြီးရှေ့၌ ကျေးကျွန်သဖွယ် ပဆစ်ဒူးတုပ်လျက်ရှိရာ ကျွန်ုပ်၏ ဖခင်မှုကား စစ်မှုထမ်းပီပီ အလွန်အမင်း မနှိမ့်ချဘဲ တထောင့်တွင် ခပ်ခွံခွံထိုင်လျက် ရှိသည်။ ကျွန်ုပ်၏ ဦးကြီးအပေါ်၌ မိခင်က အထင်ကြီးသကဲ့သို့ ဖခင်ကအထင်မကြီးရုံမက ဦးကြီး၏ အမူအရာများမှာ ကန့်ကရနှင့် မိန်းမလိုမိန်းမရရှိသည်ဟူ၍ပင် ယူဆသည်ဟု ကျွန်ုပ်ထင်၏။ ထိုအမူအရာကို ထင်ရှားစွာ မဖော်ပြသော်လည်း ကျွန်ုပ်သည် သားအဖဖြစ်သည်နှင့် ဖခင်၏သဘောကို ရိပ်မိလေသည်။ ကျွန်ုပ်တက်သွားသော အခါ ဦးကြီးသည် မျက်နှာထားတည်တည်နှင့် ကျွန်ုပ်အား လှမ်းကြည့်လျက်

ကြီး။ ။ "တူတော်မောင်ဆိုတာ ဒါလားဟေ့ ဖွားဆုံ"

မိခင်။ ။ "မှန်ပါတယ် ကိုကိုကြီးရှင့်"

ကြီး။ ။ "လာစမ်းဟေ့ ဒီနားထိုင်စမ်း"

ကျွန်ုပ်လည်း အနီးသို့ ချဉ်းကပ်၍ ဒူးတစ်ဖက်ထောင်၍ ထိုင်မိသည်တွင် မိခင်က "ဟဲ့... ငါ့သား ကောင်းကောင်းထိုင်မှပေါ့"ဟု ပြောလိုက်သည်ကို ဖခင်က မသိမသာ မဲ့ရွဲ့လိုက်သည်ဟု ကျွန်ုပ်ထင်မိသည်။ ကျွန်ုပ်လည်း မိခင်ထိုင်သကဲ့သို့ ပြင်၍ ထိုင်လိုက်ရသည်။





ကြီး။ ။ "ကြီးလှပါပကောကွဲ့ ဟင် မတ်တတ်ထလိုက်စမ်း"

ကျွန်ုပ်က မတ်တတ်ရပ်လိုက်သည်တွင် ဦးကြီးသည် ကျွန်ုပ်ကို ခြေဆုံး ခေါင်းဆုံးကြည့်လျက်

ကြီး။ ။ "အသက် ဘယ်လောက်ရှိပလဲဟဲ့"

မိ။ ။ "၁၇ နှစ်ထဲမှာပါ ကိုကိုကြီး"

ကြီး။ ။ "ဟဲ့ ဒီသူငယ် ကိုယ့်အသက်ကို မသိဘူးလား"

နုပ်။ ။ "သိပါတယ်ဦးကြီး၊ ကျွန်တော်ပြောမလို့ဟာ"

မိ။ ။ "ဦးကြီးခင်ဗျားလို့ ပြောရတယ်သားရဲ့"

ဖခင်က နှာခေါင်းရှုံ့ပြန်သည်။

ကြီး။ "၁၇နှစ်သားဆိုတော့ တော်တော်ထွားသဟဲ့။ ၁၈ နှစ်လောက် ငါထင်မိတယ်။ ရုပ်ရည်လဲ သင့်ပါရဲ့၊ မျက်နှာပေါက်လဲ မဆိုးလှဘူး။ သို့သော်လဲ အရိုင်းအစိုင်းကြီးသက်သက်လို ဖြစ်နေတာကိုး။ နာမည်က ဘယ်သူတဲ့"

နုပ်။ ။ "မောင်တောက်ထွန်းပါတဲ့ခင်ဗျာ"

ကြီး။ ။ "အေးလေ၊ ဟုတ်ပေသားပဲ။ မင်းကြီးတော့ ဘာလုပ်ချင်သလဲ ဆိုစမ်း"

နုပ်။ ။ ကျွန်တော် စစ်မှုထမ်းချင်ပါတယ်ခင်ဗျာ"

ကြီး။ ။ဘယ်လိုလဲ မင်းအဖေလို စစ်မှုထမ်းလား"

နုပ်။ ။ "ဦးကြီးတို့လို မင်းခစား ယောက်ျားဖြစ်ချင်ပါတယ်ခင်ဗျာ"

ကြီး။ ။ "မင်းခစား ယောကျ်ား ကမ်းနားသစ်ပင်တဲ့ကွယ်။ မင်းလို ပုံပန်းနဲ့ဆိုရင် ရေစားပြီး ပြိုလဲသွားမယ် သိရဲ့လား"

ကျွန်ုပ်က ဆိတ်ဆိတ်နေလိုက်သည်တွင်

မိ။ ။ "ဒါကြောင့် ကိုကိုကြီးက ကြည့်ပြီး သင်ကြားပေးလိမ့်မယ်လို့ မျှော်လင့်နေပါတယ် ကိုကိုကြီးရှင့်"

ကြီး။ ။ "ဒါဖြင့် မင်း ငါ့ဆီမှာနေမလား"

နုပ်။ ။ "နေချင်ပါတယ်၊ ဦးကြီးခင်ဗျာ"

ကြီး။ ။ "ဘယ့်နှယ်လဲဟဲ့ ဖွားဆုံ၊ ငါနဲ့ ထည့်လိုက်မလား"

ဖခင်က မျက်မှောင်ကြုတ်သည်ကို မသိဟန်ပြု၍ မိခင်က ကျွန်ုပ်ကို ခေါ်သွားဖို့ သဘောတူလိုက်သည်တွင် ရွှေနန်းတော်ကြီးအကြောင်းကို မောင်ထွန်း ကျော်နှင့် တပြောတည်းပြောလာရသော ကျွန်ုပ်မှာ ဝမ်းသာလုံးဆို့မတတ် ရှိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မိခင်က တစ်ညအိပ်ရန် တောင်းပန်သော်လည်း ဦးကြီးက ရွှေနန်းတော်ကြီး၌ မိမိမရှိလျှင်မဖြစ်သကဲ့သို့ ဆင်ခြေပေးလျက် ထိုညနေ၌ပင် မန္တလေးသို့ ပြန်ရန် စီမံလေသည်။ မြင်းနှစ်စီးအနက် တစ်စီးမှာ ဦးကြီး၏ နောက်လိုက်တပည့်တစ်ယောက် စီးလာခဲ့ခြင်းဖြစ်ရာ ထိုသူအား ခြေလျင်ပြန်စေ၍ ၎င်းစီးခဲ့သောမြင်းကို ကျွန်ုပ်စီးရန် စီမံလေသည်။

ဦးကြီးမှာ မနက်စာ စားခဲ့ပြီးဖြစ်၍ နေ့လည်စာအတွက် လက်ဖက်ရည်ကြမ်းနှင့် ချိုပွဲ, ချဉ်ပွဲများ ပြင်ဆင်ရာတွင် ကျွန်ုပ်၏မိခင်မှာ သီပေါဘုရင်ကိုယ်တိုင်ကြွလာလျှင်လည်း ဤမျှထက်မို၍ ဂရုစိုက်နိုင်မည် မဟုတ်လောက်အောင် ဖတ်ဖတ်မောလျက် ရှိ၏။ အိမ်၌ရှိသော ပန်းကန်ခွက်ယောက်များသည် ညံ့သည်ဆို၍ ဘုန်းကြီးကျောင်းသို့ ကျွန်ုပ်ကို စေလွှတ်ငှားရမ်းစေလေသည်။

လက်ဖက်ရည်ပွဲ၌ ရောက်တတ်ရာရာ စကားပြောကြစဉ်

မိ။ ။"ဟိုတုန်းက မင်းကင်းမြို့စားရဲ့ကိစ္စ ဖြစ်ပုံကတော့ ကြားပါရစေဦး ကိုကိုကြီးရှင့်"

ကြီး။ ။မင်းကင်းမြို့စားနဲ့ ငါနဲ့က ငါနှမ သိတဲ့အတိုင်း လည်ပင်းဖက်ပြီး ကြီးခဲ့ကြတာကိုးကွယ့်၊ ဟိုတုန်းက ခပ်ငယ်ငယ် ရှိကြသေးလေတော့၊ မင်းကင်းမြို့စားအိမ်မှာ ကျင်ဖဲကစားလိုက်ကြတာ မြို့စားရယ်, ငါရယ်,သူ့ညီအရင်း ခင်မောင်ကြီးရယ် သူ့ညီ တစ်ဝမ်းကွဲ ထီးဖြူစော်မိုး မောင်မောင်တင့်ရယ် တစ်နေ့နဲ့ တစ်ညလုံးလုံးပဲ၊ တို့အားလုံးဖြုတ်ကရော၊ ခင်မောင်ကြီး တစ်ယောက်ပဲ နိုင်တယ်။ အရှုံးတက်လောက်ကျတော့ မောင်မောင်တင့်နဲ့ ငါမှာ ငွေကုန်လို့ ဖဲဝိုင်း သိမ်းရပြီး၊ ကိုယ့်အခန်းကိုယ် ဝင်အိပ်ကြရောကွယ်။ ငါမှာလဲ ရှုံးသမျှပြောင်လေတော့ ရုတ်တရက် အိပ်မပျော်နိုင်ဘဲ တလူးလူး တလိမ့်လိမ့် ဖြစ်နေတုန်း အခန်းပြင်ဘက်မှာ ခြေသံကြားလို့ မျဉ်ထောင်အကြားက ချောင်းကြည့်လိုက်ရာမှာ မင်းကင်းမြို့စားဟာ လက်တစ်ဖက်မှာ ဖယောင်းတိုင်ကိုင်လို့ လက်တစ်ဖက်မှာ ငွေအိတ်ကြီးဆွဲပြီး သူ့အခန်းထဲသူ ဝင်သွားတာ မြင်လိုက်ရတယ်။ မနက်မိုးလင်းတော့ မြို့စားက ငါ့အခန်းထဲလာပြီး မနေ့ကရှုံးတဲ့ငွေတွေရော၊ ဟောဒီကျောက်နီလက်စွပ်ရော အားလုံးလာပေးတယ်၊ နိုင်တာက သူ့ညီ ခင်မောင်ကြီး၊ ပြန်ပေးတာက သူဖြစ်နေလေတော့ မယူပါရစေနဲ့လို့ ငါက ငြင်းသေးတယ်၊ ဒါပေမဲ့ ရှုတ်အတင်း ပြန်ပေးခဲ့ပြီး ထွက်သွားတယ်၊ ဒီနောက် မနက်စာ စားချိန်ကျတော့





ထမင်းပွဲမှာ ခင်မောင်ကြီး မရောက်လာသေးလို့ အိမ်သားတွေက သူ့အခန်းသွားနိုးတော့ ရင်ဘတ်မှာ ဓားမြှောင်ကြီးတန်းလန်းနဲ့ သေနေတာတာကိုးကွယ်။ ဓားမြှောင်က ဆင်စွယ်ရိုးနဲ့ မိုးကြိုးကွပ်ထားတဲ့ မြို့စားရဲ့ ဓားမြှောင်ဗျ။ ဒါနဲ့ အလောင်းကို သဂြိုဟ်ပြီးသော်လဲ၊ နန်းတော်ကြီးက သတင်းမသိုးမသန့်ကြားလေတော့ ရဲသားတွေက မြို့စားကို ဖမ်းမလို့လာကြရာမှာ၊ မြို့စားမရှိတော့ဘူးတဲ့၊ ယိုးဒယားဘက်ပြေးသလိုလို၊ တရုတ်ပြည်ဘက် ထွက်သွားသလိုလို ပြောကြတာပဲ။

မိ။ ။"ဒါဖြင့် မင်းကင်းမြို့ကစားက သတ်တာ အမှန်ပဲလား ကိုကိုကြီး"

ကြီး။ ။"မဆိုနိုင်ဘူးကွယ်၊ လူကတော့ လူရိုးလူကောင်းကြီးပဲကွယ့်။ ငါ ကောင်းကောင်းသိတာပေါ့။ ဒါပေမဲ့ ဟိုညက ငါမြင်လိုက်ရပုံ ငွေတွေပြန်ပေးပုံ သူ့ဓားမြှောင်ဖြစ်နေပုံတွေကို ပေါင်းစပ်ကြည့်တော့ တော်တော်အတွေးရခက်တာပဲကွယ့်။ ဟဲ့ကောင် ဘာကြောင့် ချောင်းနားထောင်သလဲ"

ဤသို့ပြောလိုက်ခြင်းမှာကား၊ ဦးကြီး၏နောက်လိုက်တပည့်ကိုပေါမျိုးဆိုသူသည် အိမ်ရှေ့ဝရံတာမှချောင်း၍ နားထောင်နေသည်ကို ဦးကြီးက မြင်လိုက်သောကြောင့်ဖြစ်သည်။

ကြီး။ ။"ဟဲ့ ပေါမျိုး၊ ဒီကိုလာစမ်း၊ မင်းဘာကြောင့် ချောင်းပြီးနားထောင်ရသလဲ"

မျိုး။ ။"မှန်လှပါ၊ မောင်မောင် သိတော်မူတဲ့အတိုင်း မင်းကင်းမြို့စားကြီးဟာ ကျွန်တော်မျိုးရဲ့ ငယ်ဆရာဖြစ်လို့မို့။ သူ့အကြောင်းပြောကြားရာမှာ ကျွန်တော်မျိုး နားမထောင်ဘဲ မနေနိုင်လို့ပါ"

ကြီး။ ။"ဩော် ဟုတ်ပေတယ်။ ဟိုတုန်းက မင်းရှိတာပေါ့နော်"

မျိုး။ ။"မှန်လှပါ"

စင်စစ်မှာ ကိုပေါမျိုးသည် မင်းကင်းမြို့စား၏ တပည့်ရင်းဖြစ်၍ မြို့စားကြီး ပျောက်ကွယ်သွားသည်တွင်မှ ကျွန်ုပ်၏ဦးကြီးက ခေါ်ယူ အလုပ်ပေးထားခြင်း ဖြစ်လေသည်။

ဦးကြီးသည် မင်းကင်းမြို့စားအကြောင်းကို ဤနေရာတွင် စကားဖြတ်လိုက်၍ ကိုပေါမျိုးအား မြင်းနှစ်ကောင်ကို နေမပူစေဘဲ အရိပ်ထဲတွင် လှန်ထားပါ၏



www.burmeseclassic.com

www.burmeseclassic.com



လေလာဟု မေးပြီးနောက် လက်ဖက်ရည်ပွဲမှ ထလေသည်။ ဦးကြီးက ပန်းပဲ ဦးတင့်တယ်ရှိပါသလောဟု မေး၍ ကျွန်ုပ်က ရှိကြောင်းပြောရာတွင် ဦးကြီးက "ကိစ္စလေးတစ်ခု ရှိသကွယ်။ လာ မင်း လိုက်ခဲ့စမ်း"ဟု ကျွန်ုပ်ကိုခေါ်သဖြင့် တူဝရီးနှစ်ယောက် ထွက်လာကြသည်။

တစ်ရပ်လုံးသည် ရွှေနန်းတော်ကြီးမှ မိခင်၏မောင်ကြီး ကွမ်းရေတော်အရာရှိ မောင်မောင်ကြီးလာသည်ဆိုသောကြောင့် ၎င်းတို့၏အိမ်ပေါက်မှ ကျွန်ုပ်၏အိမ်ဘက်သို့ ပြူးစိပြူးစိနှင့် ကြည့်နေကြသည်။ မိခင်ကလည်း နေ့တစ်ဝက်မျှ ဧည့်ခံရခြင်း အလုပ်ကိုအသားယူ၍ အိမ်၌ရှိသည့် အကောင်းဆုံးသော သင်ဖြူးဖျာ ကော်ဇော ကန့်လန့်ကာမှစ၍ ထုတ်ခင်းပြီးလျှင် အိမ်ပေါ်မှ ဆင်းချည်ဘက်ချည် ဖျာလောင်ခပ်လျှက်ရှိသော အပြုအမူများကို အိမ်နီးချင်းများက ကြည့်နေကြသည်။ မိခင်၏မျက်နှာထားနှင့် အမူအရာများမှာလည်း ရွှေနန်းတော်ကြီးမှာ မင်းခစားယောကျာ်းတစ်ဦးတစ်ယောက် လာရောက်တည်းခိုခြင်း ဟူသည်မှာ သူငါကစကြုံရဖူးသော ကိစ္စတစ်ခုမဟုတ်ဟူ၍ အသားယူသည်ဟု ကျွန်ုပ်ထင်မိသည်။

ကျွန်ုပ်သည် ဦးကြီးနောက်မှ လိုက်ပါ၍ ပန်းပဲဖိုဘက်သို့ ထွက်သွားကြစဉ် ဖက်ဖြူလိပ်ကို လက်ကြားညှပ်လျှက် အခြားလက်တစ်ဖက်ဖြင့် ခါးပုံစကိုကိုင်ကာ ရှေ့မှ လျှောက်သွားသည်များကို အိမ်နီးချင်းများသည် ချီးကျူးသော မျက်နှာထားများနှင့် ကြည့်နေကြသည်။ အမှန်ကိုဆိုရလျှင် ကျွန်ုပ်၏စိတ်ထဲ၌ ငါ့ဦးကြီးမှ ဦးကြီးကွဟု အောက်မေ့ကာ နောက်မှလိုက်ရခြင်းကိုပင် အသားယူမိပါသည်။ ပန်းပဲဖိုသို့ရောက်၍ ဦးတင့်တယ်က နေရာထိုင်ခင်းပေးပြီးနောက်

ကြီး။ ။"ဘယ့်နှယ်လဲ ဦးတင့်တယ်၊ ကျုပ်ကို မှတ်မိရဲ့လား"

တယ်။ ။"မမှတ်မိဘဲ နေမလား မောင်မောင်၊ ရွှေနန်းတော်သားထဲမှာ မောင်မောင့်လို ဗလကောင်းပြီး ပြော့ပျောင်းတဲ့လူ ရှိမှမရှိခဲ့တာဘဲ၊ မျက်နှာမမြင်ရနဲ့ဦး၊ လမ်းလျှောက်ပုံမြင်တာနဲ့ ကျွန်တော်မျိုး မှတ်မိပါတယ်"

ကြီး။ ။(အလွန်ကျေနပ်သော မျက်နှာထားနှင့်) "ဟုတ်ကဲ့လား ဦးတင့်တယ်"

တယ်။ ။"ဟုတ်ပါတယ် မောင်မောင်၊ ဒီပြင်လူတွေ ထီးနန်းဆန်တာက မိန်းမလို မိန့်မရနဲ့။ မောင်မောင်ကတော့ ခန့်လဲခန့်၊ ပြော့လဲပြော့ပျောင်း သိပ်ကြည့်လို့ကောင်းတာပဲ"





ကြီး။ "ဟဲ... ဟဲ... ဟဲ နန်းတော်ကြီးမှာ နေရရင် ဦးတင့်တယ် ကြီးပွားမယ်။ အလုပ်အကိုင်က လွဲနေသကိုးဗျ။ ဒါ့ထက် ကိစ္စကလေးတစ်ခု ရှိနေလို့ ကျုပ် လာတယ်ဗျ"

ထိုစကားကိုကြားသည်နှင့် တစ်ပြိုင်နက် ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေသော မနန်းယုသည် အပြင်သို့ထွက်လာ၍ ကိုယ်ရောင်ပြလိုက်သည်။

တယ်။ ။"ဘာကိစ္စလဲ မောင်မောင်"

ကြီး။ ။"ထီးဖြူတော်မိုး မောင်မောင်တင့်က ပြောတယ်။ မကွေးရာမင်းသားရဲ့ လက်ဝှေ့သမားဗန္ဓုလကို အသက် ၄၀ နဲ့ ၂၀ အတွင်းမှာရှိတဲ့ လက်ဝှေ့သမားထဲက နိုင်အောင်သတ်နိုင်တဲ့ဇမ္ဗူမှာ မရှိဘူးတဲ့။ ကျုပ်က ရှိပါတယ်လို့ ပြောတော့ မောင်မောင်တင့်က ငွေတစ်ထောင်ကို နှစ်လေးကြောပြီး နှစ်ထောင်ပေးမယ်ဗျာတဲ့။ ဒီအသက်အတွင်းမှာ ဗန္ဓုလကို နိုင်အောင် သတ်နိုင်တဲ့လူ ရှာခဲ့တဲ့ပြောတယ်။ အဲဒါ ဘယ့်နှယ်လဲ ဦးတင့်တယ်"

ဤတွင် မနန်းယုက

ယု။ ။"မလုပ်တော်မူပါနဲ့ မောင်မောင်၊ ကျွန်တော်မျိုးမ ယောကျာ်းကို မပြားယောင်းတော်မူပါနဲ့"ဟု ဝင်၍ စွက်သည်နှင့်

တယ်။ ။"မောင်မောင် မြင်တဲ့အတိုင်းပဲ၊ ကျွန်တော်မျိုးကတော့ သတ်ချင်ပါတယ်။ နို့ပေမဲ့ ပါဏုပေတ် အာမခံထားလို့ ခက်နေတယ် မောင်မောင်ရဲ့"

ကြီး။ ။"ကျုပ်က ငွေတစ်ထောင်လောင်းလို့ နှစ်ထောင်နိုင်ရင် တစ်ထောင်စီ ဝေယူဖို့ စိတ်ကူးတာပဲ။ တစ်နှစ်လုံး ပန်းပဲလုပ်လို့ ငွေတစ်ထောင်ရဖို့ ခဲယဉ်းတယ်မဟုတ်လား။ ကျုပ်က ဦးတင့်တယ်ကို ငွေ အချောင်ရပါစေတော့လို့ လာခဲ့တာပဲလေ"

တယ်။ ။"ကျွန်တော်မျိုးသဘောကတော့ ငွေရတာ, မရတာ အရေးမကြီးပါဘူး၊ ဗိုလ်ဆွဲနေတယ်ဆိုတဲ့လူနဲ့ သတ်ရရင် ကျေနပ်တာပါပဲ။ ဒါပေမဲ့ မင်းမှာ သစ္စာ လူမှာကတိဆိုလို့ ခက်နေတယ် မောင်မောင်"

ကြီး။ ။"ဒါကတော့ ဦးတင့်တယ်သဘောပါလေ"

၎င်းနောက် ဦးကြီးနှင့် ဦးတင့်တယ်တို့သည် ရှေးကဦးတင့်တယ် သတ်ဖူးသော လက်ဝှေ့ပွဲများအကြောင်းကို စမြုံပြန်ကြသည်မှာ ထမင်းအိုး

www.burmeseclassic.com



တစ်လုံးချက်ခန့် ကြာသေးသည်။ မယားမနန်းယူကမူ လင်ယောကျာ်းကို စိတ်မချသည့် လက္ခဏာနှင့် အနီးမှမခွာဘဲ နားထောင်နေတော့သည်။

ဦးကြီးနှင့် ဦးတင့်တယ်တို့သည် စကားပြောလျက်ရှိစဉ် မောင်ထွန်းကျော်သည် ဗိုထဲမှထွက်လာကာ အလုပ်ကိစ္စတစ်ခုနှင့်ပတ်သက်၍ ဦးတင့်တယ်အား မေးသဖြင့် ဦးတင့်တယ်က ပြန်ပြော၏။ ထိုအတောအတွင်း၌ ဦးကြီးသည် မောင်ထွန်းကျော်၏ လူလုံးလူဖန်ကို နှစ်သက်အားရသောအမူအရာနှင့် ခြေဆုံးခေါင်းဆုံးကြည့်နေ၏။ မောင်ထွန်းကျော် ပြန်သွားသောအခါ

ကြီး။ ။"ဦးတင့်တယ်နဲ့ ဘယ့်နှယ်တော်သလဲ"

တယ်။ ။"တူဆိုပါတော့ မောင်မောင်"

ကြီး။ ။"လူလုံးလူဖန် တယ်ချောဗျာ၊ ဦးတင့်တယ်က ပန်းပဲပညာသာမက လက်ရေ့ပညာပါ သင်ပေးဖို့ ကောင်းတယ်ဗျာ"

တယ်။ ။"သင်ပြီးပါ...မောင်မောင်၊ ဘော်တော့်လူလောက်ကို မောင်ထွန်းကျော်က မမှုပါဘူး"

ကြီး။ ။"ဟုတ်မှာပလေ၊ ဆရာကောင်းတပည့်ပေကိုး"

ကျွန်ုပ်တို့သည် ပန်းပဲဖိုမှထွက်လာ၍ အိမ်သို့ပြန်ရောက်သောအခါ မန္တလေးသို့ပြန်ရန် ပြင်ဆင်ကြသည်။ ဦးကြီးက ကိုပေါများအား မြင်းနှစ်စီးကို ကုန်းတင်ဖို့ အမိန့်ပေးလိုက်ရာ၊ ကျွန်ုပ်မှာ ကျွန်ုပ်စီးရမည့် မြင်းကိုကြည့်၍ ဝမ်းမြူးလျက်ရှိပါတော့သည်။ ဦးကြီး၏ ဖောင်ဝတ်ကြီးမှာ ၄ ထွာ, ၆ လက်မခန့်ရှိ၍ တင်ပါး၌ အကွက်ကြီးများ ထလျက်ရှိ၏။ ကိုပေါများ စီးလာခဲ့၍ ယခု ကျွန်ုပ် စီးရမည့်မြင်းမှာ ၄ ထွာ, ၂ လက်မခန့်ရှိသည့် အုန်းခွံမွှေးဖြစ်၍ ဖောင်တော်ကြီးနံဘေးတွင် ပုသည့်ဟု ထင်ရသော်လည်း အလွန်စေ့စပ်သော အဆက်အကွင်း ရှိပေသည်။ ကျွန်ုပ်မှာ ရှင်လောင်းလှည့်စဉ်က မြင်းစီးဖူးခြင်းမှ တစ်ပါး မြင်းကျောပေါ်သို့ မတက်ဖူးသော်လည်း ကြောက်ရွံ့ခြင်း မရှိဘဲ ဝမ်းမြူးလျက် ရှိပါသည်။

သွားခါနီး၌ ရှင်လူထွက်စဖြစ်၍ တစ်ထွာခန့်ရှိသော ဆံပင်ကို ဆံစုပေါင်း၍ ရောင်ထုံးပေးရသော အလုပ်ကြောင့် မိခင်မှာ ချွေးတလုံးလုံးရှိတော့သည်။ ကျွန်ုပ်၌ရှိသော အကောင်းဆုံး အဝတ်များဖြင့် ဆင်ယင်ဝတ်စားပြီးနောက် ဦးကြီးသည် ကျွန်ုပ်ကို လှမ်းကြည့်၍–





ကြီး။ ။"အင်း သင့်ပါရဲ့ကွယ် မရိုင်းလှပါဘူး၊ ဒါပေမဲ့ နောက်ကာ ဆံအိတ်ကျပုံက နေရာမကျသေးဘူးကွယ့်။ ကြက်မတောင်ယှက်ဆိုတာမျိုးလို သပ်သပ်ရပ်ရပ်နဲ့ အိအိကလေးနေမှ ကောင်းတယ်။ ရှိပစေလေ ဟိုရောက်တော့မှ ဆံနေ, ဆံထားကျနအောင်လုပ်ပုံ, ရောင်ထုံးပုံ, ပဝါပေါင်းပုံတွေကို သင်ပေးရဦးမှာပဲ"

အလုံးစုံ ပြင်ဆင်ပြီးသောအခါ ကျွန်ုပ်တို့ တူဝရီးသည် မြင်းပေါ်သို့တက်ကြစဉ် ကျွန်ုပ်၏ အဝတ်ဟောင်းကလေးများကို တဘက်တစ်ထည်ဖြင့် ထုပ်၍ ကျွန်ုပ်၏မြင်းကုန်းနှီးနောက်တွင် ချည်ပေးလိုက်မည်ပြု၏။

ကြီး။ ။"ဟဲ့ မလုပ်ပါနဲ့ ဖွားဆုံရယ်။ ငါ့ကို အရှက်ခွဲမလို့သားတဲ့။ ပေါ်များကို ပေးလိုက်ပါ။ သူယူခဲ့ပါလိမ့်မယ်"

နောက်ဆုံး၌ မြင်းများပေါ်သို့ ကျွန်ုပ်တို့ တူဝရီးတက်ကြသောအခါ တစ်ရပ်လုံး ထွက်၍ကြည့်နေကြ၏။ ကျွန်ုပ်၏မိခင်ကလည်း ရွှေမြို့တော်သို့ ရောက်သောအခါ၌ အစားအသောက်, ရေချိုးမိုးချိုးမှစ၍ ကျွန်ုပ်အား တတွတ်တွတ် သတိပေးလျက်ရှိရာ မြင်းပေါ်သို့ ကျွန်ုပ်ရောက်သောအခါ၌ပင် မိခင်က "ငါ့သား နေသားနော် မွေးနေ့ကြီးများ ခေါင်းလျှော်မမှားလေနဲ့"ဟု လှမ်း၍ မှာလိုက်သေးသည်။ ကျွန်ုပ်၏ဖခင်မှာမူ ဦးကြီးထံသို့ ကျွန်ုပ်လိုက်သွားခြင်းကို သဘောမတူသည့် လက္ခဏာနှင့် ခပ်မှုန်မှုန်လုပ်နေရစ်သည်။ သို့ရာတွင် ဦးကြီးကမူ ခစ်မှုထမ်း ယောက်ဖတစ်ယောက်ဖြစ်၍ များစွာ ဂရုမစိုက်ဘဲ သူ၏နှမကိုသာ စကားပြောလေသည်။

အိမ်မှထွက်ကြသောအခါ ဦးကြီးသည် ကျွန်ုပ်ကို အကဲစမ်းလိုသည့် သက္ကဏာနှင့် ဖောင်ဝတ်ကြီးကို ဆင်ရဲဖွင့်လွှတ်လိုက်ရာ ကျွန်ုပ်မှာ အသဲထဲမှ ထိတ်ထိတ်ရှိသော်လည်း ဦးကြီးကို အမီလိုက်၍ မကျအောင် ထိုင်လိုက်ရသည်။ အုန်းခွံမှာ ခြေစိပ်၍ အသွားညက်သော မြင်းဖြစ်သောကြောင့် တော်ပါသေး၏။ နောက်သို့လှည့်ကြည့်လိုက်သောအခါ ရင်တမမနှင့် မျှော်ကြည့်နေသော ကျွန်ုပ်၏ မိခင်ကို မြင်ရသေးသည်။

အတန်ငယ်ရိုင်းပြီးနောက် ဦးကြီးသည် မြင်းကို ဇက်သတ်၍ "လမ်းတိုး" စီးရင်း ကျွန်ုပ်အား ဩဝါဒများ ပေးလေသည်။

ကြီး။ ။"ကားယားလေးသစ် သုံးပတ်ရစ်တဲ့ကွဲ့။ မြင်းစီးရင် လူတိုင်း ကားယားခွထိုင်ကြတာပဲ၊ သို့သော်လဲ ထိုင်ပုံထိုင်နည်း မတူကြဘူးကွယ့်။



www.burmeseclassic.com

ကုန်းတဲ့လူကုန်း၊ ကောတဲ့လူကော၊ ခေါင်းစိုက်စိုက်ထားသူထား၊ မြင်းပြေးပြီဆိုမှဖြင့် ဒူးဆော်၊ ပေါင်ဆော်နဲ့ ဆံပင်ပြေလိုပြေ၊ ခေါင်းပေါင်းပြုတ်လိုပြုတ်၊ ဘာမှ မကြည့်ကောင်းဘူးကွယ်။ ငါ့တူ တော်သားပဲဟော့၊ သိပ်မဆိုးလှဘူး"

ကျွန်ုပ်မှာ ပုဆိုးမလန်စေခြင်းငှာ မြုံကို ဒူးဖြင့် ညှပ်ထားရသည်မှာ ညောင်းညာလှသော်လည်း ဦးကြီးက ထိုကဲ့သို့ပြောသည့်အခါ ညောင်းညာခြင်း၊ ခြေသလုံးပွန်းခြင်းများကို သတိမရဘဲ ကြည်နူးမိပါသည်။

❑

## အခန်း (၅)

ထိုခေတ်အခါက မန္တလေးမြို့သူ, မြို့သားများသည် မြို့ရိုးကြီးအပြင်၌ နေထိုင်ကြ၍ အတွင်း၌ကား မင်းညီ, မင်းသားများနှင့် မင်းမှုထမ်းများသာ နေထိုင်ကြလေသည်။ ကျွန်ုပ်၏ ဦးကြီးမှာ လူပျိုကြီးဖြစ်၍ သပ်ရပ်သော ပျဉ်ထောင်အိမ်တစ်လုံးတွင် တပည့်ကျော် ကိုပေါများအပြင် ထမင်းချက် မိန်းမကြီးတစ်ယောက်နှင့် နေထိုင်လျက်ရှိ၏။ ဦးကြီးသည် လစာဟူ၍ မှန်မှန် မရသော်လည်း အမွေရသော လယ်များမှ လယ်ထောက်ခဖြင့် တခမ်းတနား နေထိုင်နိုင်လေသည်။ ထိုခေတ်အခါက ကွမ်းရေတော်, ထီးတော်မိုး, အဆောင်ကိုင် အစရှိသော မင်းမှုထမ်းများမှ လစာကို မျှော်လင့်၍ လုပ်ကြသည်မဟုတ်။ လူကုံတန်များ၏ သားသမီးများက ဂုဏ်ဒြပ်အတွက် အမှုထမ်းကြခြင်းဖြစ်လေသည်။ ထွက်တော်မူသောအခါ၌ ဖိနပ်တော်ခင်းရသည်ဖြစ်စေ၊ မင်းမိဖုရားတို့၏ အဝတ်များကို ခေါက်ရသည်ဖြစ်စေ မြို့သူမြို့သားတို့၏ မျက်စိ၌ အလွန်မျက်နှာကြီးသော အလုပ်ဖြစ်၏။ မြို့ရိုးကြီးအတွင်း၌ နေထိုင်ခွင့်ရှိခြင်းသည်ပင်လျှင် မျက်နှာ အလွန်ကြီးလေသည်။

ကျွန်ုပ်၏ ဦးကြီးသည် ရောင်ထုံးခြင်း၊ ခေါင်းပေါင်းပေါင်းခြင်း စသော ဝတ်ဆင်ခြင်းဆိုင်ရာ ပညာများကို သင်ပြ၍ ဆံနေကောင်းစေခြင်းငှာ ဆံပင်ကို အိပ်ရာဝင်တိုင်း အဝတ်ဖြင့် ကျပ်တည်းစွာ ပတ်စည်း၍ အိပ်ရလေသည်။ ရောင်ချောထုံးတတ်ခြင်းမှာ ပညာတစ်ခုဖြစ်၍ ကျွန်ုပ်မှာ "ယဉ်ပန်းဆံ ခေါ တစ်ထွာခန့်မျှသာရှိသော ဆံပင်ကို ဆံစုပေါင်း၍ ရောင်ချောဖြစ်အောင် ထုံးရခြင်းသည် ရက်ပေါင်းများစွာ လေ့ကျင့်ရသော ပညာရပ်ကြီးတစ်ခု ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ရောက်သွားသောအချိန်၌ ဦးကြီးအတွက် စိတ်ရှုပ်ဖွယ်ရာ ကိစ္စတစ်ခု ဖြစ်ပေါ်၏။ တောင်မြို့မှ ကျွန်ုပ်တို့တူဝရီး မြင်းနှစ်စီးနှင့် လာကြစဉ် ကိုပေါ်များအား ကျွန်ုပ်၏အဝတ်နွမ်းကလေးများနှင့် ခြေလျင်လိုက်ခဲ့ရန်မှာထားခဲ့ရာ ကိုပေါ်များ မပေါ်လာဘဲ စာတစ်စောင်နှင့် ကျွန်ုပ်၏ အဝတ်ထုပ်ကလေး ကိုသာ ပို့လိုက်၏။ ၎င်းစာတွင် အလွန်အရေးကြီးသော ကိစ္စတစ်ခုကြောင့် လအနည်းငယ် ခွင့်ပြု ပါမည့်အကြောင်း၊ ၎င်းကိစ္စပြီးစီးသည်နှင့် တစ်ပြိုင်နက် ပြန်လာခဲ့ပါမည့်အကြောင်း ပါရှိလေသည်။ သို့ဖြစ်၍ ကိုပေါ်များမရှိခိုက်တွင် ကျွန်ုပ်သည် ဦးကြီး၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်ရလေသည်။

နန်းတော်ကြီးသို့ အခစားဝင်သောအခါများ၌ နှုတ်ခမ်းမွေးရေးရေးနှင့် လက်ဝဲဘက် မေးစွန်းတွင် "မင်းမွေး"ကလေးပါရှိသော ကျွန်ုပ်၏ဦးကြီးမှာ လွန်စွာကျက်သရေရှိလှ၏။ ကြွက်သားများသော ကိုယ်လုံးရှိသော်လည်း ဖြောင့်စင်း ကျစ်လစ်သော ကိုယ်ကာယကြောင့် မင်းသားကိုယ်ရှိသည်ဟုခေါ်ကြ၏။ စင်စစ်မှာ ဦးကြီး၏ ကိုယ်လုံးသည် အသေးစားမဟုတ်။ ခပ်တုပ်တုပ်ပင် ဖြစ်လေသည်။ မင်းမှုထမ်းများအနက်တွင် ဦးကြီးသည် လူပျိုခေါင်းလည်းဖြစ်၍ ဩဇာရှိသည့်ပြင် အခြားသောမင်းမှုထမ်းများသည် ဦးကြီး၏ပေါင်းပုံ၊ ထုပ်ပုံ၊ ရင်ချည်ပုံနှင့် ဇက်ဖြူလိပ်ကို လက်ကြားညှပ်ပုံများပါ အတုခိုးကြလေသည်။ တောင်ရှည်ပုဆိုးကို ခါးတောင်းကျိုက်၍ ကြောပြင်၌ ဆေးနီ၊ အောက်ပိုင်းတွင် စိမ်းနေသောထိုးကွင်း များနှင့် ခြင်းဝိုင်းတွင် စလွတ်ပေါက်ပုံ၊ မဟာကန်ပုံ၊ ဝိဇ္ဇာဒူးတိုက်ပုံများမှာ တစ်ရပ်လုံး ငေးကြည့်ကြပါပေသည်။ ခြင်းခတ်သောအခါများ၌ ဦးကြီးသည် ရောင်ချော်မထုံးဘဲ ဆံမြိတ်ကွင်းချ၍ ကပိုကရိုထုံးတတ်လေသည်။ ခေတ်ကာလ ဇာတ်ပွဲများ၌ဆိုလျှင် မင်းသားကြီးဟန်ပါသည်ဟု ဆိုကြပေလိမ့်မည်။

ရွှေမြို့တော်သို့ ဆိုက်ရောက်သည့်နောက် တစ်လခန့်ကြာသောအခါ ဦးကြီးသည် ကျွန်ုပ်ကိုခေါ်၍ "ရနောင် မင်းသားကို မင်းကြည့်ချင်သလား"

နပ်။ ။"ကြည့်ချင်ပါတယ်ခင်ဗျာ"

ကြီး။ ။တောင်ပြိုးပွဲ နီးလာလို့ မင်းညီမင်းသားတွေရော သူတို့လက်သပ် မွေးတဲ့ လက်ဖွေ့သမားတွေရော သောက်ပွဲကျင်းပကြလိမ့်မယ်။ ရနောင်မင်းသားလဲ ဒီပွဲကို လာလိမ့်မယ်။ ငါ့တူ လိုက်ခဲ့ပေတော့"

ကျွန်ုပ်မှာ ဦးတင့်တယ်၊ မောင်ထွန်းကျော်တို့နှင့် ပေါင်းမိ၍ လက်ဖွေ့ ဝါသနာပါသဖြင့် လက်ဖွေ့ကောင်းဆိုလျှင် ကြည့်ညိုသည်တစ်ကြောင်း၊ မင်း





ညီ ကြွရောက်ကြလိမ့်မည် ဆိုသည် တစ်ကြောင်းကြောင့် ဦးကြီးနှင့် လိုက်ရမည်ဆိုခြင်းအတွက် ဝမ်းမြောက်မိပါသည်။

ချိန်းထားသောနေ့၌ ဦးကြီးနှင့် ကျွန်ုပ်တို့သည် မြို့ရိုးကြီး ပြင်ဘက်သို့ ထွက်လာကြ၍ မြို့ဝန်ဦးသာအိုး၏အိမ်သို့ ဆိုက်ရောက်ကြသည်။ ကျယ်ဝန်းသော ဝင်းကြီးအတွင်း မဏ္ဍပ်ကန့်လန့် ဖျင်းထိုးလျက် အထက်ပိုင်းတွင် ကော်ဇောများနှင့် မှီအုံးများ၊ အောက်ပိုင်းတွင်ဖျာချောများ ခင်းကျင်းထားသည်။ မဏ္ဍပ်ထဲသို့ ကျွန်ုပ်ဝင်သွားသောအခါ၌ အထက်ပိုင်းတွင် ပုဆိုးတောင်ရှည်နှင့် ဝတ်ကောင်း စားကောင်းဝတ်သူများ၊ အောက်ပိုင်းတွင် ပုဆိုးခါးပုံထိုးလျက် ကိုယ်တုံးလုံး ချွတ်ထားသူများ ထိုင်လျက်ရှိကြလေသည်။ ကျွန်ုပ်နှင့် ဦးကြီးမှာမူ အထက်ပိုင်း နှင့် အောက်ပိုင်းအကြားသင်ဖြူးများ ခင်းထားသောနေရာ၌ ထိုင်ကြသည်။ ပုဆိုးတောင်ရှည်သမားများက "မောင်မောင်ကြီးလား၊ ဒီဘက်လာပါလေ"ဟု ခေါ်ကြသော်လည်း ဦးကြီးသည် သင်ဖြူးများခင်းထားသောနေရာ၌ ထိုင်ကြသည်။ ကျွန်ုပ်တို့ထိုင်နေစဉ် ဦးကြီးက မင်းညီမင်းသားများ၏ နာမည်များကို ကျွန်ုပ်အား ပြောပြ၍ အောက်ပိုင်း၌ ထိုင်သော လက်ဖွေ့ကျော်များ၏ အမည်များကိုလည်း ပြောပြလေသည်။ ကျွန်ုပ်မှာ မင်းညီမင်းသားများထက် လက်ဖွေ့သမားများကို ပို၍ စိတ်ဝင်စားသည် နှင့် ဦးကြီးပြောပြသော နာမည်များကို မှတ်သားမိလေသည်။

ကြီး။ ။"ဟောဟို ပုဆိုးကွက်တုံးကြီးနဲ့ဟာက တောင်လေးလုံးတဲ့ကွယ်၊ အသားနက်နက်နဲ့ဟာက ကျားပျံတဲ့ကွယ်၊ ကိုယ်လုံးသေးပေမယ့် အင်မတန်သွက် တယ်ကွယ်၊ အရပ်နိမ့်ပေမယ့် တစ်ဖက်သား ဒူးပေါ်ခုန်တက်ပြီး မျက်နှာကိုထိ အောင် ထိုးနိုင်တဲ့လူကွယ်၊ ဟောဟိုမှာမြင်းလားကြီးလို ဂုပ်ပိုးကြီး ထနေတာက ဇွဲလပဲကွယ်။ မောင်မောင်တင့်နဲ့ ငါနဲ့ အလောင်းအစား လုပ်ထားတာ သူပေါ့ ဇွဲလနဲ့ သတ်ဖက်ရအောင် ငါရှာရဦးမယ်"

ယင်းသို့ ပြောနေစဉ် ပုဆိုးခါးပုံထိုးလျက် ကိုယ်တုံးလုံးနှင့် လူတစ်ယောက် ဝင်လာရာ ကျွန်ုပ်တို့ကိုမြင်သည်နှင့် "မောင်မောင်တို့ ရောက်နေပလား"ဟု နှုတ်ဆက်သည်။ ကျွန်ုပ်ကလည်း ထိုလူကြီးကို မြင်ရ၍ ဝမ်းသာ၏။ အကြောင်း မူကား တောင်မြို့မှ ပန်းပဲ ဦးတင့်တယ်ပင် ဖြစ်ပေသောကြောင့်တည်း။

ကြီး။ ။"ဦးတင့်တယ်လဲ လာသကိုးဗျ"

တယ်။ ။"လက်ဖွေ့သမားဆိုရင် လူဟောင်းလူသစ် အားလုံးလာရမယ် ဆိုလို့ လာရပါတယ် မောင်မောင်"ဟု ပြောလေသည်။ ထို့နောက် ဦးတင့်တယ်သည် ကျွန်ုပ်တို့နှင့် အနီးဆုံး ဖျာပေါ်တွင် ထိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဇော့သမားများသည် တစ်ယောက်စီ, နှစ်ယောက်စီစသည်ဖြင့် မဏ္ဍာပ်ပြင်သို့ ထွက်သွား၍ ပြန်ဝင်လာသောအခါတွင် မျက်နှာများ နီလာသည်ဟု ကျွန်ုပ်ထင်မိ၏။ စင်စစ်မှာ မဏ္ဍာပ်အပြင်၌ရှိသော တဲကလေးထဲ၌ ပင်ကျရေနှင့်တောအရက်များရှိ၍ ကြိုက်တတ်သူများဝင်၍ သောက်နိုင်သည်ဟု ဦးတင့်တယ် ပြောသဖြင့် သိရသည်။ လက်ဇော့သမားတစ်ယောက်သည် ထသွားရာမှ ပြန်လာရာတွင် စကားတဖောင်ဖောင် ပြောလာသဖြင့် ဦးတင့်တယ်က "သက်ပြင်းကြီး မူးလာပြီထင်တယ်။ ဒီကောင်ကြီးမူးရင် သိပ်အထိန်းရခက်တာပဲ"ဟု ပြော၏။ သက်ပြင်းဆိုသူသည် ဖျာပေါ်တွင် ထိုင်သောအခါ၌ မင်းညီ, မင်းသားများဘက်သို့ ကျောခိုင်းလျက် ထိုင်ရာ တောင်လေးလုံးဆိုသူက "ဟေ့လူ ကောင်းကောင်းထိုင်လေ၊ မင်းညီ, မင်းသားတွေ ဟိုမှာ မမြင်ဖူးလား။ ဟော... ရနောင်ကိုယ်တော် ကြီးတောင် ကြွလာပြီ"ဟု ပြောလိုက်၏။ ထိုခဏ၌ ကိုယ်လုံးထွားထွား အသားနက်ကြုတ်ကြုတ်ရှိ၍ ရွှေကျင်ခပ် ပုဝါကို ဆင်ကချိတ်လျက် စိန်နားဒုောင်းတဝင်းဝင်းနှင့် လူတစ်ယောက်သည် မဏ္ဍာပ်ထဲသို့ ဝင်လာရာ မင်းညီမင်းသားအားလုံးသည် ရှဲခနဲဖြစ်သွား၏။ ထိုသူမှာ ရနောင်မောင်ထုတ်ဆိုသူဖြစ်၍ မင်းညီမင်းသားများကို ပမာမခံသော အမူအရာနှင့် လှမ်းကြည့်လိုက်သေးရာ၊ ၎င်း၏ နောက်ပါများလည်း ကျွန်ုပ်ရှိနေသော သင်ဖြူးများကို ဝင်၍ ထိုင်ကြသည်။

သက်ပြင်းဆိုသော လက်ဇော့သမားသည် ရနောင်မောင်တုတ်ကို လှည့်ကြည့်၍ "ဆင်းရဲသားက မင်းဖြစ်တဲ့ လူစားမျိုးကို သက်ပြင်းက ဘာဂရုစိုက်ရမှာတုန်း"ဟု ပြောလိုက်သဖြင့် တောင်လေးလုံးက "ဟေ့လူ ဘာရမ်းကားတာလဲ"ဟုဆိုကာ သက်ပြင်း၏ ကိုယ်လုံးကြီးကို ဆွဲ၍ လှည့်လိုက်သည်။ သက်ပြင်းသည် စားတော့မလို မျက်နှာထားကြီးနှင့် တောင်လေးလုံးကို မော့ကြည့်လိုက်သော်လည်း၊ ချက်ချင်းပင် မျက်လွှာချသွား၏။ ဤတွင် လက်ဇော့သမားအချင်းချင်း နာမည်ကြီးကို နာမည်ကလေးက လန့်ရချေသည်တကားဟု ကျွန်ုပ်သိလိုက်ရသည်။ သက်ပြင်းသည် မင်းသားများဘက်သို့ မျက်နှာလှည့်လျက် ထိုင်ရသော်လည်း ပမာမခံသော စကားအသုံးအနှုန်းများဖြင့် ဆက်လက်ပြောနေသေးရာ တောင်လေးလုံးက "ဟေ့...ကောင်...တိတ်ကွ"

ပြင်း။ ။"မတိတ်ရင် ခင်ဗျားက ဘာလုပ်မှာလဲ"

လုံး။ ။"ခြေနှစ်ချောင်းကိုင်ပြီး လွှင့်ပစ်လိုက်မယ်"

သက်ပြင်းလည်း ငြိမ်သွားတော့သည်။





၎င်းနောက် တောင်ပြိုးပွဲတွင် လက်ဇော့အဆိုင်းများ စီစဉ်ရေးကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်၏ ဦးကြီးနှင့် ထီးတော်မိုး မောင်မောင်တို့က တစ်လှည့်စီ စကားပြောကြလေသည်။ ကျွန်ုပ်၏ဦးကြီးမှာ လက်ဇော့သမားအားလုံး၏ အရည်အချင်းကို အသိဆုံးဖြစ်သည့် လက္ခဏာနှင့်ဦးကြီးက မည်သူနှင့်မည်ဝါ သတ်ရမည်ဟု တွဲဖက်ပေးလိုက်လျှင် မငြင်းမဆန် လက်ခံကြလေသည်။ ထိုကိစ္စပြီးသည့်နောက် လက်ဇော့သမားများသည် မဏ္ဍာပ်ပြင်သို့ ခဏခဏထွက်၍ သောက်ကြသည်တွင် မူးယစ်လာကြသဖြင့် ဆူညံစပြုလာလေသည်။ မြို့ဝန်မင်းကလည်း မကြာမကြာမျက်စောင်းထိုး၍ တောင်လေးလုံးကလည်း သူ့လူများကို မကြာမကြာ နှိမ်ရ၏။ ဤတွင် ရနောင်မင်းသားက ဦးကြီးဘက်သို့လှည့်၍ "ဘယ့်နှယ်လဲ မောင်မောင်ကြီး ဗန္ဓုလနဲ့သတ်ဖက် ရှာနေတယ်ဆို မှတ်ကဲ့လား"ဟု လှမ်းမေးလိုက်၏။ ရနောင်မင်းသား စကားပြောသည်ဆိုလျှင်၊ အခြားမင်းသားများတိတ်သွားကြ၍ သက်ပြင်း တစ်ယောက်တည်းသာလျှင် အနည်းငယ် အသံထွက်လေသည်။

ကြီး။ ။"မှန်ပါကြောင်းပါ ကိုယ်တော်"

နောင်။ ။"သတ်ဖက်ရှာလို့၊ တွေ့နိုင်ပါ့မလား၊ မောင်မောင်ကြီးရဲ့ နွားမတန်းတောင် လဲအောင် ထိုးနိုင်သူဆိုပဲ"

ကြီး။ ။"မှန်လှပါ နွားမတန်းလဲတာလဲ ဟုတ်ပါလိမ့်မယ်။ ဝါးဘိုးဝါးတွဲတဲ့ လက်သီးမျိုးလဲ ရှိပါသေးတယ် ကိုယ်တော်"

နောင်။ ။"ဝါးဘိုးဝါးလို ငြိမ်ငြိမ်ခံနေရင်တော့ ဟုတ်သားပေါ့ မောင်မောင်ကြီး။ လက်သီးပြင်းပေမဲ့ ထိအောင် ထိုးနိုင်ဦးမှကိုး"

ကြီး။ ။"မှန်လှပါ နွားမတန်း သမားကလဲ၊ ထို့အတူပါပဲ ကိုယ်တော်"

နောင်။ ။"အေးလေ ဟုတ်တာပ၊ လက်သီးပြင်းတိုင်းလဲ မဟုတ်သေးဘူးဗျ။ ထိအောင်, မိအောင် ထိုးနိုင်ဦးမှဟာကိုး။ ဒါထက် မောင်မောင်ကြီးတို့ ရက်ချိန်းက ဘယ်တော့တဲ့လဲ"

ကြီး။ ။"တောင်ပြိုးပွဲပြီးလို့ ရတနဂူနတ်ပွဲအတွင်းပါ ကိုယ်တော်"

နောင်။ ။"ဗန္ဓုလနဲ့သတ်ရင်တော့ ပွဲကောင်းတစ်ခု ကြည့်ရအုံးမှာပေပဲ။ ကိုယ်တော်မြတ်လဲ လာကြည့်ဦးမယ်"

ဤတွင် ထီးတော်မိုး မောင်မောင်တင့်က မိမိ၏လူ ဗန္ဓုလနှင့်သတ်ဝံ့မည့် လက်ဇော့သမား ရှာမတွေ့သေးမီ နောင်မင်းသား ကြွရောက်မည်ဟု ဆုံးဖြတ်တော်



www.burmeseclassic.com

www.burmeseclassic.com



မမှုသေးဘဲ စဉ်းစားဖို့ ကောင်းပါသည်ဟု ပြောသေးရာ ပရိသတ်က ရယ်မောကြသည်။ ဤကိစ္စပြီးသည့်နောက် ဗန္ဓုလကို သတ်ဝံ့မည့်သူ ရှိမည်၊ မရှိမည်ကို လက်ဖွဲ့သမားများ ဆွေးနွေးကြရင်း ထန်းရေကလည်းမူး၊ လက်ဖွဲ့စကားပြောရ၍ သွေးကလည်း ဆူလာသည်နှင့် ဗန္ဓုလကို သူသတ်မည်၊ ငါသတ်မည် စသည်ဖြင့် ပြောကြသူများအထဲတွင် သက်ပြင်းသည် အဆူညံဆုံး ဖြစ်၏။

ပြင်း။ ။"ဗန္ဓုလ မကပါဘူးဗျ၊ ဗန္ဓုလအဖေခေါ်ခဲ့ပါ၊ ကျုပ် သတ်ပြပါ့မယ်"

လုံး။ ။"ဟော့ သက်ပြင်း မင်းမတိတ်ဘူးလား၊ ဟိုမှာ ကိုယ်တော်ကြီးတွေ ရှိတယ်"

ပြင်း။ ။"ဘာ ကိုယ်တော်..."

တောင်လေးလုံးက သက်ပြင်း၏ခြေထောက်ကို ကိုင်ဆွဲမည်ပြုစဉ် ဘုန်းကြီးကျောင်းသားအရွယ် သူငယ်ကလေးတစ်ယောက် ဝင်လာ၍ ဦးကြီးအား စာတစ်စောင်ပေးလေသည်။ ဦးကြီးသည် စာကို ဖတ်ပြီးနောက် ရနောင်မင်းသား၏ လက်သို့ ကမ်းလိုက်ရာ မင်းသားသည် စာကိုဖတ်၍ မျက်ခုံးချီပြီးနောက် ဦးကြီးထံသို့ ပြန်ပေးကာ ခေါင်းညိတ်ပြလိုက်၏။ ဦးကြီးသည် စာရွက်ကိုကိုင်ကာ မတ်တတ်ထလျက် "မှရှိသတ်များခင်ဗျား၊ အမည်မသိ လူတစ်ယောက်က ဒီမဏ္ဍပ်ထဲမှာရှိတဲ့ လက်ဖွဲ့သမားထဲက အကောင်းဆုံးဆိုတဲ့လူနဲ့ ကြောက်ပါပြီ မဆိုမချင်း သတ်ချင်ပါသတဲ့ ခင်ဗျား"ဟု ကြေညာလိုက်သည်တွင် ဗျာဝိုင်း၌ရှိသော လက်ဖွဲ့သမားများသည် ချက်ချင်း ဆူညံသွားလေတော့သည်။

□

## အခန်း (၆)

ဆူဆူညံညံဖြစ်ကြခြင်းမှာ မြန်မာတစ်ပြည်လုံး၌ ရှမ်း၊ ကရင်၊ မြန်မာများ အနက်တွင် နာမည်အကြီးဆုံးသော လက်ဖွဲ့ကျော်များ စုရုံးနေကြသောနေရာ၌ အညတြ လက်ဖွဲ့သမားတစ်ယောက်က အကောင်းဆုံးလူနှင့် ထိုးသတ်ချင်သည် ဆိုခြင်းမှာ စော်ကားခြင်းဖြစ်သည်ဟု အချို့ကဒေါပွ၍၊ အချို့ကမူ၊ လှောင်ပြောင်ခြင်းဖြစ်သည်ဟု ရယ်မောကြခြင်း ဖြစ်လေသည်။

ဦးကြီးသည် ရနောင်မင်းသားအနီးသို့သွား၍ တိုင်ပင်သောအခါ ရနောင်မင်းသား က"ဒီအထဲက ဘယ်သူ သတ်မလဲ မောင်မင်းတို့"ဟု မေးလိုက်၏။ ထိုအခါ ထိပ်သီးလူများ ဖြစ်ကြသော တောင်လေးလုံး၊ ဗန္ဓုလ ကျားနက်ကလေးတို့မှ တစ်ပါး သူသတ်မည် ငါသတ်မည် စသည်ဖြင့် အလုအယက် ပြောဆိုကြလေသည်။ ထိပ်သီးလူ သုံးလေးယောက်တို့ကမူ အညတြနှင့် ဖက်ပြိုင်၍ ထိုးသတ်လိုကြဟန် မတူချေ။ နောက်ဆုံး၌ ရနောင်မင်းသားက

နောင်။ ။"မောင်မင်းတို့အားလုံး သတ်လို့ မဖြစ်ဘူးကွယ့်။ တစ်ယောက် ယောက်သတ်မှဖြစ်မယ်။ ကျားနက်ကလေး မသတ်ချင်ဘူးလားကွယ့်။ နိုင်သူကို တော်စုံတစ်စုံနဲ့ အသပြာတစ်ရာ သနားတော်မူမယ်"

နက်။ ။"မှန်လှပါ ကျွန်တော်မျိုး ခါးနာ မပျောက်သေးပါ ကိုယ်တော်ကြီး ဘုရား"

နောင်။ ။"တောင်လေးလုံးကောကွယ့်"

လုံး။ ။"ဘုမိသိ ဘမသိ လူတစ်ယောက်က ကျွန်တော်မျိုးနဲ့ သတ်ချင် တယ်ဆိုလို့ ခယဉ်းပါတယ်ဘုရား"

ဤတွင် သက်ပြင်းက "ဘယ်သူမှ မသတ်ရဘူး။ ကျုပ် သတ်မယ်။ ဒီကနေ့ ကျုပ် လက်သီးယားနေတယ်။ ကျားနက်က သူ့ကို သတ်မယ်ဆိုရင်၊

www.burmeseclassic.com



ကျားနက်ကို ကျုပ် သတ်ရလိမ့်မယ်။ ဒီကနေ့တော့ ကျုပ်က ကျားနက်သော၊ ကျားနီသော၊ ကျားဖြူသော ဘယ်သူ့မှ မရွေးဘူး။ အားလုံး သတ်မှာပဲ”ဟု ထန်းရေမူးမှုနှင့် ဗွတ်ပြောလေသည်။ စင်စစ်မှာ သက်ပြင်းသည် မသတ်ရမနေနိုင်သောအဖြစ်သို့ ရောက်နေ၍ လူတကာကို ဂျိုထိုးလျက်ရှိနေပြီ ဖြစ်ကြောင်းကို လက်ဖွေ့မားအားလုံး သိကြရကား ဦးကြီး၏ထောက်ခံချက်အရ…ရနောင်မင်းသားက သက်ပြင်းကိုပင် ရွေးချယ်လိုက်သဖြင့် အားလုံးပင် သဘောတူကြသည်။ ၎င်းနောက် ရနောင်မင်းသားက ဘယ်လိုစည်းကမ်းမျိုးနဲ့ သတ်မှာလဲကွယ့် သက်ပြင်းရဲ့၊ အကွဲထိုးလား၊ အလဲထိုးလားကွယ့်”ဟု မေးလိုက်ရာ သက်ပြင်းက ကွဲရုံဘာလုပ်ဖို့လဲ ကိုယ်တော်။ ကြောက်ပါပြီဆိုမှ တော်တမ်းပေါ့ ကိုယ်တော်”ဟု ပြန်ပြော၏။

နောင်။ ။“ကိုင်းလေ တဖက်သားကိုလဲ မေးပါရစေဦး၊ ဘယ်မလဲကွယ့် ဒီလူ…ခေါ်လှိုက်စမ်း…”

ဘုန်းကြီးကျောင်းသားကလေးသည် မဏ္ဍပ်ပြင်သို့ ထွက်သွား၍ မကြာမီ… ပိုးစစ်ပဝါနှင့် ယောပုဆိုး တောင်ရှည်ဝတ်လျက် လူတစ်ယောက် လိုက်ပါလာသည်။ ကျွန်ုပ်သည် ထိုသူကို ကြည့်လိုက်သောအခါ ပိုးစစ်ပဝါနှင့် ယောပုဆိုးကြီးကြောင့် အရွယ်ရင့်နေသဖြင့် ရုတ်တရက် မသဲမကွဲတဲရှိရာ ကျွန်ုပ်ရှိရာဘက်သို့ မျက်နှာလှည့်လိုက်သောအခါမှ အံ့အားသင့်သွားပေတော့သည်။ အနီး၌ ထိုင်လျက်ရှိသော ဦးတင့်တယ်ကြီးကလည်း “အလို မြတ်စွာဘုရား၊ မောင်ထွန်းကျော်ပါလားဟဲ့…”ဟု လွှတ်ခနဲပြောလိုက်သည်။ ကျွန်ုပ်ကလည်း ဦးတင့်တယ်၏ လက်မောင်းကိုကိုင်လျက် “သူငယ်ချင်းပါလားဗျာ”ဟု ပြောလိုက်မိသည်။ မောင်ထွန်းကျော်သည် အခြားသူများ၏ ညွှန်ကြားချက်အရ ရနောင်မင်းသားရှေ့သို့ ဝင်လာလေလျှင် လက်ဖွေ့သမားများသည် မောင်ထွန်းကျော်၏ အရုပ်အမောင်းနှင့် ကြော့ရှင်းသော ကိုယ်ဟန်ကိုကြည့်ကာ “အာဂ လူကလေးပါလားဟေ့၊ လုပ်ကလေးကလဲ သမားကမား…”ဟု ပြောကြသည်။ ဤတွင် ပန်းပဲဦးတင့်တယ်သည် ရနောင်မင်းသား ရှေ့သို့သွား၍ “ကျွန်တော်မျိုးတူပါ ကိုယ်တော်ကြီးဘုရား အသက် ၂၀ တောင် မပြည့်သေးပါဘူး ဘုရား…”

နောင်။ ။“၂၀ မပြည့် ဘာဖြစ်သလဲ ဦးတင့်တယ်၊ ပညာဆိုတာ ကြီးသော ငယ်သော ရွေးသလားဗျ”





တယ်။ ။“သက်ပြင်းလို ဝါရင့်ကြီးတစ်ယောက်နဲ့ သတ်ဖို့တော့ ညာနုပါသေးတယ်… ကိုယ်တော်ကြီးဘုရား…”

နောင်။ ။“ဟာ…ဒီလို ဘယ်ဟုတ်မလဲဗျ၊ အသက်နုနုနဲ့ ပညာရင့်ချင် ရင့်နေမှာပေါ့…”

တယ်။ ။“မလျော်လွန်းလို့ တောင်းပန်ပါတယ် ကိုယ်တော်ကြီးဘုရား”

ဤတွင် ပရိသတ်များက ပွဲကောင်းတစ်ခု လက်လွှတ်မည်စိုးသည်နှင့် ဦးတင့်တယ်အား ဝင်မရှုပ်ရန် ပြောကြသည်။

တယ်။ ။“ကိုင်း ခင်ဗျားတို့ ပွဲကောင်းကြည့်ချင်သလား၊ လက်ဖွေ့ သတ်တော့ပါဘူးလို့ သစ္စာပြုထားတာ ကြာလှပါပြီ။ နို့ပေမယ့် ခင်ဗျားတို့က ဒါလောက်တောင် ကြည့်ချင်ရင် သက်ပြင်းကို ကျုပ်ကိုယ်တိုင် သတ်မယ်ဗျာ”ဟု ပြောလိုက်သည်။

ထိုအခါ မောင်ထွန်းကျော်က မလုပ်နဲ့ ဦးလေး။ ဒီတစ်ပွဲသတ်ချင်လို့ ထွန်တော်လိုက်လာတာ၊ မသတ်ရ မနေနိုင်ဘူး။ ဦးလေး ဝင်မရှုပ်နဲ့ဗျာ…”

တယ်။ ။“ဟုတ်ပါတယ်လေ…မင်းလုပ်ချင်တာကျရင် ဘယ်တော့မှ ပြောလို့ရတဲ့ သူငယ် မဟုတ်ပါဘူး။ ကိုင်း ကိုင်း မင့် သဘောပါဘဲ”ဟုဆိုကာ လက်လျှော့လိုက်သည်။ ထို့နောက် ရနောင်မင်းသားက ကြောက်ပါပြီဟု အရှုံးပေးမှ တော်စတမ်း ထိုးသတ်ကြရန် သဘောတူပါ၏လောဟု မောင်ထွန်းကျော်အား မေးရာ အလွန်ကျေနပ်ပါသည်ဟု မောင်ထွန်းကျော်က ပြန်ပြောလေသည်။ သို့ဖြစ်၍ မဏ္ဍပ်ကြီးထဲတွင် လက်ဖွေ့သတ်ကြရန် ပြင်ဆင်ကြရာ မြို့ဝန် ဦးသာအိုးက ဆိုင်းအဖွဲ့တစ်ခုကို ချက်ချင်း မှာယူကာ စီစဉ်ကြလေသည်။

မဏ္ဍပ်ကြီးအလယ်၌ မြေကွက်လပ်ထား၍၊ ကွက်လပ်ထဲ၌ ဝိုင်းတော်သားများသည် “ဘီဗေဗုံ”စသည်ဖြင့် သွေးကြွစေတတ်သည့် လက်ဖွေ့ဆိုင်းတီးလျက်ရှိကြရာ တောင်လေးလုံးက ဒိုင်လုပ်၍ သက်ပြင်းကို ကျားနက်ကအားပေးသင်ပြရန် ရွေးချယ်၏။ မောင်ထွန်းကျော်ကိုမူကား ၎င်း၏ဦးလေး ဦးတင့်တယ် ကိုယ်တိုင်အား သင်ပြရန် တာဝန်ယူလေသည်၊

စစ်ချီတက်သောအခါ၌ အနောက်နိုင်ငံသားများ၏ ဘင်ခရာအတီးအမှုတ်သည်ခြေလှမ်းညီ၍ စိတ်အားတက်ကြွဖွယ် ကောင်းသည့်နည်းတူ “ဘီဗေဗောင်” ဟူသော မြန်မာလက်ဖွေ့ဆိုင်းသည်လည်း ထိုးချင်, သတ်ချင်စိတ်ဖြစ်ပေါ်လာအောင် ဖန်တီးနိုင်ပေသည်။ ဗုံများကို ပတ်စာထည့်၍ ဆိုင်းဆော်လိုက်လျှင်ပင်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖွေ့သမားများသည် ဆေါင်းလောင်းသံကြားသော အခါ၌ မအူဘဲ မနေနိုင်သော ခွေးများကဲ့သို့ ကွက်လပ်သို့ထွက်၍ လက်ဖွေ့ရေး ပြကြလေတော့သည်။ ထန်းရေခါးနှင့် တောအရက်များ သောက်စားထားကြသဖြင့်လည်း ပူပြီးသော သွေးကို ပွက်ပွက်ဆူအောင် နှိုးဆွပေးလေတော့သည်။ လက်ဖွေ့သမားများ သက်ဖွေ့ပြကြသည့်အခိုက်၌ ဦးကင့်တယ်သည် မောင်ထွန်းကျော်အား တီးတိုးစကားမှာကြားလျက်ရှိ၏။

တယ်။ ။"ဦးလေးစကားကို မမေ့နဲ့နော် ငါ့တူ၊ ကြပ်ကြပ်ကြီး မှတ်ထား"

ကျော်။ ။"ဟုတ်ကဲ့ ဦးလေး"

တယ်။ ။"သက်ပြင်းက ခေတ်လူ မဟုတ်ဘူးကွယ့်၊ တောင်လေးလုံးကိုတောင် ခံတွယ်လို့ အတော်သတ်ယူရတယ်၊ နို့ပေမဲ့ မူးနေလို့ တော်ပါသေးရဲ့ကွယ်။ ငါ့တူက ဝါလဲနုသေးကယ်။ သူ့လိုလည်း လူကြမ်းမဟုတ်ဘူး။ ဒီတော့ ပူးမသတ်နဲ့ဟေ့၊ ခွာသတ်နော် နားလည်လား…"

ကျော်။ ။"ဟုတ်ကဲ့ ဦးလေး"

တယ်။ ။"ပြီးတော့ တစ်ခုသတိထားဦးကွယ့်။ ငါ့တူက အမောခံနိုင်တယ်။ သူက အမောခံနိုင်ပုံမရဘူး၊ ပထမသုံးလေးချီလောက်မှာ ခပ်ရှောင်ရှောင်သတ်နေ၊ သူမောလောက်မှ ဘယ်ပြန်၊ ညာပြန် လက်သီးသွင်းပေးဟေ့၊ နားလည်လား"

ကျော်။ ။"ဟုတ်ကဲ့ ဦးလေး"စသည်ဖြင့် သွန်သင်ဆုံးမလျက်ရှိစဉ် ကျားနက်ကလည်း သက်ပြင်းအား ကွက်လပ်တစ်ဖက်တွင် တီးတိုးသတိပေးလျက် ရှိလေသည်။

လူစုံမတတ် လက်ဖွေ့ရေး ပြပြီးကြသောအခါ ဦးကြီးက "ကိုင်း… တော်လောက်ပါပြီ…၊ သက်ပြင်းနဲ့ ထွန်းကျော်ကိုထုတ်ကြပါစို့…"ဟု ပြောလိုက်သဖြင့် မောင်ထွန်းကျော်နှင့် သက်ပြင်းတို့သည် ကွက်လပ်သို့ထွက်လာ၍ တောင်လေးလုံးလည်း ဒိုင်လူကြီးအဖြစ်နှင့်လည်းကောင်း၊ ဗန္ဓုလလည်း လက်ထောက်ဒိုင်အဖြစ်နှင့်လည်းကောင်း ထွက်လာကြသည်။ တောင်လေးလုံးနှင့် ဗန္ဓုလတို့သည် လက်ရှင်းဆက်လျက် ရပ်နေကြစဉ် တစ်ဖက်တစ်ချက်တွင် သက်ပြင်းနှင့် မောင်ထွန်းကျော်တို့ မျက်နှာချင်းဆိုင်ကာ ရပ်နေကြ၏။ သက်ပြင်းမှာ အရက်ရှိန် မကုန်သည်တစ်ကြောင်း၊ ကြမ်းကြုတ်သောစိတ် ရှိသည်တစ်ကြောင်းကြောင့် မောင်ထွန်းကျော်အား စားတော့မလို မျက်နှာထားနှင့် ပြူးကြည့်လျက်ရှိ၏။





မောင်ထွန်းကျော်မှကား မိမိအစွမ်းကို ယုံကြည်စိတ်ချဟန်နှင့် မပြုံးတပြုံးနှင့် အေးနုပ်ချမ်းမြေ့သော မျက်နှာထားရှိလေသည်။ မောင်ထွန်းကျော်အဖို့မှာ ဤ ဓရိသတ်မျိုးရှေ့၌ အစွမ်းပြလိုက်ရလျှင် သေရလျှင်လည်း သေပျော်သည်ဟု သူ့ဆဟန် ရှိပေသည်။

ဒိုင်များဖြစ်သော တောင်လေးလုံးနှင့် ဗန္ဓုလတို့က ဆက်ထားသောလက်များကို ရုပ်သိမ်းလိုက်သည်နှင့် တစ်ပြိုင်နက် သက်ပြင်းသည် ဗလအားကိုးဖြင့် ခပ်ကြမ်းကြမ်းဖိ၍ လိုက်လေရာ၊ မောင်ထွန်းကျော်မှာ ဆုတ်ခံ, ခံ၍ ပက်ချာလှည့်နေရတော့သည်။ တစ်ချက်တွင် သက်ပြင်းက ဖိ၍ အထိုး၊ မောင်ထွန်းကျော်က ဦးခေါင်းငုံ၍ အရှောင်လိုက်၊ လွှစာမှုန့်မခင်းရသောမြေကြီးဖြစ်သည်နှင့် မောင်ထွန်းကျော်မှာ ခြေချော်၍ ပက်လက်လန်ကျသွား၏။ သက်ပြင်း၏ လက်သီးချက်မှာလည်း ခြေချော်မှုကြောင့် လုံးဝမလွတ်ဘဲ မောင်ထွန်းကျော်၏မျက်စကို မှတ်သွားရာ မောင်ထွန်းကျော် ထလိုက်သောအခါ၌ သွေးအနည်းငယ်ထွက်သည်နှင့်"ကွဲပြီဟ… ကွဲပြီ"ဟု အချို့က အော်ကြသည်။ "ကွဲရှုံးမဟုတ်ဘူးကွ"ဟု ရနော်မင်းသားက ငေါက်၍ ပြောဆဲတွင် ဦးတင့်တယ်သည် မောင်ထွန်းကျော်ကို ဆွဲခေါ်သွား၍ ကျားနက်ကလည်း သက်ပြင်းကို ခေါ်သွားသဖြင့် တချီပြီးခဲ့လေပြီ။ ထိုးကြသော လက်သီးချက်ပေါင်းကား အတော်များပါ၏။ ကျွန်ုပ်မှာ မျက်စိမရှင်သောကြောင့် ထိမထိမပြောနိုင်၊ မောင်ထွန်းကျော်မှာ မျက်စပြတ်ခြင်းကိုသာ သိလိုက်ရသည်။ ထိုခဏ၌ကား "သက်ပြင်းကွ၊ အစိမ်းစားတဲ့ သက်ပြင်းကွ"စသည်ဖြင့် လက်ဖွေ့သမားချင်း အားပေးကာ ဟစ်အော်ကြရာ ကော်ဇောဝိုင်း၌ရှိသော မင်းညီ,မင်းသားများကမူ မောင်ထွန်းကျော်ဘက်မှ မေတ္တာထားကြဟန်တူလျက်၊ ထိုကဲ့သို့ဆူညံစွာ ဟစ်အော်ခြင်း မပြုကြချေ။

မင်းညီ, မင်းသားဝိုင်းက လူများသည် အလောင်းအစား မပြုကြသော်လည်း ရနော်မင်းသားက ပေးသနားမည်ဟုကတိထားသော ဝတ်စုံတစ်စုံနှင့် အသပြာ ငါးဆယ်ပြင် ဤမင်းသားက တောင်ရှည်တစ်ထည်၊ ဟိုမင်းသားက ပုဝါတစ်ပိုင်၊ ငှင်းမင်းသား ကအသပြာငွေ ၁ဝ, ၂ဝ, ၃ဝ, စသည်ဖြင့် နိုင်သူကို ဆုချမည်ဟု ကတိပြုကြလေရာ၊ အနိုင်ရသော လက်ဖွေ့သမားမှာ ဆုတွေ စာပုံတခေါင်းကြီး ရပေတော့မည်ဟု ကျွန်ုပ်တွက်မိ၏။ ကျွန်ုပ်မှာ သူငယ်ချင်း မောင်ထွန်းကျော် နိုင်ပါစေဟု ဆုတောင်းမိသည်မှာ ကြိမ်ဖန်များစွာ ရှိလေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မောင်ထွန်းကျော် ရှုံးလိမ့်မည်ဟု စိတ်ထဲ၌ စိုးရိမ်မိခြင်းကြောင့် ရင်ပူမတတ် ရှိလေသည်။

ဒုတိယအချီ သတ်ကြပြန်သောအခါ ကျွန်ုပ်မှာ မင်းညီ၊မင်းသားများ၏ နောက်၌ရှိသော ဦးကြီး၏နောက်၌ ခြေဖျားတထောက်ထောက်နှင့် လည်ပင်း တဆန့်ဆန့် ဖြစ်နေပါတော့သည်။ ဤတစ်ချီ၌သက်ပြင်းသည် မောင်ထွန်းကျော် ကို ကြောက်ပါပြီ ဆိုလောက်အောင် ထိုးသတ်တော့မည့် လက္ခဏာနှင့် အတင်း ဖိ၍ထိုး၏။ သို့ရာတွင် လက်ဖဲ့ဝါရင့်လှသော ဦးတင့်တယ်၏ သွန်သင်ချက်အရ မောင်ထွန်းကျော်သည် သက်ပြင်းကို မောအောင် လုပ်ဖို့သာ ကြိုးစား၏။ သက်ပြင်းသည် လက်သီးတစ်ချက်လွှတ်တိုင်း အင်းခနဲ့ အင့်ခနဲ အသံထွက်သည် တိုင်အောင်၊ အားစိုက်၍ထိုးရာ ကျွန်ုပ်မဟာ လက်သီးတစ်လုံး လွှတ်တိုင်း မောင်ထွန်းကျော်၏ မျက်နှာကို စိုးရိမ်စွာနှင့် ကြည့်မိ၏။ နှာခေါင်းများ စုတ်ထွက် သွားချေပြီလောဟူ၍ပင် ပူပန်မိ၏။ မောင်ထွန်းကျော်ကမူ သက်ပြင်းကို ထိဖို့ထက် မိမိ၏မျက်နှာလွတ်ဖို့ ကြိုးစားနေရ၏။ အနားယူသောအချိန်တွင် မောင်ထွန်းကျော်အား ဦးတင့်တယ်က “သက်ပြင်းက သိပ်နပ်တယ်ကွယ့်တူရဲ့၊ သူ့မျက်နှာကို ထိဖို့ခက်တယ်၊ ဒီတော့ အရှိက်တို့ နံဘေးတို့ဆိုတာ အကျယ်သတ်ပြီး သူမောအောင် ညှဉ်းပေးမှဖြစ်မယ်”ဟု သွန်သင်သည်ကို ကြားရသည့်အတိုင်း မောင်ထွန်းကျော်သည် ဂရုတစိုက်ကာကွယ်ထားသော မျက်နှာသို့မချိန်ဘဲ သက်ပြင်း၏ရင်ဝသို့ ချိန်ထိုး၏။ သက်ပြင်းက အတင်းဖိထိုးသော ဘယ်လက်သီး၊ ညာလက်သီးများကို တိမ်းရှောင်ရင်း မောင်ထွန်းကျော်က သက်ပြင်း၏ရင်ဝသို့ ထောက်လက်သီး တစ်လုံးဟာလေသွင်းလိုက်တိုင်း သက်ပြင်းကြီးမှာ အွတ်ခနဲ အွတ်ခနဲ ဖြစ်သွားတော့သည်။မောင်ထွန်းကျော်သည် မိုးသီးမိုးပေါက်ကဲ့သို့ ဆက်တိုက်ဒလကြမ်း လွှတ်နေသော သက်ပြင်း၏ လက်သီးများကို ဦးခေါင်း ကလေး မော့ချည်တစ်ခါ၊ လျှိုးချင်တစ်လှည့်၊ နံဘေးသို့ ငဲ့ချည်တစ်ခါ၊ ခြေတစ်လှမ်း ဆုတ်ချည်တစ်လှည့်ဖြင့် တိမ်းရှောင်လျက်ရှိ၏။ တစ်ခါတရံ ဖြောင်းခနဲထိသံ ကြားရသော်လည်း မျက်နှာသို့မထိ၊ လက်မောင်းနှင့် တတောင် များကိုသာ ထိခြင်းဖြစ်လေသည်။ တစ်ခါက သက်ပြင်းသည် မောင်ထွန်းကျော်ကို ဘယ်ရော၊ ညာပါ ချောက်လှန့်ကာ ဖိ၍လိုက်သဖြင့် မောင်ထွန်းကျော်မှာ နောက်ဆုတ်၊ နောက်ဆုတ်နှင့် ထွက်ပေါက်မရှိဘဲ ပိတ်မိနေလေသည်။ ဒီတစ်ခါဖြင့် သွားရှာတော့မှာပဲဟု ကျွန်ုပ်ထင်မိ၏။ သို့ရာတွင် မိမိနောက်၌ မင်းညီမင်းသား





များ၏ထိုင်ခုံများဖြင့် ပိတ်မိသော မောင်ထွန်းကျော်သည် သက်ပြင်း၏ လက်သီး များအောက်မှ ငုံ့ထွက်ရင်း သက်ပြင်း၏အရှိက်ကို တအားထိုးထည့် လိုက်ရာ သက်ပြင်းမှာ လေမိသောပဖြားပင်ကဲ့သို့ ခေါက်ချိုးဖြစ်ကာ ကွေးညွတ် သွားလေ တော့သည်။ မောင်ထွန်းကျော်မှာ စည်းဝိုင်းအလည်သို့ ရောက်နေ၍ သက်ပြင်း မှုကား မင်းညီမင်းသားများရှေ့တွင် ဝမ်းဗိုက်ကိုနှိပ်ကာ ခါးကုန်းနေရာမှ ထိုင်ချ လိုက်ရသည်။

ဩဘာ ပေးလိုက်ကြသည်များမှာ ပွက်ပွက်ရိုက်သွားလေတော့သည်။ သက်ပြင်းကိုအားပေးသော လက်ဖွဲ့သမားများပင်လျှင် ထိုခဏတွင် “ထွန်းကျော် ဗွ”ဟု ဟစ်အော်ကြသည်။ မင်းညီ မင်းသားများမှုကား ယပ်တောင်ခတ်ရင်း တပြုံးပြုံး ဖြစ်နေကြသည်။ ဤတွင် ကျားနက်က သက်ပြင်းကို နှိပ်ပေး၍ ဦးတင့်တယ်က မောင်ထွန်းကျော်ကို ခေါ်သွားသဖြင့် ဒုတိယအချီ ပြီးဆုံးသွား လေပြီ။

တတိယအချီ၌ သက်ပြင်းသည် ယခင်အချီများထက်ပင် ဖွတ်ဖိ၍ ထိုးရန်ကြိုးစားပြန်၏။ မောင်ထွန်းကျော်ကမူ ယခင်ကဲ့သို့ များစွာနောက်မဆုတ်ဘဲ သက်ပြင်း၏ပါးရိုက်နှင့် မျက်လုံးများသို့ လက်သီးများ လွှတ်တော့သည်။ သက်ပြင်းက အတင်းဝင်ပူးသည်ကို မောင်ထွန်းကျော်က အပူးခံတော့သည်။ ယင်းသို့ နှစ်ယောက်သားပူးနေစဉ် မောင်ထွန်းကျော်သည် သက်ပြင်း၏လည်ပင်းကို ဘယ်ဘက်ဂျိုင်းအောက်တွင် ညှပ်၍ မျက်နှာသို့ ညာလက်သီးနှစ်လုံး သွင်းလိုက် သည်မှာ ကြက်ခွပ်သကဲ့သို့ လျင်မြန်လှပေသည်။ သက်ပြင်းသည် မိမိအား စိစိပါအောင် မိထားသည်နှင့် မြေပေါ်သို့လှဲချလိုက်ရာ နှစ်ယောက်ပူးလျက်သား မြေကြီးပေါ်၌ လိမ့်ကျသွားလေသည်။ ဤတွင်ဒိုင်များက ခွဲခွာလိုက်သဖြင့် တတိယအချီပြီးဆုံးသွားလေသည်။

ဦးတင့်တယ်က “မောင်ထွန်းကျော်ဘက်ကရှိတယ်၊ ဘယ်သူလောင်း မလဲ...”ဟုဆိုကာ... လက်ကိုင်ပဝါကလေးဖြင့် ထုပ်ထားသော ပိုက်ဆံထုပ် ကလေးကို မြှောက်လိုက်၏။ လက်ဖွဲ့သမားတစ်ယောက်က “လောင်းတယ်ဗျို့၊ ဘယ်လောက်လဲ”ဟု မေး၍ ပိုက်ဆံထုပ်ကို ဖြေကြည့်လိုက်သောအခါ ငွေဒင်္ဂါး ၂ ကျပ်နှင့် ကြေးပြားခြောက်ပြားကို တွေ့ရသဖြင့် ရယ်မောကြသေးသည်။

မောင်ထွန်းကျော်မှာ မောသေးဟန် မတူသော်လည်း... သက်ပြင်းမှုကား ဝမ်းဗိုက်ကြီး ပိန်ချိ၊ ဖောင်းချိ ဖြစ်နေလေပြီ။ ဒိုင်လူကြီးတောင်လေးလုံးက



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲကွယ့်၊ သက်ပြင်း"ဟု မေးသော်လည်း သက်ပြင်းမှာ လက်ပြကာ "အမောဖြေပရစေဦး"ဟု တောင်းပန်လေသည်။ ဇမာလက်ဝှေ့မှာ အနောက်တိုင်း လက်ဝှေ့ကဲ့သို့ နာရီချိန်ဖြင့် ထိုးသတ်ခြင်း မဟုတ်သော်လည်း တစ်ဖက်က အသင့်ရှိ၍ တစ်ဖက်က မသတ်နိုင်သေးလျှင် အထင်သေးခံရလေသည်။ သို့ဖြစ်၍ လက်ဝှေ့သမားအချို့က "ကြောက်တာလားကွသက်ပြင်း၊ အရှုံးပေးချင်ပြီ လားကွ" ဟု ကဲ့ရဲ့သံနှင့်မေးကြရာတွင် သက်ပြင်းသည် မခံချင်စိတ်ရှိသည်နှင့်ကောင်းစွာ အမောမပြေဘဲ ထ၍ သတ်လေတော့သည်။

ဤစတုတ္ထ အချီ၌မူကား... မောင်ထွန်းကျော်သည် (ဦးတင့်တယ်၏ ဩဝါဒအရ) ဆုတ်ခံ,ခံဖို့ မကြိုးစားတော့ဘဲ သက်ပြင်းက ဇွတ်ဝင်သည်ကို ဇွတ်ခံကာ မျက်နှာချင်းဆိုင် သတ်လေတော့သည်။ ယခင်ကမူ သက်ပြင်းက ဇွတ်ဝင်လျှင် မောင်ထွန်းကျော်က ခြေထောက်ဖြင့် ရင်ဝဆီသို့ တားလေ့ရှိ၏။ ဤအချီ၌မူ မောင်ထွန်းကျော်က ဇွတ်ဝင်ခြင်းများကိုပင် သက်ပြင်းက ခြေထောက်ဖြင့် တားရလေသည်...။ တစ်ခါတစ်ရံ သက်ပြင်းသည် လက်ပမ်းကျသည့် လက္ခဏာနှင့် မောင်ထွန်းကျော်၏ ရင်ဝကို ဒူးပျံတိုက်ရင်း မျက်နှာသို့လက်သီး သွင်း၏။ သို့ရာတွင် မောင်ထွန်းကျော် မျက်စိရှင်ခြင်းနှင့် ဖျတ်လတ်ခြင်းတို့ကြောင့် ဘလာဒူးများသာ ဖြစ်သွားရတော့သည်။

မောင်ထွန်းကျော်က တစ်ချက်,တစ်ချက်တွင် ဖိ၍လိုက်သေး၏။ သက်ပြင်းကမူ ခြေတစ်ဖက်ကိုမြှောက်ကာ တားဆီးရလေသည်။ မောင်ထွန်းကျော်သည် သက်ပြင်းမြှောက်ထားသော ခြေထောက်ကို လက်တစ်ဖက်ဖြင့် ဆွဲယူလိုက်ရာတွင် သက်ပြင်းသည် လက်သီးနှစ်လုံးကို မိုးသီးမိုးပေါက်ကဲ့သို့ ပစ်သွင်းကာ ပါလာ၏။ မောင်ထွန်းကျော်သည် သက်ပြင်း၏ လက်သီးများကို ဦးခေါင်းငုံ့ရှုံ့၍ ငုံ့ခံလိုက် အရှိန်နှင့်ပါလာသော သက်ပြင်း၏ရင်ဝသို့ ဒူးဖြင့် ထောက်လိုက်၏။ "ဖြောက် ဖြောက်အွတ်"မြည်သော အသံများ ပေါ်ထွက်လာ၏။ "ဖြောက်,ဖြောက်"မြည် သော အသံများမှာ မောင်ထွန်းကျော်၏ ဦးခေါင်းကို သက်ပြင်း၏ လက်သီးနှစ်လုံး ထိသွားခြင်းဖြစ်၍ အွတ်ခနဲမြည်ခြင်းမှာ သက်ပြင်း၏ရင်ဝသို့ မောင်ထွန်းကျော်၏ ဒူးမိသွားခြင်းဖြစ်လေသည်။ နောင်တခဏ၌ မောင်ထွန်းကျော်မှာ မူးဝေသွားသည့် လက္ခဏာနှင့် တစ်ပတ်လည်သွားသော်လည်း သက်ပြင်းမူကား မြေကြီးပေါ်တွင် ပက်လက်လန်ကာ ပါးစပ်မှ အမြှုပ်တစီစီထွက်နေပေတော့သည်၊





လက်ဝှေ့ပရိသတ်တို့၏ ထုံးစံအတိုင်း တဖက်သားနာကျင်ခြင်းကို သနားဖို့သတိမရ၊ နာအောင်ပြုလုပ်နိုင်သော လူ၏အစွမ်းကိုသာ ချီးကျူးလိုကြ သည်ဖြစ်၍ သက်ပြင်းမထနိုင်ခြင်းကို လက်ဝှေ့သမားများရော၊ မင်းညီမင်းသား များပါ ဩဘာပေးကြလေတော့သည်။ ဒိုင်များဖြစ်ကြသော တောင်လေးလုံးနှင့် ဗန္ဓုလတို့က သက်ပြင်းကို တွဲထူဖို့ ကြိုးစားသေး၏။ သို့ရာတွင် သက်ပြင်းမှာ တွဲထူရုံနှင့် မထနိုင်သောကြောင့် လက်ဝှေ့သမားများပွေ့ချီကာ ထုတ်သွားရ လေတော့သည်။ သတိရလာသောအခါ၌ အသည်းကောင်းလှသော သက်ပြင်းက သတ်ပါဦးမည်ဟု ပြောသော်လည်း မတ်တတ်ထရန်ပင် မဖြစ်နိုင်တော့သဖြင့် ဒိုင်လူကြီးများက အရှုံးပေးလိုက်လေတော့သည်။ အနိုင်ရသော မောင်ထွန်းကျော် မှာလည်း ချိုစောင်းတွင် ရောက်သီးကြီးနှစ်လုံး တင်ထားသကဲ့သို့ ဖူးရောင်လျက် ရှိလေတော့သည်။

ရနောင်မင်းသားသည် ကတိအတိုင်း ဆုလာဘ်များပေးသနားပြီးနောက် မဏ္ဍပ်ထဲမှ ထွက်သွားသည်တွင် ကတိထားကြသော အခြားမင်းညီမင်းသားများ ကလည်း မောင်ထွန်းကျော်အား ဆုလာဘ်ပေး၍ ထွက်သွားကြသဖြင့် ပရိသတ် အစည်းအရုံး ကွဲသွားခဲ့လေသည်။

ကျွန်ုပ်၏ဦးကြီးသည် မောင်ထွန်းကျော်နှင့် ဦးတင့်တယ်ကို နေအိမ်သို့ ခေါ်၍ ကျွေးမွေးပြုစု၏။ နောက်ဆုံး၌ ဦးကြီးက ရတနဂူပွဲတွင် ဗန္ဓုလနှင့် ထိုးသတ်ဝံ့သည့် လက်ဝှေ့သမားတစ်ယောက်ရှာဖို့ ထီးသော်မိုး မောင်မောင်တင့် နှင့် အလောင်းအစားပြုလုပ်ထားသည့် ကိစ္စတွင် မောင်ထွန်းကျော်အား ဗန္ဓုလတို့ သတ်ဝံ့ပါမည်လောဟုမေး၏။ မောင်ထွန်းကျော်က ထိုးသတ်ပါမည်ဟု အာမခံ သည်တွင် ဦးကြီးသည် ဦးတင့်တယ်အား မောင်ထွန်းကျော်၏ ပညာကိုဖြည့်စွက် သင်ပြရင်း အလေ့အကျင့် ပြုလုပ်ပေးပါမည့်အကြောင်း၊ မိမိလည်း ရံဖန်လာ၍ ကြည့်ပါဦးမည့် အကြောင်းပြောပြ၍ လွှတ်လိုက်လေသည်။

ကျွန်ုပ်မှာ သူငယ်ချင်း မောင်ထွန်းကျော်အတွက် လွန်စွာ အားရ၍ ခွဲခါနီးတွင် လည်ပင်းကိုဖက်ကာ အကျွမ်းတဝင် နှုတ်ဆက်လေသည်။

ကျော်။ ။"သူငယ်ချင်းကတော့ ဆွေကြီးမျိုးကြီးမို့လို့ နေရာကျတယ်ကွာ၊ တို့များကော့ ပန်းပဲသမား ပန်းပဲသမားပဲ..."

နုပ်။ ။"ဒီလို ဟုတ်ရိုးလား သူငယ်ချင်းရာ၊ မင်းလိုများ လူချွန်ဖြစ်ရရင် ငါဖြင့် ဘယ်လိုရာထူးနဲ့မှ မလဲနိုင်ပေါင်ကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။"ဗန္ဓုလနဲ့သတ်ဖို့ ငါတို့ကျင့်တဲ့ဆီကို တစ်ခါတလေ မင်းလာကြည့်ဦးနော်၊ သူငယ်ချင်း..."

"နုပ်။ ။"စိတ်ချပါ သူငယ်ချင်း၊ ဦးကြီး မလိုက်တောင် ငါကတော့ ရောက်မှာပါကွာ..."

ကျော်။ ။ခုလိုမင်းက စိတ်ကြီးမဝင်တာ တွေ့ရတော့ ဝမ်းသာသကွာ..."

နုပ်။ ။"ငါက ဘာများဖြစ်နေလို့ စိတ်ကြီးဝင်ရမှာလဲကွ"

ကျော်။ ။"မဟုတ်ဖူးလေကွာ၊ မင်းတို့ကတော့ နန်းတွင်းသားတွေကိုးကွ..."

နုပ်။ ။မဆိုင်တာ သူငယ်ချင်းရာ..."

– မောင်ထွန်းကျော်နှင့် ဦးတင့်တယ်တို့ ပြန်သွားကြသည့်နောက် ဦးကြီးသည် ကျွန်ုပ်ကိုခေါ်၍ ဩဝါဒပေးလေသည်။

ကြီး။ ။"သူငယ်ချင်းတော့ ဟုတ်တာပေါ့ ငါ့တူ၊ နို့ပေမဲ့ လူမှာ အမျိုးကြက်မှာအရိုးတဲ့ကွ၊ သူက ပန်းပဲသမား၊ မင်းက ငါ့တူ၊ ဒီတော့ သိပ်အရောဝင်လို့ မဖြစ်ဘူးငါ့တူရဲ့၊ အရောဝင်တော့ အရိုသေ တန်သတ်သတဲ့"

နုပ်။ ။"ကျွန်တော်ကဖြင့် မောင်ထွန်းကျော်ထက် ကျွန်တော်သာတဲ့အချက် မမြင်မိပေါင်၊ ဦးကြီးရာ၊ သူက ကျွန်တော့်ကို အရောမဝင်ဘဲ၊ စခန်းကြီးသွားမှာတောင် ကျွန်တော်ပူမိပါသေးတယ်..."

ဦးကြီးကမူ မည်သို့မျှ မပြောတော့ဘဲ "အဟမ်း" ဟု ချောင်းဟန့်ခြင်းဖြင့် စကားလက်စ သိမ်းလိုက်လေတော့သည်။

□

# အခန်း (၇)

ဗန္ဓုလနှင့် မောင်ထွန်းကျော်တို့မှာ ရတနပူလက်ရှေ့ပွဲတွင် ထိုးသတ်ကြရန်ဖြစ်၍ ကျွန်ုပ်၏ဦးကြီးသည် မောင်ထွန်းကျော်ကို လေ့ကျင့်သင်ပြပေးရန်အတွက် ဦးတင့်တယ် တစ်ယောက်တည်းနှင့် အားမရသဖြင့် တောင်လေးလုံးကိုပင် အဖိုးအခနှင့် စေလွှတ်လိုက်သေး၏။ လောင်းကြေးမှာ ၂၀၀၀ ကျပ်နှင့် ၁၀၀၀ ကျပ်ဖြစ်၍ ငွေရမှုအတွက် လာဘ်မြင်သော ကျွန်ုပ်၏ဦးကြီးသည် မောင်ထွန်းကျော် နိုင်စေဖို့အတွက် လိုလေသေးမရှိအောင် ဂရုစိုက်၏။ ဦးကြီးကိုယ်တိုင် အမရပူရသို့ နှစ်ခေါက်သုံးခေါက် သွား၍ ကြည့်ရှုရာ ကျွန်ုပ်လည်း လိုက်ပါသွားသည်။ ဦးကြီးကမူ ဆရာလုပ်သူ တောင်လေးလုံးတို့နှင့်သာ စကားပြော၍ မောင်ထွန်းကျော်ကိုမူ အားပေးရုံမျှလောက်သာ စကားပြောပြီးလျှင် ကျွန်ုပ်တို့၏ နေအိမ်သို့ ပြန်သွား၏။ ကျွန်ုပ်မှုကား မိခင်, ဖခင်များနှင့် တွေ့ရခြင်းထက် သူငယ်ချင်း မောင်ထွန်းကျော်နှင့် စကားပြောရခြင်းကို အရသာခံမိခဲ့သည်။ ဦးကြီးကမူ မောင်ထွန်းကျော်နှင့် အရောဝင်ခြင်းကို မနှစ်သက်သော်လည်း ကျွန်ုပ်မှာ သူငယ်ချင်းချင်း ချစ်ခင်ခြင်းကို လမ်းမှန်သော အလုပ်တစ်ခုဖြစ်သည် ထင်၍ မှန်သောအလုပ်ကို ဇွတ်လုပ်ချင်သော ဝါသနာကလေးအလျောက် အချိန်ရသမျှ မောင်ထွန်းကျော်နှင့်သာ နေခဲ့သည်။ မန္တလေးသို့ပြန်ချိန်နီး၍ အခေါ်လွှတ်သော အခါမှ ပြန်လာတော့သည်။

မိခင်သည် ဦးကြီးသဘော မကျခြင်းကို ရိပ်မိ၍...

မိ။ ။"သူတို့ချင်းချင်းက သိပ်ချစ်တာပဲ၊ ကိုကိုကြီးရဲ့"

ကြီး။ ။"အေးလေ...နှင်လဲအတူတူပါပဲ၊ ဒါကြောင့် နှင်တို့ဒီလိုနေရတာပေါ့..." ဟုပြောရာတွင် ဖခင်ကမူ မည်သို့မျှ မပြောသော်လည်း မျက်နှာထား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကျွန်ုပ်ကိုအားပေးလေသည်။ မောင်ထွန်းကျော်နှင့် ကျွန်ုပ်တွင် မျိုးရိုးဇာတိအားဖြင့် ကျွန်ုပ်က သာသည်ဟု ဦးကြီးပြောသော်လည်း ကျွန်ုပ်၏စိတ်ထဲ၌ကား မောင်ထွန်းကျော်သည် အရာရာတွင် ကျွန်ုပ်ထက် ဆယ်ပြန်မက သာသည်ဟု မှတ်ထင်မိသည်။ မန္တလေးသို့ အပြန်တွင် ဦးကြီးက ကျွန်ုပ်ကို မြည်တွန်တောက်တီး၍ ကျွန်ုပ်က မည်သို့မျှ ပြန်မပြောသော်လည်း စိတ်ထဲ၌ကား မောင်ထွန်းကျော်ဖြစ် ရလျှင် ဆယ်ပြန်သေဝံ့သည်ဟု အောက်မေ့မိသည်။

ကြီး။ ။"လက်ဇော့သတ်တတ်တာလေးနဲ့ အထင်မကြီးနဲ့ကွယ့် ငါ့တူရဲ့၊ ဘယ်လောက်ပဲ တော်တော် မင်းညီမင်းသားများ လက်သပ်မွေးတဲ့ ခွေးလိုဟာမျိုးပဲ"

နပ်။ ။"ဒါကြောင့် မဟုတ်ပါဘူး...၊ ဦးကြီး၊ မောင်ထွန်းကျော်က နေရာ တကာမှာ တော်တယ် ဦးကြီးရဲ့"

ကြီး။ ။"အေးလေ... ဘယ်လိုပဲတော်ပေမယ့် အကပ်အရပ် မရှိတော့ မင်းခစားယောက်ျား မဖြစ်နိုင်ဘူး ငါ့တူရဲ့"

နပ်။ ။"မင်းခစားယောက်ျားဆိုတော့ ဘယ်လိုများ ဖြစ်သလဲ ဦးကြီး"

ကြီး။ ။"ဟဲ့...မိုက်ပါဘိတော့၊ ငါ့ကို မမြင်ဘူးလား...၊ မင်းညီမင်းသားတွေ အရာရှိ အရာခံတွေနဲ့သိရ, ကျွမ်းရပြီး၊ လူတစ်လုံး၊ သူတစ်လုံးဖြစ်တာပေါ့ဟဲ့"

နပ်။ ။"ဗန္ဓုလစစ်သူကြီးတို့ကော လူတလုံး, သူတလုံးပဲ မဟုတ်ဘူးလား ဦးကြီး"

ကြီး။ ။"ဟေ့...မင်းက... မင်္ဂအဖေလို စစ်မှုထမ်းချင်လို့လား..."

အမှန်ကိုဆိုရလျှင် ကျွန်ုပ်သည် ဘယ်လောက်ကြီးကျယ်သော လူတစ်ယောက်၏ဖိနပ်ကို ခင်းပေးရခြင်းထက် လက်ရုံးအားကိုးဖြင့် အမျိုးသားအတွက် အမှုထမ်းရသော အလုပ်သည်သာလျှင် မြင့်မြတ်ကြီးကျယ် သည်ဟု ထင်မိပါသည်။ သို့ရာတွင် ဤအကြောင်းကို ဦးကြီးအား မပြောဝံ့သဖြင့် ဦးကြီး၏အမေးကို "ဟုတ်ကဲ့"ဟူ၍ ဖြေလိုက်၏။ ဦးကြီးကမူ ကျွန်ုပ်အား မျှော်လင့်ဖွယ်မရှိသော ကောင်လေးတစ်ကောင်ဟူ၍ ဆုံးဖြတ်ချက်ချသည့် လက္ခဏာနှင့် ဆက်လက်၍ စကားမပြောတော့ဘဲ မြင်းစိုင်းသွားရာ၊ ကျွန်ုပ်လည်း နောက်မှစိုင်း၍ လိုက်ရပါတော့သည်။

ရတနာဂူနတ်ပွဲမှာ ဝါခေါင်ကွယ်နေ့တွင် အဆုံးသတ်သည်ဖြစ်၍ မောင်ထွန်းကျော်နှင့် ဗန္ဓုလတို့ထိုးသတ်ဖို့မှာလည်း ထိုနေ့၌ပင် ချိန်းဆိုထား၏။ ပွဲစကတည်းက





နေ့စဉ်နှင့်အမျှ လက်ဝှေ့ပွဲများ ရှိသော်လည်း တစ်မြို့လုံးက မက်ခဲ့ကြသော အဆိုင်းဖြစ်သောကြောင့် နောက်ဆုံးနေ့သို့ ရက်ဆွဲထားခဲ့ခြင်း ဖြစ်လေသည်။

နတ်ပွဲစကတည်းက ဦးကြီးသည် မောင်ထွန်းကျော်အကြောင်းကို နေ့စဉ်သတင်းယူလျက်ရှိ၏။ ကျွန်ုပ်နှင့်ဦးကြီးသည် လက်ဝှေ့ပွဲသို့နေ့တိုင်းသွား၍ပွဲရက်အတွင်း၌ မိခင်၏နေအိမ်တွင် အိပ်ကြ၏။ အဖိတ်နေ့ညဉ့် "သက်ကြီးခေါင်းချ" ကြက်တွန်ချိန်တွင် ဦးကြီးနှင့် မိခင်ဖခင်များသည် စကားဝိုင်းမှ ထ၍ အိပ်ရာသို့ ဝင်ကြမည်အပြုတွင် ဦးတင့်တယ်ရောက်လာ၍ မောင်ထွန်းကျော်တစ်ယောက် ပျောက်သွားကြောင်း ပြောလေသည်။ ဤတွင် ဦးကြီးနှင့် ကျွန်တော်သည် တပျာကယာ လိုက်သွားကြ၍ ပန်းပဲဖိုထဲသို့ ရောက်သောအခါ မောင်ထွန်းကျော်ကို လေ့ကျင့်ပေးသော တောင်လေးလုံးက "ကျွန်တော်လဲ သိပ်ဂရုစိုက်တာပဲ မောင်မောင်၊ ဒီအထဲကနေပြီး ဘယ်လိုလုပ် ပျောက်သွားတယ် မဆိုနိုင်ပါဘူး"ဟု ပြောလေသည်။ ဖြစ်ရပုံမှာကား နက်ဖြန်တွင် ထိုးသတ်ရမည်ဖြစ်၍ အိပ်ရေးဝစေခြင်းငှာ မောင်ထွန်းကျော်ကို အိပ်ခန်းသို့ ဝင်အိပ်စေပြီးနောက်၊ တောင်လေးလုံးနှင့် ဦးတင့်တယ်တို့သည် ရှေးလက်ဝှေ့ကျော်ကြီးများအကြောင်းကို ပြောနေကြကြောင်း၊ ဦးတင့်တယ်သည် ဆေးပေါ့လိပ်ကုန်သွားသည်နှင့် အိမ်ပေါ်သို့ တက်ယူရင်း၊ မောင်ထွန်းကျော် အိပ်နေပြီလောဟု အခန်းထဲသို့ ချောင်းကြည့်လိုက်သောအခါ အိပ်ရာပေါ်၌ မောင်ထွန်းကျော် မရှိသည်ကို တွေ့ရကြောင်း၊ ဘာပိုတပါး သွားလေသလောဟု ခေါ်ကြည့်ပါသော်လည်း မထူးသဖြင့် အိမ်ဝင်းထဲ၌ လိုက်လံရှာဖွေရာ မတွေ့ရသည်နှင့် ဦးတင့်တယ်က ဦးကြီးထံသို့ ပြောလာခြင်းဖြစ်ကြောင်း သိရလေသည်။ ကျွန်ုပ်တို့တစုရီးနှင့် လက်ဝှေ့သမားကြီး နှစ်ယောက်သည် အဖြစ်အပျက်ကို ဆင်ခြင်ကြရာ၊ မနန်းယူမှုကား ဤလက်ဝှေ့ပွဲကို စိတ်မဝင်စားဟုဆိုကာ စောစောကတည်းက အိပ်ရာသို့ဝင်ခဲ့လေသည်။ ကျွန်ုပ်တို့ခြင်းစားသည်ကား အိမ်ရှေ့ပန်းပဲဖိုထဲတွင် ဦးတင့်တယ်နှင့် တောင်လေးလုံးတို့ စကားပြောနေကြခြင်းကြောင့် မောင်ထွန်းကျော်သည် အိမ်ပြင်သို့ထွက်လိုလျှင် မည်သည့်နည်းနှင့်မျှ ထိုလူကြီးနှစ်ယောက် မမြင်ဘဲ မထွက်နိုင်၊ ပြူတင်းပေါက်မှ ခုန်ဆင်းသွားခြင်း ဖြစ်ရမည်ဆိုကာ မောင်ထွန်းကျော်၏ အိပ်ခန်း ပြတင်းပေါက်အောက်သို့ သွားကြည့်ကြသည်၊ ဟုတ်ပေသည်။ အိမ်ပေါ်မှ ခြေစုံခုန်ချလိုက်သော မောင်ထွန်းကျော်၏ခြေရာကိုတွေ့ကြရသည်။ ထို့နောက် မီးခွက်ယူ၍ ပတ်ဝန်းကျင်

www.burmeseclassic.com



တစ်ဝိုက်၌ ကြည့်ကြရာတွင် မိန်းမတစ်ယောက်၏ ပိန်းတန်းဖိနပ်ရာများကို တွေ့ရသည်။ မနန်းယုမှာ ပိန်းတန်းဖိနပ် မစီးသောကြောင့် ၎င်း၏ ခြေရာ မဟုတ်နိုင်ဟု စဉ်းစားကြ၏။ ဖြစ်ဟန်လက္ခဏာရှိသည်မှာ မိန်းမတစ်ယောက်သည် ခြံတွင်းသို့ တိတ်တဆိတ် ဝင်လာ၍ အိပ်ခန်းပြတင်းပေါက်အောက်မှ မောင်ထွန်းကျော်ကို ခေါ်ယူသွားခြင်းဖြစ်ဟန်တူ၏။ မောင်ထွန်းကျော်၌ ရည်းစားရှိသည်ဟူ၍ ကျွန်ုပ်လည်းမသိရ၊ ဦးတင့်တယ်လည်း မသိရ၊ မနန်းယုကို နှိုး၍မေးသော် လည်း မသိရချေ။

ကျွန်ုပ်၏ ဦးကြီးကား ပျာလောင်ခတ်လျက်ရှိလေပြီ။ အသပြာ ၂၀၀၀ ကျပ် အရှောင်မရမည့်အပြင် ၁၀၀၀ ကျပ် ဆုံးပုံ ပေါ်နေလေပြီ။

လုံး။ ။ "မသတ်ဖြစ်ရင်...လောင်းကြေး လျှော်ပစ်ရုံပဲ မဟုတ်လား မောင်မောင်"

ကြီး။ ။"ဘယ်ကဟုတ်မှာလဲဗျာ၊ ဒီပွဲမှာ ဗန္ဓုလကိုနိုင်အောင် သတ်နိုင်တဲ့ လူတစ်ယောက် ကျုပ်ရှာလို့ရ မရ လောင်းထားတာကိုးဗျ၊ သတ်နိုင်သူမတွေ့သည် ဖြစ်စေ၊ သတ်လို့ ကျုပ်လူရှုံးသည်ဖြစ်စေ၊ ကျုပ်က အရှုံးကိုးဗျ၊ ဒါကြောင့်လူက ၁၀၀၀ ကျပ်နဲ့ ၂၀၀၀ ကျပ် အကြေးပေးထားတာကိုး တောင်လေးလုံးရဲ့"

ဤတွင် တောင်လေးလုံးနှင့် ဦးတင့်တယ်တို့မှာ ခဲလေသမျှ သဲရေကျ ဖြစ်ရတော့မည်ဆိုကာ ညည်းညူကြ၏။ ဦးကြီးကမူ လက်မလျှော့သေးဘဲ ရတနဂူနတ်ပွဲသို့ လူငယ်များစေလွှတ်ကာ မောင်ထွန်းကျော်ကို ရှာဖွေစေ၏။ မိုးလင်းသည့်တိုင်အောင် ရုပ်သေးပွဲနှင့် ဇာတ်ပွဲများ အနှံ့အပြားရှာကြသော်လည်း မတွေ့ရချေ။

လကွယ်နေ့၌ ကျွန်ုပ်တို့သည် ထမင်းစားပြီးသည်နှင့် တစ်ပြိုင်နက် လက်ဝှေ့ပွဲသို့ သွားကြ၏။ ဦးတင့်တယ်မူကား မလိုက်ခဲ့ပါချေ။ မောင်ထွန်း ကျော်ကို တွေ့သည်နှင့်တစ်ပြိုင်နက် ခေါ်ခဲ့ပါစေဟု ကတိပြုလိုက်လေသည်။ ကျွန်ုပ်တို့သုံးယောက် ထွက်လာကြ၍ လမ်းခရီးတွင် လက်ဝှေ့သမားပေါ်သိုင်းဆိုသူ နှင့်တွေ့၍ ၎င်းက တောင်လေးလုံးအား စကားတီးတိုးပြောလေ၏။ နောက်ဆုံး၌ တောင်လေးလုံးက ကျွန်ုပ်၏ဦးကြီးအား...

လုံး။ ။"ခက်တာပဲ မောင်မောင်၊ လူညစ်ပတ်တွေ တယ်ပေါ်တာကိုး"

ကြီး။ ။"ဘာတဲ့လဲ တောင်လေးလုံးရဲ့"

လုံး။ ။"ပေါ်သိုင်းကပြောတယ်၊ တစ်နေ့ကရှုံးတဲ့ သက်ပြင်းက





လက်ဝှေ့သမား လူမိုက်နှစ်ယောက်သုံးယောက်နဲ့ ပူးပေါင်းပြီး မောင်ထွန်းကျော်ကို မသတ်ဖြစ်အောင် ဖျက်ဆီးမယ်လို့ သတင်းရသတဲ့ မောင်မောင်"

ကြီး။ ။"ဟုတ်သလား ပေါ်သိုင်းရဲ့"

သိုင်း။ ။"မှန်ပါတယ်မောင်မောင်၊ ကျွန်တော်လဲ လာပြောချင်တာပဲ၊ ဒီလောက်ရဲတင်းကြမယ်မထင်လို့ နေခဲ့မိပါတယ်။ အခုမှ မောင်ထွန်းကျော် ပျောက်သွားတယ်လို့ တောင်လေးလုံးကပြောတော့မှ ကျွန်တော်ကြားတဲ့ သတင်းဟာ မှန်တယ်လို့ သိရတော့တယ် မောင်မောင်"

ကြီး။ ။ "သူတို့က ဘယ်လို လုပ်ကြမှာတဲ့လဲ ပေါ်သိုင်းရယ်..."

သိုင်း။ ။ "မသတ်ဖြစ်အောင်လုပ်မယ်လို့ ကြားတာပဲ ... မောင်မောင်"

ကြီး။ ။"ဘယ်လိုတဲ့လဲ၊ ဖျောက်ဖျက်ပစ်မှာတဲ့လား"

သိုင်း။ ။ "ဒီလိုတော့ ဟုတ်မထင်ပေါင် မောင်မောင်၊ မသတ်ရုံလောက် လုပ်မယ်ထင်တာပဲ"

ကြီး။ ။"ဒီလိုဆိုရင် ငွေရေး၊ ကြေးရေးပဲ၊ မောင်မောင်တင့် လက်ချက် နဲ့တူတယ်။ ဘယ်လိုများကြားသလဲ ပေါ်သိုင်း"

သိုင်း။ ။"ဒီလောက် အထိတော့ ကျွန်တော်မသိပါ မောင်မောင်၊ သက်ပြင်းက ထန်းရေမူးမူးနဲ့ တောင်ပြုံးပွဲမှာ လွတ်ခနဲ စကားတစ်ခွန်းပြောလိုက်လို့ ကျွန်တော်ရိပ်မိတာပါပဲ"

ကျွန်ုပ်တို့သည် စကားတပြောပြောနှင့် လျှောက်လာကြ၍ လက်ဝှေ့ရုံသို့ ရောက်သောအခါ ကြီးကြပ်သောလူကြီးများသည် ကျွန်ုပ်တို့ကို အရာရှိ အရာခံ များအတွက် ပြင်ဆင်ထားသော နေရာသို့ ပို့လိုက်ကြသည်။ အချိန်မှာ မွန်းလွဲ ပြီဖြစ်၍ လက်ဝှေ့နှစ်ဆိုင်းသုံးဆိုင်းပင် သတ်ပြီးခဲ့လေပြီ။ နောက်ဆုံးနေ့ဖြစ်၍ ၁၅ ဆိုင်းခန့်စီစဉ်ထားရာ ဗန္ဓုလနှင့် မောင်ထွန်းကျော်တို့ အဆိုင်းလည်း အပါအဝင်ဖြစ်လေသည်။

ကျွန်ုပ်တို့သည် မင်းညီမင်းသားများ၏ နောက်နားဆီ၌ ထိုင်မိကြသည်နှင့် တစ်ပြိုင်နက် ထီးတော်မိုး မောင်မောင်တင့်သည် ဦးကြီးနားသို့ချဉ်းကပ်လာသည်။ မောင်မောင်တင့်က "နောက်ကျသကိုး မောင်မောင်၊ သုံးဆိုင်တောင် သတ်ပြီး သွားပြီ" ဟု ပြောသောအခါ ဦးကြီးသည် မျက်နှာထားတည်တည် နေလိုက်၏။

တင့်။ ။"မောင်မောင်လဲ ရောက်လာပြီ၊ ဗန္ဓုလတို့ အဆိုင်းမှုင်းစို့လား မောင်မောင်..."



www.burmeseclassic.com

www.burmeseclassic.com



ကြီး။ ။အချိန်ရှိပါသေးတယ်လေ၊ ခပ်ဖြည်းဖြည်းပေါ့"

တင့်။ ။ဒါ့ထက် မောင်မောင်ကြီးလူကော ဘယ်မှာလဲ ခင်ဗျာ..."

ကြီး။ ။"ဒီစကားဟာ ကျွန်တော်က ခင်ဗျားကို မေးရမယ့် စကားပါ..."

တင့်။ ။(နားလည်ဟန်နှင့်) "ဘယ်လိုပြောလိုက်တာလဲ မောင်မောင်ကြီး..."

ကြီး။ ။"ကျွန်တော့် လူကို ခင်ဗျားက ဘယ်ဆီဝှက်ထားသလဲလို့ မေးချင်တယ်..."

တင့်။ ။"ဟာ မဆိုင်တာခင်ဗျာ၊ မောင်မောင်ကြီးရဲ့ လူကို ကျွန်တော်က ဘာပြုလို့ ဝှက်ထားရမှာလဲ..."

ကြီး။ ။"ဘာပြုလို့ ဝှက်တယ်ဆိုတာ မောင်မောင်တင့် အသိဆုံးဖြစ်မှာပေါ့..."

တင့်။ ။"ဒီလိုတော့မလုပ်နဲ့လေ၊ ဗန္ဒုလနဲ့ သတ်နိုင်တဲ့လူ ရှာမတွေ့လေတော့ တောင်လိုလို၊ မြောက်လိုလို စကားမပြောနဲ့ မောင်မောင်ကြီး..."

ကြီး။ ။"တောင်လိုလို, မြောက်လိုလို မဟုတ်ပါဘူး။ ကျွန်တော့်လူကို ခင်ဗျားက ဝှက်ထားပြီး ဘယ့်နှယ်အကြောင်းကြောင် ပြောနေတာလဲ..."

မောင်မောင်တင့်သည် မျက်လုံးများနီ၍ နားခေါင်းပွလာသည့်တိုင်အောင် ဒေါသဖြစ်သော မျက်နှာထားဖြစ်ပေါ်လာသော်လည်း စိတ်ကိုချုပ်တည်းဟန်နှင့်...

တင့်။ ။"လူပုံထဲမှာ လူကြီးချင်း ရန်ဖြစ်လို့မတော်လို့ပဗျာ၊ မောင်မောင်ကြီးပြောပုံ လားလားမှမတော်ဘူး..."

ကြီး။ ။"မတော်မရှိနဲ့လေ။ ကျွန်တော်က ဖြောင့်ဖြောင့်မှန်မှန် ပြောတယ်။ ခင်ဗျားက ကောက်သီးကောက်ကွေ့ ပြောနေတာကိုး..."

တင့်။ ။(စကားနိုင်ပြောခြင်းထက် ငွေရမှုသည် အရေးကြီးသည်ဟု စိတ်ကို ချုပ်တည်းထားသည့် လက္ခဏာနှင့်) "ပြောချင်တာပြောလေ၊ ဒီလက်ဝှေ့ပွဲမှာ ဗန္ဒုလကိုနိုင်အောင် သတ်နိုင်တဲ့လူမထုတ်နိုင်ရင် ကျွန်တော့်ကို ငွေ ၁၀၀၀ ကျပ်ပေးဖို့သာ ပြင်ထားပါ။ စကားအရေးမကြီးဘူး၊ ငွေအရေးကြီးပါတယ်"

ကြီး။ ။ဒါမှာတော့ အချိန်ကုန်လို့ ကျုပ်လူကို မထုတ်နိုင်တော့မှာ ဒီစကားပြောပါ။ အခုမပြောပါနဲ့ မောင်မောင်တင်"

တင့်။ "ရှိပါစေဗျာ"ဟု ဆို၍ မျက်နှာလွှဲသွားသည်။

ဤကိစ္စ၌ ကျွန်ုပ်သည် ဦးကြီးပြုမူပုံကို စိတ်ထဲ၌ချီးကျူးမိ၏။ မရဲသော်





လည်း ပြေးခဲစေဆိုသော စကားပုံအတိုင်း မိမိ၏ လူတစ်ယောက် ပျောက်ဆုံးနေလျက်နှင့်ပင် ရှောတီးရှောတော့ မဟုတ်ဘဲ ထိုကဲ့သို့ တင်းမာစွာ ပြောနိုင်ပါပေသည်။

လက်ဝှေ့အဆိုင်းများသည် တဆိုင်းပြီးတစ်ဆိုင်း ထိုးသတ်ကြသော်လည်း မောင်ထွန်းကျော်မှုကား မပေါ်လာချေ။ နောက်ဆုံးတစ်ဆိုင်းသာ ကျန်တော့၍ ထိုးသတ်ကြမည် စီစဉ်ဆဲတွင် မောင်မောင်တင့်သည် ဦးကြီးဘက်သို့လှည့်၍...

တင့်။ ။"ဘယ့်နှယ်လဲ မောင်မောင်ကြီး၊ ဒီတစ်ဆိုင်းပဲ ကျန်တော့တယ်။ ခင်ဗျားလူ လာဦးမှာလား..."

ကြီး။ ။"မေးစရာမလိုပါဘူးလေ၊ နောက်ဆုံးအဆိုင်းပြီးလို့မှ ကျွန်တော့်လူ မပေါ်လာတော့ မောင်မောင်တင့်က အနိုင်ပေါ့၊ ကျွန်တော် စကားမဖျက်ပါဘူး၊ စိတ်သာချပါ"

တင့်။ ။"ရှိပါစေဗျာ"ဆို၍ တစ်ဖက်သို့ လှည့်သွားပြန်သည်။

ဦးကြီးသည် ဘာကိုမျှော်လင့်သည်မသိ၊ ကျွန်ုပ်ကား စိတ်ပူလှချေပြီ။ စိတ်ပူရခြင်းမှာ ဦးကြီး၏ ငွေကိစ္စထက် လူငယ်ချင်း မောင်ထွန်းကျော်အတွက်ဖြစ်၏။ သက်ပြင်းထို့ လူစုသည် မောင်ထွန်းကျော်ကို ဖြားယောင်းသွေးဆောင်၍ လက်ဝှေ့ပွဲအချိန်လွန်အောင် ဝှက်ထားလျှင်ကား တော်ပါသေး၏။ ထိုကဲ့သို့ မဟုတ်ဘဲ တစ်ခါတည်း ပျောက်ဖျက်ပစ်လိုက်ကြပါမူ ကိုယ်ကျိုးနည်းချေတော့မည်။ မောင်ထွန်းကျော်ကဲ့သို့သော လူကို အရှင်ဝှက်ထားရမှာလည်း လွယ်ကူသော ကိစ္စမဟုတ်သည်ကို ကျွန်ုပ်စဉ်းစားမိသဖြင့် သာ၍ပင် စိတ်ပူမိပြန်သည်။

နောက်ဆုံးအဆိုင်း ထိုးသတ်၍ တတိယအချီပြီးခါနီးတွင်

တင့်။ ။"သုံးချီသတ်ကြမှာဆိုတော့ ဒီအချီ နောက်ဆုံးပဲ မောင်မောင်ကြီး။ ဒီတစ်ချီပြီးလို့မှ ခင်ဗျားလူမလာရင် ပေးရတော့မယ်နော်၊ ငွေ ၁၀၀၀ ကျပ် ယူလာခဲ့ရဲ့လား..."

ကြီး။ ။ "ငွေ အရေးမကြီးပါဘူး မောင်မောင်တင့်၊ ရသင့်ရင် ရလိမ့်မပေါ့..."

တင့်။ ။ "ရသင့်တာတွေ, ဘာတွေ လုပ်မနေနဲ့ဗျနော်၊ ဒီပွဲပြီးရင် ပေးရမှာဗျ..."

ကြီး။ ။"အေးလေ... အဲဒီတော့မှ ပြောပါ၊ မောင်မောင်တင့်ရယ်..."

ကျွန်ုပ်၏ ဦးကြီးမှာ ဤကဲ့သို့ ပြောရသော်လည်း ၎င်း၏ မျက်နှာမှာ



www.burmeseclassic.com

www.burmeseclassic.com



စားစားကထက် ညှိုးငယ်လာပြီဖြစ်ရာ တတိယအချီပြီး၍ ထိုးသတ်သူနှစ်ဦးကို ဒိုင်များက ခွဲခွာလိုက်သည်နှင့် တစ်ပြိုင်နက် ပွဲကြည့်ပရိသတ်များ၏ နောက်ပိုင်းဆီမှ လှုပ်လှုပ်ရွရွ ဖြစ်သွားသဖြင့် ကျွန်ုပ်တို့ လှည့်ကြည့်ကြသည်။ ဇန္နုလနှင့် မောင်ထွန်းကျော် ထိုးသတ်မည်ကို မက်ခံ၍ ကြည့်ကြသော ပရိသတ်များအနက် အချို့သည် မောင်ထွန်းကျော် ပျောက်နေသည်ဟု သတင်းသန့်သန့် ကြားသည်နှင့် ဦးကြီးကို မမေးဝံ့သဖြင့် ဦးကြီးရှိရာဘက်သို့ မကြာမကြာ လှမ်းကြည့်သူများကိုလည်း ကျွန်ုပ်မြင်ရသည်။ အုတ်အုတ်ကျက်ကျက် ဖြစ်သွားသည့်အကြားမှ "လာပြီတဲ့ဟေ့ လာပြီတဲ့"ဟု အချို့လူများက ပြောကြစဉ် ပရိသတ်များရှဲပေးသဖြင့် လူတစ်ယောက်နှင့် မိန်းမတစ်ယောက် ဝင်လာကြသည်ကို ကျွန်ုပ်တို့အံ့သြစွာ ကြည့်နေကြသည်။ ဝင်လာသူမှာ ထိုနေ့က မောင်ထွန်းကျော် ဝတ်ဖူးသည့် မဲပုဆိုးနှင့် ပိုးစစ်ပုဝါ ပေါင်းထားသော်လည်း မောင်ထွန်းကျော် မဟုတ်သဖြင့် ဦးကြီးမှာ ဝမ်းသာသော မျက်နှာထားမှ နားမလည်နိုင်သော မျက်နှာထားသို့ ပြောင်းလဲသွား၏။ ကျွန်ုပ်မှုကား ပန်းပဲ ဦးတင့်တယ်နှင့်မယား မနန်းယုတို့ ဖြစ်သည်ဟုသိ၏။ သို့ရာတွင် နားမလည်သဖြင့် အံ့အားသင့်လျက်ပင် ရှိသည်။

ဦးတင့်တယ်သည် အရာရှိဝိုင်းသို့ လှမ်းကြည့်၍ ဦးကြီးကို မြင်သည်နှင့် အနီးသို့ ချဉ်းကပ်လာ၏။

တယ်။ ။ "မနဲပြောရတယ် မောင်မောင်။ နောက်ပိတ်ဆုံး အနေနဲ့ ဒီတစ်ပွဲတော့ ခွင့်ပြုပါမယ်တဲ့"

ကြီး။ ။"ဘာပြောတာလဲ ဦးတင့်တယ်ရဲ့။ ဘယ်သူက ခွင့်ပြုတာလဲ"

တယ်။ ။"မောင်မောင် မသိသေးဘူးလား။ လူတစ်ယောက် လွှတ်ပြောလိုက်တာ မရောက်လာဘူးလား..."

ကြီး။ ။"ဟင့်အင်း... ဘယ်သူမှ မလာဘူး..."

တယ်။ ။"ဒီအကောင်က မူးပြီး ဘယ်ဆီ သဝေထိုးသွားပါလိမ့်မလဲ ဒီလိုပါ မောင်မောင်...မောင်ထွန်းကျော်အစား ကျွန်တော်မျိုးသတ်ဖို့ ဟောဒီက ရှင်မက သဘောတူပါတယ်..."

ယု။ ။"ဒီတစ်ခါ နောက်ဆုံးပဲမောင်မောင်ရေ၊ နောက်များတော့ ရွှေနိုင်းချင်း စက်ပေးတော့ ကျွန်တော်မ မသတ်စေရဘူး။ ဒီတစ်ခါတော့မှ နားပူလွန်းလို့"





ဦးကြီးတို့ စကားပြောသည်ကို နားထောင်လျက်ရှိသော မောင်မောင်တင့်က...

တင့်။ ။ "ဘယ်လိုဟာလဲ မောင်မောင်ကြီး။ မောင်ထွန်းကျော်ဆိုပြီး လူစားထိုးလို့ ဘယ်ဖြစ်မှာလဲခင်ဗျ..."

ကြီး။ ။"ဘာကြောင့် မဖြစ်ရမှာလဲ၊ ခင်ဗျားပြောတာက အသက်နှစ်ဆယ် အထက် အသက်လေးဆယ်အောက် ဘယ်သူ့ခေါ်ခဲ့, ခေါ်ခဲ့ဆို..."

တင့်။ ။ "ဒါပေမဲ့ ခင်ဗျားက မောင်ထွန်းကျော် သတ်ခိုင်းဖို့ စီစဉ်ထားတာ မဟုတ်လား... ဘယ့်နှယ်ကြောင့် လူစားထိုးရမှာလဲ..."

ကြီး။ ။"ကျွန်တော်က ခင်ဗျားကို နာမည်ပေးထားလို့လား"

တင့်။ ။"နာမည်ပေးမထားပေမယ့် မောင်ထွန်းကျော်ကို ခင်ဗျား ကျင့်ပေးနေတယ် မဟုတ်လား"

ကြီး။ ။"ဒါမဆိုင်ပါဘူးလေ... ဘယ်သူ့ကို ကျင့်ထားကျင့်ထား အသက်စည်းကမ်းကိုက်ရင် ပြီးရောပေါ့ဗျ..."

တင့်။ ။"ဟာ... ဒီလိုဘယ်ဖြစ်မလဲဗျ..."

ထိုအချိန်၌ နောက်ဆုံးအဆိုင်း တတိယအချီလည်း ပြီးဆုံးသွားပြီဖြစ်ရာ ဦးကြီးနှင့် မောင်မောင်တင့်တို့ အငြင်းအခုံဖြစ်နေကြသည်ကို ရနောင်မင်းသား ကြားသဖြင့်

နောင်၊ ။"ဘာဖြစ်ကြတာလဲ မောင်မောင်ကြီးတို့"ဟု မေးလိုက်၏။ ဤတွင် မောင်မောင်တင့်နှင့် ဦးကြီးတို့က ရနောင်မင်းသားအား တစ်လှည့်စီ ရှင်းပြကြ၏။ နောက်ဆုံး၌...

နောင် ။"ဒါကတော့ မောင်မောင်ကြီးက နည်းလမ်းကျပေတယ်။ မောင်မင်းတို့ စည်းကမ်းက အသက်ကိုသာ ကန့်သတ်တယ် မဟုတ်လား။ ဒီတော့ကာ အသက် ၂၀ အထက်, ၄၀ အောက်ဆိုရင် သူသွင်းချင်တဲ့လူ သွင်းနိုင်တာပေါ့ မောင်မောင်တင့်ရဲ့..."

မောင်မောင်တင့်သည် ရနောင်မင်းသား၏ အဆုံးအဖြတ်ဖြစ်၍ ဆင်ခြေပေးရန် မဝံ့သည်နှင့် လက်ခံလိုက်ရတော့သည်။

ပရိသတ်များသည် မောင်ထွန်းကျော် ထိုးသတ်သည်ကို မမြင်ဖူးသဖြင့် ကြည့်လိုကြသော်လည်း၊ ဦးတင့်တယ် ဗိုလ်ဆွဲစဉ်က ထိုးသတ်ခြင်းကိုမြင်ဖူးသဖြင့် အားရသူများနှင့် ကြားဖူး၍ မြင်လိုသူများသည် အလွန်များပြားရကား၊ ၎င်းအစီ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်ကို ကြားရသောအခါ ဝမ်းမြောက်စွာ လက်ခုပ်တီးကြလေသည်။ နောက်ဆုံး၌ ဦးတင့်တယ်နှင့် ဗန္ဒုလတို့ ထိုးသတ်ကြရန် ပြင်ဆင်ကြလေတော့သည်။

ကျွန်ုပ်၏ဦးကြီးသည် ဦးတင့်တယ်၏ လက်ဝှေ့အရည်အချင်းကို ကောင်းစွာ သိသော်လည်း ပွဲမဝင်ရသည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ်၍ ဟုတ်မှဟုတ်ပါ့မည်လောဟု စိုးရိမ်မိသည်။

ကြီး။ ။"မသတ်တာလဲ ကြာလှပြီ၊ ဟန်ပါ့မလား . . . ဦးတင့်တယ် . . ."

တယ်။ ။"မစိုးရိမ်ပါနဲ့မောင်မောင်၊ လက်ဝှေ့မသတ်ရပေမယ့် တူကိုင်ပြီး ထုနေရတာက ကျင့်ရသလိုပါပဲ မောင်မောင် . . ."

ဦးတင့်တယ်သည် လက်မောင်းနှစ်ဖက်ကိုကွေး၍ ကြောက်မက်ဖွယ်ကောင်းသော ကြွက်သားဘုကြီးများကို ပြသည်။

ကြီး။ ။"ဗလကတော့ ဟုတ်ပါပြီ။ လက်ဝှေ့အကျင့်ပျက်တာက ရှိသေးတာကိုး ဦးတင့်တယ်ရဲ့ . . ."

တယ်။ ။"မောင်ထွန်းကျော်ကို သင်ပေးရင်း ကျွန်တော်ရော တောင်လေးလုံးရော ကျင့်လိုက်ကြရတာ ဖတ်ဖတ်မောလို့ပါ မောင်မောင် . . . မစိုးရိမ်ပါနဲ့ . . ."

ကြီး။ ။"လက်တံတော့ ဗန္ဒုလက ကောင်းသဗျနော်"

တယ်။ ။"နပမ်းကျတော့ ကျွန်တော်မျိုးက သာပါတယ်။ အပူးခံရင် ကျွန်တော်မျိုးက ကိုင်ပေါက်နိုင်ပါတယ်။ ထန်းရေအရက်ဆိုလို့ မနန်းယွန်းရကတည်းက ဘုရားရှိခိုးထားလိုက်လို့ အမောလဲ ခံနိုင်ပါတယ် မောင်မောင်၊ စိတ်အေးအေးသာနေပါ၊ ကျွန်တော်နိုင်အောင် သတ်ပါ့မယ် . . ."

ဤတွင် ပရိသတ်များက လက်ဝှေ့ရေးပြရန် တောင်းခံကြသည်နှင့်ဗန္ဒုလနှင့် ဦးတင့်တယ်တို့သည် တစ်လှည့်စီ လက်ဝှေ့ရေးပြရသေးသည်။ ကျွန်ုပ်၏ မျက်စိ၌ မြန်မာ့လက်ဝှေ့ရေးပြခြင်းသည် အလွန်ဟန်ပါသည် ဖြစ်၍ တကယ်ထိုးသတ်ခြင်းတမျှ ကြည့်၍ကောင်းသည်ဟု ထင်မိပါသည်။

ဗန္ဒုလမှာ အသက် ၂၂ နှစ်ခန့်ရှိ၍ လက်ဝှေ့သမားလောကတွင် ရုတ်တရက် နာမည်ကြီးလာသော လူသစ်ကလေးတစ်ယောက်ဖြစ်ရာ ထိုသူသည် ထိပ်တန်းလက်ဝှေ့ကျော်ကြီးများနှင့် မထိုးသတ်ရဘူးသေးသော်လည်း ဒုတိယတန်းစားဟူသမျှကို နိုင်ခဲ့ဖူးလေပြီ။ ထိပ်တန်းလက်ဝှေ့ကျော်များမှာ အသက် ၃၀ ဝင်တန်းကျင်တွင် ရှိနေကြ၏။ ထိုသူ၏အရပ်မှာ ၄ တောင်ပြည့်ရန် လက်လေး





သစ်မျှသာ လျော့သည့်ပြင် ခြေတံလက်တံကောင်း၍ အရပ်မြင့်သလောက် ကိုယ်လုံးလည်း တုတ်ပေ၏။ ထိုအခြင်းအရာများကို ထောက်သဖြင့် မောင်မောင်တင့်က အသက် ၂၀ အထက် ၄၀ အောက်ဆိုလျှင်ထိပ်တန်းလက်ဝှေ့ကျော်များကိုပယ်ပြီး ဖြစ်သည်ဆို၍ နှစ်လေးကြောနှင့် လောင်းစားရန် ကျွန်ုပ်၏ဦးကြီးအား ချဲ့လင့်ချ်လုပ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ထိုခေတ်၌ မင်းညီ, မင်းသားနှင့် အရာရှိ အရာခံများသည် လက်ဝှေ့သမားကို လက်သပ်မွေးတတ်ကြသည်ဖြစ်ရာ ကျွန်ုပ်၏ဦးကြီးမှာ လက်ဝှေ့နှင့်ပတ်သက်၍မျက်စိစူးသော လူတစ်ယောက်ဖြစ်သည်ဆိုကာ မောင်မောင်တင့်က ချဲ့လင့်ချ် လုပ်ခြင်းလည်းဖြစ်၏။ ထို့ပြင် ကျွန်ုပ်၏ဦးကြီးနှင့် မောင်မောင်တင့်တို့မှာ အလောင်းအစား ဝါသနာပါ၍ ကစားဖော် ကစားဖက်များလည်း ဖြစ်ကြပေသည်။

ဒိုင်လူကြီးများခန့်ထား၍ ငဝ်းတို့ဆက်ထားသောလက်များ၏ တစ်ဖက်တစ်ချက်၌ ဗန္ဒုလနှင့် ဦးတင့်တယ်တို့သည် မျက်နှာချင်းဆိုင် ရပ်နေကြသောအခါ ပရိသတ်များသည် ထိုလူနှစ်ယောက်တို့၏ အလုံးအရပ်များကို နှိုင်းယှဉ်မိကြသည်။ အသက်ချင်းမှာ အနှစ် ၂၀ ခန့်ကွာ၍ သားအဖတမျှရှိနေသည်မှန်၏။ သို့ရာတွင် ဦးတင့်တယ်သည် အရွယ်ရင့်သလောက် မျက်နှာလည်းမကျ, ကိုယ်ကာယလည်း တင်းမာ တောင့်တင်းလှသည်။ ချိန်ခွင်နှင့် စက်ရလျှင် ကိုယ်အလေးချိန်တူကောင်းတူလိမ့်မည်ဖြစ်သော်လည်း ဗန္ဒုလက ဒေါင်ကောင်း၍ ဦးတင့်တယ်က ဒုကောင်း၏။ လူလုံး, လူဖန်အရဆိုသော် လူနှစ်ယောက်တို့မှာ အားရစရာချည်း ဖြစ်ကြပေသည်။

မျက်နှာချင်းဆိုင် ရပ်နေကြစဉ် ဗန္ဒုလသည် မြေကြီးကို ခြေဖနောင့်နှင့် ဆောင့်လျက် ဦးတင့်တယ်ဘက်သို့ လက်ဖဝါးဖြင့် ခုနစ်ကြိမ်တားကာ စတိလုပ်သေး၏။ ဦးတင့်တယ်ကလည်း ပါးစပ်မှ တတွတ်တွတ် ရွတ်ဆိုလျက် ရှိသည်။

□

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

ဗန္ဓုလနှင့် ဦးတင့်တယ်၏အဆိုင်းမှာ နောက်ဆုံးအဆိုင်းဖြစ်သော်လည်း ပရိသတ် အစည်ကားဆုံးဖြစ်၏။ အကြောင်းမူကား ငွေကြေးအမြောက်အမြား လောင်းစားထားသော အဆိုင်းဖြစ်သည်ဟု သိကြသည့်ပြင် ဗန္ဓုလမှာ လိပ်ဆန်ခွဲ ရှာသားဖြစ်၍ ရတနဂူပွဲနှင့်နီးသဖြင့် ဗန္ဓုလကိုအားပေးရန် တစ်ရွာလုံးလာရောက် ကြခြင်းကြောင့် ဖြစ်လေသည်။ စောစောမှ ထိုးသတ်ခဲ့သောပွဲများကို ကြည့်ရှုသော ပရိသတ်များသည် တစ်ဆိုင်းနှစ်ဆိုင်းကြည့်ပြီးနောက် နတ်စင်သို့သွားကြ၍ ဗန္ဓုလတို့အဆိုင်းသတ်ခါမှ ပြန်လာကြသည်နှင့် ပရိသတ်မှာ ရုတ်တရက်များ လာ၏။ နောက်ပိတ်ဆုံးမှ သတ်မည်ဆို၍ လိပ်ဆန်ခွဲရွာမှ ဤအဆိုင်းတွင် ရောက်လာကြသူများလည်း ရှိကြပေသည်။

ရနှောင်မင်းသားသည် ဗန္ဓုလနှင့် ဦးတင့်တယ်တို့ လက်ဖွေ့ရေးပြကြ သည်ကို ရှုကြည့်ပြီးနောက် ဗန္ဓုလ၏ သွက်လက်ခြင်းကို သဘောကျသည်ဆို၍ ဗန္ဓုလဘက်မှ မင်းညီမင်းသားများနှင့် အလောင်းအစားပြုသည်ဟူ၍ပင် ကြားသိ ရသည်။ ဗန္ဓုလဘက်မှ ရနှောင်မင်းသား လောင်းထားသည်ဆို၍ ကျွန်ုပ်၏ဦးကြီးမှာ အနည်းငယ် အားလျော့ဟန်တူသော်လည်း လက်ဖွေ့ပညာနှင့် ပတ်သက်၍မူ ဦးတင့်တယ်ကို သဘောကျလျက်ပင် ရှိလေသည်။

ဗန္ဓုလနှင့် ဦးတင့်တယ်တို့ ထိုးသတ်ကြသော စည်းကမ်းမှာလည် သွေးထွက်၍ ကွဲရုံနှင့်မပြီး "ကြောက်ပါပြီ" ဟု အရှုံးမပေးမချင်း (အချိန်ပေါင်းမည် မျှသည်ဖြစ်စေ) ထိုးသတ်ကြရန် ဖြစ်လေသည်။

ဒိုင်လူကြီးနှစ်ယောက်တို့သည် ဆက်ထားသော လက်များကို ဖြုတ်လိုက် သည်နှင့်တစ်ပြိုင်နက်၊ ဗန္ဓုလသည် ဦးတင့်တယ်ကို အကဲစမ်းလိုသော သဘောနှင့်





ရစ်ပတ်ကာချောက်လှန့်နေ၏။ ဦးတင့်တယ်ကမူ ရှေ့သို့လည်းမတက်၊ နောက်သို့ လည်းမဆုတ်၊ ထိုနေရာတွင် ငုတ်ရိုက်၍ စိုက်ထားသော စကြာရဟတ်ကဲ့သို့ ဗန္ဓုလရှိရာဘက်သို့ မျက်နှာမူကာ လှည့်လေသည်။

ဗန္ဓုလသည် ဦးတင့်တယ်ကို ဘယ်လက်သီး၊ ညာလက်သီးများဖြင့် တို့ကဆိတ်၊ တို့ကနန်း အကဲစမ်းနေရာမှ နောက်သို့ ခြေတစ်လှမ်း နှစ်လှမ်းဆုတ် ကာ ဦးတင့်တယ်လိုက်လာအောင် သွေးဆောင်၏။ သို့ရာတွင် ဦးတင့်တယ်က ဦးခေါင်းရမ်းကာ သွားဖြဲ၍ပြလေသည်။ ဆိုလိုရင်းမှာ "ငါကကြီးပြီ၊ မင်းနောက်သို့ မလိုက်နိုင်၊ ငါ့ဆီကို မင်းလာ၍ ထိုးလေတော့" ဟု ပြောလိုဟန်တူလေသည်။

ဦးတင့်တယ်က ထိုကဲ့သို့ခေါ်ယူခြင်းကို လက်ခံသည့်လက္ခဏာနှင့် ဦးတင့်တယ် ဦးခေါင်းရမ်း၍မှ မပြီးသေးမီ ဗန္ဓုလသည် ကြွက်ကို ခုန်၍အုပ်သော ကြောင်၏ လျင်မြန်ပေါ့ပါးခြင်းဖြင့် ဖျပ်ကနဲခုန်ဝင်လိုက်ရာ "ဖျတ်ဖျတ်—ဖျတ်ဖျတ်" မြည်သောအသံနှင့် "အုန်းအုန်း" မြည်သော အသံများကို ကြားလိုက်ရသည်။ "ဖျတ် ဖျတ် ဖျတ် ဖျတ်" မြည်သော အသံလေးချက်မှာ ဗန္ဓုလ၏ လက်သီး ချက်များဖြစ်၍ "အုန်း အုန်း" မြည်သော အသံနှစ်ချက်မှာ ဦးတင့်တယ်၏ လက်သီးချက်များဖြစ်၏။ ဗန္ဓုလက လက်သီးနှစ်ချက် လွှတ်နိုင်တိုင်း ဦးတင့်တယ် က တစ်ချက်မျှသာလွှတ်နိုင်သော်လည်း ထွက်ပေါ်လာသော အသံကိုထောက်ခြင်း အားဖြင့် ဦးတင့်တယ်၏ လက်သီးက ပို၍ပြင်းသည်ဟု သိနိုင်ပေသည်။ ဗန္ဓုလ၏ လက်သီးချက်များအနက် တစ်ချက်နှစ်ချက်သည် ဦးတင့်တယ်၏ မျက်နှာသို့ပွတ်သပ်ကာ ထိသွားဟန်တူသဖြင့်၊ ဦးတင့်တယ်၏ ပါးတစ်ခြမ်းမှာ နီလာ၏။ ဦးတင့်တယ်၏လက်သီးနှစ်ချက်မှာလည်း ဗန္ဓုလ၏နံနှစ်ဖက်တို့ အမှတ်အသားပေးခဲ့လေသည်။ ဗန္ဓုလသည် ထိုကဲ့သို့ ပွးဝင်ထိုးသတ်ရာမှ နောက်သို့ လျင်မြန်စွာ ပြန်ဆုတ်လိုက်ရာတွင် လျှာထုတ်၍ပြရာ ဦးတင့်တယ်ကမူ သွားဖြဲလျက်သာ ကြည့်နေသည်။ ကျွန်ုပ်တို့ ကြည့်နေဆဲတွင် ဦးတင့်တယ်၏ ပါးတစ်ဖက်သည် နီသထက်နီလာ၍ သွေးအနည်းငယ် စိမ့်ထွက်လာသည်တွင် လိပ်ဆန်ခွဲရွာသားပိုင်းမှ "ကွဲပြီဟ…ကွဲပြီဟ…" ဟု အော်ကြ၏။ ဦးတင့်တယ် သည် ပါးပြင်ကို လက်ဖဝါးဖြင့် ပွတ်လိုက်ရာ သွေးစများလည်းပျောက်သွား တော့သည်။ နောက်တစ်ခဏ၌ ဗန္ဓုလသည် ဖျပ်ခနဲဝင်ပြန်၍ နီနေသောပါးဆီသို့ လက်သီးတစ်လုံး လွှတ်ပြန်သော်လည်း ဦးတင့်တယ်က မျက်နှာမိုင်ရုံမျှ ငုံ့ဆေး လိုက်သဖြင့် ဗန္ဓုလ၏လက်သီးသည် ဦးတင့်တယ်၏ပခုံးပေါ်သို့ ကျော်သွားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်တွင် ဗန္ဓုလသည် ဦးတင့်တယ်၏လက်သီးမှိုနိုင်သော နယ်နိမိတ်အတွင်း၌ ရှိနေသည်ဖြစ်၍ ဦးတင့်တယ်က ပါးချိတ်သို့ ကော်သတ်လိုက်ခြင်းနှင့် ဗန္ဓုလက နောက်သို့ခုန်၍ ဆုတ်လိုက်ခြင်းတို့မှာ တစ်ပြိုင်နက်တည်း ရှိနေသောကြောင့် လက်သီးချက်သည် လုလုကြီးမမိချေ။ သို့ရာတွင် ဗန္ဓုလခုန်၍ ဆုတ်လိုက်သောအားကို ဦးတင့်တယ်၏ လက်သီးက ဖြည့်စွက်မြှင့်တင်ပေးလိုက်သောကြောင့် ဗန္ဓုလမှာမြေကြီးပေါ်သို့ ခြေထောက်နှင့် ပြန်ကျပြီးမှ အရှိန်မသတ်နိုင်သည်နှင့် ပက်လက် လန်လဲသွားလေတော့သည်။ ဤတွင် အမရပူရ ကြေးသွန်းရပ်ကွက်သားများက "ဦးတင့်တယ်ကြီးကွ"ဟု အော်ကြရာ၊ လိပ်ဆန်ခွဲရွာသားများကလည်း "ဗန္ဓုလကွ" ဟု အပြိုင်အဆိုင် အော်ကြလေသည်။

ဒိုင်လူကြီးများကလည်း ဗန္ဓုလကို ထူပေး၍ ပထမအချီ ပြီးသွားလေသည်။

အနားယူသောအချိန်တွင် ဦးတင့်တယ် တံတွေးထွေးသောအခါ၌ သွေးများပါလာရာ ဦးတင့်တယ်သည် ပါးစပ်ကိုဟ၍ ရွေ့သွားတစ်ချောင်းကို လက်ဖြင့်ဆွဲနုတ်ပစ်လိုက်သည်။ ကျွန်ုပ်မှာ ဦးတင့်တယ်၏ အနာခံနိုင်သောသတ္တိကိုစိတ်ထဲ၌ ချီးကျူးမိစဉ် လိပ်ဆန်ခွဲရွာသားများကမူကား ဝမ်းသာသောအမူအရာနှင့် လက်ခုပ်လက်ဝါးတီးကြလေတော့သည်။ ထိုအခါတွင် ကျွန်ုပ်မှာ လူတစ်ယောက်၏ခံနိုင်ရည်ကို ချီးမွမ်းဖို့ သတိမရဘဲ ကိုယ့်လူကနာအောင် ထိုးနိုင်ခြင်းကို ဝမ်းသာသည့် လက်ဝှေ့ပရိသတ်၏ စိတ်သဘောထားကို သိရသဖြင့်၊ လက်ဝှေ့ထိုးသတ်သော အစဉ်အလာတစ်ခုလုံးကို စက်ဆုပ်မိပါတော့သည်။

ဓောင်လေးလုံးက ဦးတင့်တယ်အား "ခင်ဗျား လက်သီးထက် သူ့လက်သီးက မိတ်အာများသဗျနော်..."ဟု သတိပေးသောအခါ ဦးတင့်တယ်က "ဟုတ်မှာပေါ့လေ၊ ကျုပ်က ခံနိုင်ရည်လဲ ပိုပါတယ်ဗျ၊ ဆုံးအောင်လဲကြည့်ပါအုံး"ဟု ပြန်ပြောလေသည်။

ကျွန်ုပ်ပတ်ဝန်းကျင်၌ရှိသော လက်ဝှေ့ဝါရင့်ကြီးများ၏ ထင်မြင်ချက်အရမှာလည်း ဗန္ဓုလက အရေးသာသည်ဟု ယူဆကြလေသည်။

လက်ဝှေ့သမားကြီးတစ်ယောက်က "တစ်ချက်နဲ့နှစ်ချက်ဖြစ်နေပြီကော" ဟု ဦးကြီးအားပြောရာ ဦးကြီးက "လက်သီးပြင်းရာမှာလဲ တစ်ချက်နဲ့နှစ်ချက်လောက် တာသွားတာပဲ"ဟု ပြန်ပြောလေသည်။

ဒုတိယအချီ၌ ဗန္ဓုလသည် ဦးတင့်တယ်ကို လှည့်ပတ်ကာ လှန့်ပေးပြီးနောက် ဒူးပစ်၍ဝင်လိုက်ရာ ဦးတင့်တယ်က ကိုယ်ကိုရှိ့ကာ တိမ်းလိုက်သဖြင့်





ဗန္ဓုလ ကျော်လွန်သွားသည်တွင် ဝိုက်လက်သီးတစ်လုံးသည် နားသယ်သို့ ထိသွားသဖြင့် ဗန္ဓုလမှာ ချာလပတ်လည်သွားသည်။ ဦးတင့်တယ်၏ နှုတ်ခမ်းမှာလည်း ဗန္ဓုလ၏လက်သီးပွတ်သွားသဖြင့် ဦးတင့်တယ်မှာ ဂဠုန်ဖြစ်လာခဲ့လေသည်။ ဦးတင့်တယ်သည် ဖူးရောင်သောနှုတ်ခမ်းကို လက်ဖဝါးဖြင့် ဖိနှိပ်ပေးနေသည့်အတွက် အလုပ်များနေ၏။ ဤကိစ္စပြီး၍ စိတ်မာန်နှင့် ဒူးတစ်လုံးအသွင်းလိုက်တွင် ဗန္ဓုလကလည်း ချာလပတ်လည်ရာမှ အရှိန်သတ်ပြီး ဒူးတစ်လုံးသွင်းလိုက်ခြင်းနှင့် လေထဲတွင် ဒူးချင်းဆိုင်မိကြသည်မှာ ကြက်ခွပ်သကဲ့သို့ ရှိပါသေသည်။ ထိုကဲ့သို့ နှစ်ယောက်လုံး မြေကြီးနှင့်ခြေထောက်မထိဘဲ ကောင်းကင်သို့ မြောက်တက်နေစဉ် လက်သီးချင်း ထိုးကြသည်မှာလည်း အတက်ချင်းရိုက်သောကြက်ဖများကဲ့သို့ တဖတ်ဖတ်ရှိပေတော့သည်။ လေထဲ၌ ထိုးကြသော လက်သီးများဖြစ်၍ မပြင်းလှသော်လည်း တိမ်းရှောင်ခွင့် မရသောကြောင့် နှစ်ယောက်လုံး၏ မျက်နှာတွင် လက်သီးရာထင်လျက်ပါလာ၏။ ဗန္ဓုလ၏ နဖူးသည် ဖူးရောင်၍ ဦးတင့်၏ မျက်စမှာလည်း ညိုမဲ့သွားလေသည်။ သို့ရာတွင် အသဲကောင်းသော လူများဖြစ်၍ ပမာဏပြုကြဟန်မတူချေ။

တတိယအချီ၌ ဗန္ဓုလသည် ဦးတင့်တယ်၏ နေးကွေးခြင်းကို မြင်၍ ခပ်ကြမ်းကြမ်းဝင်ထိုး၏။ အချို့သော လက်ဝှေ့သမားများသည် တစ်ဖက်က အလကြမ်းဝင်ခြင်းကို ခြေထောက်ဖြင့် တားဆီးတတ်ကြ၏။ ဦးတင့်တယ်ကမူ ဝင်စမ်းပါစေဆိုသောသဘောနှင့် ခြေထောက်ဖြင့် အကာအကွယ်မယူဘဲ လက်သီးကို လက်သီးဖြင့်သာ ဆိုင်လေသည်။ တစ်ခါက လေထဲ၌လက်သီးနှစ်လုံးဆိုင်မိကြရာ ဖြောက်ဖောက်လိုက်လေသလောဟု ထင်လိုက်ရသည်။ ကျွန်ုပ်မှာ မျက်စိမရှင်သဖြင့် ထိတိုင်းမိတိုင်း ချက်ခြင်းမသိဘဲ၊ အနီး၌ရှိသော ဝါရင့်ကြီးများ ပြောစကားနှင့် ဒဏ်ရာကို မြင်သောအခါမှ သိရပေတော့သည်။

ဤသို့ဖြင့် တစ်ချီပြီးတစ်ချီ ထိုးသတ်ကြရာ ပဉ္စမအချီအပြီးတွင် ဗန္ဓုလက အရေးသာသည်ဟု ဝါရင့်ကြီးများပြောကြ၏။ နှစ်ယောက်လုံး၏ မျက်နှာမှာ လက်သီးရာများကြောင့် ဖူးရောင်လျက်ရှိသော်လည်း ဦးတင့်တယ်မှာ သွားတစ်ချောင်းကျိုးရခြင်းနှင့် နှုတ်ခမ်းများ ဖူးရောင်ခြင်းကြောင့် သာ၍ဆိုး၏။ အမှန်ကိုဆိုရလျှင် ကျွန်ုပ်မှာ အမျိုးမျိုးသော အကြောင်းတို့ကြောင့်...ဦးတင့်တယ်ဘက်မှ မေတ္တာထားသူဖြစ်၍ လိပ်ဆန်ခွဲရွာသားများက အားပေးသံကြားရတိုင်း ထိုလူအားလုံးကို စိတ်ထဲ၌ "ဂျိုလုပ်လျက်" ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏ဦးကြီးက တစ်ချီပြီးသောအခါတိုင်း "ဘယ့်နှယ်လဲဗျ ဦးတင့်တယ်" ဟု မေးလေ့ရှိရာ ဦးတင့်တယ်က "စိတ်ချပါ မောင်မောင်၊ အခုမှ သွေးပူလို့ သတ်ကောင်းတုန်း ရှိပါသေးတယ်။ ကြောက်ပါပြီလို့များ ဆိုလိမ့်မယ် မထင်နဲ့၊ စည်းဝိုင်းထဲတွင် ပွဲချင်းပြီး သေသွားပါစေ"ဟု ပြန်ပြောလေသည်။

စင်မြင့်ပေါ်သို့ ကြည့်လိုက်သောအခါ ရနောင်မင်းသားသည် တပြုံးပြုံး ရှိနေ၍ ၎င်းနှင့်ဖက်ပြိုင် လောင်းစားမိသော မင်းညီမင်းသားများကား မျက်နှာ ပုပ်လျက်ရှိကြလေသည်။

ဆဋ္ဌမအချီ ထိုးသတ်ရန် မျက်နှာချင်းဆိုင်ကြသောအခါ၌၊ ဦးတင့်တယ်၏ မျက်နှာမှာ အညိုအမဲရှိနေသော်လည်း ဗန္ဓုလမှာ အကျယ်ကို ထိုးခြင်းခံရသောကြောင့် မျက်နှာပန်းလှသော်လည်း နွမ်းနယ်ဟန် ရှိသည်ဟု ကျွန်ုပ်ထင်မိ၏။ မည်သို့ပင်ဖြစ်စေ ဤအချီတွင် ဗန္ဓုလသည် ဦးတင့်တယ်ကို ရစ်ပတ်ကာ ချောက်လှန့်နိုင်အောင် ခြေမသွက်တော့ဘဲ ခပ်ကုန်းကုန်း ရှိနေသည်ထင်၏။ ဗန္ဓုလ၏ အရိုက်နှင့် နံဘေးများမှာလည်း နီရဲရာမှ အညိုရောင်သန်းလာခဲ့လေပြီ။ ဤတစ်ချီတွင် လူနှစ်ယောက်လုံးသည် ခွန်အားကုန်စေသော ဒူးပျံတိုက်ခြင်းကို မသုံးတော့ဘဲ လက်သီးချင်းသာဆိုင်တော့သည်။ လူနှစ်ယောက်တို့သည် ခြေထိပ်ချင်း ဆိုင်လျက် အရှောင်အတိမ်းမရှိဘဲ သူနာကိုယ်နာ ထိုးကြသဖြင့် ဝိုက်လက်သီးများ တဝိုးဝိုးလွှတ်ရာမှ နီးကပ်သည်ထက် နီးကပ်သွား၍ ပူးလုံးမိကြသည်တွင် ဦးတင့်တယ်သည် ဘယ်လိုလုပ်လိုက်သည်မသိ ဗန္ဓုလမှာ မြေကြီးပေါ်သို့ ကားခနဲကျသွားလေတော့သည်။ ထလာသည်နှင့် တစ်ပြိုင်နက် ထိုးမည်ဟု ဦးတင့်တယ်က လက်သီးချိန်လျက်စောင့်နေစဉ် ဗန္ဓုလမှာ ရုတ်တရက် မထနိုင်ဘဲ နံဘေးကိုနှိပ်၍ နေတော့သည်။ ဤတွင် ဒိုင်များက ဗန္ဓုလကို ထူမပွေ့ကာ ဖြန်ဖြေလိုက်သဖြင့် တစ်ချီပြီးသွားလေသည်။

ဤတစ်ချီတွင်မူကား လိပ်ဆန်ခွံရွာသားများ ငြိမ်သွားကြ၍ ရနောင်မင်းသားမှာလည်း ဣန္ဒြေကြီးသောမျက်နှာနှင့် ဖက်ဖြူလိပ်ကြီးကို ဖွာလျက်ရှိသည်။

သတ္တမအချီ မျက်နှာချင်းဆိုင်ကြသောအခါ ဗန္ဓုလသည် တစ်ဖက်သို့ ခပ်စောင်းစောင်းဖြစ်နေသည်ဟု ကျွန်ုပ်ထင်မိ၏။ ဤအချိန်၌မူ ဦးတင့်တယ်က လိုက်၍ထိုးရာ ဗန္ဓုလမှာ ဆုတ်ခံခံလျက်ရှိလေသည်။ ထိုအချိန်မှာ နေဝင်မည် ဆဲဆဲရှိနေသဖြင့် ထူထပ်သော ပရိသတ်ကြီး ဝိုင်းထားသည့် စည်းဝိုင်းထဲတွင် အလင်းရောင် ယုတ်လျော့လျက် ရှိလေပြီ။ ဤတွင် လိပ်ဆန်ခွံရွာသားများက...





"ကောင်းကောင်း မမြင်ရဘူး... သရေပွဲလုပ်ပါတော့"ဘာတော့, ညာတော့ သည်ဖြင့် ဆူညံစပြုလာ၏။ ဦးတင့်တယ်သည် ဘေးတစ်ဖက်သို့ စောင်းနေသော ဗန္ဓုလကို အတင်းလိုက်၍ထိုးနေစဉ်၊ လိပ်ဆန်ခွံရွာသားများသည် လက်ဓား စည်းဝိုင်းထဲသို့ အတင်းဝင်လာ၍ "မမြင်ရဘူး။ ကြည့်မကောင်းဘူး၊ သရေပွဲလုပ်ပါတော့" အစရှိသည်ဖြင့် ဆူညံစွာဟစ်အော်ကြသည်။ ကျွန်ုပ်၏ဦးကြီးက ရနောင်မင်းသားဘက်သို့ လှည့်လျက် "ကိုယ်တော်ကြီးဘုရား၊ ဗန္ဓုလ မသတ်နိုင်တော့ပါဘူး၊ အရှုံးပေးထိုက်ပါတယ်"ဟု ပြော၏။ ရနောင်မင်းသားကမူ အရှုံးပေးတာမှ ဟုတ်ဘဲ၊ သတ်နေတုန်းပေပဲ မောင်မောင်ကြီးရဲ့။ မှောင်လဲမှောင်ပါပြီ၊ကောင်းကောင်းလဲ မမြင်ရပါဘူး။ သရေပွဲထားလိုက်ကြပါစို့"ဟု ပြန်ပြောလေသည်။

ဤတွင် "သရေပွဲတဲ့ဟေ့...သရေပွဲတဲ့"ဟုဆိုကာ ပရိသတ်များသည် ရုံပြင်သို့ ထွက်လာကြလေရာ ကျွန်ုပ်၏ဦးကြီးမှာ ရနောင်မင်းသားကိုယ်တိုင် အစ်ပတ်သည်ဟု ညည်းတွားရေရွတ်လျက် နိုင်လောက်သင့်သော အသပြာ ၂၀၀၀ ကျပ်ကို လက်လွှတ်ခံလိုက်ရလေတော့သည်။

ဦးတင့်တယ်၏မယား မနန်းယုသည် ဦးတင့်တယ်၏ ကိုယ်မှ စီးကျသော ချွေးများကို တဘက်တစ်ထည်ဖြင့် သုတ်ပေးရင်း "ဒီတစ်ခါ နောက်ဆုံးဆိုမှ နောက်ဆုံးတော်ရေ့နော်...၊ နောက်များဆိုရင် သီပေါဘုရင်ကိုယ်တိုင်က လက်ဆွဲသတ်ဖို့ လာခေါ်တောင် ကျုပ်မထည့်နိုင်ဘူး"ဟု ရေရွတ်ပြောဆိုလျက် ရှိလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ကျွန်ုပ်တို့သည် လက်ဖွေ့ပွဲမှ ပြန်လာ၍ မိခင်၏နေအိမ်သို့ ရောက်[illegible]သောအခါ၊ သူငယ်ကလေးတစ်ယောက်သည် စာတစ်စောင်ကို ဦးကြီးလက်ထဲ[illegible] ထည့်လာ၏။ ဦးကြီးသည် မျက်ခုံးချိုးလျက် စာကိုဖတ်ပြီးနောက် "ဘယ်[illegible] အဓိပ္ပာယ်လဲကွယ့် မောင်တောက်ထွန်း"ဟုဆိုကာ ကျွန်ုပ်အားပြသဖြင့် ကျွန်ုပ်သ[illegible] အောက်ပါအတိုင်း ဖတ်ရှုရလေသည်။

ကွမ်းရေတော် မောင်မောင်ကြီးခင်ဗျား...

စာပေးလာသော သူငယ်နှင့်အတူ လိုက်ခဲ့စေလိုပါသည်။ ဦးမင်း[illegible] ပတ်သက်သည့် အရေးကြီးသောသတင်းတစ်ခု ကြားရပါလိမ့်မည်[illegible] ကျွန်တော့်ကို မောင်ထွန်းကျော်ဟူ၍သာ ဦးမင်းသိခဲ့သော်လည်း ကျွန်တော[illegible] နှင့်တွေ့သောအခါ ကျွန်တော့်အကြောင်းကို အလုံးစုံသိရပါလိမ့်မည်[illegible]

မောင်ထွန်းကျော်အမည်ခံသူ...

ကြီး။ ။"ဘယ့်နှယ်လဲကွယ့် မောင်တောက်ထွန်း၊ မင်းလူ[illegible] ဘာရေးတာလဲ..."

နုပ်။ ။"ကျွန်တော်လဲ နားမလည်ဘူးဦးကြီးရဲ့"

ကြီး။ ။(သူငယ်ဘက်လှည့်၍) "ဟေ့ သူငယ် မင်းကို ဘယ်သူ[illegible] ဒီစာ ပေးခိုင်းတာလဲ..."

ငယ်။ ။"ကိုထွန်းကျော်က ခင်ဗျ..."

ကြီး။ ။"သူကော ခုဘယ်မှာလဲ..."

ငယ်။ ။"ရွှေကြက်ယက်မှာ ခင်ဗျ..."





ကြီး။ ။"ဟော...မင်းလူက ခုလှပါကလားကွယ့် မောင်တောက်ထွန်းရဲ့၊ ဒါ့ကိုများ သူက စာရေးခေါ်နေပြီကောလား..."

နုပ်။ ။"ဦးကြီးတို့ ကျွန်တော်တို့ နားမလည်တဲ့အကြောင်းခြင်းရာတစ်ခု ရှိပါလိမ့်မည် ဦးကြီးခင်ဗျား..."

ကြီး။ ။"ဒါတော့ ငါလဲစဉ်းစားမိပါတယ်၊ ဟေ့...သူငယ် မင်းဘာနဲ့ လာသလဲ..."

ငယ်။ ။"ကျွန်တော်လှည်းနဲ့လာတယ်ခင်ဗျ"

ကြီး။ ။"ငါတို့လဲ မင်းလှည်းနဲ့ လိုက်ခဲ့ရမယ်ပေါ့လေ"

ငယ်။ ။"ကိုထွန်းကျော်က ဒီလိုပဲ မှာလိုက်တယ်၊ ခင်ဗျ"

ကြီး။ ။"ဆန်းဆန်းကြယ်ကြယ် ရှိပါပေကွယ့်၊ ဘယ့်နှယ်လဲဟေ့ မောင်တောက်ထွန်း"

နုပ်။ ။"မောင်ထွန်းကျော်ကို ကျွန်တော် သိပါတယ်။ အကြောင်းထူး ရှိတဲ့နဲ့တော့ ဦးကြီးလိုပုဂ္ဂိုလ်ကို ဒီလို စာနဲ့ ရေးပြီးခေါ်မယ်မထင်ပါဘူး ခင်ဗျား"

ကြီး။ ။တော်တော်ဆန်းသကွာ၊ ကိုင်း ဦးတင့်တယ်နဲ့ မနန်းယုကို သွားခေါ်စမ်းချေကွယ်"

ကျွန်ုပ်သည် ပန်းပဲဖိုသို့ကူးသွား၍ ဦးတင့်တယ် လင်မယားကို ခေါ်လာခဲ့၏။ ဦးကြီးစာကိုဖတ်ပြ၍ ဦးတင့်တယ် လင်မယားအား စုံစမ်းမေးမြန်းရာတွင် ၎င်းတို့လင်မယားသည် မောင်ထွန်းကျော်အကြောင်းကို ကျွန်ုပ်တို့သိသည်ထက် ပို၍ သိဟန်တူသော်လည်း ပြောပြလိုဟန်မတူကြချေ။ သို့ဖြစ်၍...

ယု။ ။"ကျွန်တော်မ,တို့တို မေးနေလို့အပိုပါပဲ မောင်မောင် မောင်ထွန်းကျော်ကခေါ်တဲ့ ကိစ္စမှာ သူ့သွားပြီး တွေ့လိုက်ရင် အလုံးစုံသိရမှာပေါ့ မောင်မောင်"

နောက်ဆုံး၌ ဦးကြီးသည် ဤလင်မယားကို စစ်ဆေးသော်လည်း မပြောသိုကြသည့်အဖြစ်ကို ရိပ်မိသည်နှင့် ကျွန်ုပ်ကိုခေါ်၍ ထိုသူငယ်နှင့်အတူ လှည်းနှင့်ထွက်လာခဲ့ကြလေသည်။ ခရီးတစ်ဝက်ခန့် ရောက်ကြသောအခါ ကျွန်ုပ်တို့နောက်မှ လှည်းတစ်စီး လိုက်လာသည်ကိုမြင်ရ၍ လှည်းပေါ်တွင် ထီးတော်မိုး မောင်မောင်တင့် ပါလာသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကြီး။ ။"မောင်မောင်တင့်ကိုလဲ ခေါ်ဟန်တူသပေါ့၊ မင်းသူငယ်ချင်းက မင်းမှုထမ်းနှစ်ယောက်ကိုခေါ်ပြီး ဘာများလုပ်ဦးမလို့ပါလိမ့်ကွယ်။ ဆန်းကြယ် တကော့ ဆန်းကြယ်တဲ့အထဲမှာ ဒီတစ်ခါ အဆန်းကြယ်ဆုံး တွေ့ရတာပဲပေ ငါဖြင့် ကြုံပဲမကြုံဖူးပေါင်ကွယ်"

ရင်းနောက် ဦးကြီးသည် မောင်မောင်တင့်၏လှည်း မှီလာသည်ကို မလှ လားသည့် လက္ခဏာနှင့် သူငယ်အား နွားများကိုတို့၍ ခပ်သုတ်သုတ်မောင်းစေရာ မောင်မောင်တင့်သည်လည်း ကျွန်ုပ်တို့၏လှည်းကို မမှီလိုသည့်လက္ခဏာနှင့် ခပ်ဆိုင်းဆိုင်းပင် ချန်နေရစ်သည်။

ရွှေကြက်ယက်ဘုရားအနီးရှိ ရင်းတော်မလေး၏ နေအိမ်သို့ရောက်ကြသော အခါ မောင်ထွန်းကျော်သည် ဝင်ပေါက်မှ ကျွန်ုပ်တို့ကို စောင့်မျှော်လျက်ရှိ၏။ ကျွန်ုပ်သည် မောင်ထွန်းကျော်ကို လှည်းပေါ်မှ တစ်ချက်တည်း လှမ်းကြည့်လိုက် မှုနှင့်ပင် ၎င်း၏ပြောင်းလဲသော ကိုယ်ဟန်အမူအရာကို သတိပြုမိ၏။ အဝတ်အစား များ ပြောင်းလဲဝတ်ဆင်ထားသောကြောင့်ကား မဟုတ်ချေ။ မောင်ထွန်းကျော်မှာ ထွားကျိုင်းသော ကိုယ်လုံးကိုယ်ပေါက်ကြောင့် အခါခပ်သိမ်းခံ့ညားသော ဥပဓိရုပ် ရှိသည် မှန်သော်လည်း ယခုအခါ၌မူ ရင့်ကျက်သော ဣန္ဒြေနှင့် ရိုသေလေးစား လောက်သော ကိုယ်ဟန်အမူအရာရှိသည်ဟု ကျွန်ုပ် ထင်၏။ ၎င်း၏ဦးခေါင်းသည် ရှေးကထက် ပို၍မော့လာသည်ဟူ၍လည်း ကျွန်ုပ်ထင်မိသည်။ မိန်းမတစ် ယောက်သည် မောင်ထွန်းကျော်၏ပခုံးပေါ်သို့ လက်တင်ကာ ရပ်လျက်ရှိရာ ထိုမိန်းမမှာ ရင်းတော်မလေးပင် ဖြစ်သည်ဟု ကျွန်ုပ်သိရသော်လည်း ရုပ်လက္ခဏာ မှာ အကြီးအကျယ် ပြောင်းလဲလျက် ရှိလေသည်။

ကျွန်ုပ်တို့သည် လှည်းပေါ်မှဆင်း၍ ဝင်းထဲသို့ ဝင်သွားကြသောအခါ ရင်းတော်မလေးက ဦးကြီးအား "ကျွန်မကို မမှတ်မိဘူးလား၊ မောင်မောင်"ဟု မေးလိုက်သဖြင့် ဦးကြီးလည်း အတန်ကြာ စိုက်ကြည့်ပါလျက် နာမည်မဖော်နိုင် အောင် ဖြစ်နေ၏။

ရင်း။ ။"ရင်းတော်မလေး... လေ..."

ကြီး။ ။"သြော်...ဟုတ်ပေသားပဲ၊ ဒါကြောင့် ကျွန်တော်က မြင်ဖူးသလို ရှိပါတယ်လို့ အောက်မေ့သားပဲ...၊ ဖြစ်မှဖြစ်ရလေခင်ဗျားသြော်...နားလည်ပြီ မနေ့က မောင်ထွန်းကျော်ကို ခေါ်သွားတယ်ဆိုတာ ခင်ဗျားပေါ့"

ရင်း။ ။"ဟုတ်တာပေါ့ မောင်မောင်..."





ကြီး။ ။"လုပ်မှလုပ်ပလေဗျာ ကျွန်တော်တို့မှာ"

ရင်း။ ။"ကိုယ့်သားမို့လို့ခေါ်တာ မခေါ်ရဘူးလား၊ မောင်မောင်ရဲ့"

ဤတွင် ဦးကြီးသည် ရင်းတော်မလေးအား အံ့သြသောမျက်နှာထားနှင့် ငေးကြည့်နေရာ၊ ကျွန်ုပ်၏အံ့သြခြင်းမှာ ဦးကြီး၏အံ့သြခြင်းထက်ပင် အဆများစွာ ပိုပေလိမ့်မည်။

ရင်း။ ။"ဟုတ်တယ်...မောင်မောင်ရဲ့၊ ဒီဟာက ကျွန်တော်မသားပါ"ဟု ပြော၍ မောင်ထွန်းကျော်၏ ပခုံးပေါ်တွင် လက်တင်လျက် အတူယှဉ်ကာ ရပ်လိုက်သည်တွင် ရင်းတော်မလေးနှင့် မောင်ထွန်းကျော်တို့မှာ မျက်ခုံးမျက်လုံးနှင့် နဖူးချင်းတူလှသောကြောင့် ကျွန်ုပ်မှာ ဤအကြောင်းကို ယခင်ကတည်းက မရိပ်မိခဲ့လေခြင်းဟု အံ့သြမိပါသေးသည်။ ရင်းတော်မလေးမှာလည်း ထန်းရေခါး မှန်မှန်သောက်သည့် ယစ်ထုပ်မကြီးတစ်ယောက် မဟုတ်တော့ဘဲ မောင်ထွန်း ကျော်၏ တောင်းပန်တိုက်တွန်းမှုကြောင့် ထန်းရေကို ဖြတ်လိုက်၍ ၎င်း၏ရုပ်ရည် မှာလည်း ယေမှုပေါ်လျက် မိန်းမချောကြီးတစ်ယောက် ဖြစ်နေခဲ့လေပြီ။

(ရင်းတော်မလေးကို ကျွန်ုပ်နှင့် မောင်ထွန်းကျော်တို့ ရှေးဦးစွာမြင်ဖူးသော အချိန်မှသည် ယခုအချိန်သို့တိုင်အောင် ၃ နှစ်ခန့်ကြာခဲ့လေပြီ။ ဤအတောအတွင်း၌ မောင်ထွန်းကျော်သည် ရင်းတော်မလေးထံသို့ မကြာမကြာ သွားရောက်တွေ့ဆုံ သည် ဟူ၍လည်း ကျွန်ုပ်သိရသည်။)

ကျော်။ ။"ဒါထက် လက်ဖွဲ့ပွဲ ဘယ်နှယ်နေသလဲ မောင်မောင်..."

ကြီး။ ။"မောင့် ဦးလေးက နိုင်ဖို့ဟာ လိပ်ဆန်ခွဲရွာသားတွေက ဆုကြပ္ပကြတာတစ်မျိုး၊ ရနှောင်မင်းသားက ညစ်ပတ်တာတစ်မျိုးကြောင့် သရေပွဲ ဖြစ်သွားတယ်၊ မောင်ရဲ့"

ကျော်။ ။ဦးတင့်တယ်ဟာ ကျွန်တော့်ဦးလေး မဟုတ်ပါဘူး မောင်မောင်၊ သို့သော်လဲ ကျွန်တော့်အပေါ်မှာ သစ္စာအရှိဆုံး လူကြီးတစ်ယောက် ဖြစ်ပါပေတယ်။ ကျွန်တော့်အပေါ်မှာ ဦးတင့်တယ်လို သစ္စာရှိတဲ့မိတ်ဆွေဟာ။ ဟောဒီတစ်ယောက်ပဲ ရှိပါတယ်"ဟုပြောလျက် မောင်ထွန်းကျော်သည် ကျွန်ုပ်၏လည်ပင်းကိုဖက်လေရာ ဦးကြီးကမူ မျက်နှာမသာလှဘဲ ကြည့်နေလေသည်။

ကြီး။ ။"မောင်လုပ်ပုံ တော်ရော့လား၊ မောင်ရယ်...ကျုပ်မှာ ကံကောင်း လို့ ငွေတစ်ထောင် အရှုံးမပေးလိုက်ရပါကလား"



www.burmeseclassic.com

www.burmeseclassic.com



ရင်း။ "ဒါကတော့ လူကလေးအပြစ် မဟုတ်သေးဘူး၊ မောင်မောင်... ကျွန်မအပြစ်ပါပဲ၊ မောင်ထွန်းကျော်ကို ကျွန်မက ခေါ်သွားပေတာကိုး၊ ဒါပေမဲ့ မောင်မောင်မှာ ငွေတစ်ထောင် အရှုံးသက်သာသွားတာလဲ ကျွန်မကြောင့်ပါပဲ..."

ကြီး။ ။"ဘယ်လိုများလဲဗျာ..."

ရင်း။ ။"ဦးတင့်တယ်ကြီးကို ကြိုးကိုင်တဲ့ မနန်းယူကို ကျွန်မပြောပေးလို့ ဦးတင့်တယ် သတ်ခွင့်ရတာပေါ့၊ လူကလေးကို ခေါ်သွားပြီး လူစားထိုးမပေးရင် မောင်မောင် နစ်နာချေရဲ့ဆိုပြီး မနန်းယူကို ကျွန်မပြောပေးရတာ မောင်မောင်..."

ကြီး။ ။"သြော် ဒီလိုလား၊ နို့နေပါအုံး မရင်းတော်ရယ်၊ မောင်ထွန်းကျော်ကို ဒီလောက်လေ့ကျင့်ထားပြီးမှ အချိန်နီးခါမှဘာကြောင့် ဒီလိုလုပ်လိုက်ရတာလဲဗျ"

ရင်း။ ။"ဒါကတော့ ကျွန်မသဘောမဟုတ်ဘူး မောင်မောင်၊ လူကလေး အဖေက ဒီအကြောင်းကြားကြားခြင်း ချက်ခြင်းသွားခေါ်ရမယ်ဆိုလို့ ကျွန်မ သွားခေါ်ရပါတယ်"

ကြီး။ ။"သူ့အဖေက ဘာကြောင့် လက်ဝှေ့မသတ်စေရတာတဲ့လဲ"

ရင်း။ ။လက်ဝှေ့ထိုးစားတဲ့ အမျိုးမှမဟုတ်ဘဲ...မောင်မောင်"

ကြီး။ ။"နို့ သူ့အဖေ ဘယ်မှာလဲဗျ"

ရင်း။ ။"အချိန်တန်တော့ သိပါလိမ့်မယ်၊ ဒီကိစ္စကြောင့် မောင်မောင့်ကို ခေါ်ရတာပါပဲ"

ထိုခဏ၌ ထီးတော်မိုး မောင်မောင်တင့်တို့၏ လှည်းသည် ဆိုက်ရောက်လာရာ မောင်မောင်တင့်သည် လှည်းပေါ်မှဆင်းပြီးနောက် ဒေါ်သတကြီးနှင့် မောင်ထွန်းကျော်အား ကြည့်လျက်–

တင့်။ ။"ဟော့ မောင်ထွန်းကျော်ဆိုတာ မင်းလားကွယ့်။ မင်းက ငါလိုလူကို စာရေးခေါ်ရတာ မင်းဘာကောင်မို့လဲကွယ့်"ဟု မေးသဖြင့် မောင်ထွန်းကျော်က ဒေါ်သတကြီးနှင့်ပင် ပြန်မြော်မည်ပြုဆဲတွင် ရင်းတော်မလေးက "သည်းခံပါ မောင်မောင်တင့်၊ အချိန်တန်တော့ အလုံးစုံ သိရပါလိမ့်မယ်"ဟု ဆိုကာ ကျွန်ုပ်တို့နှင့်တကွ မောင်မောင်တင့်ကို အိမ်ပေါ်သို့ ခေါ်သွားလေသည်။

ကျွန်ုပ်တို့လူစုသည် အကြောင်းခြင်းရာကို စုံလင်စွာ နားမလည်ကြဘဲ အံ့ဩသော မျက်နှာများနှင့် အိမ်ပေါ်သို့ လိုက်သွားကြ၍ အိမ်ရှင်မက နေရာထိုင်ခင်း ပေးသည့်အလျောက် အသီးသီး ထိုင်မိကြသောအခါ မောင်မောင်တင့်က





"ကိုင်း ဆိုစမ်းပါဦး"ဟု မေးသည်နှင့် မောင်ထွန်းကျော်က စကားပြောမည် ပြုသည်တွင်...

ရင်း။ ။"နေ နေ လူကလေးမပြောနဲ့၊ မမေပြောမယ်။ မောင်ထွန်းကျော် အဖေနဲ့ ကျွန်မနဲ့ အကြောင်းပါခြင်းဟာ ထင်ထင်ပေါ်ပေါ် မဟုတ်ခဲ့ပါဘူး။ မောင်ထွန်းကျော်က သူ့အဖေ အမေကို မသိရှာသော်လဲ၊ ကျွန်မတို့လင်မယား ကတော့ လူကလေးကို အစေးက စောင့်ကြည့်နေခဲ့ပါတယ်။ လူကလေးဟာ ဗန္ဓုလနဲ့လက်ဝှေ့သတ်မယ်ဆိုတာကို သူ့အဖေကကြားကြားခြင်း မသတ်ဖြစ် အောင် ဖျက်ဖို့ ကျွန်မကို ပြောပါတယ်။ ကျွန်မက ဦးတင့်တယ်အိမ်ကို လိုက်သွားပြီး လူကလေးကို ပြတင်းပေါက်က တိတ်တိတ်ခေါ်ယူပြီး ကျွန်မဟာ သူ့အမေဖြစ်တယ်။ သူ့အဖေဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို ပြောပြပြီး ခေါ်ယူခဲ့ပါတယ်။ ဒါတွေကိုသိတာတောင် လူကလေးက သူ့ကတိမဖျက်ချင်လို့ လက်ဝှေ့ပွဲပြီးမှ လာပါရစေတဲ့ ပြောသေးတယ်။ ကျွန်မက သူ့ကိုယ်စား ဦးတင့်တယ် သတ်ခွင့်ရအောင် မနန်းယူကို တိုက်တွန်းပေးပါမယ်လို့ ပြောတော့မှ လိုက်လာပါတယ်"

ကြီး။ ။"ဒီလိုဆိုရင် ငါတို့ကို ပြောသွားရောပေါ့...မောင်ထွန်းကျော်"

ကျော်။ ။"ကျွန်တော့်အပြစ်ပဲ ထားပါတော့ခင်ဗျာ၊ သို့သော် ပန်းပဲသမား အိမ်မှာ မှီခိုကပ်ရပ်နေရတဲ့ မိဘမဲ့တစ်ယောက်အဖြစ်က ကိုယ့်အမိအဖဟာ ဘယ်သူဘယ်ဝါဆိုတာ သိရလေတော့ ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုဖြစ်သွားထယ် မပြောတတ်ပါဘူးခင်ဗျာ၊ ဒါနဲ့ မမေနဲ့ ကျွန်တော်နဲ့ လှည်းစီးပြီး ထွက်လာတော့ တောင် လူနှစ်ယောက်သုံးယောက်က လမ်းကနေပြီး နှောင့်ယှက်သေးတယ်ခင်ဗျ။ ကျွန်တော်က လှည်းထမ်းပိုးချွတ်ပြီး လိုက်ရိုက်လို့ တစ်ယောက်လဲသွားတော့မှ ကျန်တဲ့လူတွေ ထွက်ပြေးကုန်ကြတယ်ခင်ဗျ။ ဘယ်လိုအကြံအစည်နဲ့ ကျွန်တော့်ကို ဝိုင်းကြတယ် မဆိုနိုင်ပါဘူး"

ကြီး။ ။"ဒီအကြောင်းကတော့၊ ဟောဟိုက မောင်မောင်တင့် သိမှာပေါ့"

မောင်မောင်တင့်သည် မည်သို့မျှမပြောဘဲ ကွမ်းအစ်ကို ဆွဲယူကာ ကွမ်းယာလျက်ရှိသည်။

ကျော်။ ။"မမေနဲ့လိုက်လာပြီး တောင်သမန်အင်းနားမှာ ဆုံမိတွေ့တော့"

ကြီး။ ။"နေပါဦးမောင်ရဲ့၊ မောင့်အဖေက ဘယ်သူလဲ"

www.burmeseclassic.com



ထိုခဏ၌ အခန်းတစ်ခန်းမှ တံခါးပွင့်လာ၍ လူနှစ်ယောက် ထွက်လာကြသည်။ တစ်ယောက်သောသူကို ကျွန်ုပ်သိ၍ အခြားတစ်ယောက်ကိုမူ ကျွန်ုပ်မသိချေ။

ကျွန်ုပ်သိသောလူမှာ ဦးကြီး၏တပည့် ကိုပေါ်မျှားဖြစ်၍ ဒုတိယလူမှာ ရောင်ရွှေကြီးထုံးလျက် ဖြော့တော့ကြံ့လှီသော အသားအရေရှိသော်လည်း အလွန်ခံ့ညားသော ကာယိန္ဒြေရှိပေသည်။

ကျွန်ုပ်တို့တွင်ဝရီးနှင့် မောင်မောင်တင့်သည် နာနာဘာဝများ ကိုယ်ထင်ပြသကဲ့သို့ ပေါ်လာသော ထိုလူနှစ်ယောက်ကို အံ့ဩသော မျက်နှာထားနှင့်ငေးကြည့်နေပြီးနောက် ကျွန်ုပ်၏ဦးကြီးနှင့် မောင်မောင်တင့်တို့က "အလိုမြတ်စွာဘုရား၊ မင်းကင်းမြို့စားပါတကား"ဟု သံပြိုင်ပြောကြလေသည်။

❑

## အခန်း (၁၀)

ဦးကြီးသည် ကျွန်ုပ်တို့ရှေ့တွင် လက်ပိုက်ကာ မတုန်မလှုပ်ရပ်နေသော ထိုလူကြီးကိုကြည့်လျက် "သူငယ်ချင်း၊ ကိုဘုန်းမော်"ဟု ခေါ်လိုက်ရာ ထိုသူသည် ဦးခေါင်းကိုရမ်းလျက် အတန်ကြာအောင် မျက်နှာလွှဲနေပြီးမှ...

လူကြီး။ ။"အခုမှ သူငယ်ချင်းတွေ ဘာတွေလုပ်မနေစမ်းပါနဲ့ မောင်မောင်ကြီး၊ လည်ပင်းဖက်ကြီးခဲ့ကြတဲ့ သူငယ်ချင်းမို့လို့ ကျုပ်ရဲ့အကျင့် စာရိတ္တကို ကောင်းကောင်းသိလိမ့်မယ် ထင်ခဲ့မိတယ်။ ခင်ဗျားကလဲ လူအများနဲ့တူ၊ ကျုပ်ကို ကိုယ့်ညီကိုယ်သတ်တဲ့ လူသတ်သမား သူခိုးသူဝှက်ကြီးတစ်ယောက် ထင်လိုက်တော့တာကိုးဗျ။ သားကလေးကို ခင်ဗျားဆီမှာ ထားခဲ့ဖို့ကျုပ်အကြံ ဖြစ်တာတောင် မထားဝံ့လို့ သာမာန်ဆင်းရဲသား ပန်းပဲသမားဆီမှာ ထားခဲ့ရတော့တယ် မောင်မောင်ကြီး"

ကြီး။ ။"အလိုလေးဗျာ၊ ဒါဖြင့် မောင်ထွန်းကျော်ဟာ သူငယ်ချင်းရဲ့ သားပေါ့..."

ဤတွင်မှ ထိုသူသည် ရင်းတော်မလေးနှင့် မောင်ထွန်းကျော်တို့အနီးတွင် ဝင်၍ထိုင်လိုက်သည်။ ထို့နောက် ဆက်လက်၍...

မော်။ ။"ကျုပ်က ကချေသည်မကို ယူမိလေတော့ သဘင်သမား ဖက်ခွက်စားရယ်လို့ လူအများ ကဲ့ရဲ့တာကို မခံဝံ့တဲ့အတွက် ပုန်းလျှိုးကွယ်လျှိုး ထားခဲ့မိတယ်။ သူတို့သားအမိအတူထားရင် သားကလေး ပျက်စီးလိမ့်မယ်ဆိုပြီး ဟိုအမှုဖြစ်လို့ ကျုပ်တိမ်းရှောင်နေရတဲ့အခါမှာ သားကလေးကို ပန်းပဲသမားဆီမှာ ထားဖို့ ကျုပ်ကပဲ တိုက်တွန်းခဲ့တယ်..."

www.burmeseclassic.com



ဤကဲ့သို့ စကားပြောနေစဉ် ကျွန်ုပ်သည် မင်းကင်းမြို့စား ဦးဘုန်းမော်၏ မျက်နှာနှင့် ဦးကြီး၏မျက်နှာကို တစ်လှည့်စီကြည့်နေရာမှ ဦးဘုန်းမော်၏ ညီဝမ်းကွဲဖြစ်သော မောင်မောင်တင့်၏ မျက်နှာသို့ လှမ်းကြည့်မိရာ ထိုသူမှာ အလိုမကျခြင်း၊ မနှာလိုခြင်း၊ စိတ်ဆိုးခြင်းတည်းဟူသော အခြင်းအရာများ ဖော်ပြလျက်ရှိသည်ကို မြင်ရ၏။

တင့်။ ။"ဒီလိုဆိုရင် ကိုကိုကြီးရဲ့ အမွေကို ဒီကောင်ကလေးက ဆက်ခံမယ်ပေါ့လေ"

မော်။ ။"အေးလေ၊ ဒါမတော့ ငါ့သားတိုးကွယ့်"

တင့်။ ။"ကိုကိုကြီးမှာ သားရှိတယ်လို့ကြားဖူးပေါင်ဗျာ၊ သားလဲမရှိ၊ မယားလဲမရှိ၊ ကျွန်တော်ကလွဲလို့ အမွေခံ အမွေစား ဘယ်သူမှမရှိဘူး။ မဟုတ်တာတွေ ရှောက်ပြောမနေပါနဲ့ဗျာ၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလားဗျာ၊ မောင်မောင်ကြီး"

မော်။ ။ဟေ့တင့်၊ နင်က ငါ့ကို လူလိမ်တစ်ယောက်လို့ ပြောချင်သလားဟင်၊ နင် တယ်စော်ကားပါလား"

တင့်။ ။"ကျွန်တော် တစ်ယောက်ထဲက ပြောတာမဟုတ်ပါဘူး။ တစ်နန်းတော်လုံး၊ တစ်မြို့လုံး၊ တစ်ပြည်လုံးက မင်းကင်းမြို့စား ဦးဘုန်းမော်ဟာ လူပျိုကြီးလို့ သိကြပြီးသားပဲ။ ခင်ဗျားလို ရာဇဝတ်ကောင် တစ်ဦးတစ်ယောက်က"

ဤတွင် ဦးဘုန်းမော်သည် ဒေါသကို မချုပ်တည်းနိုင်သဖြင့် မောင်မောင်တင့်ကို ခြေထောက်နှင့် ကန်မည်ဟု ထိုင်ရာမှ ထလိုက်ရာ မောင်ထွန်းကျော်နှင့် ရင်းတော်မလေးတို့က ဆွဲထားကြရသည်။ မောင်မောင်တင့်သည် ဦးဘုန်းမော်အနီးတွင် မထိုင်ဝံ့ဘဲ နောက်သို့ ရွှေ့ထိုင်သော်လည်း...

တင့်။ ။"ခင်ဗျားတို့စကားကို ဘယ်သူကယုံမှာလဲ၊ အဖေက ရာဇဝတ်ကောင်၊ အမေက ဖက်ခွက်စား၊ သားက လက်ဖဝါးသမား၊ တန်ပါဗျာ...ခင်ဗျားတို့ ကလိမ်ဉာဏ်တွေ ကျုပ်သိပါတယ်"ဟု ဆိုကာ အိမ်ပေါ်မှ ဆင်းသွား၍ ဓနီးလာခဲ့သော လှည်းဖြင့် ထွက်သွားလေတော့သည်။ မောင်ထွန်းကျော်က "ကျွန်တော် ဆွဲထားလိုက်ရမလားဖေဖေ..."ဟု မေးသော်လည်း ဦးဘုန်းမော်က "နေပါစေ သားရယ်၊ သူ တတ်နိုင်ရာကိုင်စမ်းပါစေ"ဟု ပြန်ပြောလိုက်သည်။

မောင်မောင်တင့် ဆင်းသွားသောအခါ၊ ဦးကြီးက သူတစ်ပါး၏စကားကို ယုံကြည်သူ မဟုတ်၊ မိမိ၏မျက်စိနှင့် မြင်လိုက်ရခြင်းဖြစ်၍ ဦးဘုန်းမော်၏





အကျင့်စာရိတ္တကို သိပါလျက်နှင့် ဒေါသအလျှောက် ပြုမိပြုရာ ပြုမှားမိသည်ဟု ယူဆမိကြောင်း ပြောပြလေသည်။

မော်။ ။"မျက်စိနဲ့ မြင်တယ်ဆိုတာ ဘာမြင်တာလဲ မောင်မောင်ကြီး"

ကြီး။ ။"ငွေအိတ်ဆွဲပြီး သူ့အခန်းထဲက ထွက်လာတာကို ကျွန်တော် ကိုယ်တိုင် မြင်လိုက်တယ်ဗျ၊ သို့သော် သူငယ်ချင်းက မလုပ်ခဲ့ပါဘူးဆိုရင်လဲ ယုံပါတယ်ဗျာ၊ ကျုပ်ကိုလဲ ဘာမှ သက်သေရှင်းမသွားတော့ ထင်ယောင်ထင်မှား ဖြစ်မိတာပေါ့ဗျ"

မော်။ ။"ကြမ္မာဆောင်သားကောင် ဆိုတာဖြစ်ဆိုတဲ့ စကားပုံလိုပေါ့ သူငယ်ချင်းရယ်၊ ကျုပ်ကို သက်သေမကင်းဖြစ်တဲ့ လူတွေကိုလဲ အပြစ်ဆိုစရာ မရှိပါဘူး၊ ကံကြမ္မာက ဖန်တီးပုံဟာ အထင်လွဲစရာ ဖြစ်လဲ ဖြစ်ပေတာပဲ"

ကြီး။ ။"ဒါဖြင့် ဒီအမှုမှာ သူငယ်ချင်းအပြစ် မရှိဘူးပေါ့"

မော်။ ။"အပြစ်မရှိတာ အမှန်ပါ သူငယ်ချင်း၊ ဒီကိစ္စ တစ်နေ့တော့ ရှင်းလင်းပါလိမ့်မယ် သူငယ်ချင်းရယ်"

ကြီး။ ။(ဦးဘုန်းမော်၏ လက်မောင်းကို ကိုင်လှုပ်လျက်) "ဝမ်းသာလိုက်တာ သူငယ်ချင်းရယ်"

မော်။ ။"နို့ပေမယ့် သူငယ်ချင်း မျက်နှာကြည့်ရတာ ကောင်းကောင်း ကျေနပ်ပုံ မရသေးပါဘူး၊ အပြစ် မရှိဘဲနဲ့ ဘာကြောင့် ဒီလောက်ကြာကြာ ပုန်းအောင်းနေရတယ်ဆိုတာ သူငယ်ချင်း သိချင်မှာပေါ့"

ကြီး။ ။"ကျုပ်အဖို့ကတော့ ကျေနပ်ပါတယ်ဗျ၊ မမှန်တဲ့ စကားကို မဆိုဘူးဆိုတာ ကျုပ်ကယုံကြည်ပြီးသားပါ။ သို့သော် တရားရုံးတော်ကတော့ အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ရှင်းပြစေလိုမှာပေါ့"

မော်။ ။"ခက်နေတာက ဒီလိုဗျ၊ ကျုပ်ကိုယ်ကျုပ် ရှင်းပြရင် ခင်မောင်ကြီးကို သွားထိခိုက်မယ်ဗျ၊ သူ့ထိခိုက်တယ်ဆိုရင် မျိုးရိုးပါ ထိခိုက်တာပဲ၊ ဒါကြောင့် သေတဲ့လူရဲ့ အသရေ မညှိုးနွမ်းပါစေနဲ့ဆိုပြီး ကျုပ်ကပဲ အနစ်နာခံလိုက်တယ်၊ အခုတော့ သားကလေး ကြီးလာရာမှာ သူ့ကိုပါထိခိုက်မှာ မြင်လေတော့ ဒီကိစ္စ ရှင်းပြလိုက်တော့မယ်လို့ ကျုပ် ဆုံးဖြတ်လိုက်တယ်"

ကြီး။ ။"ဖြစ်မှ ဖြစ်ရပလေ သူငယ်ချင်းရယ်၊ သေတဲ့လူသေပြီးမှဖြင့် မှန်တဲ့အတိုင်း ပြောပြရောပေါ့ဗျာ၊ ဒီလောက် အနစ်နာခံပြီး ဖုံးဖိထိုက်တယ် မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မော်။ ။"သူငယ်ချင်းပြောတာလဲ ဟုတ်ပါတယ်၊ ကျုပ်လဲ အတန်တန် စဉ်းစားပါတယ်။ နောက်ဆုံးမှာတော့ အကုသိုလ်ကံ ဖိစီးလို့ပဲ ထင်ပါတယ်။ အဖြစ်အပျက်အမှန်က ဒီလိုဗျ၊ ဟိုညတုန်းက ကျင်ဖဲကစားကြတော့၊ ခင်ဗျားရယ်, ကျုပ်ရယ်, မောင်မောင်တင့်ရယ် သုံးယောက်စလုံး ရှုံးပြီး၊ ခင်မောင်ကြီး တစ်ယောက်ထဲနိုင်တယ် မဟုတ်လား၊ အရှုံးဆုံးကတော့ ကျုပ်ပဲဗျ၊ ပြီးတော့ ခင်မောင်ကြီးကလဲ ခင်ဗျားသိတဲ့အတိုင်းပဲ၊ လောင်းကစားတဲ့နေရာမှာ အင်မတန် သွေးကြီးတယ်၊ သူ့ငွေးဖြစ် ကျွန်ဖြစ်ဆိုတာလို ကစားတတ်တဲ့ ဝါသနာလဲရှိတယ်၊ မှန်မှန်လောက်ကစားရာကနေပြီး သူကပဲ မခံချင်အောင်ပြောလို့ လောင်းကြေးကို တဖြည်းဖြည်း တိုးမြှင့်ပြီး၊ တစ်ပွဲမှာ ၅၀–၁၀၀ လောင်းကုန်ကြတယ် မဟုတ်လား၊ ခင်ဗျားနဲ့ မောင်မောင်တင့်ကလဲ ဖဲသေတယ်ဆိုပြီး ဖဲထုပ်အသစ် ခဏ,ခဏ လဲကြတာ သတိရသေးတယ် မဟုတ်လား"

ကြီး။ ။"ဟုတ်ကဲ့၊ ကျွန်တော် မှတ်မိပါတယ်"

မော်။ ။"အဲဒီညတုန်းက လင်းအားကြီးလောက်မှ ဖဲဝိုင်းသိမ်းလို့ အိပ်ရာထဲမှာ တလူးလူး တလှိမ့်လှိမ့်နဲ့ စဉ်းစားနေတုန်း ခင်မောင်ကြီးဟာ တစ်ညလုံး ဖဲကောင်းတယ်ဆိုတာ လွန်လွန်းတယ်လို့ စဉ်းစားမိတယ်၊ ပြီးတော့ သူ့အံထဲမှာ "ကျင်"ကလဲ ခဏခဏပါတယ်၊ နောက်ဆုံးမှာ ကျုပ် မသင်္ကာတာနဲ့ ဖဲကစားတဲ့ အခန်းထဲသွားပြီး ကျုပ်တို့ကစားကြတဲ့ ဖဲထုပ်ဟောင်း သုံးလေးထုပ်ကို ယူပြီး စစ်ဆေးကြည့်တော့ ဖဲချပ်အပိုတွေ တွေ့ရတယ်ဗျ"

ကြီး။ ။"ဒါ ဘာဖြစ်သလဲဗျ"

မော်။ ။"သြော်...ခုတောင် ခင်ဗျား မရိပ်မိဘူးလား၊ ခင်မောင်ကြီးက ဖဲထုပ်တစ်ထုပ်အပိုဆောင်းထားပြီး "ကျင်"ဖြစ်တဲ့ ဖဲကို အပိုဖဲထုပ်ထဲက ယူယူပြီး ထိုးထည့်တာပေါ့ဗျ"

(ကျုပ်ဖဲကစားရာ၌ တစ်ပွဲတွင် တစ်ခါချိုးခြင်းအားဖြင့် ကျင်ရွေးလေ့ရှိရာ၊ ကျင်ဖြစ်သောဖဲမှာ ယခုခေတ် ကစားကြသော ပိုကာဝိုင်းတွင် ဂျိုကာကဲ့သို့ ညည်သည့်ဖဲနှင့်မဆို တွဲဖက်နိုင်လေသည်။ ပိုကာပွဲ၌ ဂျိုကာနှစ်ကောင်ထက် သုံးကောင်ဖြစ်လျှင် မိနိုင်မည်ဖြစ်သော်လည်း ကျင်ဖဲကစားရာ၌မူ "ကျင်"ဖြစ်သော ဖဲလေးချပ် ပါသောကြောင့် ရုတ်တရက် မိရန် မလွယ်ကူချေ။ ခင်မောင်ကြီးသည် အပိုထိုးထည့်သော ဖဲချပ်ကို နောက်အလှည့်များတွင် ပြန်လည် နှုတ်ယူနိုင်သည် ဖြစ်သောကြောင့် အလိမ်ပေါ်ရန် ခဲယဉ်းလှသည်။)





မော်။ ။"ဖယ်ထားတဲ့ဖဲထုပ်ဟောင်းတစ်ထုပ်မှာ "ယတ်ဂူး" ဖဲတစ်ချပ်ပို နေတာတွေ့လေတော့ ဖြုန်းဆို ကျုပ် စဉ်းစားမိတာနဲ့ သူ့အခန်းထဲ ကျုပ်ဝင်သွားတာကို၊ မောင်မင်းကြီးသားက မအိပ်သေးဘူးဗျ၊ သူနိုင်ထားတဲ့ငွေတွေရော, ကျုပ်တို့လက်ဝတ် လက်စားတွေရော စုပုံပြီးတော့ စာရင်းတွက်နေတာကို၊ ကျုပ် ဝင်လာတာမြင်တော့ သူက အံ့အားသင့်သွားပြီး ကျုပ်ကို ငေးကြည့်နေတယ်၊ ကျုပ်မျက်နှာထားကို သူက ရိပ်မိဟန်တူတယ်၊ ကျုပ်ကို သူလိမ်ပုံလိမ်နည်းကို ပြောပြပြီး နိုင်ထားတဲ့ငွေရော, ပစ္စည်းရော အားလုံးပြန်တောင်းတော့ ပထမမှာ ဇိုးတီးယားတား လုပ်သေးတယ်။ နောက်ဆုံးကျမှ ကျုပ်စိတ်သဘောကို သူသိပြီး ဖြစ်လေတော့ အားလုံးပြန်ပေးလို့ ကျုပ်က ငွေသားတွေရော, လက်ဝတ်လက်စား တွေရော အိတ်ကြီးနဲ့ ထည့်ပြီး ယူလာခဲ့တာကို"

ကြီး။ ။"ဟုတ်ပြီ သူငယ်ချင်း၊ ခင်ဗျား ယူလာတာကို အခန်းပေါက်က ချောင်းကြည့်လို့ ကျုပ်မြင်လိုက်တယ်ဗျ၊ မနက်မိုးလင်းတော့မှ ကျုပ်ရှုံးတာ တွေရော၊ မောင်မောင်တင့်ရှုံးတာတွေရော ခင်ဗျားက အားလုံး ပြန်ပေးတယ် မဟုတ်လား၊ ကျုပ်ကတောင် မလိုချင်ပါဘူးလို့ ငြင်းသေးတယ်လေ"

မော်။ ။"ခင်ဗျားတို့ ငွေတွေကို ပြန်ပေးတော့ ခင်မောင်ကြီးလိမ်တဲ့ အကြောင်းကို ကျုပ်က ပြောမပြဘူး မဟုတ်လား"

ကြီး။ ။"ဟုတ်တယ်... ပြောမပြဘူး"

မော်။ ။"နောက်ပြီးတော့မှ မနက်စာစားချိန်မှာ ခင်မောင်ကြီးမပေါ်လာလို့ သူ့အခန်းထဲ သွားကြည့်ကြတော့ ခင်မောင်ကြီး သေနေတာကိုတွေ့ရမှ ခင်ဗျားတို့ လူစုက ကျုပ်ကို မသင်္ကာဘူးဆိုတာ ရိပ်မိလေတော့ သင်္ကာ ရှင်းမနေတော့ဘဲ ကျုပ် ရှောင်ထွက်သွားတော့တာကိုးဗျ၊ ကျုပ် ထွက်မပြေးမီ သားကလေးကို ဦးတင့်တယ် လင်မယားဆီမှာ အပ်ခဲ့ပြီး တူကလေးအဖြစ်နဲ့ ပြုစုစောင့်ရှောက်ရစ်ဖို့ မှာထားခဲ့တယ်၊ ဘာကြောင့်လဲဆိုတော့ သားကလေးဟာအမေနဲ့နေရင် ပျက်စီး လိမ့်မယ်လို့ ကျုပ်က ထင်မိပေတာကိုး၊ အခုတော့မှ ကျုပ်အထင်မှားမှန်း သိရတော့တယ်"

ရင်း။ ။"အမှန်ကို ပြောရရင် ကိုကိုကြီး အထင်လွဲတာလဲ မရိုင်းလှဘူး၊ မိန်းမတန်မဲ့နဲ့ စိတ်ညစ်ညစ်နဲ့ ယစ်ထုပ်တစ်ယောက်ဖြစ်သွားလို့တာ လူငယ်လေး မောင်ထွန်းကျော်ကြောင့် ငါးပါးသီလမြဲပြီး မိန်းမကောင်းတစ်ယောက်ပြန်ဖြစ်လာ ပါတော့တယ်. ကိုကိုကြီးရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ကြီး။ ။"နေစမ်းပါဦး သူငယ်ချင်း၊ ဒီလောက်နှစ်ပေါင်းများစွာကြာ အောင် ဘယ်ဆီသွားပုန်းနေသလဲ"

မော်။ ။"ဘယ်မှ ကျုပ်မသွားဘူး၊ ကျုပ်အိမ်ကြီးထဲတွင် ကျုပ်နေတာပဲ"

ကြီး။ ။"ဘယ်လိုလုပ်ပြီး နေဖြစ်သလဲဗျာ"

မော်။ ။ကျုပ်တို့အိမ်ကြီးက ဘိုးတော်ဘုရားလက်ထက်က ဆောက်ခဲ့တဲ့ အိမ်ကြီးဗျ၊ ပျဉ်ထောင်ကြားကနေပြီး မြေတိုက်ထဲကို ဆင်းတဲ့လမ်းရှိတယ်၊ ဒီဟာကို ကျုပ်ကလွဲလို့ တစ်အိမ်လုံး ဘယ်သူမှမသိဘူး၊ ကျုပ်တောင်မှ တစ်နေ့မှာ ဗီရိုထဲက ပုရပိုက်တွေ မွှေရှာရင်း ကံအားလျော်စွာ သွားတွေ့တယ်။ ဗီရိုထဲမှာ ပုရပိုက်တွေနောက်က အံဖုံးတစ်ခုရှိတယ်။ အံဖုံးကိုဖွင့်လိုက်တော့ ပျဉ်ထောင်ကြားရောက်၊ အဲဒီကနေပြီး ဆင်းသွားရင် မြေတိုက်ထဲ ရောက်နိုင်တယ်။ ကျုပ်ကို ရုံးတော်က ဖမ်းလိမ့်မယ်လို့ သိတာနဲ့ တစ်ပြိုင်နက်၊ ဦးတင့်တယ် လင်မယားထံ လူကလေးကိုအပ်ပြီး မြေတိုက်ထဲဝင်ပုန်းဖို့ စီစဉ်ရာမှာ ဦးတင့်တယ် က ရိက္ခာမှန်မှန်လာပို့ဖို့ တာဝန်ယူပေးတယ်၊ အစတုန်းကတော့ ညအချိန်များမှာ အပြင်ထွက်ပြီး အညောင်းဖြေလမ်းလျှောက်သေးတယ်။ ကျုပ်ကို ရှာသားတစ် ယောက် နှစ်ယောက်က ဦးပိန်ထံတားပေါ်မှာ ရိပ်ခနဲမြင်လိုက်ဟန်တူပါရဲ့ ဒါနဲ့ တစ္ဆေချောက်သလေး ဘာလေးနဲ့ လူတွေက ပြောကြဆို ထင်ပါရဲ့၊ ဒီအကြောင်းကို ဦးတင့်တယ်က ပြောပြတော့မှ အပြင်ထွက်ဖို့ကို ကျုပ်အင်မတန် သတိထားရတယ်..."

"ဟုတ်တယ်ဖေဖေ၊ မောင်တောက်ထွန်းနဲ့ ကျွန်တော်နဲ့တောင် ဟိုအိမ်ကြီး ဟာ တစ္ဆေချောက်တယ်ဆိုလို့ ဝင်ကြည့်ကြသေးတယ် ဖေဖေရဲ့..."

မော်။ ။"ငါကြားပါတယ်၊ ဦးတင့်တယ်က ပြောပြလို့ သိရပါတယ်။ ငါ့ဆီကို ရိက္ခာလာပို့တော့ မင်းတို့နှစ်ယောက်နဲ့ တွေ့တယ်ဆို မဟုတ်လား..."

ကျော်။ ။"ဟုတ်တယ် ဖေဖေရဲ့..."

မော်။ ။"ဒီအကြောင်း ငါကြားရတော့ ငါ့သားဟာ သတ္တိမညံ့ဘူးလို့ ဖေဖေက အားရမိသေးတယ်။ မန္တလေးသွားပြီး လက်ဖွေ့သတ်တယ်ဆိုတဲ့ အကြောင်းတောင် မင်းမေမေက နောက်မှပြောလို့ ဖေဖေစိတ်ဆိုးရသေးတယ် နောက်တစ်ကြိမ် ရတနာရှုပွဲမှာ လက်ဖွေ့သတ်ဦးမယ်ဆိုတော့ ဘယ်နည်းနဲ့မှ မလုပ်ရစေဘူးဆိုပြီး မင်းမေမေကို အဖျက်ခိုင်းလိုက်ရတယ်၊ ဘယ့်နှယ်ကွယ် မြို့စားတစ်ယောက်ရဲ့သားက ကြေးတမ်းစား လက်ဖွေ့သမား ဖြစ်ရမယ်လို့"





ကြီး။ ။"ဒီကိစ္စမှာတော့ ကျုပ်အပြစ်လဲပါတယ်၊ သူငယ်ချင်း ဈေးဝယ်တာ မြှောက်ပေးမိတာပဲ"

မော်။ ။"အပြစ်မတင်လိုပါဘူးဗျာ၊ ကျုပ် သားမှန်းမှ ခင်ဗျား မသိဘဲ ဟာကိုး"

ကြီး။ ။"နေပါဦး သူငယ်ချင်း၊ ခင်မောင်ကြီး သေရပုံအကြောင်းခြင်းရာ အမှန်ကို ကျုပ်တို့ မကြားရသေးပါဘူးဗျာ၊ တဆိတ်လင်းစမ်းပါဦး"

မော်။ ။"ကျုပ်ကိုယ်တိုင်လဲ အစုံအလင်မသိလို့ ဒီလောက်ကြာအောင် ဝရမ်းပြေး လုပ်နေမိတာပဲ သူငယ်ချင်း၊ အခုမှပဲ ဟောဒီက မောင်ပေါ်များကြောင့် အစုံအလင်သိရပေတော့တယ်။ ကိုင်း...မောင်ပေါ်များ မင်းသိသမျှကို အစအဆုံး ပြောပြလိုက်ပါဦးကွယ်"

www.burmeseclassic.com

www.burmeseclassic.com

၀

## အခန်း (၁၁)

ကိုပေါ်များသည် မင်းကင်းမြို့စားများနှင့်အတူ အခန်းထဲမှ ထွက်လာသည်။ ပြီးနောက် မြို့စားကြီး၏ နောက်တွင် ကုပ်ကုပ်ကလေးထိုင်လျက်ရှိရာ မြို့စားကြီးက စကားပြောဖို့ အလှည့်ပေးသောအခါမှ အောက်ပါအတိုင်း ပြောပြလေသည်။

"ဒီလိုပါခင်ဗျား၊ မြို့စားကြီးဆီမှာ ကျွန်တော်အမှုမထမ်းခင်ကတည်းက ခင်မောင်ကြီးအပေါ်မှာ ကျွန်တော်အကြီးအကျယ် စိတ်နာထားပါတယ်။ စိတ်နာပုံက ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့ရွာသူမယ်သီဆိုတာနဲ့ ကျွန်တော်နဲ့ စုံမက်ကြလို့ မင်္ဂလာဆောင်ဖို့ကိစ္စအတွက် ရွှေမြို့တော်သွားပြီး မင်းအိမ်မှာ ကျွန်ခံခဲ့ပါတယ်။ တစ်နှစ်လောက်ကြာလို့ ငွေထုပ်ကလေးနဲ့ ရွာပြန်သွားတော့ မယ်သီမှာ ကိုယ်ဝန်ရှိနေနှင့်ပါတယ်။ ကျွန်တော်ဟာ သစ္စာရှိတဲ့လူ တစ်ယောက်ဖြစ်တဲ့ပြင် ရွာကို ကျွန်တော်မရောက်တာ တစ်နှစ်လောက်ရှိပြီဖြစ်လို့ ကျွန်တော်နဲ့ သက်ဆိုင်တဲ့ ပဋိသန္ဓေမဟုတ်ကြောင်း သေချာပါတယ်။ ရွာသူရွာသားများကလဲ ကျွန်တော့်ကို တိုးတိုးတိတ်တိတ် ပြောကြပါရဲ့။ သို့ပေမဲ့ မယ်သီကိုယ်တိုင် ကျွန်တော်မေးကြည့်တော့ ခင်မောင်ကြီးဆိုတဲ့လူဟာ မင်းလုလင်အဖြစ်နဲ့ ကျွန်တော်တို့ ရွာကိုလာတုန်း မိန်းကလေးသုံးလေးယောက် ဖျက်ဆီးသွားဆိုကိုး...ခင်ဗျ။ ဒီအထဲမှာ မယ်သီလဲ တစ်ယောက်အပါအဝင်ပေါ့။ မင်းဘုရားများ သိတော်မူကြတဲ့အတိုင်း ခင်မောင်ကြီးက ရုပ်ရည်သနားကမားနဲ့ မင်းမှုထမ်းယောက်ျားဖြစ်လေတော့ ကျွန်တော်တို့ရွာမှာ စန်းပွင့်သွားတာပေါ့ခင်ဗျာ။ မိန်းကလေးများရဲ့ အပြစ်လဲပါတော့ပါပါတယ်။ တောသူကလေးတွေဆိုတော့ ပြောတိုင်းယုံပြီး အဟုတ်မှတ်ရာကြတာပ ခင်ဗျာ။ မယ်သီက သူ့မှာ ကိုယ်ဝန်ရှိနေကြောင်း ခင်မောင်ကြီးပြောပြပြီး တောင်းရမ်းယူဖို့ ပြောတော့ ခင်မောင်ကြီးက ဟက်ဟက်ပက်ပက် ရယ်မောပြီး။ ရွာသူသုံးလေး





ယောက်ရှိတဲ့အနက် မင်းမှာမှ ကိုယ်ဝန်ရှိရတယ်ဆိုတာ မင်းကံပဲကွယ်တဲ့။ မင်းကို ယူဖို့ဆိုတာတော့ စိတ်ကူးမထည့်ပါနဲ့ မဖြစ်နိုင်ပါဘူးတဲ့။ လျော်ကြေးရလိုသပဆိုရင် ငွေသုံးလေးဆယ်လောက်တော့ တဖြည်းဖြည်း ငါလျော်ပါ့မယ်ကွယ်တဲ့။ မယ်သီကို ပြောသတဲ့ခင်ဗျ။ မယ်သီက ကျွန်တော့်ကို မျက်ရည်တွေနဲ့ ပြောပြရှာတယ်။ ဒီစကားကြားကတည်းက လူ့ပြည်မှာ ဒီအကောင်မျိုးရှိရင် မိန်းကလေးတွေ ဒုက္ခဖြစ်မယ် ဒီလို လူကိုသတ်ရင်ငါမှာ ကုသိုလ်ရတယ်လို့ ဆုံးဖြတ်ပြီး ခင်မောင်ကြီး ကိုဖိဝိန်ရှေ့ဖို့ ကျွန်တော် အကြံထုတ်တော့တာပဲခင်ဗျာ။ ဒါနဲ့မန္တလေးကို တစ်ခေါက်ပြန်သွားတော့ ခင်မောင်ကြီးနဲ့နီးအောင် ဘယ်လိုလုပ်ရပါမလဲလို့ အကြံထုတ်တုန်းမှာ ကံအားလျော်စွာ မင်းကင်းမြို့စားကြီးက တပည့်တစ်ယောက်လိုတယ်လို့ ကြားရပါရောခင်ဗျာ။ မင်းကင်းမြို့စားအိမ်မှာ အမှုထမ်းရရင် ညီအစ်ကိုချင်းဖြစ်လေတော့ ခင်မောင်ကြီး တစ်ခါတလေလာမှာပဲလို့ ကျွန်တော်တွက်မိတာနဲ့ အလုပ်သွားလျှောက်တော့ အလုပ်ရရောဆိုပါတော့ခင်ဗျာ။ မြို့စားကြီးနေတာက အမရပူရမှာ၊ ခင်မောင်ကြီးက မန္တလေးမှာ သို့သော် တစ်ခါတလေတော့ သူလာရမှာပဲလို့ မျှော်လင့်ချက်ကြီးနဲ့ အမှုထမ်းလိုက်တာ လပေါင်း အတော်ကြာသွားတယ်ခင်ဗျ၊ တစ်နေ့သ၌တော့ ဒီကမောင်မောင်ကြီးရယ်, မောင်မောင်တင့်ရယ်, ခင်မောင်ကြီးရယ် မြို့စားကြီးအိမ် ရောက်လာကြပြီး ကျင်ဖဲကစားလိုက်ကြတာ နေ့လယ်ကစပြီး နောက်တစ်နေ့ လင်းအားကြီး တိုင်ကိုးခင်ဗျ။ ဖဲဝိုင်းပြီးတဲ့အခါမှာ ဧည့်သည်တွေကို အိပ်ရာနေရာပေးဖို့ အလုပ်ကိုပဲ ကျွန်တော်ပဲ စီစဉ်ရတယ်။ ဒီတော့ကာ ခင်မောင်ကြီးတို့အခန်းတံခါး မင်းတုံးကို ကျွန်တော်က တမင်ဖြုတ်ထားတယ်။ သူအိပ်တဲ့အချိန်မှာ ကျွန်တော်က ဝင်သတ်ဖို့ကိုး ခင်ဗျ..."

ကြီး။ ။"တော်တော်စိတ်ရှည်လက်ရှည်ကြံတဲ့လူပဲဟေ့"

များ။ ။"စိတ်မရှည်ဘဲ နေမလားမောင်မောင်၊ ကျွန်တော်ခံထားရတာလဲ အသည်းထဲမှာ စွဲနေတာကိုးခင်ဗျ။ ဒါနဲ့ဖဲဝိုင်းပြီးလို့ ကိုယ့်အခန်းကိုယ် အသီးသီး ဝင်းအိပ်ကြရာမှာ မြို့စားကြီးရဲ့ဓားမြှောင်ကို ကျွန်တော်က ခိုးထားပြီး မြည့်နေအောင် သွေးထားသကိုးခင်ဗျ။ ဓားမြှောင်ကိုင်ပြီး ခင်မောင်ကြီး အခန်းထဲဝင်သွားတော့ ကျွန်တော့်အကြံက ဘယ်လိုလဲဆိုတော့ ခင်မောင်ကြီး အိပ်ပျော်နေတာကို တွေ့ရင် ချက်ချင်းမသတ်သေးဘူး။ ချက်ချင်း သတ်လိုက်ရင် ဘယ်သူသတ်မှန်း သူမသိလို့ ကျွန်တော့်မှာ ဘာအရသာရှိမှာလဲခင်ဗျ။ ဒါကြောင့်မို့ အိပ်ပျော်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရင် ရင်ပတ်ကိုခွစီးပြီး ကျွန်တော်မှန်း သိအောင်ပြပြီးမှ သူ့နှလုံးသားထဲ နစ်သွားအောင် ဓားမြှောင်နဲ့စိုက်ထည့်ဖို့ စိတ်ကူးထားတာကိုး ခင်ဗျ။ ခင်မောင်ကြီးကိုယ်က လက်တစ်ဆုပ်လောက်လေးဆိုတော့ ကျွန်တော် လုပ်သမျှ သူခံရမှာပဲလို့ တွက်ပြီးသားပဲခင်ဗျ၊ ဒါနဲ့ မင်းတုံးမရှိတဲ့ တံခါးကို အသာကလေး တွန်းဖွင့်ကြည့်လိုက်တော့ သူ့အခန်းထဲမှာ မြို့စားကြီးရောက်နေပြီး သူတို့ရှေ့မှာ ငွေသားတွေ, လက်ဝတ်လက်စားတွေ စုပုံထားတာကို မြင်ရတာကိုး ခင်ဗျ။ ဘာဖြစ်ကြတယ်တော့ မသိဘူး။ မြို့စားကြီးက ဣန္ဒြေကြီးနဲ့၊ ခင်မောင်ကြီးကတော့ တောင်းပန်နေတာကို ကျွန်တော်မြင်ရတယ်ခင်ဗျ။ နောက်ဆုံးကျတော့ မြို့စားကြီးက ငွေတွေရော, လက်ဝတ်လက်စားတွေရော အိတ်တစ်လုံးထဲထည့်ပြီး အခန်းထဲက ထွက်သွားပါလေရောခင်ဗျာ"

ဤနေရာတွင် မြို့စားကြီးနှင့် ဦးကြီးတို့သည် ကိုပေါ်များ၏ စကားကို ထောက်ခံသော အမူအရာနှင့် တစ်ယောက်မျက်နှာကိုတစ်ယောက် လှမ်းကြည့်ကြသည်။ ထို့နောက် ကိုပေါ်များက ဆက်လက်၍—

များ။ ။"ကျွန်တော်က သူ့အခန်းထဲကို ရုတ်တရက် မဝင်သေးဘဲ တံခါးမဆေးတဆေး လုပ်ထားတဲ့ အကြားက ချောင်းကြည့်နေတော့ ခင်မောင်ကြီးဟာ အင်မတန်စိတ်ရှုပ်ပြီး အခံရခက်တဲ့ အမူအရာနဲ့ သူ့ရင်ပတ်သူထု၊ သူ့ဆံပင်သူဆွဲ၊ ထိုင်ချင်ထချင် အံသွားတကြိတ်ကြိတ် လုပ်နေရာကနေပြီး၊ ဖြုန်းဆို သူ့ခေါင်းအုံး အောက်က ဓားမြှောင်တစ်လက် ဆွဲထုတ်တဲ့ပြီး၊ ဓားမြှောင်ဦးကို ရင်ပတ်မှာ တေ့တဲ့ပြီး အိပ်ရာပေါ်ကို တအားပစ်မှောက်လိုက်တယ်ခင်ဗျ၊ သူ့ကိုယ်သူ သတ်သေတာတော့ အမှန်ပဲ။ ဒါပေမဲ့ ကျွန်တော်က ဘယ်မှာ ကျေနပ်လိမ့်မလဲ ခင်ဗျာ။ ကျွန်တော်တို့ သမီးရည်းစားကို အကျိုးယုယ်, အရှက်တကွဲဖြစ်အောင် လုပ်တဲ့သူမို့လို့ သူ့ဟာသူ သတ်သေတာကို မကျေနပ်နိုင်ဘူး။ ကျွန်တော်မှန်း သိသိသာသာ ကျွန်တော့်လက်ချက်နဲ့ သေစေချင်တာကိုး၊ ဒါနဲ့ ကျွန်တော် ကပျာကယာ ပြေးဝင်သွားပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေတဲ့ သူ့ကိုယ်ကြီးကို ပက်လက် ဆွဲလှန်လိုက်တယ်ခင်ဗျ။ ဒီတော့ ခင်မောင်ကြီးက ကျွန်တော့်ကို မျက်လုံးဖွင့်ကြည့်တယ်။ အသက်ထွက်လုဆဲဆဲဖြစ်ပေမဲ့ ကျွန်တော့်ကိုမြင်ရလို့ ကျွန်တော်မှန်း သိလေတော့ အလန့်ကြီး လန့်သွားသေးတယ်ခင်ဗျ။ ဒီတော့မှ ကျွန်တော်က သူ့နား နားကပ်ပြီး "ခင်ဗျား ... ဖျက်ဆီးခဲ့တဲ့ မယ်သီရဲ့ရည်းစား ပေါ်များလေ။ မှတ်မိတယ် မဟုတ်လား။ ခင်ဗျားကို သတ်ရအောင်ကျုပ်လာတာ





ခင်ဗျားက လက်ချက် ဦးသွားတယ်။ ဒါပေမဲ့ နေသေးရိုးလားဗျ၊ အသက်မပြတ်ခင် ထွက်အောင် တွန်းပို့ပြီး အပယ်လေးဘုံကို ခင်ဗျား တွန်းချလိုက်ဦးမယ်" ဆိုတဲ့ပြီး သူ့နှလုံးသားထဲကို လက်ကဓားမြှောင်နဲ့ အားကုန်ထိုးစိုက်လိုက်တယ်။ ဒီတော့မှ ပါးစပ်ကြီးတစ်ချက်ဟပြီး အသက်ထွက်သွားလေရဲ့။ ဒါတောင် ကျွန်တော်က ချက်ချင်းထွက်မသွားသေးဘူး ထိုင်ကြည့်နေသေးတယ်။ အမှန်ပြောရရင် ခင်မောင်ကြီးကို အရှင်တုန်းက ကျွန်တော်မကြောက်ပါဘူး။ အလောင်းကောင် ဖြစ်သွားတော့မှ သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း ကျောထဲက စိမ့်ကြောက်လာတာနဲ့ ရင်ဝစိုက်ထားတဲ့ ဓားကို ကတိုက်ကရိုက်ပြန်နုတ်ပြီး အခန်းထဲက ထွက်ပြေးလာခဲ့တာကိုးခင်ဗျ။ ကျွန်တော်က ပြန်နုတ်တာက ကျွန်တော်ထိုးစိုက်တဲ့ ဓားမြှောင်ရယ်လို့ ပြန်နုတ် ခဲ့တာ၊ လက်ထဲပါလာတော့ သူ့ဓားမြှောင် ဖြစ်နေတော့တယ်။ နို့ပေမယ့် တစ်ခေါက်ပြန်ပြီး မလဲစုံတော့ဘူးခင်ဗျ။ သခင်ကြီးဘုရားကို အမှုပတ်လိမ့်မယ်လို့လဲ ကျွန်တော်မျိုး ရုတ်တရက် သတိမရဘူး"

ကြီး။ ။"အံ့ဩပါရဲ့ကွယ်၊ မြို့စားကြီးကို မသက်ဘူးဆိုတော့ မင်းက ဒီအဖြစ် အပျက်တွေကို ပြောမပြဘဲ မြှုလို့မှထားပါပေတယ် ပေါ်များရယ်"

များ။ ။"ကျွန်တော်မျိုး ဖွင့်ပြောဖို့ အကြိမ်ကြိမ်စိတ်ကူးပါတယ်။ သို့သော် ချီတုံချတုံ ဖြစ်နေပါတယ်။ နောက်ဆုံးကျတော့ မြို့စားကြီးထွက်ပြေးလို့ ယိုးဒယားဘက် ရောက်နေသလိုလို သတင်းကြားလေတော့ ကျွန်တော်မျိုး ရှင်းပြသော်လဲ အပိုပဲလို့ အောက်မေ့တာနဲ့ နေလိုက်မိပါတယ်"

ကြီး။ ။"နို့နေပါဦး ပေါ်များရဲ့။ မင်းပျောက်သွားတာက ဘယ်လိုကြောင့်လဲ"

များ။ ။"ဆရာတပည့်နှစ်ယောက် ကိုတောက်ထွန်းကို့အိမ်ကို လာကြတဲ့ နေ့က ကိုတောက်ထွန်းကလေးက မြို့စားကြီးနဲ့ပတ်သက်လို့ ပြောပြနေတာတို့ ကျွန်တော်မျိုးက ချောင်းနားထောင်နေတာကို သတိရသေးတယ် မဟုတ်ပါလား"

ကြီး။ ။"အေးဟုတ်တယ်၊ ငါကတောင် ချောင်းနားထောင်ရမလားလို့ ငေါက်သေးတယ်"

များ။ ။"ကိုတောက်ထွန်းကလေး ပြောတဲ့စကားကို ကြားရတော့ မြို့စားကြီးဟာ တစ်ပြည်တစ်နိုင်ငံကို ထွက်ပြေးခြင်းမဟုတ်၊ ဒီအနီးအပါးတဝိုက်မှာပဲ ရှိလိမ့်မယ်လို့ ကျွန်တော်မျိုး ထင်မိတယ်။ ဒါကြောင့်မို့ ကိုတောက်ထွန်း

www.burmeseclassic.com



ကလေးရဲ့ အဝတ်တွေကို ပို့လိုက်ပြီး သခင်ဘုရားကို စုံစမ်းဖို့ ကိစ္စအတွက် မောင်မောင့်ထံ ကျွန်တော်ချက်ချင်း ပြန်မလာခြင်း ဖြစ်ပါတယ်”

ထိုခဏ၌ အိမ်ရှေ့မှ မြင်းခွာသံများကြားရ၍ မြင်းသုံးလေးစီးသည် ဝင်းထဲသို့ ဝင်လာရာ မောင်မောင်တင့်၏အသံဖြင့် “ဟောဒီအိမ်ပဲ”ဟု ပြောသည်ကိုလည်း ကြားလိုက်ရ၏။ နောက်တစ်ခဏ၌ မောင်မောင်တင့် ဦးဆောင်သော မင်းမှုထမ်းသုံးယောက်တို့သည် အိမ်ပေါ်သို့ တက်လာကြရာ အကြီးအမှူးဖြစ်သော အမှုထမ်းက “မြို့စားဟောင်း ဦးဘုန်းမော်ကို လူသတ်မှုနဲ့ ဖမ်းဆီးကြောင်း” ပြောပြလေသည်။

□

# အခန်း (၁၂)

မင်းမှုထမ်းများသည် မြို့စားကြီးကိုဖမ်း၍ ဆိုင်ရာသို့ခေါ်သွားကြသောအခါ ဦးကြီးနှင့်ကျွန်ုပ်သည် မောင်ထွန်းကျော်သားအမိကို နှုတ်ဆက်၍ အမရပူရသို့ လှည်းဖြင့်ပြန်လာကြရာ ကိုပေါ်များလည်း ကျွန်ုပ်တို့နှင့်အတူပါလာ၏။ ကိုပေါ်များသည် ဆရာအရင်းဖြစ်သော မြို့စားကြီးနှင့်အတူ လိုက်ပါလိုသော်လည်း မင်းမှုထမ်းများက အခွင့်မပြုသဖြင့် ခွဲခွာခဲ့ရလေသည်။ ခွဲခါနီး၌ ဦးကြီးက မောင်ထွန်းကျော် သားအမိအား မိမိတတ်နိုင်သမျှ မြို့စားကြီးအမှုအတွက် ကူညီဆောင်ရွက်ပါမည်ဟု ကတိထားခဲ့၏။ ရင်းတော် မလေးမှာလည်း နန်းတော်ကြီး၌ ဩဇာတိက္ကမနှင့် ပြည့်စုံသူ မိတ်ဆွေကောင်းများ ကင်းမဲ့သူမဟုတ်သဖြင့် ၎င်းတို့ထံသို့ ချဉ်းကပ်မည်ဟု သိခဲ့ရလေသည်။

အမရပူရမြို့ရှိ ကျွန်ုပ်တို့၏နေအိမ်သို့ ရောက်ကြသောအခါ ဦးကြီးသည် မြို့စားကြီးအကြောင်းကို ကျွန်ုပ်၏မိခင်ဖခင်တို့အား ပြောပြပြီးနောက် ကျွန်ုပ်အားလည်း မိဘများနှင့်အတူ ထားခဲ့ဖို့ ပြောလေသည်။

ကြီး။ ။“ဟဲ့…ဖွားဆုံ နင့်သားက ငါ့ကိုမတူပဲကိုးဟဲ့…၊ သူ့အဖေဘက်တူတယ်ထင်ပါရဲ့၊ မင်းခစားယောက်ျားနဲ့ မတော်ပါဘူးဟယ်။ နင့်သားက မောင်ထွန်းကျော်လို သူငယ်ကိုအားကျပြီး သူရသတ္တိနဲ့အလုပ် လုပ်ချင်ထင်ပါရဲ့၊ ပြောရေးဆိုစကားက သိပ်မတော်လှဘူး၊ ခပ်ရိုးရိုးနဲ့ ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်တဲ့ ဝါသနာရှိတယ်။ မင်းခစား ယောက်ျားဆိုတာမျိုးက မင်းလိုလိုက်၊ မင်းကြိုက်တင်၊ ဆိုတာမျိုးလို ဖြူမှန်းမသိပေမဲ့ မဲပါတယ်မှ မင်းသဘောကျမယ်ဆိုရင် မဲပါကြောင်းပါဘုရားလို့ တင်လျှောက်တန် တွင်လျှောက်ရတာမျိုးကိုးဟဲ့၊ ဖိုးတောက်ထွန်းနဲ့ မဖြစ်ပါဘူး၊ နင့်သားက မင်းကိုတောင် ခံငြင်းချင်ငြင်းနေမဲ့ သူငယ်နဲ့တူတယ်၊ သို့သော် ငါ့ဆီမှာ ထားခဲ့တာလဲ အချည်းနှီးတော့ မဖြစ်ပါဘူး၊

www.burmeseclassic.com



လူပုံလူပန်းကို ကြည့်လိုက်ပါဦး ငါ့ဆီထည့်လိုက်စတုန်းကနဲ့ တူသေးရဲ့လား။ အပုံကြီး ထီးနန်းဆန်လာပြီ။ နင်တို့အရပ်ထဲမှာဆိုရင် နွားအုပ်ကြီးထဲမှာ နွားလားဥသဘ တစ်ကောင်ရောက်နေသလို ထင်ရှားတော့မှာပဲ၊ ဟဲ့...မောင်ထောက်ထွန်း"

နပ်။ ။"ခင်ဗျား"

ကြီး။ ။"မင်းက ပန်းပဲသမားဖြစ်ချင်သလား၊ သို့မဟုတ် လယ်ထွန်ချင်သလား"

နပ်။ ။"ကျွန်တော်ကတော့ ကျွန်တော့်အဖေလို စစ်မှုထမ်းချင်တာပဲ ဦးကြီး"

ကြီး။ ။"အဲ...ဒါကြောင့် ငါမပြောဘူးလား၊ ကိုင်း...သို့သော် လူဆိုတာ ကိုယ်နှစ်သက်ရာ ကိုယ်လုပ်မှ ပျော်ပိုက်နိုင်တာမျိုးကိုးကွယ့်၊ ကိုင်း...ကိုင်း...လက်ရုံးနဲ့ အမှုထမ်းချင်လို့ရှိရင်လဲ နန်းတော်ကြီးရောက်တော့ ဗိုလ်မှူးကြီးရဲ့ခေါင်ကို ငါပြောပေးမပေါ့၊ အသင့်ပြင်ထား၊ ကြားလား"

နပ်။ ။"ဟုတ်ကဲ့ ဦးကြီးခင်ဗျား..."

ကျွန်ုပ်မှာ ဦးကြီးနှင့် လိုက်ရမည်ဆိုစဉ်က ဝမ်းသာဖွယ်သကဲ့သို့ မိဘများနှင့်အတူနေရ၍ သူငယ်ချင်း မောင်ထွန်းကျော်နှင့် မကြာမကြာ တွေ့ဆုံရမည့်အရေးကိုလည်း တွေးတောကာ ဝမ်းသာမိပါသည်။

ထီးတော်မိုး မောင်မောင်တင့်မှာ အစ်ကိုကို သတင်းပေးရသည့်အတွက် ဝမ်းသာမိသော်လည်း ကာလဝိပ္ပါက် နောက်ပိုးတက်ခဲ့လေပြီ။ မောင်မောင်တင့်သည် လောင်းကစားအလုပ်၌ ဝါသနာကြီး၍ ကြေးကြီးလောင်းကစားခဲ့သည်ဖြစ်ရာ နောက်ဆုံး၌ အကြွေးများ လည်ပင်းခိုက်၍ ကြွေးရှင်များက ဆူပူသည်နှင့် အိမ်ခြေ အတည်တကျမနေနိုင်ဘဲ ပုန်းလျှိုးကွယ်လျှိုး နေထိုင်ရလေသည် ကြွေးရှင်များသည် မျက်နှာကြီးများဖြစ်၍ ရွှေနားတော်ပေါက်အောင် လျှောက်ထားမည်ဟု ခြိမ်းခြောက်ကြသည်တွင် မောင်မောင်တင့်မှာ တစ်ရပ်တကျေးသို့ ထွက်ပြေးတိမ်းရှောင်ရလေသည်။

မင်းကင်းမြို့စားကြီး ဦးဘုန်းမော်၏အမှုနှင့် ပတ်သက်၍မူကား မောင်ပေါ များ၏ ဖြောင့်ဆိုချက်ကြောင့် အပြစ်မရှိကြောင်း ထင်ရှားသည့်ပြင် လက်ထက်တော်ကြီး (မင်းတုန်းမင်းလက်ထက်)၌ ဖြစ်ပျက်ခဲ့သော အမှုဖြစ်သည်တစ်ကြောင်း... ခင်မောင်ကြီး၏ အကျင့်စာရိတ္တ မကောင်းခြင်းကို တစ်မြို့လုံးသိကြသည်





တစ်ကြောင်း၊ ကိုယ့်ကိုယ်ကိုယ် သတ်သည်ဆိုခြင်းမှာ ဟုတ်တန်လောက်သည်ဟု သက်ဆိုင်ရာက ယုံကြည်သည်တစ်ကြောင်း၊ မြို့စားကြီးကိုယ်တိုင်က ရှင်ဘုရင်အတွက် ငွေကုန်ကြေးကျခံသည် တစ်ကြောင်းကြောင့် မြို့စားကြီး၌လည်းကောင်း၊ မောင်ပေါများ၌လည်းကောင်း အပြစ်မရှိဆို၍ စီရင်ဆုံးဖြတ်လိုက်ကြသည်။ သို့ရာတွင် မြို့စားကြီးမှာ မြေတိုက်ထဲ၌ ရက်ပေါင်းများစွာ ပုန်းအောင်းခဲ့ရခြင်းအတွက်ကြောင့် မြစ်ခြောက်ရောဂါ စွဲကပ်ခဲ့သည်ဖြစ်၍ အချုပ်မှ လွတ်မြောက်ရာတွင် မောင်ထွန်းကျော်အား အမိတို့က ယုယကြင်နာစွာ ပြုစုစောင့်ရှောက်ကြပါသော်လည်း နှစ်ပေါက်အောင် မခံဘဲ လအနည်းငယ် အတွင်း၌ပင် ကွယ်လွန်အနိစ္စရောက်ရလေသည်။

မောင်ထွန်းကျော်သည် မြို့စားကြီး၏ လယ်ယာချောင်းမြေများကို အမွေဆက်ခံ၍ သားအမိနှစ်ယောက် ချစ်ကြည်နူးစွာ နေထိုင်ကြသေး၏။ သို့ရာတွင် မောင်ထွန်းကျော်မှာ ထက်ကယ်အရည်အချင်းရှိသူတို့၏ ထုံးစံအတိုင်း တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးဆေးဆေး၊ နေထိုင်ရခြင်း၌ မပျော်ပိုက်နိုင်သည်ဖြစ်၍ ကျွန်ုပ်အား အိမ်မှထွက်ပြေးရန် အဖော်ညှိလေသည်။ ကျွန်ုပ်သည် မည်သူမည်ဝါများနှင့် မောင်ထွန်းကျော် ဆက်သွယ်ထားသည်ဟု မသိရသော်လည်း မောင်ထွန်းကျော်နှင့်အတူ လိုက်ရမည်ဆိုလျှင် တစ်ရပ်တစ်ကျေး တစ်ပြည်တစ်နိုင်ငံသို့ မဆိုထားနှင့် ၃၁ ဘုံတွင် ဘယ်ဘုံသို့မဆို အတူလိုက်ဖို့ အဆင်သင့်ရှိ၏။ မောင်ထွန်းကျော်သည် မြင်ကွန်းမင်းကြီး၏ နောက်ပါတပည့် အရင်းများနှင့် အဆက်အသွယ် ပြုလုပ်ထားသည်ဟုကျွန်ုပ်အား အရိပ်အမြွက်ပြောပြ၍ စစ်မှုထမ်းချင်ပါသလောဟု ကျွန်ုပ်အားမေးရာ၊ ကျွန်ုပ်က "သူငယ်ချင်းနှစ်ယောက် အတူတူအမှုထမ်းရမယ်ဆိုလျှင် မြင်ကွန်းသော ဘာသောမရွေး၊ သူပုန်သော ဘာသောမရွေး၊ လိုက်မှာပဲ သူငယ်ချင်းရေ"ဟု ပြန်ပြောသည်။

တစ်ညသ၌ မောင်ထွန်းကျော်သည် အမရပူရမြို့ရှိ ကျွန်ုပ်တို့နေအိမ်ရှေ့မှ လေချွန်ကာ ခေါ်လိုက်သဖြင့် ကျွန်ုပ်ဆင်းသွားရာမှ မြင်ကွန်းမင်းသားကြီးနှင့်အတူ နိုင်ငံခြားသို့ လိုက်ပါသွားခဲ့ရပုံများကို နောက်နောင် အခွင့်သင့်သော အခါများတွင် ရေးသားဖော်ပြဦးမည် ဖြစ်ပါသတည်း။

(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

## လက်ထက်တော်ကြီး
## နောက်ဆက်တွဲ
## အခန်း (၁)

မောင်ထွန်းကျော်သည် ကျွန်ုပ်မောင်တောက်ထွန်းအား အိမ်ရှေ့မှ လေချွန်ကာအချက်ပေးလိုက်၍ အိမ်ပေါ်မှ ကျွန်ုပ်ဆင်းလိုက်သွားသည့် အဖြစ်အပျက်ဖြင့် "လက်ထက်တော်ကြီး"ဝတ္ထု အဆုံးသတ်ခဲ့ခြင်းကို စာဖတ်သူတို့ သတိမပြုမိကြပေလိမ့်မည်။ ဖော်ပြလတ္တံ့သော အကြောင်းခြင်းရာများသည် လက်ထက်တော်ကြီး နောက်ဆက်တွဲဟုဆိုစေကာမူ "လက်ထက်တော်ကြီး"မဖတ်ခဲ့ရသည့် စာဖတ်ပရိသတ်များအဖို့လည်း နောက်ဆက်တွဲကို ဖတ်ရှုကာမျှဖြင့် "ဇာတ်ရေလည်" လောက်အောင် နားလည်နိုင်ကြမည်ဖြစ်သောကြောင့် နောက်ဆံတင်းခြင်းမရှိဘဲ ဖတ်ရှုနိုင်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် "လက်ထက်တော်ကြီး"နှင့် နောက်ဆက်တွဲသည် အဖြစ်အပျက်အားဖြင့် အချိတ်အဆက်မဟုတ်ဘဲ "ဇာတ်လိုက်"နှစ်ယောက်တို့၏ အကြောင်းခြင်းရာများကို ဆက်လက်ဖော်ပြခြင်းမျှသာဖြစ်၍ သူကဏ္ဍနှင့်သူ အဓိပ္ပာယ်ပြည့်စုံပေသောကြောင့်တည်း။ ပမာဆိုသော် ဂျမဒါကိုကိုကြီး ဝတ္ထုများကို တစ်ပုဒ်ချင်းဖတ်သော်လည်း ရေလည်စွာ နားလည်နိုင်သကဲ့သို့ပင်။

ကျွန်ုပ်မောင်တောက်ထွန်းနှင့် မောင်ထွန်းကျော်တို့သည် အမရပူရမြို့ရှိ နေအိမ်မှ တိတ်တဆိတ်ထွက်ခွာလာကြပြီးနောက် အောက်ပြည်အောက်ရွာသို့ ခြေဦးလှည့်ကာ တစ်ရွာမှတစ်ရွာ၊ တစ်မြို့မှတစ်မြို့သို့ ဖြစ်တတ်သလို ခရီးသွားခြင်းဖြင့် ကျောက်ဆည်၊ မိတ္ထီလာ၊ ပျော်ဘွယ်၊ တောင်ငူစသော မြို့ကြီးများကို ဖြတ်သန်းခဲ့ကြ၏။ တစ်နေရာတွင် တစ်လ၊ နှစ်လမှတစ်နှစ်တိုင် နေထိုင်ခဲ့ရခြင်းများရှိခဲ့သော်လည်း ကျွန်ုပ်တို့၏ဆန္ဒမှာ မြင်ကွန်းမင်းသားကြီးရှိသည်ဟု သတင်း





ရှိသောဌာနသို့ မရောက်မချင်းသွားကြရန် ဖြစ်သောကြောင့် မည်သည့်မြို့တွင်မျှ အခြေကျအောင် မနေထိုင်ကြချေ။ အချို့နေရာ၌ အခြေစိုက်ချင့်သဖွယ် အခွင့်ကောင်းတွေ့ကြပါ၏။ သို့သော် ကျွန်ုပ်တို့ကား တစ်နှစ်ထက်ကျော်လွန်၍ မည်သည့်ဌာန၌မျှ မနေခဲ့ချေ။ ဤသို့ဖြင့် သုံးနှစ်မှနှစ်လစွန်းသော နေ့တွင် ကျွန်ုပ်တို့သည် မော်လမြိုင်မြို့ သစ်ခေါင်းကြီး ဦးချစ်ဆွေ၏နေအိမ်သို့ ဆိုက်ရောက်သွားကြပါတော့သည်။

ဦးချစ်ဆွေသည် အလုပ်ကြီးသမားတစ်ယောက်ဖြစ်၍ တပည့်အမြောက်အမြားလိုအပ်သည့်ပြင်၊ ကျွန်တော်တို့ ၂ ယောက်၏ ဖျပ်လတ်သွက်လက်ခြင်းနှင့် မောင်ထွန်းကျော်၏ အကင်းပါးခြင်းကို သဘောကျ၍ "အညာသားကလေးနှစ်ယောက်ကို သနားလှပါသည်"ဆိုကာ ၎င်း၏သစ်လုပ်ငန်းတွင် အသုံးချပြီး မနည်းလှသော အခကြေးငွေကို ပေးပါပေသည်။ ဦးချစ်ဆွေက ကျွန်ုပ်တို့နှစ်ယောက်အား "တူသားနှောင်မယ်" ကလေးများသဖွယ် သဘောထားလျက် အရေးကြီးသော အချို့ကိစ္စများ၌ ယုံကြည်စွာ လွှဲအပ်ခြင်းအတွက် အခြားသော မော်လမြိုင်သားအလုပ်သမားများ၏ မနာလိုဝန်တိုခြင်းကိုပင် ခံကြရပါသည်။

ဦးချစ်ဆွေ၌ မနှင်းမြအမည်ရှိ သမီးချောတစ်ယောက်ရှိ၏။ မိန်းကလေးမှာ ရုပ်ရည်ချောသလောက် လိမ္မာရေးခြားရှိသည်ဖြစ်၍ မော်လမြိုင်မြို့ပေါ်ရှိ ပွဲစားကုန်သည်ကြီးများ၏သား လူပျိုတို့ အများဆုံး ပိုးပန်းခြင်းခံရသည့် မိန်းကလေးဖြစ်လေသည်။ ထိုစဉ်က မော်လမြိုင်မြို့သို့ ဗြိတိသျှတို့ သိမ်းပိုက်ပြီးဖြစ်သော်လည်း မင်းမှုထမ်းများ ခေတ်မစားသေးဘဲ ပွဲစားကုန်သည်များသည်သာလျှင် လူရာဝင်သောမြို့ ဖြစ်သည့်အလျောက် သစ်ကုန်သည် ဦးချစ်ဆွေ၏သမီး မနှင်းမြသည် မြို့ပေါ်တွင် (၁)နံပါတ် ထိပ်သီးအဖြစ် သမုတ်ခြင်း ခံရသည့်နည်းတူ၎င်းအား ပိုးပန်းသူများသည်လည်း (၁)နံပါတ်စွဲသည့် ပွဲစားကုန်သည်ကြီးတို့၏သားများသာ များကြလေသည်။

ကျွန်ုပ်တို့ ရောက်သွားသည့်နောက် မများမကြာမီအတွင်း၌ပင် ကျွန်ုပ်ရော မောင်ထွန်းကျော်ပါ ပိုးပန်းသူများစာရင်းတွင် အပါအဝင်ဖြစ်သည်ဆိုခဲ့လျှင် အထူးအဆန်းပင် မဟုတ်ချေ။ သို့ရာတွင် ထူးဆန်းခြင်းတစ်ချက်မှာကား မနှင်းမြသည် ကျွန်ုပ်ထက် အစစအရာရာ အဆပေါင်းများစွာသာလွန်သည်ဟု ကျွန်ုပ်ကိုယ်တိုင်က ဝန်ခံနိုင်သည့် မောင်ထွန်းကျော်ထက် ကျွန်ုပ်ကို ပိုမိုမြတ်နိုးခြင်းပင် ဖြစ်လေသည်။ ဤအခြင်းအရာမျိုးမှာ လူလောက၌လည်းကောင်း၊ တိရစ္ဆာန်



www.burmeseclassic.com

www.burmeseclassic.com



လောက၌လည်းကောင်း၊ ယောကျ်ားများ၌လည်းကောင်း၊ မိန်းမများ၌လည်းကောင်း တွေ့ရတတ်သည်ဖြစ်ရာ "နမူးစာ" ဟူသော အဖြေထက် ဆီလျော်သော အဖြေမပေးစွမ်းနိုင်ကြသည်ဖြစ်၍ ၎င်းကိုပင်အောင့်အည်းစွာနှင့် လက်ခံထားကြရလေသည်။

မောင်ထွန်းကျော်သည် ပါးရည်နပ်ရည်ရှိသလောက် စိတ်သဘောထားကြီးရင့်သူဖြစ်၍ ဤအခြင်းအရာကို ရိပ်မိသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏ပခုံးကို ပုတ်ကာ "ဝမ်းသာပါတယ် သူငယ်ချင်း၊ နှမ်းမနဲ့အိုးကွဲလို့၊ ရွှေစည်းခုံရည်ရွယ်တယ်" ဆိုတဲ့ စကားရှိသော်လဲ ကျုပ်စိတ်ထဲမှာ အမှန်စင်စစ် ဝမ်းသာလို့ပြောခြင်းဖြစ်ပါတယ်။ ကျုပ်လိုလူထက် မောင်တောက်ထွန်းလို လူအဖို့ သာပြီးသင့်တော်တယ်ဆိုတာ ကျုပ်နားလည်ပါတယ်။ ကျုပ်က ခြေသလုံးအိမ်တိုင်ဆိုတဲ့ လူမျိုးဖြစ်လေတော့ ကျုပ်ကို ရွေးတယ်ဆိုရင် တော့ မနှင်းမြမှားရာမှာပဲ။ သို့သော် ကိုယ့်လူမှာ ရန်သူတော်တွေက တော်တော်များတယ်နော်၊ သတိထားပြီး ခရီးသွားရစ်ပေတော့ မောင်တောက်ထွန်း" ဟု ပြောသည်နှင့် ကျွန်ုပ်က "ရစ်" ဆိုသော စကားလုံးကို နားမလည်သဖြင့် ထပ်ဆင့်မေးမြန်းသည်တွင် မောင်ထွန်းကျော်က သူ့မှာ ယိုးဒယားပြည်သို့ သွားရန်အတွက် လူကြုံကောင်းတွေ့၍ အစီအစဉ်ပြုလုပ်ပြီးကြောင်း ပြောပြလေသည်။ ထို့နောက် ရက်သတ္တပတ်အတွင်း၌ပင် မောင်ထွန်းကျော်သည် ယိုးဒယားပြည်မှ ဆိုက်ရောက်လာသည့် သစ်ကုန်သည် အုပ်ဖြင့်အတူလိုက်ပါသွား၍ ကျွန်ုပ်မှာ သောင်ပြင်၌လွှတ်သော ငွေးဝမာ ရေစပ်၌အုလျှက်ကျန်ရစ်ရပါတော့သည်။

မောင်ထွန်းကျော် ထွက်သွားသည့် နောက်၌ ဦးချစ်ဆွေ၏ အမူအရာသည် ကျွန်ုပ်အပေါ်၌ ပြောင်းလဲခြင်းရှိသည်ဟု ကျွန်ုပ်အကဲခတ်နိုင်ပေသည်။ ကျွန်ုပ်တို့ နှစ်ယောက်ကို ရှေးဦးစွာလက်ခံစဉ်က ဦးချစ်ဆွေသည် မောင်ထွန်းကျော်ထက် ကျွန်ုပ်အပေါ်တွင် ပို၍ ကရုဏာသက်ဟန်တူသော်လည်း ရက်သတ္တပတ်မပြည့်မီ မောင်ထွန်းကျော်၏ လူစွမ်းကြောင့် အားမကိုးဘဲ မနေနိုင်အောင် ဖြစ်ပြီးလျှင် တစ်နေ့တခြား ကျွန်ုပ်ထက် ပိုမိုလေးစားသည်ကို တွေ့ရပါတော့သည်။ ထိုအခြင်းအရာအတွက် ကျွန်ုပ်တွင် မနာလိုဝန်တိုခြင်း မရှိသည်ကား အမှန်ပင် ဖြစ်ပါသည်။ သို့ရာတွင် မောင်ထွန်းကျော်ထွက်သွားသည့် နောက်၌မှ ဦးချစ်ဆွေသည် ကျွန်ုပ်အပေါ်၌ အေးစက်စက် အမူအရာမျိုး ထင်ရှားစေရုံသာမက သူ့အိမ်၌ မနေစေလိုသော လက္ခဏာများပင် ဖော်ပြပါတော့သည်။ ဤသို့ဖြစ်ရသည်မှာ





ဦးချစ်ဆွေက ကျွန်ုပ်နှင့် မနှင်းမြတို့ ချစ်ကြိုက်ကြခြင်းကို ရိပ်မိသောကြောင့်ဟူ၍ ကျွန်ုပ်မထင်၊ ကျွန်ုပ်နှင့် မနှင်းမြတို့သည် စင်စစ်အားဖြင့် မျက်စိချင်းကြိုက်ကြသော အခြေအနေ၌သာ ရှိသေး၍ နှစ်ယောက်လုံးက အထူးသတိထားကာ ခေါ်ပြောဆက်ဆံကြသည်တစ်ကြောင်း၊ ဦးချစ်ဆွေမှာ မုဆိုးဖိုတစ်ယောက်ဖြစ်၍ သမီးကို အရိပ်ကြည့်ကာ ဖခင်အား သတင်းပို့နိုင်သည့် ဇနီးသည်မရှိသည့်အတွက်ကြောင့်တစ်ကြောင်း၊ ကျွန်ုပ်၏အချစ်ပြသနာမှာ အလွန်လုံခြုံသည်ဟု ထင်မိပါသည်။ တစ်ကြောင်းမှာလည်း ဦးချစ်ဆွေသည် ကျွန်ုပ်တို့ချင်း မေတ္တာသက်ဝင်ခြင်းကိုရိပ်မိ၍ သဘောမတူခြင်း ဖြစ်ခဲ့ပါလျှင်သမီး မနှင်းမြကိုပါ မျက်နှာသာမပေးဘဲ မာန်မဲကြိမ်းမောင်းခြင်း ပြုသင့်၏၊ ယခုမှာ သမီးကိုမူ ယုယကြင်နာကြောင်းဖော်ပြ၍ ကျွန်ုပ်အားသာလျှင်မကြည်ဖြူသောအမူအရာများ ဖော်ပြခြင်းဖြစ်ချေသည်။

ကျွန်ုပ်သည် ထိုစဉ်အခါက အသက် ၂၀ ကျော်စ လူငယ်တစ်ယောက်မျှသာဖြစ်၍ ထိုအခြင်းအရာများကို အကဲခတ်နိုင်သည်မဟုတ်၊ ကြီးပြင်းလာသောအခါမှ ဇာတ်ကြောင်းကို ပြန်လှန်သုံးသပ်ကာ ကောက်နုတ်ချက် ထုတ်ရခြင်းဖြစ်ပါသည်။

ကျွန်ုပ်သည် ဦးချစ်ဆွေ၏ မကြည်ဖြူခြင်းကို ရိပ်မိ၍ ထိုအိမ်၌ မပျော်ပိုက်နိုင်ဘဲရှိရာတွင် မနှင်းမြသည် ကျွန်ုပ်၏စိတ်ကို အကဲခတ်မိ၍ ကျွန်ုပ်အပေါ်၌ ကရုဏာသက်ရောက်သည့် လက္ခဏာများ တွေ့မြင်ရပါသည်။ ဤတွင် ကျွန်ုပ်သည် မနှင်းမြ၏မေတ္တာကို ယုံမှားခြင်းမရှိအောင် သဘောပေါက်ပါ၏။ သို့ရာတွင် မောင်ထွန်းကျော်၏ စွန့်စားသောစိတ်ဓာတ်မျိုး ခေါင်းပါးသော ကျွန်ုပ်အဖို့မှာ မိမိ၏ အချစ်ကိစ္စအောင်မြင်အောင် ကြိုးစားဖို့ စိတ်ကူးမပေါ်ပေါက်ဘဲ "လက်ပါးစေ" တစ်ယောက်အဖြစ်နှင့် သူ့သမီးကို ရအောင်ကြံခြင်းထက် မိမိကိုယ်ကို တစ်နည်းတဖုံ မြှင့်တင်၍ ဂုဏ်ရည်တူအနေဖြင့် တောင်းယူခြင်းသည်သာလျှင် လျော်ကန်သင့်မြတ်သည်ဟု အကြံပေါက်လျှက် ရှိခဲ့လေသည်။

ဤသို့ဖြင့် နှစ်တစ်ဝက်ခန့် အချိန်ကုန်လွန်ခဲ့ရာ တစ်နေ့သ၌ ယိုးဒယားပြည်မှ ရောက်လာသော သစ်ကုန်သည်တစ်ဦး လက်မှစာတစ်စောင် ရရှိပါသည်။ ၎င်းစာမှာ မောင်ထွန်းကျော်ထံမှ ဖြစ်၍ သူကိုယ်တိုင် စစ်မှုထမ်းတစ်ယောက်ဖြစ်နေကြောင်း၊ ယိုးဒယားပြည်တွင် ကျွန်ုပ်၏ဦးရီးတစ်ယောက်ကို မမျှော်လင့်ဘဲနှင့် တွေ့ဆုံမိကြောင်း၊ ကျွန်ုပ်၏ဦးရီးမှာ ယိုးဒယားပြည် နိုင်ငံရေးရာတွင် ပါဝင်



www.burmeseclassic.com

www.burmeseclassic.com



နှက်ဖက်ခြင်းဖြင့် လူကဲ့တန်တစ်ယောက်ဖြစ်နေ၍ ပစ္စည်းဥစ္စာ ခိုင်လုံတောင့်တင်းသည့်ပြင်၊ တူဖြစ်သူ မောင်တောက်ထွန်းကိုလည်း အလွန်တွေ့ချင်ပါသည်ဟု ပြောပြကြောင်း၊ အကယ်၍ ကျွန်ုပ်နှင့် မနှင်းမြတို့၏ အချစ်ကိစ္စ ချောမောပြေပြစ်ခြင်း မရှိခဲ့ပါလျှင် (ချောမောလိမ့်မည်ဟူ၍လည်း သူမထင်)ယိုးဒယားပြည်သို့စွန့်စားလာရောက်ပါက သူငယ်ချင်း ၂ ယောက်ဆုံစည်းနိုင်မည့်ပြင်ဦးရီးဖြစ်သူကလည်း အစစ, အရာရာ တာဝန်ယူပါမည်ဟုပြောပါကြောင်း စသည်များဖြင့် ဖော်ပြပါရှိရှိလေသည်။

၎င်းစာကို ဖတ်ရသော ကျွန်ုပ်မှာ "အချိုရှာ သကာတွေ့"ဟူသော စကားကဲ့သို့ ချက်ခြင်းပင် ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။ ချစ်ကြိုက်စကားဆို၍ တစ်ခွန်းတည်းမျှ မပြောရဘူးသေးသည့် မနှင်းမြနှင့် ခွဲခွာရမည့်အတွက် ရင်ထဲ၌ ဆို့တို့တို့ ဖြစ်သည်ကား မှန်ပါသည်။ အကယ်၍ မနှင်းမြအား ၎င်းစာကိုပြကာ တိုင်ပင်ပြောအံ့။ ကျွန်ုပ်ထင်သည့်အတိုင်း မေတ္တာသက်ဝင်လျက်ရှိခဲ့ပါမူ ကေန်မုချ မသွားဖို့တားဆီးပေလိမ့်မည်။ ကျွန်ုပ်ကား မည်သည့်နည်းနှင့်မျှ မသွားဘဲ နေနိုင်တော့မည် မဟုတ်ချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် မနှင်းမြအတွက် ရှည်လျားသော စာတစ်စောင်ကို စီကုံးရေးသားပါတော့သည်။

၎င်းစာ၏လိုရင်းအကျဉ်းချုပ် အဓိပ္ပာယ်မှာ သူတစ်ပါးအိမ်တွင် လက်ပါးစေအဖြစ်နှင့် အလွန်နိမ့်ကျသောအခြေအနေ၌ ရှိနေခိုက်တွင် မိမိ၏မေတ္တာကို ဖော်ထုတ်ပြောပြခြင်း မပြုဘဲ မြိုသိပ်ထားခဲ့ရသော်လည်း တစ်ရပ်တကျေး၌ စွန့်စားဆောင်ရွက်ခြင်းအားဖြင့် ထိုက်တန်သောအခြေအနေသို့ ရောက်ရှိလာသည့်အခါ လူကြီးစုံရာနှင့်တကွ ဖခင်ဦးချစ်ဆွေထံသို့ လာရောက်ကာ မနှင်းမြကို တောင်းခံလိမ့်မည်ဖြစ်သောကြောင့်၊ မနှင်းမြက မိမိ၏မေတ္တာကို တုံ့ပြန်ရိုးမှန်ခဲ့ပါလျှင် ထိုအချိန်သို့တိုင်အောင် စောင့်ဆိုင်းလိမ့်မည်ဟု မျှော်လင့်ပါသည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်လေသည်။

တစ်နံနက်စောစော၌ ကျွန်ုပ်သည် ၎င်းစာကို မနှင်းမြ၏ အခန်းဝတွင် ချထားခဲ့၍ မော်လမြိုင်မှ ယိုးဒယားပြည်သို့ သွားသော ခရီးသည်တစ်စုနှင့်အတူ လိုက်ပါခဲ့ပါတော့သတည်း။

□

# အခန်း (၂)

မြန်မာပြည်မှ ယိုးဒယားပြည်သို့ကုန်းကြောင်းခရီးဖြင့် သွားကြရာတွင် ဆားအန္တရာယ်နှင့် အခက်အခဲအမျိုးမျိုး ကြုံတွေ့ရသော်လည်း၊ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ "တစ်နိုင်ငံမြို့ငယ်ခြား"ဟူသော နာမည်အလျောက် မြန်မာပြည်ပြင်ပ၌ ကြုံတွေ့ရသော အဖြစ်အပျက်အကြောင်းအရာများကိုသာလျှင် ဖော်ပြရန်ဖြစ်သောကြောင့် ခရီးသည်များ၏ ဒုက္ခများကို ကျော်လွှား၍ တစ်ပြည်တစ်နိုင်ငံ၌ ကြုံတွေ့ရသော အခြင်းအရာများကိုသာ အထူးအလေးပြု၍ ဖော်ပြပါတော့မည်။

ချောင်းများ၊ တောင်ပူစာများ၊ တောကြီးများကို ဖြတ်ကျော်၍ ယိုးဒယားနယ်စပ်သို့ ကူးဝင်မိကြသည်တွင် ရှစ်ယောက်မျှသော ကျွန်ုပ်တို့ခရီးသည်တစ်စုသည် တောပုန်းဓားပြများနှင့် ပက်ပင်းပါ တွေ့ဆုံကြ၍ အပြန်အလှန် ပစ်ခတ်ကြလေသည်။ ခရီးသည် ရှစ်ယောက်အနက်၊ လေးယောက်မှာ ဤလမ်းခရီးတွင် အသွားအပြန် လိုက်ပို့ခြင်းဖြင့် အသက်မွေးကြသည့် လူကြမ်းကြီးများဖြစ်၍ ပြည်တွင်းဖြစ် "ဘလန်းဓားဘူး"ခေါ် ယမ်းမှုန့်ထိုး သေနတ်များ ပါရှိကြရာ၊ ခရီးသည်သုံးယောက်နှင့် ကျွန်ုပ်တို့မှာ ဓားလွယ်များသာ ကိုင်ဆောင်ကြလေသည်။ ကျွန်ုပ်တို့က အလျှော့မပေးဘဲ ခုခံသဖြင့် တိုက်ပွဲကလေးဖြစ်ရသော်လည်း နောက်ဆုံးတွင် ကျွန်ုပ်တို့ဘက်မှ လူကြမ်းနှစ်ယောက်နှင့် သစ်ကုန်သည်တစ်ယောက်ကျဆုံး၍ ဓားပြဘက်မှ တစ်ယောက်တည်းသာကျဆုံးသည်တွင် ကျွန်ုပ်တို့ဘက်က အရှုံးပေးလိုက်ရပြီး ဓားပြများ၏ ဖမ်းဆီးခြင်းခံကြရပါသည်။

တောပုန်းဓားပြ ၆ ယောက်တို့သည် ကျွန်ုပ်တို့လူစုကို ဖမ်းခေါ်သွား၍ လမ်းခရီး၌ ဂူကြီးတစ်ခုထဲတွင် တစ်ညဉ့်အိပ်ကြစဉ် ကျွန်ုပ်သည် သန်းခေါင်ကျော်အချိန်လောက်တွင် ဂူထဲမှထွက်၍ ခြေဦးလှည့်ရာ ပြေးလာခဲ့၏။ မိုးလင်းချိန်တွင် ခရီး ၅ တိုင်ထက်မနည်း ပေါက်ရောက်ခဲ့လေပြီ။ တောကြီးထဲ၌ အစေ့ဆွေ



www.burmeseclassic.com

www.burmeseclassic.com



အပ္ပတ်လိုက်ပါသော ငှက်ပျောသီးရိုင်းများကို ခူးစား၍ ကျောက်ဂူတစ်ခုထဲ၌ အိပ်ရေးဝအောင်အိပ်ပြီးမှ ညနေစောင်းအချိန်တွင် ခရီးဆက်ခဲ့လေသည်။

စားပြများလက်မှ ထွက်ပြေးစဉ်က ခြေဦးလှည့်ရာ ပြေးခဲ့သော်လည်း ယိုးဒယားပြည်သည် အရှေ့ဘက်၌ ရှိနေခြင်းကို သိပြီးဖြစ်၍ မိုးလင်းချိန်ကတည်းက နေထွက်သောအရပ်သို့ မျက်နှာမူကာ လျှောက်လာခဲ့သည်။ နေဝင်ချိန် နီးသည်တွင် အဝေးအရပ်၌ သစ်ပင်များအကြားမှ စေတီတော်တစ်ဆူ ချွန်ထွက်နေခြင်းကို မြင်ရ၍ မြို့တစ်မြို့ဖြစ်ရမည်ဟု ခန့်မှန်းပြီး ၎င်းဘက်သို့ စူးစူးစိုက်စိုက် လျှောက်လာခဲ့သည် နေဝင်သည်နှင့် တစ်ပြိုင်နက်၊ ထိုအရပ်မှ မီးရောင်များ တလက်လက်ထွက်ပေါ်လာသည်ကို မြင်ရ၍ ကျွန်ုပ်ထင်သည့်အတိုင်း မြို့တစ်မြို့ တည်ရှိခြင်းသည် သေချာသည်ဟု ဆုံးဖြတ်ပြီးလျှင် တည့်တည့်ကြီး လျှောက်လာခဲ့လေသည်၊

နေဝင်ပြီးနောက် လဆန်း ၆ ရက် လကလေးထွက်လာ၍ ကျွန်ုပ်သည် သစ်ပင်များ အတော်အတန် ထူထပ်သော တောကလေးကို ကျော်လွန်ပြီး၊ ကျယ်ပြန့်သော ကွင်းပြင်ကြီးတစ်ခုကို လရောင်တွင် ရှင်းရှင်းကြီး မြင်ရ၏။ ကျွန်ုပ်ရှိနေသောနေရာမှာ တစ်ခေါ်လောက် ကွာလှမ်းသော အရပ်တွင် မီးရောင်ကလေးတလက်လက် ထွက်နေသဖြင့် သေချာစွာ ကြည့်လိုက်ရာတွင် တဲကလေးတစ်ခုထဲမှ ထွက်နေခြင်း ဖြစ်သည်ဟု မြင်ရ၏။ ဤနယ်ကား မြန်မာပြည်သို့ ကျော်လွန်ပြီး၍ ယိုးဒယားပြည်နယ်ဖြစ်ရမည်ဟု ကျွန်ုပ်သိပြီးဖြစ်၏။ မိမိမွေးဖွားသော ပြည်နယ်အတွင်း၌ပင် မရောက်ဖူးသောနယ်ပယ်ဆိုလျှင် ရွံ့ကြောက်စရာကောင်းလှပေရာ၊ ကြားရုံမျှသာကြားဖူး၍ "ဘုမသိဘမသိ"ဖြစ်နေသော ဤဒေသတွင် တဲဆီသို့ ကျွန်ုပ်သွားဖို့မှာ ဒုံးတုန်လှပါဘိသည်။ သို့သော်အိမ်မှ ထွက်လာကတည်းက စွန့်စားပါတော့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် လာခဲ့ခြင်းဖြစ်သော ကျွန်ုပ်အဖို့ "သေရုံပြင်မရှိနိုင်"ဟူသော ဆုံးဖြတ်ချက်ဖြင့် တဲဘက်သို့ လျှောက်လာခဲ့လေ၏။

ကျွန်ုပ်သည် တဲနှင့်အလ ၁၀၀ ခန့်သို့ ရောက်လာသောအခါ ကျွန်ုပ် မြင်ရသော မီးရောင်မှာ တဲကလေး၏တစ်ခုသော ပြတင်းပေါက်မှ ထိုးထွက်နေသော မီးရောင်ဖြစ်ကြောင်း သိမြင်၍ ရှေ့သို့ ဆက်လက်လျှောက်လာဆဲတွင် မီးရောင်သည် ရုတ်တရက် မှိန်သွားသည်ကို တွေ့ရ၏။ အကြောင်းမူကား လူတစ်ယောက်၏ ဦးခေါင်းသည် ပြတင်းပေါက်၌ ပေါ်လာ၍ မီးရောင်ကို





ကွယ်ထားလိုက်သလို ဖြစ်သွားပေသောကြောင့်တည်း။ ထိုသူသည် ပြတင်းပေါက်၌ ရပ်ရင်း ကျွန်ုပ်ဘက်သို့ မျှော်ကြည့်သည်ကို ကျွန်ုပ်မြင်ရသော်လည်း ထိုအခိုက်တွင် လဆန်း ၇ ရက် လရောင်ဝိုးဝါးကို တိမ်ပုပ်ကွယ်ဖုံးသွားသောကြောင့် ကျွန်ုပ်ကို သူမမြင်နိုင်ချေ။ ကျွန်ုပ်လည်း ဆက်လက်၍ ချဉ်းကပ်ဆဲ၌ပင် ထိုသူသည် ပြတင်းပေါက်မှ ဒုတိယအကြိမ် မျှော်ကြည့်သေး၏။ ထိုသူကြည့်ပုံ ရှုပုံမှာ ပုန်းလျှိုး ကွယ်လျှိုး အမှုအရာမျိုးရှိသည်ဟု ကျွန်ုပ်ထင်၍ မည်သည်ကို စိုးရိမ်ခြင်း ဖြစ်ရလေသနည်းဟု အံ့ဩမိပါသေးသည်။

ဤတွင် ကျွန်ုပ်ကလည်း သူ၏စိုးရိမ်ပုံရသော အမူအရာကို မြင်ရခြင်းကြောင့် စိုးရိမ်သောစိတ် ဖြစ်ပေါ်လာပြီးလျှင် ကိုယ့်ကိုယ်ကိုယ် [illegible] မဖော်သေးဘဲ အကဲခတ်ဦးမည်ဟု အကြံဖြစ်ပေါ်လာ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် အသံမပြုသေးမူ၍ ပြတင်းပေါက်သို့ ခြေသံမကြားအောင် ချဉ်းကပ်ပြီးလျှင် တဲတွင်းသို့ မျှော်ကြည့်လိုက်ရာတွင် အတော်အတန်စိတ်အေးဖွယ်သော အခြင်းအရာများကို တွေ့မြင်ရပါသည်။

ကျွန်ုပ်နှင့်ရွယ်တူလောက်ရှိ၍ ရုပ်ရည်အလွန်တရာချောသော လူငယ်တစ်ယောက်သည် ရေနံချေး စဉ်မီးခွက်တစ်ခု၏ အလင်းရောင်တွင် ပုရပိုက်ငယ်တစ်ဆူကို ဖွင့်ကာ စာဖတ်လျက်ရှိ၏။ အရွယ်တူသော လူချောကလေးဆိုသောကြောင့် ကျွန်ုပ်မှာ ကြောက်ရွံ့စိတ်များစွာ ဆုတ်လျော့သွား၏။ အကယ်၍ တစ်ယောက်ချင်း သတ်ရစေဦးတော့ ကျွန်ုပ်က နိုင်လောက်သည်ဟု ခန့်မှန်းမိ၏။ ဤလူငယ်သည် ကျွန်ုပ်မြင်တွေ့ဖူးသော လူငယ်များအနက်တွင် အချောလှဆုံးတစ်ယောက်ဖြစ်သော်လည်း မောင်ထွန်းကျော်၏ ချောလှခြင်းကဲ့သို့ ယောကျ်ားပီသ၍ ခံ့ညားသော ဥပတိရုပ်မျိုးကားမဟုတ်၊ မိန်းမဆန်ဆန် ချောနည်းမျိုးဖြစ်၏။ ဤအချက်ကြောင့်ပင် ကျွန်ုပ်က သာ၍မလန့်ခြင်း ဖြစ်လေသည်။ ထိုသူသည် စာဖတ်ရာတွင် အသံမထွက်စေဘဲ နှုတ်ခမ်းများတလှုပ်လှုပ် ဖြစ်နေခြင်းကို မြင်ရခြင်းအားဖြင့် ပုရပိုက်ထဲ၌ပါသော စာလုံးများကို အာဂုံဆောင်နိုင်အောင် ကျက်မှတ်နေဟန်တူ၏။ နောက်တခဏ၌ ထိုသူသည် ပုရပိုက်ကိုချထား၍ ပြတင်းပေါက်ဆီသို့ ဆုတ်ခနဲလှည့်ကြည့်လိုက်ရာတွင် ကျွန်ုပ်ကို မြင်သော်လည်း မှေးမှိန်သောမီးခွက်ရောင်ကြောင့် ရုတ်တရက် လူမခွဲနိုင်သည်နှင့် "စောင့်လိုက်ရတာများ မလာတော့ဘူးတောင် ထင်မိတယ်"ဟု မြန်မာလိုပြောကာ တံခါးဖွင့်ပေးရန်ထလာ၏။ သို့သော်-နောက်တခဏ၌မူ ကျွန်ုပ်၏မျက်နှာကို သဲကွဲအောင်



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်သည်နှင့် "ဟိုက် နင့်နမလွှား"ဟုဆိုကာ ပြတင်းတံခါးကို ဂျောင်းခနဲ ပိတ်လိုက်၏။ ကျွန်ုပ်ကမူ သူ၏ထူးဆန်းသောအပြုအမူကို နားမလည်နိုင်သည်နှင့် တံခါးလက်ယှက်အကြားမှ ချောင်းကြည့်နေရာ၊ ထိုသူသည် စာဖတ်နေသော မြင်းခုံဆေါ်သို့ ခုန်တက်၍ ရင်ပတ်ထဲမှ တစ်စုံတစ်ခုကို နိုက်ပြီးလျှင် ကျပ်ခိုးစင် အထက်၌ရှိသော ထရံအကြားသို့ သွင်းလိုက်သည်ကို မြင်လိုက်ရလေသည်။

ထိုနောက်မှ လူငယ်သည် ပြတင်းတံခါးကို ဖွင့်ပြန်၍ ယိုးဒယားဘာသာဖြင့် ကျွန်ုပ်အား လှမ်းမေး၏။ ကျွန်ုပ်သည် ယိုးဒယားဘာသာစကား မတတ်သော်လည်း ယိုးဒယားပြည်မှ သစ်ကုန်သည်များနှင့် ဆက်ဆံမှုကြောင့် ယိုးဒယားစကားဖြစ်သည်ဆိုခြင်း မျှလောက်ကိုမူ နားလည်၏။ ကျွန်ုပ်က နားမလည်ကြောင်းနှင့် ဦးခေါင်းရမ်းပြလိုက်သည်တွင် မြန်မာဘာသာဖြင့်—

သူ။ ။"ဘယ့်နှယ့်လဲ၊ ခင်ဗျား မြန်မာလား"

ကျွန်ုပ်။ ။"ဟုတ်ပါတယ်"

သူ။ ။"ဘယ်နှယ်ရောက်လာသလဲ"

ကျွန်ုပ်။ ။"ခုမှရောက်လာတဲ့ ခရီးသည်ပါ"

သူ။ ။"တစ်ယောက်ထဲလား"

ကျွန်ုပ်။ ။"အဖော်တွေ ကွဲကုန်လို့ပါ"

သူ။ ။"ခင်ဗျား ဘာလုပ်ချင်သလဲ"

ကျွန်ုပ်။ ။"တစ်ညတလေ တည်းခိုချင်ပါတယ်"

ထိုလူသည် ကျွန်ုပ်ကို မသင်္ကာသောအမူအရာနှင့် မျက်နှာကို အတန်ကြာအောင်ကြည့်၍ အကဲခတ်နေသေးသည်။ နောက်ဆုံး၌ ၎င်းထံတွင် တည်းခိုရန် မဖြစ်နိုင်ဟု ငြင်း၍ ရှေ့၌မြင်ရသော မီးရောင်များဆီသို့ လျှောက်သွားလျှင် ရွာကလေးသို့ ရောက်လိမ့်မည့်အကြောင်း ပြောလေသည်။ ကျွန်ုပ်ကလည်း လက်သင့်မခံချင်သည်ကို အတင်းပြောရန်အလိုမရှိသည်နှင့် နှုတ်ဆက်၍ ထွက်သွားမည်ပြုသည်တွင် ထိုလူသည် ချက်ချင်းစိတ်ပြောင်းသွားသည့် လက္ခဏာနှင့်—

လူ။ ။"နေပါတော့လေ၊ တစ်ပြည်တစ်နိုင်ငံက ရောက်လာတဲ့ ဧည့်သည်တစ်ယောက်ကို အကာလအချိန်မဲ့ကြီးမှာ လက်မခံဘူးဆိုလို့ ရိုင်းရာကျနေတော့မပေါ့၊ လာ လာ ဝင်ခဲ့ ဝင်ခဲ့"

ကျွန်ုပ်သည် ကျေးဇူးတင်ကြောင်းပြော၍ တဲထဲသို့ ဝင်သွားပါသည်။

❑

# အခန်း (၃)

တဲထဲသို့ရောက်သောအခါ ကျွန်ုပ်မှာ ငှက်ပျောသီးရိုင်းများဖြင့် ၂၄ နာရီ ကျော်ကျော် အသက်ဆက်ခဲ့ရသူဖြစ်၍ ဆာလောင်မွတ်သိပ်လှသော်လည်း တောထဲ၌ ညအချိန်တွင် တစ်စုံတစ်ယောက်ကို စောင့်နေဟန်တူသော လူချော ကလေး၏ထူးဆန်းသော အခြင်းအရာကိုလည်းကောင်း၊ ကျပ်ခိုးစင်အထက်၌ တစ်စုံတစ်ခုကို လျှို့ဝှက်စွာ ညှပ်ထားလိုက်ခြင်းကိုလည်းကောင်း၊ ကျွန်ုပ်အား လက်မခံနိုင်ဆိုကာ မောင်းထုတ်ပြီးမှ ချက်ချင်းစိတ်ပြောင်းလဲ၍ လက်သင့်ခံပြန်ခြင်း ကိုလည်းကောင်း၊ စိတ်ထဲတွင် တွေးတောအံ့သြမိသည်နှင့် သိလိုဇောပြင်းထန် လှသောကြောင့် မွတ်သိပ်ခြင်းကိုပင် ချောင်ထိုး၍ ထားလိုက်ပေတော့သည်။ သို့သော် ကျွန်ုပ်၏စိတ်ထဲ၌ ဤကဲ့သို့ ဇဝေဇဝါဖြစ်နေသောအခြင်းအရာကို ထိုလူမရိပ်မိအောင် ဟန်ဆောင်နေရပေသည်။

တဲအခြေအနေကို ကြည့်လိုက်ရာတွင် လူအမြဲနေထိုင်သော တဲမဟုတ်ကြောင်း သိနိုင်၏။ အိမ်ထောင်မှုပစ္စည်းဟူ၍ ဘာမျှမရှိ။ တစ်ထောင့်တွင် သေတ္တာစုတ်များ ထပ်ပုံထား၍ ၎င်းတို့အပေါ်၌ထိုင်ကာ ရေနံချေးစဉ့်မီးခွက်ရောင်တွင် စာကျက်နေခဲ့ခြင်းမျှသာဖြစ်၏။ အခြားတစ်ထောင့်၌မူ သစ်ခုတ်သမားများသုံးလေ့ရှိသည့် ခွန်တစ်လက်ထောင်ထား၏။ သေတ္တာပုံပေါ်တွင် အထုပ်ငယ် တစ်ထုပ်တင်ထားရာ၊ ငါးကျော်တစ်ကောင်၏အမြီးပေါ်ထွက်နေသည်ကို မြင်ရခြင်းဖြင့် စားစရာများ ပါရှိသည်ဟု တွေးတောမိလေသည်။

ထိုလူငယ်သည် ကျွန်ုပ်ကို တဲတွင်းသို့ ခေါ်သွားပြီးနောက်၊ ကျွန်ုပ်ကို မြင်စက မလိုလားသည့် အမူအရာမျိုး မဖော်ပြဘဲ၊ သေတ္တာပျက်တစ်လုံးကို ဆွဲထုတ်ကာ နေရာထိုင်ခင်းပေး၍ အထုပ်ကို ဖြေပြီးလျှင် ကောက်ညှင်းပေါင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငါးကျော်များကိုပင် ကျွေးမွေး၏။ သို့ရာတွင် ထိုသူသည် ကျွန်ုပ်ဆိုက်ရောက်လာပုံ အခြင်းအရာကို ကြင်နာသောမျက်နှာထားနှင့် မေးလား, မြန်းလားပြုလုပ်သော်လည်း ကျွန်ုပ်ကို စိတ်မချသော အမူအရာမျိုးဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်ကာ အကဲခတ်လျက်ရှိ၏။ အနီးသို့ ချဉ်းကပ်၍ ကြည့်ရာတွင် ထိုလူ၏မျက်နှာသည် တဲပြင်မှ လှမ်းကြည့်စဉ်ကထက်ပင် ချောမောလှသည်ဟု ထင်မှတ်မိသော်လည်း ၎င်း၏မျက်လုံးများသည် ခွန်အားနည်း၍ မကြံ့ခိုင်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲသော စိတ်သဘောကို ဖော်ပြသည်ဟု အကဲဖြတ်မိပါသည်။ ဤလူသည် အနုပညာဘက်၌ ဉာဏ်ထက်ခြင်းကား ယုံမှားဖွယ်မရှိ။ သူ၏နားရွက်များနှင့် လက်ချောင်းများက ဖော်ပြ၏။ (ကျွန်ုပ်က ဤကဲ့သို့ အကဲခတ်နိုင်ခြင်းမှာ ဘုန်းကြီးကျောင်း၌နေစဉ် အင်္ဂဝိဇ္ဇာပညာတတ်သော ဦးပဉ္စင်းတစ်ပါးထံမှ အနည်းငယ် သင်ကြားခဲ့ဖူးသောကြောင့် ဖြစ်လေသည်။) မည်သို့ပင်ဖြစ်စေ ယုံကြည်စိတ်ချလောက်သော သမာဓိမရှိခြင်းကား သူ၏မျက်လုံးများက ကြွေးကြော်နေဘိသကဲ့သို့ ထင်ရှားလှပါသည်။

လူ။ ။"စားပါဗျာ၊ ကောက်ညှင်းပေါင်းတွေ ဝအောင်စားစမ်းပါ။ ကျုပ်က ခင်ဗျားကို ရုတ်တရက် လက်သင့်မခံဝံ့တာက တခြားကြောင့် မဟုတ်ဘူးဗျ။ ယိုးဒယားဘုရင်က အကောက်ခွန်တွေ သိပ်ကောက်လေတော့ မြန်မာပြည်ဘက်က ကုန်ပစ္စည်းတွေ ခိုးသွင်းရတယ်ဗျ။ ကျုပ်တို့မှာ အဖွဲ့ရှိတယ်။ ဘယ်နှယ်လုပ်မလဲဗျာ၊ ထမင်းတစ်လုပ်ဝအောင် ကြံဖန်ပြီးရှာစားကြရတော့တာပဲ၊ ဝေတ်လို့တော့ အသေမခံနိုင်ဘူးဗျ၊ ဒါကြောင့် ကျုပ်က ရုတ်တရက်ခင်ဗျားကို တဲထဲမှာ လက်ခံဖို့ လန့်မိတာကိုးဗျ။ အခုတော့ ခင်ဗျားဟာ လူရိုးလူကောင်းကလေးတစ်ယောက်ဖြစ်ကြောင်း ကျုပ် ရိပ်မိပါပြီ"-

ကျွန်ုပ်အား ရှည်လျားစွာသော စုံစမ်းမေးမြန်းခြင်း မပြုရသေးမီ လူရိုးလူကောင်းကလေးဖြစ်သည်ဟု အကဲခတ်နိုင်သည်ဆိုသောကြောင့်ပင် ကျွန်ုပ်သည် ထိုလူအပေါ်တွင် တိုး၍ သကာမကင်းသောစိတ်ဖြစ်ပေါ်လာ၏။ သို့သော် ကျွေးသောစားစရာများကိုမူ ကျေးဇူးတင်စွာနှင့် ဝမ်းမြောက်စွာ စားရပေသည်။ စားသောက်ပြီးနောက် ဤကဲ့သို့စိတ်မချရသော လူတစ်ယောက်နှင့်အတူ တောထဲ၌ တစ်ညအိပ်ရန် အလိုမရှိသည်နှင့်ကျွန်ုပ်က ရွာတစ်ရွာသို့ ရောက်အောင် ဆက်လက်ခရီးသွားပါတော့မည်ဆို၍ ထိုင်ရာမှ ထရာတွင် ထိုလူသည် ကျွန်ုပ်၏လက်ကို ဆွဲထား၏။





လူ။ ။"နေပါဦးဗျ၊ ကျုပ်က ဒီထဲမှာ တွေ့ဖို့ချိန်းထားတဲ့ လူတွေရှိလို့ပါ။ ဘာကြောင့် အခုထောင် မရောက်လာကြသေးတယ် မပြောတတ်ဘူး။ ဒီတော့ ကျုပ်ကထွက်ပြီး ကြိုလိုက်ပါရစေဦး၊ မတော်တဆလမ်းလွဲပြီး ကျုပ်မရှိခိုက်မှာ သူတို့ရောက်နေလို့ရှိရင် လွဲကုန်တော့ ခက်တယ်။ ဒါကြောင့် ခင်ဗျားက ဒီထဲကစောင့်နေရစ်ပြီး ကျုပ်လာပါလိမ့်မယ်လို့ ပြောထားနှင့်ပါဗျနော်"

ကျွန်ုပ်။ ။ "ဟာ ကျုပ်က ယိုးဒယားစကားမှ မတတ်ဘဲ"

လူ။ ။ "ကိစ္စမရှိပါဘူး၊ သူတို့က ကျုပ်တို့လိုပဲ မြန်မာစကားတတ်ပါ"

ကျွန်ုပ်သည် ဤလူ၏စကားကို မယုံကြည်လှသော်လည်း ငယ်ရွယ်သူဖြစ်သည့်အတိုင်း ကျပ်ခိုးစင်ပေါ်၌ ဝှက်ထားလိုက်ခြင်းကို မြင်ရကတည်းက သူ၏အကြံအစည်ကို သိလိုသော ဆန္ဒပြင်းပြသည်တစ်ကြောင်း၊ ဤမျှလောက်လွယ်ကူသော အလုပ်တစ်ခုကို (သူကျွေးသောအစာကို စားပြီးမှ) ငြင်းဆန်ရိုခက်ခဲသည်တစ်ကြောင်းကြောင့် သဘောတူလိုက်ရပါတော့သည်။ ဤတွင် ထိုလူသည် တုတ်တိုတစ်ချောင်းကိုကိုင်လျက် တဲပြင်သို့ ထွက်ကာ တံခါးကိုပိတ်ပြီး လျှောက်သွားသော ခြေသံများကို ကျွန်ုပ် ကြားလိုက်လေ၏။

အတန်ငယ်စောင့်ပြီးနောက် ကျွန်ုပ်သည် ထိုလူရွယ်ကျက်နေခဲ့သော ပုရပိုက်ကို သေတ္တာတစ်လုံးပေါ်မှ ကောက်ယူဖွင့်ကြည့်ရာ မေတ္တာသုတ်ပရိတ်ကြီးပါဠိဖြစ်နေသည်ကိုတွေ့ရ၏။ ဘယ်သို့သောအကြံနှင့် ဤနေရာသို့ တစ်ကိုယ်တည်းလာပြီး ပရိတ်ကြီးကျက်နေသည်ဟု မတွေးတောတတ်ချေ။ ပုရပိုက်ဖုံးအတွင်း၌ကား "ခင်ခင်ကြီးက ကိုသုတသို့"ဟူ၍ မိန်းမလက်ရေးနှင့် ရေးထားသော မြန်မာစာလုံးများကို တွေ့ရ၏။ သို့ဖြစ်၍ ဤလူ၏အမည်ကား သုတဖြစ်တန်ရာသည်ဟု ကျွန်ုပ်တွေးမိသည်။ ထို့နောက် ကျွန်ုပ်သည် အပြင်မှခြေသံကိုနားစွင့်ရာ တစ်စုံတစ်ရာမျှ မကြားရသည်နှင့် သေတ္တာငယ်တစ်လုံးကို ရွှေ့ပြီးလျှင် ကျပ်ခိုးစင်ပေါ်သို့ စုံစမ်း၏။ ပထမ၌ ပျဉ်ပြားများ ကန့်လန့်စီခင်းထားသော နံရံကိုသာ တွေ့ရ၏။ သို့သော် ဟိုနှိုက်သည်နှိုက် ရှာဖွေရာတွင် သစ်သားတိုတစ်ချပ်ကို ဆွဲလှန်မိ၍ အံဖုံးတစ်ခုပေါ်လာပြီး ဖျင်ထည်ကြမ်းဖြင့် ပတ်ထားသည့် အထုပ်တစ်ထုပ်ကို တွေ့ရသည်။ ကျွန်ုပ်သည် အထုပ်ကိုယူ၍ မီးကွက်ရှေ့၌ ဖြေကြည့်ရာတွင် စာပေးစာယူပြုလုပ်သည့် စက္ကူရွက်ကလေးများ တွေ့ရလာ၏။ ၎င်းတို့ကို သေချာစွာ ကြည့်သောအခါ ယိုးဒယားဘာသာအချို့ မြန်မာဘာသာအချို့ဖြင့် ရေးထားသည့်အက္ခရာများအပြင် နာမည်များကိုလည်း တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ မြန်မာပြည်ရှိ မင်းမှုထမ်းအရာရှိကြီးများ၏ အမည်များဖြစ်၍ အံ့သြမိပါသေးသည်။

ကျွန်ုပ်သည် ယိုးဒယားစာနှင့် ရေးထားသော စာရွက်များနှင့် မြန်မာလိုရေးသော စာရွက်များကို ရွေးချယ်ခွဲခြားလျက်ရှိစဉ် ကျွန်ုပ်၏ပခုံးကို ဆတ်ခနဲဖမ်း၍ "မိပြီကွ" ဟု ပြောလိုက်သော အသံနက်ကြီးကို ကြားလိုက်ရသည်နှင့် ဝမ်းဗိုက်ထဲ၌ရှိသော အသည်းနှလုံးများသည် ပါးစပ်မှ ခုန်ထွက်တော့မလောက် တုန်လှုပ်မိပါတော့သည်။

❏

## အခန်း (၄)

နောက်တခဏ၌ ကျွန်ုပ်တစ်ကိုယ်လုံးမြောက်၍ ပါသွားပြီးလျှင် မြေကြီးပေါ်သို့ ပစ်ချလိုက်သဖြင့် ပက်လက်လန်နေစဉ် အမွေးအမျှင် ထူထပ်လှစွာသော လက်ကြီးတစ်ဖက်သည် ကျွန်ုပ်၏လည်မျိုကို ကိုင်ညစ်၍ အခြားတစ်ဖက်သည် မေးစေ့ကို လက်မဖြင့်ဖိနှိပ်ကာ လည်ပင်းကို တစ်ဖက်သို့ လှည့်တင်းပေးလိုက်သဖြင့် လည်ချောင်းရိုးများ ဖျစ်ဖျစ်မြည်သွားသံ ကြားလိုက်ရပါတော့သည်။ အလွန်ပြင်းထန်လှသော ဝေဒနာကြောင့် နားထဲ၌ တဝီဝီမြည်သံကြားရပြီး တစ်ကိုယ်လုံး၌ရှိသော သွေးများသည် ဦးခေါင်းသို့ထိုးဝင်၍ ပေါက်ကွဲထွက်ရတော့မတတ် ရှိသည်တွင်မှ ဖြည်းညှင်းသော အသံတစ်သံ "သေအောင်မလုပ်လိုက်ပါနဲ့နော် မောင်နက်ကျော်၊ ဘယ်သူဘယ်ဝါလဲလို့ စုံစမ်းကြည့်ကြဦးစို့" ဟု ပြောလိုက်သည်နှင့် လည်ပင်းကိုကိုင်သော လက်သည်းအနည်းငယ် လျော့ချလိုက်သဖြင့် ကျွန်ုပ်မှာ အသက်ချောင်ချောင်ချိစွာ ရှူနိုင်ပါသည်။ သို့နှင့်ပင် ကျွန်ုပ်၏ လည်ပင်းသည် တစ်ဖက်သို့ ခပ်စောင်းစောင်းရှိနေသောကြောင့် လူသံများကြား၍ ၎င်းတို့၏ မျက်နှာများကို မမြင်နိုင်ချေ။ လူဘယ်နှစ်ယောက်ရှိသည်ဟူ၍ပင် ကျွန်ုပ်မသိရချေ။

ဤတွင် ကျွန်ုပ်ကြားဖူးသော လူငယ်၏အသံဖြင့် "စာရွက်တွေကို သူမြင်သွားပြီ ဦးတိုင်းကျော်ရဲ့၊ သူ့ကို အရှင်ထားလို့မဖြစ်ဖူးထင်တယ်။ ကိုင်းများထူပေးလိုက်စမ်း ကိုနက်ကျော်၊ စစ်ဆေးကြည့်ရအောင်" လို့ ပြောသံကြားရ၍ သန်မာသော လက်ကြီးများသည် ကျွန်ုပ်၏ပခုံးကိုကိုင်ကာ ဆွဲထူလိုက်သဖြင့် မြေကြီးပေါ်တွင်ထိုင်လျက်သား ဖြစ်နေလေ၏။ ထိုအခါမှ လူများကို ကြည့်လိုက်ရာ စောစောက ကျွန်ုပ်တွေ့ရဖူးသော လူငယ်အပြင် လူ ၂ ယောက် ပါလာသည်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ရ၏။ တစ်ယောက်မှာ အသက် ၅၀ ခန့်ရှိ၍ အလွန်ကြုလိုသောကိုယ်နှင့် စုတ်ချွန်သောမျက်နှာရှိ၏။ သူ၏မျက်လုံးများသည် အလွန်နက်ရှိုင်းသော ချိုင့်များထဲမှ ကျွန်ုပ်အား ပုတ်ခတ်ပုတ်ခတ်နှင့် ကြည့်နေလေသည်။

ဒုတိယတစ်ယောက်မှာကား ကြောက်မက်ဖွယ်ထွားကြိုင်းသော ကိုယ်လုံးရှိ၍မြင်လျှင်မြင်ခြင်း သောနတ္တိရုံရမှုဆိုးကို သတိရမိသည်။ ရင်ပတ်နှင့် လက်မောင်းကြီးများတွင် အမွေးများ ထူထပ်စွာဖုံးအုပ်နေသဖြင့် မျောက်ဝံကြီးနှင့် တူသည့်ပြင် ကျွန်ုပ်တွေ့ဖူးသည့် ပန်းပဲဦးတင့်တယ်ထက်ပင် ၂ ဆလောက် ကြီးမားသေးသည်။ ၎င်းတို့အားလုံးမှာ မြန်မာလို ဝတ်ထားသည်ဟု ဆိုနိုင်သော်လည်း ကိုနက်ကျော်ဆိုသည့် လူထွားကြီးမှုကား နံငယ်နှင့်တူသော ဖျင်ပိုင်းကို ခါးတွင်ပတ်ထား၍ အထက်ပိုင်းတွင် ကိုယ်တုံးလုံး ရှိချေသည်။ ဤလူကြီးကား လူကောင်ကြီးထွားသလောက်မျက်နှာထားဆိုး၍ ကျွန်ုပ်ကို သတ်ချင်အားကြီးနှင့် လက်ယားနေဟုရသည်။

ဦးတိုင်းကျော်ခေါ် မျက်နှာစုတ်ချွန်း လူကြီးက လူငယ်အား ဘယ်ပုံတွေ့သနည်းဟုမေးရာ လူငယ်က ကျွန်ုပ်ခိုးစင်ပေါ်၌ ဝှက်ထားသော စာရွက်များကို တံခါးအကြားမှ ချောင်းကြည့်၍ မြင်သွားသည်ဟု ရိပ်မိသောကြောင့် ကျွန်ုပ်ကို မောင်းထုတ်ပြီးမှ တဖန် ပြန်ခေါ်သွင်းပြီး အကဲစမ်းခြင်းဖြစ်ကြောင်း ပြောပြလေသည်။ ဤတွင် မျောက်ဝံကြီးက "ရှုပ်မနေပါနဲ့၊ ယောဟိုခွန်နဲ့ ခေါင်းရိုက်ခွဲတာကြိုက်သလား၊ လည်ပင်းကို လိမ်သတ်တာကြိုက်သလား၊ သူ့ကို မေးကြည့်စမ်းပါ" ဟု ကြားဖြတ်၍ ဝင်ပြောလေသည်။ ဦးစုတ်ချွန်းက "နေပါဦး မောင်နက်ကျော်ရဲ့၊ မေးကြ မြန်းကြပါဦးစို့ရဲ့၊ ပြီးတော့မှ လုပ်သင့်လုပ်တာပေါ့၊ ဟုတ်ဖူးလားကွယ် မောင်သုတ" ဟု လူငယ်အား လှမ်းမေးရာ လူငယ်က ဆဲသောတူလေသည်။

ချွန်း။ ။"မောင်နာမည်က ဘယ်နှယ်ခေါ်သလဲ…"

ကျွန်ုပ်။ ။"မောင်တောက်ထွန်းခေါ်ပါတယ်"

လူကြီးလည်း ပါးစပ်ဟ၍ မျက်နှာထားပြောင်းသွားသည်ကို မြင်လိုက်ရသည်။

ချွန်း။ ။"ယိုးဒယားကို ဘာကိစ္စနဲ့ လာသလဲ"

ကျွန်ုပ်။ ။"တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ သဘောနဲ့ လာခဲ့ပါတယ်"

လူကြီးသည် ကျွန်ုပ်ကို စေ့စေ့ကြည့်၍ အကဲခတ်ပြီးနောက်၊ ကျွန်ုပ်ဟာ





တူသော မျက်နှာထား ဖြစ်ပေါ်လာသည်။

ထို့နောက် ကိုနက်ကျော်ခေါ် လူထွားကြီးက "ရှုပ်တယ်ဗျာ ဘာတွေညာတွေ မေးမနေနဲ့၊ မကြည့်သင့်တဲ့ စာတွေကို ခိုးကြည့်လို့ မသိသင့်တာတွေ သူသိသွားပြီ၊ ကျုပ်တို့ ဝတ္တရားက သူ့ကို သုတ်သင်ပစ်ဖို့ပဲရှိတယ်၊ ဖယ်စမ်း" ဆို၍ ကျွန်ုပ်ကို ကိုင်မည်ပြုရာ၊ မောင်သုတခေါ် လူငယ်၏မျက်နှာကို ကျွန်ုပ်လှမ်းကြည့်သော်လည်း ကရုဏာရှိပုံမရသည့်ပြင် "ကိုနက်ကျော်ပြောတာ မှန်တယ်" ဟု ထောက်ခံလေသည်။ သို့ရာတွင် ဦးတိုင်းကျော်သည် ကျွန်ုပ်၏မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီးနောက် "နေပါဦးလေ…လူမြင်တိုင်းကို သူလျှို ထင်မနေကြပါနဲ့၊ ဒီသူငယ်က ကိုယ့်လူမျိုး မဟုတ်ဘူးလား၊ လက်လွန်ကုန်ကြပါ့မယ် မောင်တို့ရဲ့" ဟု ပြောသော်လည်း မောင်သုတက "သူပြောတိုင်း ယုံမနေနဲ့ဦးရဲ့၊ သူလျှိုမို့လို့သာ တမင်ဝှက်ထားတဲ့ စာတွေကို ခိုးကြည့်တာပေါ့" ဟု ပြောသည်နှင့် နက်ကျော်ကြီးသည် ကျွန်ုပ်၏ပခုံးကို ကိုင်ဖမ်း၍ သူ၏လက်ကြီးတစ်ဖက်သည် ကျွန်ုပ်၏လည်ပင်းဆီသို့ ရောက်လာ၏။

ဤတွင် ဦးတိုင်းကျော်က မသတ်ထိုက်ကြောင်း ပြော၍ သုတနှင့် နက်ကျော်တို့က သတ်ထိုက်ကြောင်းနှင့် အပြန်အလှန် ငြင်းခုံကြသည်။ တစ်ယောက်နှင့်နှစ်ယောက်ဖြစ်သော်လည်း လူကြီးက အကြောင်းပြချက်ကောင်း၏။ စကားလည်းတတ်၏။ တစ်ချက်တစ်ချက်တွင် သတ်လိုသူ နှစ်ယောက်သည် လူကြီး၏စကားကို မချေပနိုင်သည်နှင့် တွေဝေငေးမှိုင်နေကြ၏။ သို့သော် သတ်လိုသူနှစ်ယောက်သည် စကားဖြင့် နိုင်အောင် မငြင်းနိုင်သည်နှင့် ဗွတ်အတင်းလုပ်ဖို့ စီစဉ်ကြ၏။ သုတက တိုက်တွန်း၍ နက်ကျော်သည် ကျွန်ုပ်၏လည်ပင်း၌ ဆုပ်ကိုင်ထားသောလက်ကို ရွှေ့ပြောင်းပြီး၊ မေးစေ့ကို ယခင်ကအတိုင်း လက်မဖြင့်ဖေးကာ တစ်ပတ်လှည့်လိုက်တော့မည် ပြု၏။ ကျွန်ုပ်ကား "သွားရှာလေတော့" ဟု ကိုယ့်ကိုယ်ကို အောက်မေ့လိုက်သည်။ ဤတွင် ဦးတိုင်းကျော်သည် ထိုင်ရာမှထ၍ "ဟော့…နေဦးနော် မောင်နက်ကျော် လုပ်တော့ လုပ်တာပေါ့၊ သို့သော် မေးစရာကလေး တစ်ခွန်းနှစ်ခွန်း မေးလိုက်ပါရစေဦး" ဆိုကာ တားထား၍ နက်ကျော်သည် မေးစေ့ပေါ်၌တင်ထားသော လက်မကို ရုပ်သိမ်း လိုက်သည်နှင့် လည်ပင်း တည့်သွားရပြန်ပါသည်။

ထို့နောက် ဦးတိုင်းကျော်သည် ကျွန်ုပ်အား မေးခွန်းများ ထုတ်ပြန်လေရာ၊ မေးခွန်းများမှာ မဆည်မဆိုင် မစပ်မဟပ်သော မေးခွန်းများသာဖြစ်ရာ တမင်



www.burmeseclassic.com

www.burmeseclassic.com



သက်သက်အချိန်ဆွဲနေခြင်း ဖြစ်သည်ဟု ကျွန်ုပ်စဉ်းစားမိပါသည်။

ဤတွင် နက်ကျော်ကြီးက "စကားရှည်တယ်ဗျာ၊ ခင်ဗျားတို့ စကားပြောတာတွေကို နားထောင်ချင်လို့ အသက်စွန့်ပြီး ဒီအလုပ်ထဲ ကျုပ်ပါတာမဟုတ်ဘူး" ဟု ပြောသည်နှင့်၊ သုတက "ကိုင်း... ဒါဖြင့် ဒီလိုလုပ်ကြစို့၊ ဒီလူကို ဟောဟိုကြောင်အိမ်ကြီးထဲ လှောင်ထည့်ထားပြီး ကျုပ်တို့လုပ်စရာရှိတာ လုပ်ကြစို့" ဟု ပြောရာတွင် နက်ကျော်က "နားမလည်ဘူး၊ မလိုချင်ဘူး၊ ဒီကောင်ကို သုတ်သင်ပစ်လိုက်မှ ဖြစ်မယ်" ဟု ပြောပြောဆိုဆိုနှင့် ကျွန်ုပ်၏လည်ပင်းကို ကိုင်ဖမ်းပြန်လေ၏။

"အလို...ဘာသံလဲဗျို့ နားထောင်ကြစမ်း" ဟု သုတက ရုတ်တရက် ပြောလိုက်သည်နှင့် အာလုံးနားစွင့်နေကြရာ၊ ဝေးလံသောအရပ်မှ ခွေးအူသံကြီးသည် တဲလေးထဲသို့ စွတ်ဝင်လာလေ၏။

"ခွေးသမင်သံကြီးပါလား၊ ကျုပ်တို့ကို ခွေးနဲ့ တောနင်း ရှာပြီထင်တယ်" ဟု သုတကပြော၍ စာရွက်များကို မီးခွက်တွင် ရှို့ပစ်နေစဉ်၊ နက်ကျော်သည် ဓွန်းကြီးကိုထ၍ ကောက်ကိုင်လေ၏။ ဦးတိုင်းကျော်ကမူ ထင်းရှူးသေတ္တာပုံကြီးကို ဖြိ၍ မြေကြီး၌ ကျင်းကြီးတစ်ကျင်း ပေါ်လာသည်တွင် ကျွန်ုပ်ကို လက်ယပ်ခေါ်၍ "လာခဲ့ ဒီအထဲဆင်းနေ မကြောက်နဲ့၊ ငါကြည့်လုပ်ပေးမယ်..." ဟု ပြောသည်နှင့် ကျွန်ုပ်သည် စဉ်းစားရန်အချိန်မရှိဘဲ ကျင်းထဲသို့ ဆင်းသည်နှင့် တစ်ပြိုင်နက် သေတ္တာပျက်များ ဖုံးထားလိုက်လေ၏။

□

## အခန်း (၅)

ကျင်းထဲသို့ရောက်၍ အခြေအနေကို ကြည့်လိုက်သောအခါ ချောင်းချိုကာ ပုန်းအောင်နိုင်သည့်ပြင် သေတ္တာပျက်များအကြားမှ အပြင်သို့ ချောင်းကြည့်၍ သေတ္တာတစ်လုံးပေါ်တွင် ငြိမ်သက်စွာထိုင်နေသော ဦးတိုင်းကျော်ကိုလည်းကောင်း၊ ဓွန်းကြီးကိုင်လျက် တဲပေါက်အနီးတွင်ရပ်နေသော နက်ကျော်ကြီးကိုလည်းကောင်း၊ နဖူးတွင်ချွေးချေးပြန်လျက် ကုပ်ကုပ်ကလေး ထိုင်နေသော သုတကိုလည်းကောင်း မြင်နိုင်လေသည်။ ခွေးအူသံကြီးသည် နီးသည်ထက်နီးကပ်လာသောအခါ၊ နက်ကျော်က တဲတံခါးကို ဖွင့်မည်ပြုသည်နှင့် သုတက "မလုပ်ပါနဲ့ဗျား၊ ကျုပ်ကြောက်ပါတယ်" ဟု တုန်တုန်ရီရီ ပြော၏။ သို့ရာတွင် နက်ကျော်က "မင်းနားမလည်ပါဘူး၊ အသာနေပါ၊ သေအောင်သတ်မှ ငါတို့ချမ်းသာမယ်ကွ..." ဟု ပြန်ပြောလေသည်။

သု။ ။"ခွေးချည်းမဟုတ်ဘူး၊ ရဲသားတွေပါမှာဗျ"

နက်။ ။"အေး...ရဲသားတွေ ပါရင်လဲ ငါတို့အားလုံးမိပေါ့၊ ခွေးချည်းလွှတ်လိုက်ရင်လဲ ငါတို့လွတ်ပေါ့၊ ငြိမ်ငြိမ်နေဖယ်စမ်း"

ကျွန်ုပ်မှာ သေတ္တာများအကြားမှ အလွန်စိတ်ဝင်စားစွာနှင့် ချောင်းကြည့်လျက်ရှိရာ သုတ၏မျက်နှာ၌ အလွန်အမင်း ထိတ်လန့်ခြင်းကိုလည်းကောင်း၊ နက်ကျော်၏မျက်နှာ၌ တင်းမာစွာချထားသော သန္နိဋ္ဌာန်ကိုလည်းကောင်း မြင်ရ၏။ ဦးတိုင်းကျော်၏မျက်နှာ၌ ထိတ်လန့်ခြင်းကို မတွေ့ရဘဲ၊ ဤသို့ဖြစ်လိမ့်မည်ဟု သိနှင့်ပြီးကဲ့သို့ ခပ်အေးအေး ရှိနေ၏။ ထိုလူကြီးသည် ရင်ပတ်သို့ ခဏခဏ စမ်းသပ်ခြင်းကို မြင်ရခြင်းဖြင့် ထိုနေရာ၌ လက်နက်တစ်စုံတစ်ရာ ထည့်ထားလေသလောဟု ကျွန်ုပ်တွေးတောမိလေသည်။ ထိုအခိုက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကျွန်ုပ်မှာ ကျွန်ုပ်၏အနာဂတ်ရေးရာများကို လုံးဝ သတိမရဘဲ၊ ထိုလူသုံးယောက်တို့၏ လက်ငင်းကိစ္စကိုသာ စိတ်အားကြီးစွာနှင့် စေ့ကြည့်နေမိလေသည်။

ကျွန်ုပ်၏ ရင်ပတ်၌ တဒိန်းဒိန်း လှုပ်ခုန်လျက်ရှိစဉ် လူသုံးယောက်တို့သည် ကျွန်ုပ်မမြင်နိုင်သော အရာဝတ္ထု တစ်စုံတစ်ခုကို မြင်ကြရသည့် လက္ခဏာနှင့် အမူအရာ ရုတ်တရက်ပြောင်းလဲကြခြင်းကို မြင်လိုက်ရ၏။ ဦးတိုင်းကျော်သည် သေတ္တာပေါ်၌ ထိုင်ရင်း၊ နှံ့နေသောဒူးကို ရုပ်လိုက်၏။ သုတလည်း မြေကြီးပေါ်၌ ကိုယ်ကိုင်း၍ သေးငယ်အောင် ပြုပြင်ကာ ထားလိုက်၏။ နက်ကျော်မူကား ကိုင်ထားသောခွန်ကြီးကို အထက်သို့ မြှောက်လိုက်လေသည်။ နောက်တခဏ၌ နီဝါဝါအရောင်ရှိသော အရာဝတ္ထုတစ်ခုသည် ဖွင့်ထားသောတံခါးမှ တဲထဲသို့ လွှားခနဲ ခုန်ထိုးလိုက်ရာ နက်ကျော်၏လက်၌ မြှောက်ကိုင်ထားသော ခွန်သည် ရွှီခနဲမြည်အောင် အဟုန်ပြင်းစွာ ဆင်းလာ၍ ခွပ်ခနဲ မြည်သံကြီး ပေါ်ထွက်လာ၏။ ဤအတောအတွင်း တဝေါဝေါတဝုန်းဝုန်းမြည်သော ခွေးသံသည်လည်း တစ်တဲလုံး ဆူညံလျက်ရှိရာ ခွန်သွားသည် ခွေး၏ဦးခေါင်းနှင့် တည့်တည့်ကြီး ထိတွေ့၍ "ဂိန်"ခနဲ မြည်သောအသံလည်း ကြားလိုက်ရ၏။ သို့သော် အလွန်မာကြောသော ဦးခွံကြောင့် ခွန်ရိုးကျိုးသွားသည်နှင့် ခွေးသမင်ကြီးမှာ နာသင့်သလောက် မနာဘဲ၊ နက်ကျော်ကြီးကို ဆက်လက်ကိုက်ခဲလေရာ၊ ခွေးရောလူပါ မြေကြီးပေါ်၌ ဒလိမ့်ခေါက်ကွေး ထွေးလုံးရစ်ပတ် ဖြစ်နေကြ၏။

ဤအတောအတွင်း၌ ခွေးတို့၏ ထုံးစံအတိုင်း ရန်သူနှင့် အကြိတ်အနယ် ကိုက်ခဲရာတွင် တဝုန်းဝုန်း တဝေါဝေါ ဒေါသမာန်ထသည့် အသံမျိုးဖြင့် တစ်တဲလုံး ဆူညံလျက်ရှိရာ၊ နောက်တစ်ခဏတွင် သားရေချုပ်ကို ဆုတ်ဖဲ့လိုက်ခြင်း ကဲ့သို့ "ဗြင်း"ခနဲမြည်သောအသံနှင့် "ဂန့်"ခနဲ တစ်ချက်တည်း မြည်လိုက်သော အသံတို့သည် တပေါင်းတစည်းတည်း ပေါ်ထွက်လာ၏။ ထို့နောက်တွင်မူကား နက်ကျော် တစ်ကိုယ်လုံး သွေးချင်းချင်းနီလျက် မြေကြီးမှထလိုက်ရာ၊ ခွေးကြီးလည်း မြေပေါ်၌ စင်းစင်းကြီးသေလျက်ရှိလေ၏။ နက်ကျော်လည်း လဲနေသော ခွေးကြီးကို တစ်ချက်တည်း လှမ်းကြည့်၍ တဲပြင်သို့ တဟုန်ထိုး ထွက်ပြေးလေ၏။

ထိုအခါ ဓားရှေးများပြန့်လျက်ရှိသော သုတသည် ကုပ်၍ ထိုင်နေရာမှ ထလျှက် "လာလေဦးတိုင်းကျော်၊ ခွေးနောက်က ရဲသားတွေ လိုက်လာလိမ့်မယ်ဗျ၊ ကိုနက်ကျော်နောက် လိုက်ပြေးကြစို့"ဟု ပြောကာ ထွက်ပြေးမည်ပြုလေရာ၊





ဦးတိုင်းကျော်က ထိုင်ရာမှထ၍ တံခါးကိုပိတ်ထားပြီး "မင်း ငြိမ်ငြိမ်ထိုင်နေ"ဟု အေးအေးဆေးဆေး ပြောလိုက်သဖြင့် ကျွန်ုပ်ပင် အံ့သြမိပါသေးသည်။ သုတကိုယ်တိုင်ကလည်း အံ့သြစွာနှင့် စေ့ကြည့်နေပါသည်။

သု။ ။"ဘယ့်နှယ်လုပ်တာလဲ ဦးတိုင်းကျော်"

တိုင်း။ ။"အေးလေကွယ်... မင်းနောက်တော့ သိလိမ့်မပေါ့"

သု။ ။"ခွေးနောက်က ရဲသားတွေ ပါလာလိမ့်မယ် ခင်ဗျ"

တိုင်း။ ။"ပါပစေ ဘာဖြစ်သလဲ"

သု။ ။(မျက်လုံး မျက်ဆန်ပြူးလျက်) "အလို...ခင်ဗျားက ဝဇီရာရဲ့ သူလျှိုလား"

တိုင်း။ ။"ဟုတ်ရင်ကော ဘာဖြစ်သေးလဲ"

သု။ ။"တော်ပါပေ့ဗျာ၊ ကျွန်တော့်ကိုတော့ တိုက်တွန်းပြီး သူကတော့ ဘုရင့်လူတဲ့၊ ဖယ်ဗျာ... ကျွန်တော်ပြေးမယ်"

ဤတွင် ဦးတိုင်းကျော်သည် ရင်ဘတ်ထဲမှ ဓားမြှောင်ကို ဆွဲထုတ်၍ သုတအား ထိုင်စေရာ သုတလည်း လူမိသော ကျီးကန်းကဲ့သို့ ပြူးတူးပြဲတဲနှင့် ထိုင်ရှာတော့သည်။

သု။ ။"ခင်ဗျားက သူပုန်ခေါင်းဆောင်ကြီးဆိုပြီး၊ ဒီလိုလုပ်တာ တော်ရော့လားဗျာ"

တိုင်း။ ။"မင်းတို့အဖို့ မတော်ချင်နေ၊ ငါ့အဖို့တော်တယ်"

သု။ ။"ကောင်းလိုက်ပေ့ဗျာ"

ထို့နောက် သုတလည်း မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ဖုံးကာ ငိုယိုနေတော့၏။ ထိုအခြင်းအရာကို မြင်ရသောအခါ ကျွန်ုပ်မှာ ကျွန်ုပ်ကိုတဲထဲသို့ ဖြားယောင်းခေါ်ငင်သော ပြစ်ချက်ကိုပင် သတိမေ့ပျောက်၍ ကရုဏာသက်မိပါသေးသည်။

အတန်ငယ် ကြာလတ်သော အဝေးမှ လူသံများကြားရ၍ တဖြည်းဖြည်း နီးကပ်လာပြီးလျှင် တဲရှေ့သို့ရောက်လာ၍ မြန်မာဘာသာဖြင့် "ဖွင့်ကြဟေ့"ဟု ဟောက်သံကြားလိုက်ရသည်။ ဤတွင် တိုင်းကျော်သည် တံခါးကိုဖွင့်ပေးလိုက်ရာ ရဲသားသုံးယောက်ဝင်လာ၍ တစ်ယောက်၏လက်တွင် ကြိုးကွင်းတစ်ခု ပါလာ၏။ လက္ခဏာမှာ ခွေးသမင်ကို ကြိုးတန်းလန်းဆွဲလျက် ဤလူသိုက်ကို ခြေရာခံကြစဉ် ခွေးမှာ ကြိုးကွင်းမှ ကျွတ်ထွက်ပြီး ရဲသားတစ်ကွဲ ခွေးတစ်ကွဲ ဖြစ်လာကြပြန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသော ရဲသားများသည် ခွေးသေကောင်ကို မြင်ကြသောအခါ အဖြစ်မှန်ကို တွေးဆနိုင်ကြသည့် လက္ခဏာနှင့် တစ်ယောက်သော ရဲသားက…“ကြည့်စမ်းဗျို့ ခွေးကြီးသေပုံဆန်းလိုက်တာ၊ လည်ပင်းမှာ ဒဏ်ရာတစ်ချက်တည်းမို့လို့ ဒဏ်ရာက နေပြီး သားရေကို ဆုတ်ဖြဲလိုက်တာ။ တစ်ကိုယ်လုံး သားရေလန်ပြီး သေရှာတာ ကိုးဗျ”ဟု ပြောလိုက်လေသည်။

ကျွန်ုပ်သည် ၎င်းအသံကို ကြားဖူးပါသည်ဟုထိုသူ၏မျက်နှာကို သေတ္တာ အကြားမှ ချောင်းကြည့်လိုက်ရာ ကြက်သေသေ၍ ငေးနေမိပါတော့သည်။ အကြောင်းမူကား ၎င်းရဲသားမှာ အခြားလူမဟုတ်၊ ကျွန်ုပ်သူငယ်ချင်း မောင်ထွန်း ကျော်ဖြစ်နေသောကြောင့်ပေတည်း။ ပထမ၌ ကျွန်ုပ်သည် ကျင်းထဲမှ ချက်ချင်း တက်လာပြီး မောင်ထွန်းကျော်ကို နှုတ်ဆက်မည်ကြံ၏။ သို့သော် ယိုးဒယားရဲ အဖွဲ့က လိုက်လံရှာဖွေဖမ်းဆီးနေသည့် လူသိုက်ထဲသို့ ကျွန်ုပ် ရောက်နေမိခြင်း အတွက် အဝြစ်ကင်းကောင်းမှ ကင်းချေမည်ဟု စဉ်းစားမိပြန်သည်နှင့် အခြေ အနေကို စောင့်ကြည့်ဦးမည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။ ခွေးသေကောင်ကို ကြည့်ကြပြီးနောက် အကြီးအကဲလုပ်သော ဗိုလ်က ဦးတိုင်းကျော်အား—

ဗိုလ်။ ။“ဒီလိုဆို နက်ကျော်ကြီး ထွက်ပြေးသွားပြီပေါ့လေ”

တိုင်း။ ။“ဟုတ်တာပေါ့၊ မောင်တို့က ခွေးနဲ့တစ်ပါတည်း ပါမလာကြပဲဟာကိုး”

ဗိုလ်။ ။“ခက်တာပဲဗျာ၊ အရေးကြီးတာက နက်ကျော်၊ မိထားတာက သုတ၊ ဘာအသုံးကျသေးသလဲဗျာ”

တိုင်း။ ။“မောင်တို့ အပြစ်ပဲကိုး”

ဗိုလ်။ ။“ဒီလိုဆို တော်ကြီးဘုရားက ဆုဦးတော့မှာပဲ ဒါထက် နက်ကျော်ကြီး ဘယ်ဘက်ထွက်ပြေးသလဲ…”

တိုင်း။ ။“အရှေ့ဘက်ဆီ ပြေးသံကြားလိုက်ရတာပဲ”

ဗိုလ်။ ။“ကိုင်း…ဒါဖြင့် သုတကို မောင်ထွန်းကျော်တို့က ခေါ်သွားကြ ပေတော့၊ ကျုပ်က နောက်မှာ ကင်းချထားခဲ့တဲ့ လူသိုက်နဲ့ နက်ကျော်နောက် ဆက်လိုက်ဦးမယ်”

ထို့နောက် ရဲသားများသည် သုတကိုခေါ်၍ တဲပြင်သို့ ထွက်သွားကြရာ အတန်ငယ်ကြာလတ်သော် ဦးတိုင်းကျော်သည် သေတ္တာပုံကြီးကို ဖယ်ရှား၍ ကျွန်ုပ်ကို ကျင်းထဲမှထုတ်ယူလေသည်။ စင်စစ်အားဖြင့် ကျွန်ုပ်သည် ဦးတိုင်းကျော်





ဆိုသော လူကြီးကို လူကောင်းကြီးတစ်ယောက်ဟု မထင်မှတ်ချေ။ သို့သော် လူ့သတ်ချင်လှ၍ လက်ယားနေသော နက်ကျော်၏လက်မှ ကျွန်ုပ်၏ အသက်ကို ကယ်ဆယ်ထားသည့် ကျေးဇူးကား အမှန်ရှိပေသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် စက်ဆုပ်သောစိတ်တစ်ပိုင်း၊ ကျေးဇူးတင်သော စိတ်တစ်ပိုင်းနှင့် ကျင်းထဲမှ ထွက်လာခဲ့ရာတွင် မောင်ထွန်းကျော်ရှိစဉ်က ကိုယ့်ဟာကိုယ် တစ်ခါတည်း မထွက်ခဲ့မိခြင်းအတွက် နောင်တရမိပါသေးသည်။ သို့သော် မောင်ထွန်းကျော်တို့ ရဲအဖွဲ့ကား ထွက်သွားကြပြီဖြစ်၍ ယခုမှ ပြုပြင်ရန် မတတ်နိုင်ဆိုကာ ဖြစ်လိုရာဖြစ်ဟု အောက်မေ့ရပါတော့သည်။

အပြင်သို့ရောက်၍ ကျွန်ုပ်က ကျေးဇူးတင်စကားပြောရာ၌ ဦးတိုင်းကျော် က“ ကျေးဇူးတင်တာတွေဘာတွေ အသာထားပြီး မောင့်အတွက် ကျုပ်အပေါ်မှာ တာဝန်ရှိနေလို့မို့ တတ်နိုင်သလောက် အကူအညီပေးရဦးမယ်။ လာလာလိုက်ခဲ့ ပေတော့”ဟု ဆိုကာ ခေါ်သွားသည်နှင့် လိုက်ပါသွားရပါတော့သည်။

□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

တဲကလေးမှ ထွက်လာသည့်နောက် ဦးတိုင်းကျော်သည် ရှေ့မှ ခပ်သုတ်သုတ်လျှောက်သွား၍ ကျွန်ုပ်ကနောက်မှသွားစဉ် သူ၏အပေါင်းအဖော်များကို ဖြားယောင်းသွေးဆောင်၍ မင်းပြစ် မင်းဒဏ်သင့်အောင် ကြံဆောင်သော ဤလူကြီး၏ အပြုအမူကို မကြိုက်နိုင်သည်နှင့် သူခေါ်ရာသို့လိုက်လျှင် သင့်တော်ပါမည်လောဟု စဉ်းစားမိသေး၏။ သို့သော် အခြေအနေအရမှာ ဤလူကြီးနှင့် ခွဲခွာရန် ခဲယဉ်းလှသည်။ မရောက်ဖူးသော တိုင်းပြည်တစ်ပြည်သို့ သစ်ကုန်သည်ကြီးများနှင့်အတူ သိုက်သိုက်ဝန်းဝန်း ဝင်ရမည့်အစား ညဥ့်အချိန်မှဲ့တွင် ဘယ်ဆီကိုသွား၍ ဘယ်သူ့အိမ်သို့ ဝင်ရမည်မသိသော ကျွန်ုပ်မှာ နောက်ဆုံးတွင် ဖြစ်ချင်ရာဖြစ်စေ ဤလူကြီးနောက် လိုက်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ပြီဟု စိတ်နှလုံး ဒုန်းဒုန်းချလိုက်ရပါတော့သည်။

လမ်းမှာ တောလမ်းဖြစ်၍ အလင်းရောင် မရှိသော်လည်း လူကြီးသည် ခြုံကြိုခြုံကြား ချောင်းကြို မြောင်းကြားမှ ဖြတ်၍ မဆုတ်မဆိုင်း လျှောက်သွားသည်ကို ထောက်ခြင်းအားဖြင့် မကြာခဏ သွားနေကျလမ်း ဖြစ်ဟန်တူ၏။ တစ်နေရာ၌ ကိုင်းနေသော သစ်ခက်ကြီးကို ကျွန်ုပ်လူငယ်မျက်စိဖြင့်ပင် မမြင်နိုင်ဘဲ လူကြီးကငုံ့၍ရှောင်ပြီး... "သတိထားဟေ့နော် သစ်ခက်ကြီး မောင်ရဲ့..." ဟု ကျွန်ုပ်အား လှည့်၍ ပြောလိုက်သေးသည်။

ကျွန်ုပ်သည် ဆိတ်ဆိတ် လိုက်ရခြင်းကို ငြီးငွေ့သည်နှင့် တိုင်းပြည်အခြေအနေကို မေးမြန်းစုံစမ်းရာ လူကြီးက ယိုးဒယားပြည်တွင် ပြည်သူပြည်သားနှစ်ဂိုဏ်းကွဲလျက်ရှိကြောင်း၊ နန်းထိုင်လျက်ရှိသော နောင်တော်ဝဇီယာဘုရင်ကို သစ္စာစောင့်များက တစ်ဂိုဏ်း၊ ဉာဏ်ပညာထက်မြက်သည်ဟု ယုံကြည်ကြသော ညီတော်နန္ဒမင်းသားကို သဘောတူသူများကတစ်ဂိုဏ်း ဖြစ်နေကြောင်းကို၊ မိမိ





ကိုယ်တိုင်မှာ တစ်ခါက ညီတော်ကို သဘောကျဖူးသော်လည်း၊ ယခုတလောမှာ မီးစဉ်ကြည့်၍ ကနေရကြောင်း၊ ယိုးဒယားနိုင်ငံရေးမှာ လှူရှိုး လှူအ များသာလျှင် တသမတ်တည်း သဘောထား၍ ပါးရေနုပ်ရေရှိသူ အပေါင်းတို့မှာမူ ဖြုချည်တစ်ခါ မချည်တစ်လှည့် ကျင့်နိုင်မှ အသက်နှင့် ခန္ဓာကိုယ်အိုးစားမကွဲဘဲ တည်မြဲနိုင်ကြောင်း ပြောပြလေသည်။

ကျွန်ုပ်က ဦးတိုင်းကျော်မှာ မြန်မာလူမျိုးဖြစ်လျက် အဘယ်ကြောင့် ယိုးဒယားပြည်သို့ ရောက်နေ၍ ယိုးဒယားနိုင်ငံရေးတွင် အရာရောက်သူတစ်ဦး ဖြစ်နေရပါသနည်းဟု မေးမြန်းရာတွင် ဦးတိုင်းကျော်က မိမိနှင့်တကွ မြန်မာအမြောက်အမြားသည် မြင်ကွန်းမင်းသားကြီးကို မြန်မာပြည်မှ မှဆိုးဆက်တွင် ပြန်လည်ပေးရန်အတွက် ယိုးဒယားပြည်မှ အစီအစဉ်များ ပြုလုပ်လျက်ရှိကြောင်း၊ ၎င်းအရေးတွင် ယိုးဒယားဘုရင် နောင်တော်ဝဇီရာနှင့်ဖြစ်စေ၊ ညီတော်နန္ဒမင်းသားနှင့်ဖြစ်စေ၊ သင့်တော်ရာ ဆက်သွယ်ပူးပေါင်းရမည်ဖြစ်ကြောင်း၊ အကယ်၍ လက်ရှိဘုရင်သည် မြင်ကွန်းမင်းသားကြီး၏ လုပ်ကြံမှု၌ စိတ်ဝင်စားခြင်းရှိခဲ့လျှင် ၎င်းအား နန်းပေါ်တွင် ဤအတိုင်းထား၍ ၎င်း၏စစ်သားအကူအညီဖြင့် မြန်မာပြည်သို့ ချီတက်ရမည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ မြင်ကွန်းမင်းသားကြီးနှင့် ညီတော်နန္ဒမင်းသားတို့ ပိုမိုသင့်မြတ်၍ ပေါင်းစည်းညီညွတ်ခြင်း မရှိခဲ့ပါမူ၊ နောင်တော်ဘုရင်ကို နန်းချရန် လိုသည်ဖြစ်စေ၊ သို့တည်းမဟုတ် ယိုးဒယားစစ်ဗိုလ်ကြီးအချို့ကို ဖြားယောင်းသွေးဆောင်ကာ ၎င်းတို့လက်အောက်ရှိ ယိုးဒယားစစ်သားများနှင့် မြန်မာပြည်သို့ ချီတက်ရမည်ဖြစ်ကြောင်း၊ အောက်မြန်မာပြည် တစ်ဝိုက်တွင်လည်း မြင်ကွန်းမင်းသားကြီးအတွက် ကိုယ်စားလှယ်များက မြန်မာစစ်သားများ စုဆောင်းလျက်ရှိကြောင်း စသည်ဖြင့်ပြောရင်းဆိုရင်း၊ ကျွန်ုပ်တို့သည် ချုံများအကြားမှ ဖြတ်ကျော်၍ တောင်ပူစာတစ်လုံး၏ ခြေရင်းသို့ ဆိုက်ရောက်လာကြလေ၏။

ထိုနေရာတစ်ဝိုက်၌ တောင်ပူစာသည်ဆင်ခြေလျှောမဟုတ်ဘဲ လူမတက်နိုင်အောင် မတ်စောက်စွာ တည်ရှိသည်ဖြစ်ရာ၊ ချုံများသည် တောင်ခြေတွင် ကပ်၍ပေါက်ရောက်လျက်ရှိသောကြောင့် ကျောက်သားကို မမြင်နိုင်အောင်ရှိလေ၏။ ဦးတိုင်းကျော်သည် ကျောက်တောင်ခြေရင်းရှိ ချုံများကို ဤနေရာ ထိုနေရာတွင် သေချာစွာကြည့်ရှုနေရာမှ ကျွန်ုပ်ဘက်သို့ လှည့်ကာ "နောက်မှာ မီးရောင်မြင်ရသလားဟော့၊ ကြည့်လိုက်စမ်း..." ဟု ပြောသည်နှင့် ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့လှည့်၍ ကြည့်လိုက်၏။ သို့ရာတွင် မည်သည့်နေရာ၌မျှ မီးရောင်းမမြင်ရသည်နှင့် မမြင်ရကြောင်း ပြောသောအခါ၊ ဦးတိုင်းကျော်က "ကိုင်း … ဒါဖြင့်ရှိစေ၊ မောင်ရှေ့ကဝင်၊ ကျုပ်နောက်ကလိုက်မယ် …"ဟု ပြောလေသည်၊ နောက်သို့ ကျွန်ုပ်လှည့်ကြည့်လိုက်သည့်အခိုက်တွင် ဦးတိုင်းကျော်သည် ချုံဖုတ်မှ အခက်အလက်များကို ဖယ်ရှားလိုက်သည်နှင့် ကျောက်တောင်ခြေရင်းတွင် အပေါက်ငယ်တစ်ခု ပေါ်လာလေ၏။ ကျွန်ုပ်က ကျဉ်းမြောင်းသော အပေါက်ထဲသို့ ဝင်မိခြင်းကြောင့်၊ ရုတ်တရက် မဝင်သေးဘဲ ဆိုင်းငံ့နေစဉ်၊ ဦးတိုင်းကျော်က "ဝင်သာဝင်ပါ၊ အထဲရောက်တော့ ကျယ်သွားပါလိမ့်မယ် …"ဟု ပြောလေ၏။

ကျွန်ုပ်သည် စိတ်ထဲမှ ယုံမှားသံသယ မကင်းသော်လည်း၊ ဤအချိန်တွင် ဦးတိုင်းကျော်ကို အလုံးစုံပုံ၍ယုံခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိတော့သည် ဖြစ်သောကြောင့်၊ ကျဉ်းမြောင်းသောတောင်ခေါင်းထဲသို့ ဒူးထောက်ကာ လျှိုးဝင်လိုက်လေ၏။ အတွင်းသို့ရောက်၍ လှည့်ကြည့်လိုက်သောအခါ၊ ကျွန်ုပ်၏နောက်မှ လိုက်လာသော ဦးတိုင်းကျော်ကို မဲမဲကြီးမြင်ရ၏။ ထိုခဏ၌ ဦးတိုင်းကျော်သည် တောင်ခေါင်းဝ၌ရှိသော အခက်အလက်များကို လက်ဖြင့်ပြုပြင်၍ ဂျိုး၊ ဂျိုး၊ ဂျွတ်ဂျွတ် မြည်သံကြားလိုက်ရပြီးနောက် လိုဏ်ဝပိတ်သွားသဖြင့် မဲမဲကြီးရှိနေသော ဦးတိုင်းကျော်၏ ကိုယ်လုံးကိုပင် မမြင်ရတော့ချေ။

• ထိုအခါ ဦးတိုင်းကျော်က ရှေ့ကိုတိုးသွားပါ။ လှေခါးထစ်တွေ့ပါလိမ့်မယ်၊ အဲဒီရောက်တော့ လိုဏ်ခေါင်းကျယ်သွားပြီ၊ မီးထွန်းကြတာပေါ့ …"ဟု ပြောသည်နှင့် ကျွန်ုပ်သည် ရှေ့သို့လေးဘက်ထောက်ကာ တွားဝင်သွားလေရာ၊ ခြေလှမ်းပေါင်း တစ်ရာခန့် သွားမိသောအခါ အောက်သို့ နိမ့်ဆင်းသွားသော လှေကားထစ်တစ်ထစ်ကို ရှေးဦးစွာ တွေ့ရလေ၏။ ထို့နောက် ဒုတိယ၊ တတိယ စသည်ဖြင့် ခုနစ်ထစ်မျှ ဆင်းလာခဲ့သည်တွင် ကျွန်ုပ်မှာ မတ်တတ်ရပ်နိုင်ရုံသာမက၊ ချောင်ချိစွာ အသက်ရှုနိုင်ခြင်းကို ထောက်သဖြင့် အတော်အတန် ကျယ်ဝန်းသော ဂူကြီးအတွင်းသို့ ရောက်လာခဲ့ကြောင်းသိနိုင်ပေ၏။ နောက်တစ်ခဏ၌ ဦးတိုင်းကျော်သည် မီးခတ်ကျောက်ဖြင့် ခတ်၍ မှို့မှ ပျားဖယောင်းတိုင် တစ်တိုင်သို့ မီးကူးလိုက်သည်တွင် အတော်အတန်လင်းသော မီးရောင်ဖြင့် ကျွန်ုပ်တို့သည် ငါးလံပတ်လည်မျှရှိသည့် စတုရန်းလိုဏ်ခေါင်းကြီးထဲသို့ ရောက်နေကြောင်း တွေ့ရလေ၏။ အမိုးမှာလည်း လက်ခုပ်တဖောင်စန့် မြင့်လေသည်။ ကျွန်ုပ်တို့ ရပ်နေသောနေရာ၌ သဲကျောက်များ ပြိုကျ၍ စုပုံလျက် ရှိသည်ကို လမ်းဖောက်





ထားခြင်းဖြစ်ကြောင်းကိုလည်း တွေ့ရ၏။ လက္ခဏာမှာ ဤနေရာ၌ အထက်မှ သဲကျောက်များ ပြိုကျသောကြောင့် လမ်းပိတ်ဆို့နေဖူးရာမှ မကြာသေးမီကပင် ပြုပြင်ထားဟန် တူပေသည်။

ဤနေရာမှစ၍ ဦးတိုင်းကျော်သည် ဖယောင်းတိုင်ကိုင်လျက် ရှေ့မှသွား၍ ကျွန်ုပ်က နောက်မှ လိုက်သွားရ၏။ ဦးတိုင်းကျော်က "မောင်တို့ဆီမှာ ဒီလို လိုဏ်ခေါင်းမျိုးရှိသလား"ဟု မေးရာ ကျွန်ုပ်က မတွေ့ဖူးပါဟု ပြန်ပြောရသည်။

ကျော်။ ။"ဒီဟာက ယိုးဒယားပြည်ကိုးမောင်ရဲ့၊ ဒီဆီမှာ မင်းဖြောင်းမင်းလဲ အလွန်များပြီး၊ အရေးတော် ခဏ,ခဏပေါ်လေတော့ လူမသိအောင် တူးဖော်ထားတဲ့ဥမင်လိုဏ်ခေါင်းတွေ သိပ်များတယ်၊ တစ်ပြည်လုံးမှာဆိုရင် ဒါမျိုးကြီးတွေ လေးငါးခြောက်ခုထက်မနည်း ရှိတယ်"

နုပ်။ ။"ဒီက ရှေ့ဆက်သွားတော့ ဘယ်ရောက်သလဲခင်ဗျာ…"

ကျော်။ ။"နေဦး တွေ့လိမ့်မပေါ့"

ဦးတိုင်းကျော်သည် စတုရန်း လိုဏ်ခေါင်းကြီး၏ တစ်ဖက်သောနံရံသို့ လျှောက်သွား၍ ကျွန်ုပ်က နောက်မှလိုက်သွားစဉ် လက်ဝဲလက်ယာသို့ ကြည့်လိုက်မိသည်နှင့် ဆန်၊ ဆန်အိတ်၊ ဆီအိုး၊ ထင်း၊ ရေအိုးများ၊ ပျားဖယောင်းတိုင်များ၊ ထန်းလျက်၊ ကြံသကာ၊ ပေါက်ပေါက်ဆုပ် စသည့် စားနပ်ရိက္ခာများကို မြင်လိုက်ရ၏။ ဦးတိုင်းကျော်သည် နံရံတစ်ဖက်သို့ ရောက်သောအခါ ကျွန်ုပ်အား ပျားဖယောင်းတိုင်ကို လှမ်းပေး၍ နံရံတစ်နေရာ၌ ကျွန်ုပ်မမြင်နိုင်အောင် သူ၏ကိုယ်လုံးဖြင့် ကွယ်ထားပြီးမှ မည်သည့်နေရာတွင် ဘယ်ကဲ့သို့ လုပ်လိုက်သည်မသိ၊ လူတစ်ယောက် ထွက်လောက်သည့် ရှည်လျားသော အပေါက်တစ်ခု ဖြစ်လာလေ၏။ ကျွန်ုပ်၏အထင်မှာ ကျောက်နံရံ၌ ကျောက်တုံးကြီး တစ်ခုသည် ချွန်ထက်သော အစွန်းနှစ်ခုဖြင့် အထက်အောက် ဆောက်တည်လျက်ရှိရာတွင် ချိန်ခွင်လျှာကဲ့သို့ အလေးချိန်မျှတစွာ တည်နေခြင်းကြောင့် ခလုတ်ပုန်းတစ်ခုခုကို နှိပ်ခြင်းဖြင့် အလွယ်တကူ ရွေ့သွားဟန် တူလေသည်။

ဦးတိုင်းကျော်သည် ဖယောင်းတိုင်ကို ပြန်တောင်း၍ ရှည်လျားသော အပေါက်မှ ထွက်သွားသဖြင့် ကျွန်ုပ်က နောက်မှ လိုက်သွားရာ၊ သုံးလှမ်းမျှ လှမ်းမိသောအခါ ကျွန်ုပ်ကို တဖန်ရှေ့သို့တင်၍ လျှို့ဝှက်သော ခလုတ်တစ်ခုကို နှိပ်လိုက်ဟန်တူ၏။ ကျွန်ုပ်ကြည့်လိုက်သောအခါ ကျွန်ုပ်တို့ ထွက်လာခဲ့ကြသော အပေါက်ကြီးပိတ်သွား၍ ကျောက်သားပကတိ ဖြစ်နေသည်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ၌ကား ကျွန်ုပ်တို့သည် အုတ်တိုက်တစ်ခု၏ အောက်ထပ်နောက်ဖိုင်သို့ ရောက်နေကြလေရာ၊ လှေခါးမှ တက်သွားကြသောအခါတွင် သော့ခလောက်ခတ်ထားသော တံခါးတစ်ခုကိုတွေ့ရ၏။ ဦးတိုင်းကျော်သည် အိတ်ထဲမှ သော့တစ်ချောင်းဖြင့် သော့ခလောက်ကို ဖွင့်၍ ဝင်သွားကြသည်တွင် ကွပ်ပျစ် သလွန်, ဖဒိုင်, သင်ဖြူးနှင့် အခြားအိမ်ထောင်မှုများရှိသည့် အခန်းတစ်ခန်းသို့ ရောက်နေကြောင်း တွေ့ရလေ၏။

ကျော်။ ။"ကိုင်း...ဒီကနေ့ ညအဖို့ မောင် ဒီမှာ အိပ်ပေတော့ ဟောဒီမှာ ခေါင်းအုံး, သင်ဖြူး အသင့်ပါပဲ"

ကျွန်ုပ်။ ။"အိပ်တာတော့ ဟုတ်ပါပြီခင်ဗျာ၊ ကျွန်တော် ဘယ်ရောက်နေတာလဲ"

ကျော်။ ။"ဒီဟာ ကျုပ်အိမ်ပဲ၊ ဒီညအဖို့တော့ ဒါလောက် သိရရင် တော်ပေတော့၊ မနက်လင်းတော့မှ စကားပြောကြသေးတာပေါ့"

ဦးတိုင်းကျော်သည် တစ်တောင်ခန့်ရှိသော သစ်တုံးကို ထွင်းထားသည့် "ကုလားတက်"တစ်ခုကို တင်းပုတ်ကလေးတစ်ခုဖြင့် ထုနှက်လိုက်ရာတွင် အစေခံတစ်ယောက်သည် တံခါးတစ်ခုမှ ဝင်လာ၏။

ကျော်။ ။"ခင်ခင်ကြီး အိပ်ပလားဟေ့"

ခံ။ ။"အိပ်ပြီခင်ဗျာ၊ ထမင်းအိုး တစ်လုံးချက်လောက် ကြာသွားပြီ"

ကျော်။ ။"အေး...ကောင်းပြီသွားတော့၊ ကိုင်း... မောင်ရင်လဲ ခရီးပန်းလာလို့ အိပ်ချင်လှရော့မယ်၊ ဟောဟို သလွန်ပေါ်မှာ အိပ်ပေတော့..."

ထို့နောက် ဦးတိုင်းကျော်သည် အခန်းထဲမှ ထွက်သွားလေရာ ကျွန်ုပ်မှာ အတွေ့အကြုံများလှသော နေ့ဖြစ်သော်လည်း ခရီးပန်းသည်နှင့် သလွန်ပေါ်သို့ လှဲလိုက်သည်နှင့်တစ်ပြိုင်နက် အိပ်ပျော်သွားပါတော့သည်။

□

## အခန်း (၄)

နောက်တစ်နေ့နံနက်၌ ကျွန်ုပ်သည် အိပ်ရာမှနိုး၍ သလွန်ခြေရင်း၌ အသင့်တည်ထားသော ရေအိုးမှရေဖြင့် မျက်နှာသစ်ပြီးသည့်နောက် များမကြာမီအတွင်း၊ ဦးတိုင်းကျော် ဝင်လာ၍ လက်တွင်မွေ့လာသော ဝတ်စုံတစ်စုံကို သလွန်ပေါ်သို့ တင်ပြီးလျှင်...

ကျော်။ ။"ကိုင်း... အဝတ်များ လဲပါဦးမောင်၊ မောင့်အဝတ်တွေက ခရီးသွားတဲ့ အဝတ်ကြမ်းမျိုးတွေပဲ၊ ဒိပြင်လဲ မောင့်မှာ အဝတ်အစား ပါတော့ဟန် မတူဘူး။ ဟောဒီအင်္ကျီတော်ကောင်းပါရဲ့၊ ဝတ်ကြည့်စမ်း"

ကျွန်ုပ်။ ။"တော်ပါပြီဗျာ၊ ပွဲထိုင်သွားစရာ ရှိတာမှတ်လို့ ဒီအတိုင်း သင့်တော်ပါပြီ"

ကျွန်ုပ်က ငြင်းဆိုသော်လည်း ဦးတိုင်းကျော်က တစ်ပြည်တစ်နိုင်ငံတွင် သပ်ရပ်စွာ ဝတ်စားဆင်ယင်ဖို့ အရေးကြီးကြောင်းကို ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ပြောပြတိုက်တွန်းလေရာ ကျွန်ုပ်မှာ သူ၏မျက်နှာထားကို နားမလည်သော်လည်း ခိုင်းစေသည့်အတိုင်း ပိုးပုဆိုးတောင်ရှည်၊ "တရုတ်ဝတ်"ခေါ် ရင်စေ့အင်္ကျီနှင့် "ပိုးဆာပါ"ခေါ် ခေါင်းပေါင်းဖြင့် ဝတ်ဆင်လျက် ဆံပင်ကိုလည်း ရှောင်ချောထုံး ရလေသည်။ ကျွန်ုပ်အဝတ်လဲခိုက်တွင် ဦးတိုင်းကျော်သည် အခန်းပြင်သို့ထွက်နေ၍ ကျွန်ုပ်ဝတ်ဆင်ပြီးသဖြင့် ပြန်ဝင်လာသောအခါ ကျွန်ုပ်ကို ကျေနပ်သောမျက်နှာထားနှင့် ကြည့်လျက် "ငါ့လူက ဒီလိုဆိုတော့ ထီးဟန်နန်းဟန် ပါပေသားပဲ၊ နကိုယ် ရုပ်ရည်ကလဲ သနားကမားဆိုတော့ နေရာကျတောင်းပါရဲ့လေ"ဟု ပြောလေသည်။ ကျွန်ုပ်ကမူ "နေရာကျကောင်းပါသည်"ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို နားမလည်သဖြင့် ကြောင်တောင်တောင်ဖြစ်နေသေး၏။ သို့ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ဦးတိုင်းကျော်သည် ကျွန်ုပ်၏မျက်နှာထားကို မြင်၍ ပြုံးစိစိလုပ်သော်လည်း ရှင်းလင်းပြောပြခြင်း မပြုချေ။

ထို့နောက် ဦးတိုင်းကျော်သည် ကျွန်ုပ်အား သပ်ရပ်စွာ ပြင်ဆင်ထားသော ဧည့်ခန်းသို့ ခေါ်သွားရာ သလွန်တစ်ခုပေါ်၌ ပုရပိုက်တစ်ဆူကို ဖတ်လျက်ရှိသော မိန်းမပျိုတစ်ယောက်ကို တွေ့ရလေသည်။ မိန်းမမှာ ကျွန်ုပ်နှင့် ရွယ်တူလောက် ရှိသော်လည်း စဉ်းစားဆင်ခြင်ဉာဏ်နှင့် ထက်မြက်နက်နဲသော ပညာရှိဟန်တူသောကြောင့် ကျွန်ုပ်ထက်ပင် အသက်ကြီးသည်ဟု ထင်ရလောက်ပေ၏။ ဤသို့သော ဉာဏ်ပညာမျိုးရှိသည့် မျက်နှာမျိုးမှာ မိန်းကလေးတစ်ရာတွင် တစ်ယောက်မျှ တွေ့ခဲလှသောကြောင့် ကျွန်ုပ်မှာ မြင်လျှင်မြင်ချင်း အံ့အားသင့်သလို ဖြစ်သွားမိသေးသည်။ ထိုမိန်းကလေး၏ ရုပ်ဆင်းသဏ္ဌာန်မှာမူ မြန်မာပြည်၌ ကျွန်ုပ်မြင်တွေ့ခဲ့ဖူးသော မိန်းကလေးများအနက်တွင် (မနှင်းမြမှတစ်ပါး) ရှား ရှားသည်ဟု ဆိုလောက်ပေ၏။ နှာတံပေါ်လွင်ခြင်း၊ မျက်လုံးကြည်လင် တောက်ပခြင်း၊ မျက်နှာပေါက်လှခြင်းတည်းဟူသော အခြင်းအရာများတွင် မော်လမြိုင်သူ မနှင်းမြိုင်နှင့် နင်လားငါလား ဆိုလောက်ပေသည်။ အသားအရည် စိမ်းလဲ့ ကြည်လင်ခြင်း၌ မနှင်းမြကိုမမီဟု ဆိုရမည်ဖြစ်သော်လည်း နက်မှောင် ရှည်လျား သော မျက်တောင်များ၏ ပျံကော့ခြင်း၌မူ ဤမိန်းကလေး၏ ထူးခြားချက်တစ်ခု ဖြစ်ပါပေသည်။ ကျွန်ုပ်တို့နှစ်ယောက် ဝင်သွားကြ၍ မိန်းကလေးသည် စာဖတ်ရာမှ မော့ကြည့်လိုက်သဖြင့် ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် မည်သို့သော အကြောင်းကြောင့်မသိ ကျွန်ုပ်အပေါ်တွင် မလိုမုန်းတီးသည့် ပင့်ဃသဘောမျိုး ဖော်ပြသည်ဟု ကျွန်ုပ်ထင်လိုက်မိသည်။

ကျော်။ ။"ဟောဒီမယ် တူမကြီးရေ၊ မြန်မာပြည်ကရောက်လာတဲ့ မောင်တောက်ထွန်းဆိုတဲ့လူပဲ၊ ငါ့တူမနဲ့တော့ ဆွေနီးမျိုးစပ် တော်သေးတာပေါ့"ဟု ပြော၍ ကျွန်ုပ်ဘက်သို့ လှည့်ကာ "ဒါက ကျုပ်တူမ ခင်ခင်ကြီးလေ"ဟု ပြောလေသည်။

ကျွန်ုပ်မှာ သူ၏တူမ ခင်ခင်ကြီးနှင့် ဆွေမျိုးစပ်တော်သည်ဆိုခြင်းကို နားမလည်နိုင်သည်နှင့် အံ့အားသင့်လျက် ငေးကြည့်နေမိသည်။

ကျော်။ ။"ဟုတ်ပါတယ်။ မောင်တောက်ထွန်းရဲ့၊ မောင်လဲ ကျုပ်တူ ပါပဲ..."

ကျွန်ုပ်။ ။"ဒီလိုဆိုရင် ဦးဟာ ကျွန်တော့်ဦးရီးဦးလတ်နဲ့"





ကျော်။ ။"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

ကျွန်ုပ်။ ။"ဒီလိုဆို တွေ့တွေ့ခြင်း၊ ကျွန်တော့်ကို ဘာကြောင့်မပြောတာလဲ ခင်ဗျာ..."

ကျော်။ ။"ချက်ခြင်း မပြောတာကတော့ ဒီလိုပါ၊ မောင့်ကို လူတဲ့ ခတ်ချင်တာကတစ်ကြောင်း၊ မောင်နဲ့ ကျုပ်နဲ့ ဆွေမျိုးတော်တယ်ဆိုတာကို ဟို လူတွေ သိသွားရင် သွေးချင်းသားချင်းမို့လို့ အကာအကွယ် ပေးတယ်ဆိုပြီး ကျုပ်စကားကို နားမထောင်မှာစိုးရတာကတစ်ကြောင်း ဖြစ်ပါတယ်။ သို့သော် ကျုပ်က တူသား နှောင်မယ်တစ်ယောက်အပေါ်မှာ စိမ်းကားရာကျသော်လဲ ကျုပ်တူမ ခင်ခင်ကြီးက သွေးချင်းသားချင်းပီပီ အိမ်ရှင်ဝတ္တရား ကျေပွန်အောင် ပြုစုပါလိမ့်မယ်၊ မဟုတ်ဘူးလားကွယ့် တူမကြီး..."

ခင်ခင်ကြီးသည် ဦးတိုင်းကျော်က ဆွေမျိုးစပ်ပေးသော စကားကို သဘောကျဟန်မရှိဘဲ၊ ကျွန်ုပ်အပေါ်တွင် စိမ်းကားရုံသာမက စက်ဆုပ်မုန်းတီးသော ကြည့်ခြင်းမျိုးဖြင့် ကြည့်နေလေ၏။

ထိုခဏတွင် အစေခံတစ်ယောက်သည် ဆန်ပြုတ်ပန်းကန်များကို ကြေး လင်ပန်းတွင်ထည့်လျက် အခန်းထဲသို့သွင်းလာပြီးလျှင် သုံးချောင်းထောက် စားပွဲနိမ့်တစ်ခုပေါ်၌ ပြင်ဆင်လေသည်။ ကျွန်ုပ်တို့သုံးဦးသည် သင်ဖြူးတစ်ချပ် ပေါ်၌ ထိုင်ကာ ဆန်ပြုတ်နှင့် ငါးခြောက်ဖုတ်တို့ကို စားသောက်ရင်း ဦးတိုင်းကျော် က စကားဖောင်လှအောင် ပြောဆိုလေသည်။

ဦးတိုင်းကျော်က ယိုးဒယားပြည်သို့ ကျွန်ုပ်လာလိမ့်မည်ဟု သတင်း ဆန့်သန့်ကြားရကြောင်း၊ ယမန်ညဉ့်က ကျွန်ုပ်ကိုမြင်ရ၍ အဖြစ်အပျက်ကြားလိုက် ရတည်းက ကျွန်ုပ်ပင် ဖြစ်ရမည်ဟု တွေးဆမိကြောင်း၊ ထိုကတည်း ကပင် ကျွန်ုပ်ကို ဤအိမ်သို့ ခေါ်လာရမည်ဟု စိတ်ကူးပြီးဖြစ်ကြောင်း စသည်ဖြင့် တောက်လျှောက် ပြောဆိုသည်တွင် ခင်ခင်ကြီးသည် တစိခွန်းတလေမျှ ဟက်ဖက်ခြင်း မပြုဘဲ၊ ယခင်မျက်နှာထားအတိုင်း ကျွန်ုပ်ကိုတစ်ချက်တစ်ချက် လှမ်းကြည့်လေသည်။ နောက်ဆုံး၌ ခင်ခင်ကြီးက...

ကြီး။ ။"ဦးလေးပြောပုံတွေက သူ့အိမ်လိုလို ဘာလိုလို၊ အိမ်ရှင်အစစ်ဟာ ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ သိရက်သားနဲ့ ဒီလိုပြောလို့ ဖြစ်တာများ နဲ့ညပါရဲ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်။ ။"ခင်ခင်ကြီး ပြောလိုက်မှဖြင့် ဒီလိုချည်းပဲ၊ ဆွေးချင်းသားချင်း ဖြစ်ကြပြီဟာ သူ့အိမ်ငါ့အိမ် တူတူပေါ့ တူမကြီးရဲ့"

ကြီး။ ။"တူနိုင်ပေါင်ရှင်၊ ကိုယ့်အိမ်ကိုယ်အိမ်ပေါ့၊ သူ့အိမ်သူ့အိမ်ပေါ့။ ဘာကြောင့်တူရမှာလဲ၊ သူလာကတည်းကိုက ဒီယုန်မြင်လို့ ဒီချုံထွင်ဆိုတဲ့ စကားလို ဖြစ်မှာပေါ့"

ခင်ခင်ကြီး၏စကားနှင့် ဦးတိုင်းကျော်၏စကားတို့မှာ ကျွန်ုပ်အဖို့တွင် ပဟေဠိသဖွယ် ဖြစ်နေသည်နှင့် တူဝရီးနှစ်ယောက်၏ မျက်နှာများကိုသာ တစ်လှည့်စီကြည့်နေမိပါတော့သည်။ သို့သော် ကျွန်ုပ်သည် ယိုးဒယားပြည်သို့ ထွက်ပြေးသွားသော ဦးကြီးတစ်ယောက်အကြောင်းကို ကြားရဖူးသည်နှင့် အိမ်ပိုင်ရှင်အစစ်သည် မည်သူမည်ဝါများ ဖြစ်နိုင်လေသနည်းဟု တွေးမိတွေးရာ တွေးမိပါသေးသည်။

ကျွန်ုပ်။ ။"ကျွန်တော်လာရောက်ခြင်းကတော့ ဟိုပစ္စည်း ဒီပစ္စည်းကို မျှော်လင့်လို့ မဟုတ်ပါဘူး။ လက်ရုံးရည်၊ နှလုံးရည်နဲ့ အမှုထမ်းပြီး ကိုယ့်ဒူး ကိုယ်ချွန်ဆိုသလို ကြိုးစားချင်လို့ လာရောက်ခဲ့ခြင်း ဖြစ်ပါတယ်"

ကျော်။ ။"ဟုတ်တာပေါ့မောင်၊ မြင်ကွန်းကိုယ်တော်ကြီး ရှိလေတော့ မောင့်လိုမျှော်လင့်ချက်နဲ့ ရောက်နေကြတဲ့ မြန်မာတွေ အများကြီးပေါ့၊ နှလုံးရည် သို့မဟုတ် လက်ရုံးရည်နဲ့ ပြည့်စုံသူအတွက်ဆိုရင် ဒီခေတ်အခါမှာ ဒီဌာနလောက် ကြီးပွားနိုင်တဲ့ဌာန ဘယ်မှာမှ မရှိပါဘူး၊ ကိုယ်တော်ကြီးကလဲ မောင့်ကို မြင်ရင် သဘောကျမှာပါ"

ကြီး။ ။"ကြံကြံစည်စည်ရှင်၊ ကိုယ့်တိုင်းပြည်မှာ ကိုယ့်ဘုရင်လက်အောက် အမှုထမ်းတာထက် ဘုမသိ၊ ဘမသိနဲ့ ဒီလာပြီး ဟိုစမ်းစမ်း၊ ဒီစမ်းစမ်း လုပ်လို့ ဘာအကျိုးရှိမှာတဲ့လဲ"

ဤမိန်းမပြောသမျှသော စကားလုံးများသည် ကျွန်ုပ်၏ မာနကို ထိနိုက်သည်ချည်းဖြစ်၍ သူက ကျွန်ုပ်အား မလိုမုန်းတီးခြင်းရှိသည့်နည်းတူ ကျွန်ုပ်ကလည်း ၎င်းအား မုန်းတီးခြင်းဖြင့် တုံ့ပြန်စပြုလာလေပြီ။

ကျော် ။"မပြောနဲ့တူမကြီးရဲ့၊ ဒီက မောင်တောက်ထွန်းက ဟိုလိုလူစားမျိုး မဟုတ်ဘူးကွယ့်၊ သတ္တိရှိတယ်"

ကြီး ။ ။(မျက်လုံးများ လက်ကနဲတောက်လျှက်)"ဟိုလိုလူဆိုတာ ဘယ်သူ့ပြောတာလဲဦးလေး"





ကျော်။ ။"အေးလေကွယ်၊ ဘယ်သူပြောပြော"ဟုဆိုကာ စကားလွှဲသွားမည် စိုးသည့်လက္ခဏာဖြင့် အခန်းထဲမှ ထွက်သွားလေ၏။

ခင်ခင်ကြီးသည် မခံချင်သောစိတ် ဖြစ်ပေါ်လာ၍ ဦးတိုင်းကျော်နောက်သို့ လိုက်ကာ ချေပဦးတော့မည်ကဲ့သို့ ထလိုက်သေး၏။ သို့ရာတွင် အောက်နှုတ်ခမ်းကို ကိုက်ကာ စိတ်ကို ချုပ်တည်းထားသည့် လက္ခဏာဖြင့် နေရာတွင် ပြန်၍ ထိုင်လိုက်လေသည်။ အတန်ကြာအောင် ဆိတ်ဆိတ်နေကြပြီးနောက်...

ကြီး။ ။"ကျွန်မနဲ့တော့ ဦးလေးအရင်းတော်တယ်၊ ရှင်နဲ့သူနဲ့လဲ ဦးရီးတော်တယ်ဆို"

ကျွန်ုပ်။ ။"ဟုတ်ကဲ့ အမေ့မောင် ဝမ်းကွဲတစ်ယောက် ဦးလတ်ဆိုတာနဲ့ သူနဲ့ ဆွေမျိုးထင်ပါရဲ့"

ကြီး။ ။"ခုမှတွေ့ဖူးတဲ့ ဦးရီးပေါ့"

ကျွန်ုပ်။ ။"ဟုတ်ပါတယ်"

ကြီး။ ။"ဘယ့်နဲ့လဲရှင်က ဘယ်လို အကဲခတ်မိသလဲ၊ မတော်ဘူးလား ရှင့်ဦးကြီး..."

အမှန်ကိုပြောရလျှင် ကျွန်ုပ်သည် ဦးတိုင်းကျော်ကို စတင်တွေ့မြင်ရသည့် အချိန်မှစ၍ လုပ်ပုံ ကိုင်ပုံ, ပြောပုံ, ဆိုပုံများကို မကြိုက်နိုင်ဘဲရှိခဲ့ရာ သူ၏ တူမ အရင်းဆိုသော ခင်ခင်ကြီးကလည်း ကျွန်ုပ်နည်းတူ သဘောမကျခြင်းကို တွေ့ရ၍ ဤတစ်ချက်တွင် သဘောတူကြသည်ဟု စဉ်းစားမိသဖြင့် စိတ်ထဲတွင် အဖော်ညှိမိသေးသည်။ သို့သော် မည်သို့မျှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေသည်တွင်...

ကြီး။ ။"ရှင် ဘာမှမပြောတာ ကျွန်မရိပ်မိပါတယ်၊ ကျွန်မနဲ့ သဘောချင်း တူတယ်ထားပါတော့၊ ဒါတွေ ထားလိုက်ပါဦး တစ်ခုပြောချင်တာက ရှင် ဒီမှာနေရင် ဒုက္ခဖြစ်လိမ့်မယ်"

ကျွန်ုပ်။ ။"ကျုပ်ကို ဘယ်သူက ဒုက္ခပေးမှာလဲ"

ကြီး။ ။"တယ်ခက်တာကိုး၊ ကျွန်မ ဦးလေးကို ရှင် အကဲခတ်မိတယ် မဟုတ်လား"

ကျွန်ုပ်။ ။"စိတ်ချရတဲ့ လူကြီးတစ်ယောက် မဟုတ်ဖူးလို့ ရိပ်မိတယ်"

ကြီး။ ။"အဲဒါပေါ့ရှင်"

ကျွန်ုပ်။ ။"ဘာအတွက်ကြောင့် ကျုပ်ကို ဒုက္ခပေးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကြီး။ ။"ဒါကိုတော့ ကျွန်မ မပြောချင်ဘူး၊ ရှင့်ဘာသာရှင် စုံစမ်းပေါ့"

ကျွန်ုပ်။ ။"ခင်ဗျားအထင်လွဲပြီထင်တယ်၊ ကျုပ်ကို သူက ကယ်ဆယ်ထားတယ်ဗျာ့"

ကြီး။ ။"ဘယ်သူ့လက်က ကယ်ဆယ်တာလဲ"

ကျွန်ုပ်။ ။"သူတို့အကြံအစည်ကို ကျုပ်သိသွားတယ်ဆိုပြီး လူနှစ်ယောက်က ကျုပ်ကို သတ်မယ်လုပ်တာ သူက ဝင်ကယ်ဆယ်လိုက်တယ်"

ကြီး။ ။"ဒါကတော့ ရှင့်ကို အသုံးချချင်လို့ ဖြစ်လိမ့်မယ်၊ အသုံးချလို့မရရင်တော့ ရှင်သေပေတော့ပဲ"

ကျွန်ုပ်။ ။"ကျုပ်ကို ဘယ်လို အသုံးချမှာတဲ့လဲ"

ကြီး။ ။"ဒါလဲ ရှင့်ဘာသာရှင် စုံစမ်းပေါ့၊ နေစမ်း ကျွန်မတစ်ခုမေးမယ် မှန်မှန်ပြောနော်၊ မြန်မာပြည်မှာ ရှင့်ရည်းစား ရှိသလား"

ကျွန်ုပ်မှာ သေရေး, ရှင်ရေးအကြောင်း ဆွေးနွေးရာမှ ဤမေးခွန်းကို မေးလိုက်သဖြင့် အံ့သြသွားသေးသည်။

ကျွန်ုပ်။ ။"ရှိတယ်...မော်လမြိုင်သူ မနှင်းမြတဲ့"

ကျွန်ုပ်၏စကားကို ကြားရသောအခါ၊ ခင်ခင်ကြီးမှာ အလွန်ကျေနပ်သောမျက်နှာထား ဖြစ်ပေါ်လာ၏။

ကြီး။ ။တော်တော်ချစ်ကြသလား"

ကျွန်ုပ်။ ။"ချစ်ဆို...လူကလွဲရင် ဖွဲနဲ့ ဆန်ကွဲပဲဗျို့"

ကြီး။ ။"ဒီလို အိမ်ကြီးနဲ့၊ လယ်တွေနဲ့ရရင်ကော မနှင်းမြကို မခွဲနိုင်ဘူးလား"

ကျွန်ုပ်။ ။"အဲဒေးကြီးဗျာ၊ နန်းတော်ကြီးနဲ့ထားတောင် မခွဲဘူး"

ဤတွင် ခင်ခင်ကြီးသည် ပီတိသောမနသဖြစ်သောအမူအရာနှင့် ကျွန်ုပ်၏ပခုံးကို လက်ဖြင့် ဖြည်းညှင်းစွာ ပုတ်လိုက်ဆဲတွင် အခန်းထဲသို့ ဦးတိုင်းကျော်ဝင်လာလေ၏။

❑

# အခန်း (၈)

ဦးတိုင်းကျော်သည် ကျွန်ုပ်တို့နှစ်ယောက်၏ ရင်းနှီးသော အမူအရာကို မြင်ရသောအခါ အလွန်ကျေနပ်ဟန်တူ၏။ သို့ရာတွင် သူ၏တူမ ခင်ခင်ကြီးအား မသကာသောမျက်နှာထားနှင့် လှမ်းကြည့်လျက်–

ကျော်။ ။"ကိုင်း... တူမကြီးရေ ဦးလေးမှာ အလုပ်ကလေးတွေ ရှိသေးတယ်။ ဟောဒီက မောင်တောက်ထွန်းကို ငါ့တူမက ဥယျာဉ်ကြီးတွေ ဘာတွေ လိုက်ပြလိုက်ပါကွယ်"

ကျွန်ုပ်သည် ခင်ခင်ကြီးနောက်မှ လိုက်လာစဉ် "ခင်ခင်ကြီးက ဦးတိုင်းကျော်အကြောင်းကို ကျွန်ုပ်အား အဘယ်ကြောင့် သတိပေးရလေသနည်း" ကျွန်ုပ်၌ ရည်းစားရှိ,မရှိကို အဘယ်ကြောင့် သိချင်ရပါဘိသနည်း" ဟူသော မေးခွန်းနှစ်ခုကို မေးချင်ဇောထက်သန်လျက်ရှိ၏။ ကျွန်ုပ်တို့သည် သလဲပင်၊ မာလကာပင်၊ သြဇာပင်စသော သစ်ပင်များနှင့် ခွန်၊ စမွယ်၊ နှင်းဆီစသော ပွင့်ပင်များဖြင့် ပြည့်နှက်လျက်ရှိသော ဥယျာဉ်ကြီးအတွင်း လှည့်လည်ကြည့်ရှုကြ၍ အတန်ငယ် ခြေညောင်းသောအခါ၌ သရက်ပင်ကြီးတစ်ပင်အောက်ရှိ ခုံရှည်တစ်ခုပေါ်တွင် ထိုင်ကြလေ၏။ ထိုနေရာမှ အိမ်ကြီးဘက်သို့ မျှော်ကြည့်လိုက်သောအခါ ကျွန်ုပ်တို့ ထွက်လာခဲ့သော အဆောက်အဦးမှာ အလွန်ကြီးကျယ်သော နှစ်ထပ်တိုက်ကြီးဖြစ်၍ တောင်ပူစာနှင့် တော့ကပ်ကာ တည်ဆောက်ထားခြင်း ဖြစ်သည်ကို တွေ့ရ၏။ ၎င်းအုတ်တိုက်မျိုးမှာ ကျွန်ုပ်နေထိုင်ခဲ့သော အထက်မြန်မာပြည် တစ်ဝှမ်း၌ပင် မတွေ့ခဲ့ရဖူးချေ။ ကျွန်ုပ်၏ ခန်းမှန်းချေအားဖြင့် လေးငါးခြောက် အိမ်ထောင်မျှသည် ထိုတိုက်ကြီးတွင် ချောင်ချိစွာ နေနိုင်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။"ခင်ခင်ကြီးနဲ့ ကျုပ်နဲ့ ဘယ်ဘက်က ဘယ်လို တော်တယ်လို့ တော့မသိဘူး၊ သားချင်းလို့ပြောပါတယ်၊ ဒီတော့ သွေးသားချင်းဖြစ်တဲ့ အလျောက် ရှင်းရှင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း စကားပြောကြစို့၊ မေးစရာရှိ မေးမယ်နော်"

ကြီး။ ။"မေးပါရှင်"

ကျွန်ုပ်။ ။"ကျုပ်မျက်နှာကို မြင်တော့ ခင်ခင်ကြီး မချမ်းသာတာ မြင်လိုက်တယ်။ ဟုတ်ကဲ့လား"

ကြီး။ ။"ဟုတ်ပါတယ်"

ကျွန်ုပ်။ ။"ဘာကြောင့်လဲ"

ကြီး။ ။"ရှင့်အတွက်ရော၊ ကျွန်မအတွက်ရော စိုးရိမ်လို့ပါ"

ကျွန်ုပ်။ ။"ဘယ်လိုစိုးရိမ်ပုံလဲ"

ကြီး။ ။ဦးလေးက အင်မတန်ရှုပ်တဲ့ လူကြီးရှင့်၊ သူ့သဘောအတိုင်း မဖြစ်ရရင် ဘယ်သူ့မှ မညှာဘူး၊ ကြောက်စရာကောင်းတယ်။

ကျွန်ုပ်။ ။ကျုပ်ရောက်လာတာနဲ့ ခင်ခင်ကြီး ဘာကြောင့် ဒုက္ခရောက်ရမှာလဲ"

ကြီး။ ။"ရှင့်မှာ ရည်းစားရှိသလားလို့ ကျွန်မ မေးတယ်ဟုတ်လား၊ ဒါလောက်ဆို မရိပ်မိဘူးလားရှင်"

ကျွန်ုပ်သည် ရိပ်စားမိသော်လည်း သိသည်ဟု မပြောချင်သောကြောင့်

ကျွန်ုပ်။ ။"မရိပ်မိဘူးဗျာ၊ ဘာ့ကြောင့်လဲ"

ကြီး။ ။"ရှင်က တယ်ထူတာကိုး၊ ဦးလေးက ရှင်နဲ့ကျွန်မနဲ့ ပေးစားချင်တာရှင့်"

ကျွန်ုပ်။ ။"ဒါကတော့ ကျုပ်အဖို့ မဖြစ်နိုင်တာပဲ"

ကြီး။ ။"ကျွန်မအဖို့လဲ မဖြစ်နိုင်ဘူးရှင့်၊ ကျွန်မမှာလဲ ရည်းစားရှိတယ်"

ထိုအခါတွင်မှ ကျွန်ုပ်သည် မနက်ခင်းက ကျွန်ုပ်၏ဝတ်စားပြင်ဆင်ရေး အတွက် ဦးတိုင်းကျော်က စိတ်ဝင်စားခြင်းနှင့် နေရာကျလောက်ပါပြီဆိုသော စကားကို နားလည်ပါတော့သည်။ သို့သော် သူ့တူမခင်ခင်ကြီးနှင့် ကျွန်ုပ်ကို အဘယ်ကြောင့် ပေးစားလိုသည်ဟု နားမလည်သေးသည်နှင့်...

ကျွန်ုပ်။ ။"ခင်ခင်ကြီးမှာ မိဘမရှိဘူးလား"

ကြီး။ ။သေကုန်ကြပါပြီရှင်၊ သူ့ပဲ အဖေ၊ သူပဲအမေပါပဲ"

ကျွန်ုပ်။ ။"သမီးအရင်းလိုသဘောထားတယ်ဆိုပါတော့"





ကြီး။ ။"ဒါတွင်မကသေးဘူးရှင့်၊ ကျွန်မ ကောင်းစားရင် သူ့အတွက်ပါ နေရာကျတာကိုး"

ကျွန်ုပ်။ "ကျုပ်နဲ့ရရင် ခင်ခင်ကြီး ကောင်းစားရောတဲ့လားဗျာ..."

ကြီး။ ။"ဒီလိုရှင့်၊ ကျွန်မ သတင်းတစ်ခု သန့်သန့်ကြားထားတယ်၊ သူ့ကို ပြန်မပြောလိုက်နဲ့နော်"

ကျွန်ုပ်။ ။"မပြောပါဘူးဗျာ၊ ဘာသတင်းလဲ"

ကြီး။ ။"ဒီဥယျာဉ်ကြီးနဲ့ တိုက်ကြီးဟာ သူ့ပစ္စည်းမဟုတ်ဘူး၊ ရှင် ပိုင်တယ်လို့ကြားတယ်၊ ဒါကြောင့် ရှင်နဲ့ ကျွန်မ ပေးစားရရင် ဒီတိုက်ကြီးပေါ်က သူမဆင်းရဘူး၊ ဒါပဲ သူ့အကြံ"

ကျွန်ုပ်။ ။"ယိုးဒယားပြည်ကို အခုမှ ရောက်လာတဲ့လူတစ်ယောက်က ဒီတိုက်ကို ဘယ့်နှယ်လုပ်ပိုင်သတဲ့လဲဗျာ"

ကြီး။ ။"အသေးစိတ်တော့ ကျွန် မသိဘူး၊ သတင်းသန့်သန့်ကြားတယ်၊ ဒါကြောင့် ရှင့်ကိုမှာယူတယ်ဆိုပဲ၊ သို့သော် ဒီအကြောင်းတွေကို ဦးလေးမေးမကြည့်နဲ့ ဦးနော်"

ကျွန်ုပ်။ ။"စိတ်ချပါဗျာ၊ အကြောင်းခြင်းရာကို စုံလင်အောင် မသိရ သေးဘဲ သူ့ကို ဘာမှ မေးမကြည့်ပါဘူး၊ ကျုပ်ဘာသာ စုံစမ်းပါဦးမယ်၊ ဒါထက် တစ်ခုမေးပါရစေဦး၊ ခင်ခင်ကြီးမှာ ရည်းစားရှိတာကို သူသိမှာပေါ့"

ကြီး။ ။သိတယ်ရှင့်၊ ဒါကြောင့် ခက်နေတာပေါ့၊ ရှင့်အတွက်နဲ့ ကျွန်မ အတွက်သာ ပူပင်ရတာ မကသေးဘူး၊ ကိုသုတအတွက်ပါ ပူပင်နေရတယ်"

ကျွန်ုပ်သည် ကိုသုတဟူသော နာမည်ကို ကြားလိုက်ရသောအခါ မှောင်မိုက်ထဲတွင် လျှပ်စစ်တစ်ချက် ပစ်လိုက်၍ အလုံးစုံ လင်းသွားသကဲ့သို့ ဦးတိုင်းကျော်၏ အပြုအမူနှင့် ပတ်သက်၍ အတော်ရိပ်စားမိလေပြီ။ ယမန်ညဉ့်က တဲကလေးထဲတွင် ရဲသားများလက်သို့ အပ်လိုက်သောသူမှာ မောင်သုတပင်ဖြစ်၍ ခင်ခင်ကြီးနှင့် တစ်ခါတည်း ကွဲစေရော့ဟူသော အကြံဖြင့် ဤသို့ပြုလုပ်ခြင်း ဖြစ်သည်ဟု၍လည်း စဉ်းစားမိလေသည်။ သို့ရာတွင် ခင်ခင်ကြီးကဲ့သို့ စိတ်ဆတ်၍ ဘာဏ်ထက်သော မိန်းမတစ်ယောက်သည် မောင်သုတကဲ့သို့ နုံချာသော ယောက်ျား တစ်ယောက်နှင့် ချစ်ကြိုက်နိုင်သည်ဆိုခြင်းမှာ ကျွန်ုပ်အဖို့တွင် အံ့စရာကြီးတစ်ပါး ဖြစ်နေလေတော့သည်။ ခင်ခင်ကြီးသည် ကျွန်ုပ်၏ မျက်နှာထားကို မြင်၍ ရိပ်စားမိသည့် လက္ခဏာနှင့်...

www.burmeseclassic.com



ကြီး။ ။“ကိုသုတက လူပြောရှင့်၊ ဖြားယောင်းတိုင်းပါတတ်တယ်၊ ဦးလေးနဲ့သူနဲ့ ဘာတွေတိုင်ပင်ကြတယ် မဆိုနိုင်ကြဘူး၊ နေ့ရှိသမျှတီးတိုး, တီးတိုးနဲ့၊ ကျွမကိုလဲ ဘာမှ ဖွင့်မပြောဘူး၊ ဦးလေးက ကိုသုတကို တစ်နေရာရာမှာ ဘယ်လို ကျောက်ချမ့်လဲလို့ စိုးရိမ်ခဲ့မိတယ်”

ဤတွင် ကျွန်ုပ်မှာ အကျပ်ကျလျက်ရှိ၏။ ယမန်ညဉ့်က အဖြစ်အပျက်ကို ခင်ခင်ကြီးအား ပြောသင့်, မပြောသင့် ဆင်ခြင်စဉ်းစားနေစဉ်။

ကြီး။ ။“ရှင့်မျက်နှာ ကြည့်ရတာ တစ်ခုခု သိထားပုံ ပေါ်တယ်၊ ဘာများလဲရှင်”

ကျွန်ုပ်။ ။“ကိုသုတ အခု ဘယ်မှာလဲ”

ကြီး။ ။“ကိစ္စတစ်ခုရှိတယ်ဆိုပြီး ဘန်ကောက်သွားလေရဲ့”

ကျွန်ုပ်။ ။“အသားဖြူဖြူ၊ လူချောလူလှတစ်ယောက် မဟုတ်လား”

ကြီး။ ။“ဟုတ်ပါတယ်၊ ရှင်တွေ့ဖူးလို့လား”

ကျွန်ုပ်။ ။“မြင်ဖူးတယ်”

ကြီး။ ။(စိတ်အားထက်သန်သောမျက်နှာနှင့်)“ဘယ်မှာ တွေ့ခဲ့တာလဲရှင်၊ ညတုန်းကမှ မြန်မာပြည်က ရောက်လာတယ်ဆိုပြီး ဘယ်မှာ တွေ့ခဲ့တာလဲရှင်”

ကျွန်ုပ်မှာ မပြောရအခက်၊ ပြောရအခက် ဖြစ်နေလေပြီ။ ဆိုဖြစ်၍ ဦးခေါင်းပွက်ကာ စဉ်းစားနေခိုက်တွင် နောက်မှ ခြေသံများ ကြားသည်နှင့် လှည့်ကြည့်လိုက်ရာ ဦးတိုင်းကျော်နှင့် ကျွန်ုပ်၏သူငယ်ချင်း မောင်ထွန်းကျော်ကို မမျှော်လင့်ဘဲ တွေ့ရခြင်းကြောင့် အံ့အားသင့်လျက် ရုတ်တရက် ထလိုက်ရာ၊ မောင်ထွန်းကျော်က ပါးစပ်ကို လက်ဖြင့်ပိတ်ကာ အချက်ပေးလိုက်သောကြောင့် မသိချင်ပြုနေလိုက်ရသည်။ အနီးသို့ရောက်လာကြသည်နှင့် တစ်ပြိုင်နက်၊ ခင်ခင်ကြီးသည် ဦးတိုင်းကျော်ဆီသို့ ပြေးသွား၍ “ဦးလေး... ကိုသုတကို ဘယ့်နှယ်လုပ်ခဲ့သလဲ ပြောစမ်း”ဟု ဒေါသတကြီးမေးရာ၊ ဦးတိုင်းကျော်က မျက်နှာလွှဲကာ ရီးတီးယားတား လုပ်နေ၏။

ကျော်။ ။“ဖြည်းဖြည်းပေါ့ တူမရယ်၊ နောက်တော့ ပြောမပေါ့”

ကြီး။ ။“မလိုချင်ဘူး၊ ခုချက်ခြင်း ကျွန်မ သိချင်တယ်၊ ဘယ်လိုလုပ်ခဲ့သလဲ၊ ဆိုစမ်း”





ကျွန်ုပ်၏သူငယ်ချင်း မောင်ထွန်းကျော်သည် စိတ်ဝင်စား၍ ထွေးမှစ်သော အမူအရာနှင့် ခင်ခင်ကြီးကို ကြည့်လျက်ရှိ၏။ ပါးနပ်သော ခင်ခင်ကြီးသည် တစ်စုံတစ်ခု ရိပ်မိသည့်လက္ခဏာနှင့် မော်ထွန်းကျော်ဘက်သို့ ချာခနဲလှည့်၍ “ပြောစမ်းပါ ရဲဗိုလ်ကြီး၊ ကိုသုတကို ရှင်ဖမ်းသွားသလား”ဟု မေးရာ၊ မောင်ထွန်းကျော်သည် ကြင်နာသောမျက်နှာထားနှင့် ခင်ခင်ကြီးကို ကြည့်၍ အဖြေမပေးဘဲနေ၏။

ကြီး။ ။“ပြောစမ်းပါရှင့် ရဲဗိုလ်ကြီး၊ ကိုသုတကို ရှင်ဖမ်းတာလား”

ထွန်း။ ။“အထက်အမိန့်အတိုင်း လုပ်ရပါတယ်”

ကြီး။ ။“ဦးလေးက ကျောက်ချလိုက်တာပေါ့လေ၊ ရှင်ကြီးအင်မတန်တတ်နိုင်တယ်၊ သူ့ဘာသာ ကဗျာလိုက်စားနေတဲ့ အထဲက နိုင်ငံရေးထဲနှူးသွင်းပြီး ရာဇဝတ်သင့်အောင် ရှင်လုပ်လိုက်တာပေါ့လေ၊ တယ်တော်တဲ့ ဦးလေးရှင်”

ဦးတိုင်းကျော်မှာ မျက်နှာပျက်လျက် ဘာမျှမပြောဘဲ ငိုငနေလေ၏။

ကြီး။ ။“ရဲဗိုလ်ကြီး ပြောပါဦး၊ ကိုသုတကို ဘာမှုနဲ့ ဖမ်းတာလဲ”

ထွန်း။ ။ထီးနန်းစည်းစိမ်ကို လုပ်ကြံတဲ့ ဂိုဏ်းသားထဲမှာ သူပါနေတယ်ဗျ”

ကြီး။ ။“အလကားပါရှင်၊ သူ့ခမျာ ဘာမှ နားမလည်ရှာပါဘူး၊ ဟောဒီလူကြီးက ဖြားယောင်းပြီး တမင်ရာဇဝတ်သင့်အောင် လုပ်တာ ဗိုလ်ကြီးရဲ့၊ ဩော်...ဦးလေး ဦးလေးတယ်ဆိုးပါကလားနော်”

ဦးတိုင်းကျော်က ချောမောမည့်အကြံနှင့် “နားထောင်ပါဦး တူမကြီး” ဟု စကားချီလိုက်ရာ၊ ခင်ခင်ကြီးက “တန်ပါတူမ၊ မကြီးလာပါနဲ့၊ ရှင်ကြီးတော့ ဘယ်တော့မှ မကျေဘူး”ဟု ဆိုကာ ကျွန်ုပ်နှင့် မောင်ထွန်းကျော်တို့ရှေ့တွင် ဒေါသတကြီးနှင့် ဆူပူကြိမ်းမောင်းသော်လည်း ဦးတိုင်းကျော်မှာ မငြင်းကွယ်နိုင်သောကြောင့် မြိန်၍နေလေ၏။

ကျော်။ ။“ဦးလေးစီမံသမျှတွေဟာ တူမကြီး ကောင်းစားရေးအတွက်ပါကွယ်”

ကြီး။ ။“ဘယ့်နှယ်လုပ် ကောင်းစားရမှာလဲ ကိုယ်ချစ်တဲ့ ရည်းစားကို သေတွင်းပို့လိုက်ပြီးတဲ့နောက် ကျွန်မ ဘယ့်နှယ်လုပ် ကောင်းစားနိုင်မှာလဲ။ ရှင်ကြီး တော်တော်ဉာဏ်များတဲ့လူကြီးပဲ။ ရှင့်အကြံတွေကို ကျွန်မ အားလုံး သိတယ်၊ ဟောဟိုက ကိုတောက်ထွန်းလဲ သိတယ်။ သူကလဲ မလိုက်နာနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကလဲ မလိုက်နာနိုင်ဘူး၊ ကျွန်မအဖို့ ပြောရရင် သချိုင်းထဲ စောစောစီးစီး ဆင်းရင်သာ ဆင်းမယ်၊ ကိုသုတကလွဲလို့ ဘယ်သူ့မှ မယူဘူး မှတ်ထားလိုက်"

ကျော်။ ။"ငါတူမက သုတအကြောင်းကို မသိလို့ အထင်ကြီးနေတာပါကွယ်။ မနေ့ညတုန်းက သုတနဲ့ချာလိုက်ပုံ မြင်ရရင် ငါတူမ စိတ်ပျက်မှာပါ။ ငါသိပါတယ်၊ ကိုင်း...ဒါထက် ရဲဗိုလ်ကြီးလာတဲ့ ကိစ္စကို ပြောပြစမ်းပါဦးဗျာ"

ထွန်း။ ။"ကျွန်တော် လာရခြင်းက မြင်ကွန်း ကိုယ်တော်ကြီးက မောင်တောက်ထွန်းကို ခေါ်ခိုင်းလို့ပါပဲ"

ကျွန်ပ်မှာ ထိုစကားကို ကြားရသောအခါ ရင်ဘတ်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။ ဤပြည်သို့ လာရောက်စဉ်က မင်းသားကြီး လက်အောက်တွင် လက်ရုံးရည်ဖြစ်စေ၊ နှလုံးရည်ဖြစ်စေ အမှုထမ်းရန် ရည်ရွယ်ခဲ့သော်လည်း ကိုယ်တော်ကြီးနှင့် ဤမျှလောက် ဆောလျင်စွာ တွေ့ရလိမ့်မည်ဟု မမျှော်လင့်ခဲ့မိချေ။

ကျွန်ပ်။ ။"ကျွန်တော် ဘယ်လိုလုပ် လိုက်ခဲ့ရမလဲခင်ဗျာ"

ထွန်း။ ။"ဦးတိုင်းကျော်ဆီက မြင်းတစ်စီး ယူခဲ့ပေါ့... နောက်တော့ ပြန်ပို့လိုက်မပေါ့၊ ဦးတိုင်းကျော်"

ကျော်။ ။"ကောင်းလှပါပြီ ဗိုလ်ကြီး"

ဤတွင် ဦးတိုင်းကျော်က ရဲဗိုလ်ကြီးအား "ကျွေးမွေး ဧည့်ခံမပါရစေဦး..." ဟု ဆိုကာ အချိန်ဆွဲလေရာ၊ ရဲဗိုလ် မောင်ထွန်းကျော်က ကိုယ်တော်ကြီးမှာ စိတ်မြန်သူဖြစ်၍ ကိစ္စတစ်ခုအတွက် စေခိုင်းလျှင် အမြန်ဆုံး ပြန်ရောက်မှ ကြိုက်တတ်ကြောင်း ပြော၍ ငြင်းပယ်လေသည်။ ဤတွင် ဦးတိုင်းကျော်သည် အစေခံတစ်ယောက်အား ကျွန်ုပ်အတွက် မြင်းတစ်စီးပြင်စေရန် အမိန့်ပေး၍ ကျွန်ုပ်အား စကားအနည်းငယ် မှာထားရန် ရှိပါသည်ဆိုကာ တစ်နေရာသို့ ခေါ်သွားလေ၏။ ခင်ခင်ကြီးမှာကား တိုက်ထဲသို့ ဝင်သွားနှင့်လေသည်။

ကျော်။ ။"ကိုင်း...ငါတူ အချိန်မရှိဘူး၊ တိုတိုတုတ်တုတ် ပြောပါရစေတော့ ခင်... ငါတူမြင်တဲ့အတိုင်း ရုပ်လဲချော၊ သဘောလဲဖြူစင်၊ နည်းနည်းစိတ် ဆတ်တာကလေးတစ်ခု ရှိတာပဲ။ ငါတူစိတ်ကူးမလွဲနဲ့၊ ခင်ခင်ကြီးကိုယူနော်"

ကျွန်ပ်။ ။"မဖြစ်နိုင်ပါဘူးခင်ဗျာ"

ကျော်။ ။"ဘာကြောင့် မဖြစ်နိုင်တာလဲ"

ကျွန်ပ်။ ။"သူ့မှာ ကြိုက်သူကြိုက်သားနဲ့ပဲ"





ကျော်။ ။ဒါ ကိစ္စမရှိဘူး၊ သုတမှာ ပြန်ကိန်းမရှိဘူး"

ကျွန်ပ်။ ။"ဒါတွင် မကသေးဘူး၊ ကျွန်တော့်မှာလဲ ကြိုက်သူရှိပြီး ခင်ဗျာ"

ကျော်။ ။"ဟော့...မင်းကလဲ ဒီလိုလား"

ဦးတိုင်းကျော်သည် ညစ်ပတ်ယုတ်မာသော လူမျိုး၏ ကြည့်ခြင်းဖြင့် ကျွန်ုပ်ကို ကြည့်လိုက်ပြီးနောက်...

ကျော်။ ။"သတိထားဟေ့နော်... မောင်တောက်ထွန်း... ငါက သူတစ်မျိုးကွယ့်၊ ငါလုပ်ထားတဲ့ အစီအစဉ်ကို ဖျက်ရင် မခံတတ်ဖူးဟေ့နော်"

ကျွန်ပ်။ ။"ကျွန်တော် မတတ်နိုင်တဲ့ ကိစ္စမို့ပါခင်ဗျာ"

ဤတွင် ဦးတိုင်းကျော်သည် ခက်ထန်သော မျက်နှာထားမှ ချိုပြုံးသော မျက်နှာထားသို့ ချက်ချင်းပြောင်းလိုက်၍ ကျယ်ဝန်းသော ဥယျာဉ်ကြီးနှင့် ကြီးမားသော ၎င်း၏တိုက်ကြီးကို လက်ဖြင့် သိမ်းကျုံးကာပြလျက်၊ ခင်ခင်ကြီးကို ကျွန်ုပ်ယူခဲ့လျှင် ဤတိုက်၊ ဤဥယျာဉ်အပြင် လက်ဝတ်လက်စား အမြောက်အမြားနှင့် လယ်မြေများလည်း ရရှိဦးမည့်အကြောင်းနှင့် ဖြားယောင်းလေသည်။ သို့ရာတွင် ကျွန်ုပ်၏မျက်စိထဲ၌ မောင်လမြိုင်သူ မနှင်းမြ၏ မျက်နှာသည် ကွက်ခနဲ ပေါ်လာ၍ မဖြစ်နိုင်ကြောင်းနှင့် ငြင်းပယ်လိုက်လေသည်။

ကျော်။ ။(အံကြိတ်လျက်) "ဒီလိုမှန်းသိ နက်ကျော်လက်ထဲမှာ အသက် ပျောက်စေရရင် ကောင်းသားကွယ်၊ ငါ ဝင်ကယ်လိုက်မိတာ- မှားတယ်"

ကျွန်ုပ်။ ။"ဒီစကားကြားရတာလဲ ကောင်းပါခင်ဗျာ၊ ကျွန်တော့်အသက် ကယ်ဆယ်တဲ့အတွက် ကျေးဇူးတင်ရမလား အောက်မေ့နေတာ၊ ခုလိုဆိုတော့ ကျေးဇူးတင်စရာ မလိုတော့ဘူးပေါ့"

ကျော်။ ။"ဟော့...မောင်တောက်ထွန်း၊ မင်းက ငါ့အကြောင်းကို မသိဘူးနော်"

ကျွန်ပ်။ ။"ကျွန်တော် မသိဘူး ထားပါဦး၊ ခင်ခင်ကြီးက သိသားပဲ၊ သိတော့လဲ ခင်ဗျားကို အကောင်း မထင်ပါဘူး"

ကျော်။ ။သယ်...တယ်လာတဲ့ လူပါလား၊ ကောင်းပြီ မင်းသိစေမယ်"

ကျွန်ပ်။ ။"ကျွန်တော်က ရန်ငြိုးမဖွဲ့ဘဲ ဦးက ရန်ငြိုးဖွဲ့ရင် ...အတိုင်းပေါ့ ခင်ဗျာ"

ကျွန်ုပ်သည်ဦးတိုင်းကျော်နှင့် ခွဲခွာ၍ ရဲဗိုလ်မှူး စောင့်နေသော နေရာသို့ သွားဆဲတွင်ခင်ခင်ကြီးသည် ကျွန်ုပ်ထံ ပြေးထွက်လာ၍…

ကြီး။ ။"ကိုတောက်ထွန်းနဲ့ ကျွန်မနဲ့ တစ်ယောက်တစ်ယောက် နားလည်သွားကြတာ ဝမ်းသာလိုက်တာရှင်၊ ဦးလေးက ဘာပြောလိုက်သလဲ"

ကျွန်ုပ်။ ။"သူခိုင်းတာ မလုပ်လေတော့ ကြုံးဝါး လွှတ်လိုက်တာပါပဲ"

ကြီး။ ။"ဒီလိုဆိုရင် ဒီအိမ်က ရှင်ထွက်သွားရတာ ကောင်းတာပေါ့၊ ဒီလူကြီးဟာ လူညစ်ကြီးရှင့်"

ကျွန်ုပ်။ ။"ကျုပ်အတွက် ကိစ္စမရှိပါဘူး၊ ခင်ခင်ကြီးအတွက် စိုးရိမ်ပါတယ်"

ကြီး။ ။"ကိစ္စမရှိဘူး၊ ကျွန်မအတွက် မပူနဲ့၊ သူ့ကို ကျွန်မနိုင်တဲ့ အချက်တွေရှိတယ်"

ကျွန်ုပ်သည် ခင်ခင်ကြီးကို နှုတ်ဆက်၍ ကျွန်ုပ်အတွက် ပြင်ထားသော မြင်းပေါ်သို့ တက်ပြီးလျှင် မောင်ထွန်းကျော်နှင့်အတူ မြင်းကိုယ်စီနှင့် ထိုအိမ်မှ ထွက်လာခဲ့ကြလေသည်။

□

# အခန်း (၉)

လမ်းခရီး၌ ကျွန်ုပ်မှာ မောင်ထွန်းကျော်ရှိသည့်အတွက်ကြောင့် ယိုးဒယား ပြည်သို့ လာရောက်ခဲ့ခြင်းဖြစ်ပါလျက် ဆိုက်ရောက်သောအခါတွင် တစ်ယောက် နှင့်တစ်ယောက် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံရသော်လည်း မသိချင်ပြု၍နေခဲ့ခြင်း၏ အကြောင်းရင်းကို ရှင်းလင်းချက်တောင်းသည်နှင့် မောင်ထွန်းကျော်က ရှင်းလင်း ပြောပြလေသည်။

ထွန်း။ ။"ဒီလို သူငယ်ချင်း၊ သစ်ကုန်သည်တွေနဲ့ လိုက်လာလို့ ယိုးဒယားပြည်ရောက်တော့ မြင်ကွန်း ကိုယ်တော်ကြီးအကြောင်းပြုပြီး ဒီရောက်နေ ကြတဲ့ မြန်မာတွေ အများကြီး တွေ့ရတယ်။ သူတို့ လာကြတုန်းကတော့ အစုလိုက် အပြုံလိုက်မဟုတ်ဘူးပေါ့လေ။ ကိုယ်တော်ကြီးရဲ့ ငယ်ကျွန်တွေ ခင်မင်အားကိုးတဲ့ မိတ်ဆွေတွေ စစ်ဗိုလ်တွေ တော်တော်ပဲများပါတယ်။ မြန်မာ တွေဟာ ဗန်ကောက်မြို့တော်မှာ ရပ်ကွက်တစ်ခု ဖွဲ့နေလောက်အောင် များပြား ပါတယ်။ ကျုပ်ရောက်လာစက ယိုးဒယားနိုင်ငံရေး အခြေအနေက ဘယ်လိုလဲ ဆိုတော့ လက်ရှိဝဇိယာဘုရင်ကို သဘောကျတဲ့လူတွေ ရှိတယ်။ ညီတော်နန္ဒ မင်းသားကို ကြိုက်တဲ့လူတွေလဲရှိတယ်။ နန္ဒမင်းသားက ထီးနန်းကို လုပ်ကြံရာမှာ ကိုယ်တော်ကြီးရဲ့ အရည်အချင်းကို ရိပ်မိလေတော့ ကိုယ်တော်ကြီးကို သူ့ဘက်ပါ အောင်ဆွဲတယ်။ လက်ရှိဘုရင်ကလဲ ကိုယ်တော်ကြီးကို တခေါင်တယောင်ထားပြီး ညီတော့်ဂိုဏ်းသားများရဲ့ သူပုန်ကိစ္စနဲ့ ပတ်သက်လို့ စုံစမ်းဖြိုဖျက်ရေးဆိုင်ရာ ဌာနမှူးအဖြစ်နဲ့ ခန့်ထားတယ်။ ဒီတော့ ရဲဘက်မှာလဲ သူ့သြဇာရှိတယ် ရဲသားတွေ ရဲဗိုလ်တွေကို သူခေါ်ခိုင်းနိုင်တယ်။ ကျုပ်တို့ မြန်မာရပ်ကွက်က လူတွေကတော့ ဘုရင်ဂိုဏ်းဖြစ်ဖြစ်၊ နန္ဒမင်းသားဂိုဏ်းဖြစ်ဖြစ် မြင်ကွန်းကိုယ် တော်ကြီးကို မြန်မာ့ထီးနန်းပေါ် တင်ပေးနိုင်တဲ့ဘက်ကို ထောက်ခံမှာပဲ။

www.burmeseclassic.com



အဲဒီလိုရှိစဉ်မှာ မြန်မာရပ်ကွက်ထဲ ကျုပ်နေပြီး မိတ်ဆွေများ အကူအညီနဲ့ ကိုယ်တော်ကြီးတွေ့ခွင့်ရပြီး သူ့လက်အောက်မှာ အမှုထမ်းချင်ပါတယ်လို့ ကျုပ်က လျှောက်ထားတော့ ကိုယ်တော်ကြီးက ကျုပ်ကို မြင်မြင်ချင်း သဘောကျတဲ့ လက္ခဏာနဲ့ ရဲဗိုလ်ရာထူးပေးဖို့ စီမံလိုက်တယ်။ ရဲဘက်မှာဆိုရင် ကိုယ်တော်ကြီး တစ်ခုပဲ။ နန္ဒမင်းသား၊ ဂိုဏ်းသားတွေကို နှိမ်နင်းတဲ့ အလုပ်မှာ ရဲဌာနကြီးကို အသုံးပြုတာပဲ။ ဒါနဲ့ ကျုပ်မှာ ရာထူးနဲ့ ဘာနဲ့ ဟန်ကျပန်ကျ ဖြစ်နေရောဆိုပါတော့…"

ကျွန်ုပ်။ ။"ကျုပ် အကြောင်းက ဘယ်လိုလဲ"

ထွန်း။ ။"နေပါဦး… ပြောပါ့မယ်၊ အဲဒီလို အမှုထမ်းတုန်းမှာ သတင်းတစ်ခု ကျုပ် ကြားရတယ်။ ဘယ်လိုလဲဆိုတော့ မောင်တောက်ထွန်းရဲ့ ဦးကြီးတစ်ယောက် ယိုးဒယားပြည် ရောက်နေတာ ကြာပြီဆို"

ကျွန်ုပ်။ ။"ဟုတ်ကဲ့… အရင်းအချာတော့ မဟုတ်ပါဘူး။ အမေပြောလို့ တစ်ခါတစ်ခါ ကြားဖူးပါတယ်။ သူကြိုက်တဲ့ မိန်းမ မရလို့ ထွက်ပြေးဆိုတာပဲ၊ နာမည်က ဦးလတ်ဆိုထင်ပါရဲ့"

ထွန်း။ ။"အဲဒီ…ဦးလတ်ဟာ၊ ယိုးဒယားပြည်မှာ အိမ်ထောင်ကျပြီး မင်းမှုထမ်းလိုက်တာ နှလုံးရည်ဘက်က အတော်စွမ်းလို့ နတ်ရွာစံ ယိုးဒယားဘုရင်ကြီးရဲ့ သူကောင်းပြုခြင်း ခံရတယ်ဆိုတာပဲ။ သူ့ဇနီးက ဆွေကြီးမျိုးကြီး ဆိုတာပဲ၊ ခုနင်က ခင်ခင်ကြီးတို့ နေတဲ့တိုက်ဟာ သူ့မိန်းမဘက်က အမွေရတဲ့ တိုက်ဆိုကိုး၊ မိန်းမဘက်က ဆွေကြီးမျိုးကြီးဆိုပေမဲ့၊ မင်းပြောင်းမင်းလဲမှာ သေပျောက်ကုန်ကြပြီ။ မိန်းမကြီးမှာ တစ်ကောင်ကြွက်လို ဖြစ်နေဆိုကိုး၊ ဒီတော့ မောင့်ဦးကြီးက တိုက်ကြီးကိုလဲရ၊ သူ့မှာလဲ စီးပွားတက်၊ အလုံးစုံ ညီညွတ်နေတုန်းမှာ သူ့မိန်းမ ဆုံးပါရောတဲ့။ မောင့်ဦးကြီး ဦးလတ်ကိုယ်တိုင်လဲ နောက်အိမ်ထောင် မပြုမီ ကွယ်လွန်ပြီး သားသမီးမကျန်ရစ်ဘဲ အမွေဆက်ပြတ်နေသတဲ့။ သူမသေခင်မှာ သူ့သူငယ်ချင်း ဦးတိုင်းကျော်ရယ်၊ ဒိပြင် မြန်မာမိတ်ဆွေ နှစ်ယောက်ရယ်ခေါ်ပြီး သူ့ပစ္စည်းတွေကို မြန်မာပြည်မှာရှိတဲ့ မောင်တောက်ထွန်းခေါ်ယူပြီး ပေးကြဖို့ တာဝန်လွှဲခဲ့သတဲ့။ များမကြာမီအတွင်း ဗန်ကောက်မြို့မှာ ကာလဝမ်းရောဂါကြီး ဖြစ်ပြီး… ဦးလတ်မှာခဲ့တဲ့ မိတ်ဆွေသုံးယောက်အနက် နှစ်ယောက်ဟာ ကာလထဲပါသွားလို့၊ ဦးတိုင်းကျော် တစ်ယောက်ထဲကျန်ရစ်သတဲ့။ ဦးတိုင်းကျော်မှာလဲ သားမရှိ၊ မယားမရှိ မိမဲ့ဖမဲ့ ဖြစ်နေရှာတဲ့ တူမကလေး ခင်ခင်ကြီးတစ်ယောက်





သာရှိသတဲ့၊ ဒါနဲ့ သူတို့ တူဝရီးက ဦးလတ်ထားခဲ့တဲ့ တိုက်ကြီးပေါ်တက်ပြီး ယီးတီးယားတား လုပ်နေကြတာပေါ့လေ"

ကျွန်ုပ်။ ။"ယီးတီးယားတား လုပ်တဲ့ အထဲမှာ ခင်ခင်ကြီး မပါရှာဘူးဗျာ၊ သူ့သဘော တွေ့ပုံမရဘူး"

ထွန်း။ ။"သြော်…ဒီလိုလား၊ ဒါဖြင့် ကောင်းပါလေ့ဗျာ၊ ဒီနောက် ကျုပ်ရောက်လာတော့မှ ဒီသတင်းကြားလို့ စာရေးလိုက်ရတာကိုး၊ ကျုပ်စာရေးတဲ့ အကြောင်းကို ဦးတိုင်းကျော်က ဘယ်ပုံဘယ်နည်း ကြားသွားတယ် မဆိုနိုင်ဘူး။ ခင်ဗျား ရောက်လာလိမ့်မယ်လို့ သိနှင့်ပြီး အစီအစဉ် လုပ်ထားတယ်ဆိုတာပဲ"

ကျွန်ုပ်။ ။"သူ့အစီအစဉ် ကျုပ်ကို ဖွင့်ပြောပြီးပါပြီဗျာ။ ဒါထက် မနေ့ညတုန်းက တဲကလေးထဲမှာ ကျုပ်နဲ့ ဆုံမိကြတော့ ကျုပ်ကို ဘာကြောင့် အသိမလုပ်တာလဲဗျာ"

ထွန်း။ ။"မောင်နဲ့ ကျုပ်နဲ့ သိတာရယ်၊ မောင့်ကို ကျုပ်က မှာယူတယ် ဆိုတာရယ်၊ ဦးတိုင်းကျော်ကြီးတို့ မသိစေချင်လို့ပေါ့"

ကျွန်ုပ်။ ။"သြော်…နားလည်ပြီ ခုတွင်က ပါးစပ်ပိတ်ပြီး ခင်ဗျားက အချက်ပေးခြင်းဟာလဲ ဒီဟာကြောင့်ပဲလား"

ထွန်း။ ။"ဟုတ်တာပေါ့"

ကျွန်ုပ်။ ။"ကျုပ်ကို ကိုယ်တော်ကြီးက ခေါ်တယ်ဆိုတာ သူငယ်ချင်းက ပြောထားနှင့်လို့လား"

ထွန်း။ ။"မှန်တယ်၊ ယိုးဒယားပြည်ရောက်တဲ့ မြန်မာလူမျိုးဆိုရင် ကိုယ်တော်ကြီးက အားလုံးတွေ့ချင်တာတစ်ကြောင်း။ မောင့်ကြီးပွားရေးအတွက် ကူညီစေချင်တာကတစ်ကြောင်း၊ အမွေကိစ္စက တစ်ကြောင်းကြောင့်၊ ကျုပ်က မောင့်အကြောင်း ပြောထားနှင့်တယ်"

ကျွန်ုပ်။ ။"အမှုထမ်းခွင့်ရရင် တော်ပါပြီဗျာ၊ အမွေဆိုတာတော့ ကံအတိုင်းပေါ့။ ကျုပ်က သူများရှာပေးတဲ့ ပစ္စည်းထက် ကိုယ့်ဟာကိုယ်ရှာရတဲ့ ပစ္စည်းကိုမှ သာပြီးမြတ်နိုးသဗျ"

ထွန်း။ ။"ကိုင်း…ဒီအကြောင်းတွေ တော်ကြဦးစို့၊ ဟောဟိုက မြင်ရတာ ကိုယ်တော်ကြီးရဲ့ အိမ်တော်ပဲ…"

ကျွန်ုပ်တို့သည် ဗန်ကောက်မြို့၏ အစွန်အဖျားသို့ ရောက်လာကြ၍ ကျယ်ဝန်းသော စင်းခြံကြီးထဲတွင် ငါးဆောင်ပြိုင် ပျဉ်ထောင်ကြီးတစ်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ကြရလေ၏။ ဝင်းတံခါး၌လည်းကောင်း၊ လှေကား၌လည်းကောင်း၊ လူများသည် ဝင်ချည်, ထွက်ချည်, ဆင်းချည်, တက်ချည် ပြုလုပ်နေကြသဖြင့် မြန်မာပြည်ရှိ မင်းအိမ်ကြီးများသဖွယ် ရှိပါဘိသည်ဟုစဉ်းစားမိသည်။

ဝင်းထဲသို့ ဝင်သွား၍ မြင်းများကို မင်းစေများလက်သို့ အပ်ပြီးလျှင် လှေကားမှ အိမ်ပေါ်သို့ တက်သွားကြသောအခါ ဧည့်ခန်းထဲတွင် မြန်မာလူမျိုး သုံးလေးယောက် အာလာပသလ္လာပ စကားပြောဆိုနေကြသည်။ ထို့နောက် အဆောင်ကိုင် တစ်ယောက်အား မောင်ထွန်းကျော်က စကားတီးတိုးပြောလိုက်၍ အဆောင်ကိုင်သည် အတွင်းဆောင်သို့ ဝင်သွားပြီးလျှင် မကြာမီ ပြန်ထွက်လာ၍ ကျွန်ုပ်တို့နှစ်ယောက်ကို ခေါ်သွင်းသွားလေသည်။

ကော်ဇောများ အပြည့်ခင်းထားသော အခန်းကြီးထဲတွင် ကတ္တီပါဖုံကြီးနှင့် မှီအုံးကြီးများပေါ်၌ ကိုယ်လုံးခပ်တုတ်တုတ်နှင့် နှုတ်ခမ်းမွေးကောင်းကောင်း ပုဂ္ဂိုလ်တစ်ဦးသည် ဖက်ဖြူလိပ်ကြီး တဖွားဖွားသောက်လျက်ရှိ၏။ အတွင်းဘက် ဆောင်၌လည်း အမျိုးသမီးလေးငါးယောက်တို့ ရှိကြ၏။ မောင်ထွန်းကျော်က ကျွန်ုပ်၏ မျိုးရိုးဇာတိကို တင်လျှောက်သောအခါ မြင်ကွန်းကိုယ်တော်ကြီးသည် ကျွန်ုပ်၏ ဦးကြီး မောင်မောင်ကြီးကို သိရှိသာမက ဝတ်ပုံစားပုံနှင့် ကိုယ်ဟန်အမူ အရာတွင် မင်းသားအစစ်များထက် ထီးနန်းဆန်ပေသည်ဟုပြုံးရယ်ကာ ချီးကျူး လေသည်။ ၎င်းနောက် ကျွန်ုပ်၏ နေရေးထိုင်ရေးနှင့် ပတ်သက်၍ စီမံရာတွင် ကျွန်ုပ်၏ အမူအရာကို သဘောကျသည့် လက္ခဏာနှင့် မောင်ထွန်းကျော်ကဲ့သို့ ဌာနတစ်သီးတခြား အမှုထမ်းမဟုတ်ဘဲ၊ ၎င်း၏အိမ်တော်တွင် အလိုရှိရာအသုံး ချရန်ဆို၍ ဝင်းကြီးအတွင်းရှိ အိမ်ငယ်တစ်ဆောင်တွင် အခန်းတစ်ခန်း သတ်မှတ် ပေးလေသည်။ အလုပ်ဝတ္တရားနှင့် ပတ်သက်၍မူ နောင်ခါမှ သင့်တော်သလို စီမံမည်ဟု မိန့်တော်မူဆဲတွင် ဧည့်သည်များ ရောက်လာသည်နှင့် ကျွန်ုပ်တို့နှစ် ယောက်သည် အလိုက်သိစွာဆင်းလာခဲ့ကြ လေ၏။

လှေကားရင်းတွင် မောင်ထွန်းကျော်က အခြားအလုပ်ဝတ္တရားများ ရှိသော ကြောင့် နောင်ခါမှ ကျွန်ုပ်နှင့် တွေ့ဦးမည်ဆိုကာ ကျွန်ုပ်နေထိုင်ရန်အတွက် သတ်မှတ်ပေးထားသော အိမ်တစ်ဆောင်သို့ လိုက်ပို့ပြီးနောက် ခွဲခွာကြလေ၏။

ကျွန်ုပ်သည် ၎င်းအိမ်ပေါ်သို့ တက်သွားသောအခါ၊ မင်းစေတစ်ယောက် သည် ကျွန်ုပ်အကြောင်းကို သိပြီးဖြစ်သည့် လက္ခဏာနှင့် သီးသန့်ပြင်ဆင် ထားသော အခန်းတစ်ခန်းသို့လိုက်ပို့၍ တစ်စုံတစ်ခု အလိုရှိလျှင် "မောင်မှတ်" ဟု





ခေါ်လိုက်ပါက သူကိုယ်တိုင် တက်လာပါမည်ဟု ပြော၍ အခန်းသော့ကို ပေးသွားလေ၏။ အခန်းထဲသို့ဝင်၍ ကြည့်လိုက်သောအခါ၊ အိပ်ရာနေရာနှင့်အတူ စာရေးရန်အတွက် စားပွဲခုံနိမ့်တစ်ခုပါ ခင်းကျင်းထားသည်ကို တွေ့ရလေသည်။ အတန်ကြာသော် နံနက်စာစားရန်ဆို၍ မောင်မှတ်က ခေါ်လာသည်နှင့် အဆောင် အဦးတစ်ခုသို့ လိုက်သွားရာ ထမင်းလေးငါးဝိုင်း ပြင်ထားသည်ကို တွေ့ရ၏။ ထမင်းပွဲများမှာ အရှေ့မှအနောက်သို့ စီတန်းလျက်ရှိ၍ အမှုထမ်းများ၏ ရာထူး အဆင့် အတန်းအလျောက် သူ့ဝိုင်းနှင့်သူ ထိုင်ကြဟန်တူ၏။ ကျွန်ုပ်အဖို့မှာ အလယ်အလတ်ဖြစ်သော ထမင်းပွဲသို့ မောင်မှတ်က ညွှန်ပြသဖြင့် ဝင်၍ထိုင် လိုက်ရာ၊ ကျွန်ုပ်ထက် အသက်ဆယ်နှစ်ခန့်ကြီးသော လူလတ်, လူရွယ်လေး ယောက်တို့သည် ၎င်းထမင်းပွဲတွင် ထိုင်လျက်ရှိကြလေပြီ။ အခြားသောပွဲများတွင် လည်း တစ်ဝိုင်းလျှင် ငါးယောက်, ခြောက်ယောက်မျှ စီထိုင်လျက်ရှိကြ၏။ အထက်ပိုင်း ဝိုင်းများမှာ အသက်လေးဆယ်မှ ငါးဆယ်နှင့်ငါးဆယ်ကျော် အရွယ်များ ဖြစ်ကြ၏။ အောက်ဖက်ပိုင်းများမှာမူ ကျွန်ုပ်နှင့်ရွယ်တူများအပြင် ကျွန်ုပ်ထက် အသက်ကြီးသူ အချို့ပင် ပါဝင်သည်ကို တွေ့ရ၏။ ဤအခြင်းအရာကို ထောက်ခြင်းအားဖြင့် လူသစ်တစ်ယောက်မျှသာဖြစ်သော ကျွန်ုပ်အဖို့မှာ ကိုယ်တော် ကြီး၏ အထူးတလည် အသိအမှတ်ပြုခြင်းခံရသူတစ်ဦး အဖြစ်အနေ၌ ရှိနေသည်ဟု ဂုဏ်ယူ စားမိလေသည်။ အောက်ဖက်ပိုင်းမှ ကျွန်ုပ်ထက် အသက်ကြီးသောလူများက ကျွန်ုပ်အား မနာလိုသော မျက်နှာထားများနှင့် စောင်းပါးရိပ်ခြေ လှမ်းကြည့်ကြ ခြင်းများကိုလည်း ကျွန်ုပ်သတိပြုမိသည်။

ထမင်းဟင်းများမှာ အချဉ်ပွဲ, အငန်ပွဲနှင့် ဟင်းရေသောက်အပြင် ဆီပြန်ချက်သော ဟင်းကောင်းနှစ်ခွက်ပါရှိ၏။ ချက်ပြုတ်ပုံမှာ အတော်စနစ်ကျ၍ အထူးသဖြင့် ဝက်သားနီချက်တစ်ခွက်မှာ ကျွန်ုပ်တို့နေအိမ်၌ ချက်နေကျဟင်းထက် ကောင်းမွန်သည်ဟု သတိပြုမိ၏။ ကိုယ်တော်ကြီး လက်အောက်၌ နီးကပ်စွာ အမှုထမ်းကြသော မင်းမှုထမ်းများသည် နေ့စဉ်အမျှ ဤထမင်းရုံ၌ တွေ့ဆုံစား သောက်ကြလေသည်။

စားသောက်ပုံနှင့်ပတ်သက်၍ ကျွန်ုပ်အထူးတလည် သတိပြုမိသောအချက် တစ်ခုမှာ လူသုံးဆယ်ခန့် ထမင်းစားလျက်ရှိကြငြားသော်လည်း ရှူးသံ ပျစ်ကန်သံ လည်း မကြားရ တစ်ယောက်နှင့်တစ်ယောက် စကားပြောခြင်းလည်း မရှိသော ကြောင့် ရွှေကျင်ဂိုဏ်းဆရာတော်ကြီးများ ဆွမ်းဘုဉ်းပေး နေကြလေသလောဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားလာအောင် တိတ်ဆိတ်စွာ ရှိနေပေ၏။ ဤအခြင်းအရာကို ထောက်ခြင်းအားဖြင့် မြင်ကွန်း ကိုယ်တော်ကြီး၏ စည်းကမ်းသေဝပ်ပုံကို ကျွန်ုပ်အကဲခတ်မိလေသည်။ လူအားလုံးမှာ ရှောင်ချောထုံး၍ မော့လုံးပေါင်းလျက် "တရုတ်ဝတ်"ခေါ် ရှင်မှေ့အင်္ကျီ လက်ကျပ်များကို ဝတ်ထားသဖြင့် ကျစ်လစ်သပ်ယပ်စွာ ရှိကြပေ၏။

ကျွန်ုပ်မှာ လူသစ်တစ်ယောက်ဖြစ်၍ မျက်နှာစိမ်းသောကြောင့်လော မဆိုနိုင်၊ ဘယ်သူဘယ်ဝါဖြစ်၍ ဘယ်ကရောက်လာသည်ဟူသော မေးခွန်းမျှကိုပင် တစ်ယောက်တလေကသာမေး၍ ထမင်းစားပြီးသောအခါ၌ ကျွန်ုပ်သည် ကျွန်ုပ်၏ အခန်းသို့ ပြန်သွားလေသည်။ "ထမင်းလုံး"စီမည်အကြံနှင့် အိပ်ရာပေါ်၌လှဲ၍ ကာ လွန်ခဲ့သည့် တစ်ရက်, နှစ်ရက်အတွင်းက အဖြစ်အပျက်များကို ပြန်ပြောင်းဆင်ခြင်လျက်ရှိစဉ်၊ အသက်လေးဆယ်ကျော်ခန့်ရှိ၍ ရုပ်ဆင်းမွန်ရည်သော လူကြီးတစ်ယောက်သည် အခန်းထဲသို့ ဝင်လာလေ၏။ ကျွန်ုပ်လည်း လဲလျောင်းရာမှထ၍ ထိုလူကြီးအား နေရာထိုင်ခင်းပေးကာ အနီး၌ ခပ်ယို့ယို့ထိုင်လျက်ရှိစဉ် ထိုလူကြီးက မိမိမှာအပါးတော်မြဲအတွင်းဝန်ဦးဆေါ်ဦးဖြစ်ကြောင်း ပြောပြီးနောက်…

ဦး။ ။"မြင်ကွန်းကိုယ်တော်ကြီးက မောင်ရင့်ကို တော်တော် ဂရုတစိုက်လုပ်တယ်၊ ဒီရောက်လာကြတဲ့ မြန်မာလူမျိုးတွေအနက်က မောင်ရင့်လို ဂရုစိုက်တဲ့လူ ကျုပ်…မတွေ့ဖူးဘူး၊ သို့သော် မောင်ထွန်းကျော်တစ်ယောက်တော့ ရှိပေတယ်၊ ဒီသူငယ်က မောင်ရင်နဲ့ ကျောင်းနေဘက်ဆို"

ကျွန်ုပ်။ ။"မှန်ပါတယ်ခင်ဗျာ"

ဦး။ ။"မောင်ထွန်းကျော်က အခုဆိုရင် ကိုယ်တော်ကြီးနဲ့ ကောင်းကောင်းကြီး ရင်းနှီးသွားပြီ၊ ရာထူးအားဖြင့်တော့ ယိုးဒယားဘုရင်ရဲ့ ရဲဌာနအမှုထမ်းဆိုသော်လဲ သူပုန်ဂိုဏ်းကိစ္စနဲ့ ပတ်သက်လို့ ထောက်လှမ်းစုံစမ်းရာမှာ ကိုယ်တော်ကြီး လက်အောက်က အမှုထမ်းရခြင်းကြောင့်တစ်ကြောင်း၊ သူ့ဖခင် မြို့ဝန်မင်းကို ကိုယ်တော်ကြီးက သိကျွမ်းဖူးတာတစ်ကြောင်းကြောင့်၊ သူ့ကို အင်မတန် ယုံကြည်စိတ်ချတော်မူတယ်၊ တကယ့် အရေးကြုံတဲ့အခါမှာလဲ မောင်ထွန်းကျော်ရဲ့ လက်ရုံးရည်ကိုပါ အသုံးချဖို့ ကြံရွယ်တော်မူတယ်၊ ယခု သူရောက်လာတာ သိပ်မကြာသေးသော်လဲ၊ မြန်မာထဲက သူ့လောက် အရေးပေးခံရတဲ့လူ ခပ်ရှားရှားပဲ"

ကျွန်ုပ်။ ။"ကျွန်တော့်ကို ကိုယ်တော်ကြီးက ဂရုတစိုက်လုပ်တယ် ဆိုတာဟာလဲ မောင်ထွန်းကျော်ရဲ့ မျက်နှာကြောင့် ဖြစ်မှာပါပဲခင်ဗျာ"





ဦး။ ။"ဒါကလဲတစ်ကြောင်း နေမှာပေါ့လေ၊ ကိုင်း…မောင်ရင်က ကျုပ်လက်အောက်မှာ အမှုထမ်းဖို့ ကိုယ်တော်ကြီးက မိန့်တော်မူလိုက်တယ်၊ ဒီလိုဆိုရင် မောင်နဲ့ကျုပ်နဲ့က ကိုယ်တော်ကြီး အပါးတော်မှာ အနီးကပ်ဆုံး အမှုထမ်းရမယ့်ပုဂ္ဂိုလ်များ ဖြစ်တဲ့အတွက် ကိုယ်တော်ကြီးရဲ့ ဝါသနာကလေးတွေကို သိထားဖို့ပဲ လိုတယ်"

ကျွန်ုပ်။ ။"အမိန့်ရှိပါဦးခင်ဗျာ၊ ကျွန်တော်မှတ်သားထားပါမယ်"

ဦး။ ။"ကျုပ်တို့ ကိုယ်တော်ကြီးက အလုပ်လုပ်တဲ့နေရာမှာ နှစ်ယောက်မရှိအောင် လုံ့လဝီရိယကောင်းတဲ့ပုဂ္ဂိုလ် မောင်ရဲ့၊ စားဖို့၊ သောက်ဖို့၊ ရေချိုးဖို့၊ အဝတ်လဲဖို့၊ နောက်ဆုံးမှာ နောက်ဖေး နောက်ဖီသွားဖို့ ကိစ္စမျိုးကိုတောင် လုံးလုံးဂရုမစိုက်ဘူး၊ ပွဲတော်တည်တာလည်းအချိန်မရှိ၊ အိပ်ရာဝင်တာလည်း အချိန်မရှိ၊ ပြောစရာရှိတာပြော၊ စီမံစရာရှိတာစီမံ၊ စိတ်ကူးနေလိုက်တာ ထမင်းတပါးသွားဖို့တောင် သတိမရလို့ တစ်ခါတလေ ခါတ်ချုပ်ပြီး ဝမ်းနှုတ်ဆေး သောက်ယူရတယ်၊ စားပြန်တော့လဲ အခြားမင်းညီမင်းသားတွေလို ကောင်းနိုးရာရာတွေ ဖိမ်ခံပြီး စားဘတ်တာ မဟုတ်ဘူး၊ ဟင်းခွက် ဆယ့်လေးငါးခွက်ရှိအောင် စားတော်ကဲက ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပေးပေမဲ့ နီးရာဟင်းခွက်လောက်နှိုက်ပြီး လင်းတမျို မျိုချလိုက်တာပဲ၊ တစ်ခါတလေမှာ ဟင်းချိုနဲ့ထမင်းနဲ့ ဖျော်သောက်ပြီး ကြက်သား, ဝက်သားဟင်းတွေကို ထိတောင် မထိမိဘူးတဲ့၊ သူ့စိတ်ထဲမှာ ထီးနန်းရဖို့အလုပ်လောက် ဘယ်သင်းမှ အရေးမကြီးဘူး၊ အဲဒီအလုပ်ကလွဲလို့ စားတာ၊ သောက်တာ၊ ဖိမ်ခံတာတွေဟာ အချိန်ကို အလဟဿ ဖြုန်းတီးရာ ရောက်တာချည်းပဲ"

ကျွန်ုပ်။ ။"အမိန့်ရှိပါခင်ဗျာ"

ဦး။ ။"ကျုပ်ပြောချင်တာက မောင်နဲ့ကျုပ်နဲ့ဟာတခြားအမှုထမ်းတွေလို ထမင်းစားတာ အချိန်နဲ့ အိပ်တာအချိန်နဲ့ ဒီလိုလုပ်လို့မရဘူး၊ အလုပ်အားလပ်တဲ့ အချိန်ကလေးမှာ ထမင်းရုံထဲပြေးစား၊ အချိန်မရွေး ခူးပေးပါလိမ့်မယ်၊ အိပ်တော့လည်းအားလပ်တဲ့ အခိုက်ကလေးမှာ အိပ်ရာထဲဝင်ပြီး ခဏမှေးလိုက်ရတာပဲ၊ ခေါ်ချင်တဲ့အချိန်ခေါ်၊ ခိုင်းချင်တဲ့အချိန်မှာ ခိုင်းချင်တာခိုင်းလေတော့ အခါခပ်သိမ်း နိုးနိုးကြားကြားဖြစ်နေအောင် အမြဲပြင်ထားရတယ်။ သန်းခေါင်နီးပြီးတောလို့ စိတ်ချလက်ချ အိပ်ရမယ်မထင်နဲ့၊ ခိုင်းစရာရှိ ခေါ်ခိုင်းသေးတာ"

ကျွန်ုပ်။ ။"ကျွန်တော် မှတ်သားပါတယ်ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦး။ ။"ပြီးတော့ မောင့်ကို ကျုပ်က တစ်ခုသတိပေးမယ်။ ကိုယ်တော်ကြီးက ခေါ်ပြီး မေးတော်မူရင် သိမ်ပြီး လူတတ်မလုပ်ချင်နဲ့နော်။ ကိုယ်သိပြီးပေမယ့် တစ်ခါတလေ မသိချင်ပြုပြီး နေတန်နေရတယ်။ လူတတ်လုပ်တာ သူက မကြိုက်ဘူး။ ဒါကြောင့်မို့ သူ့လက်အောက်မှာ အမှုထမ်းတဲ့လူတွေဟာ မင်းစေချည်ဘဲ၊ အတွင်းဝန်ဆိုတာလဲ စာရေးပဲ၊ စစ်ဗိုလ်ဆိုတာလဲ တပ်ကြပ်ကလေးပဲ၊ အဟိုင်ပင်ခံ အရာရှိဆိုတာလဲ မှန်ပါ့ဘုရားအရာရှိပဲ။ ကြံစရာ, စည်စရာ, အလုပ်ကိစ္စမှန်သမျှကို သူတစ်ယောက်ထဲ ဒိုင်ခံလုပ်ပြီး ဒီပြင်လူတွေဟာ သူခိုင်းတဲ့အတိုင်း လုပ်ရုံချည်းပဲ"

ကျွန်ုပ်။ ။"ဒီလိုဆိုရင် အလုပ်တွင်ကျယ်ပါ့မလား ဦးရယ်"

ဦး။ ။"မထင်နဲ့မောင်၊ သူက တစ်ယောက်ထဲပေမဲ့ ဆယ်ယောက်တွက်လောက် စိတ်ကူးနိုင်လေတော့ အလုပ်ကိစ္စဟူသမျှဟာ သူ့အချိန်နဲ့သူ ချက်ခနဲ၊ ချက်ခနဲပြီးတာပဲမောင်။ ဒါထက် မြင်ကွန်းကိုယ်တော်ကြီး အကြောင်းကို မြန်မာပြည်က ဘယ်လိုများ ပြောကြသလဲမောင်"

ကျွန်ုပ်။ ။"ဟိုတလောထုန်းကတော့ စိတ်ဝင်စားတဲ့လူတွေ တော်တော်များပါတယ်။ ခုတလောမှာတော့ ကုလားဖြူအရေး ဆွေးနွေးနေကြတာနဲ့ ကိုယ်တော်ကြီးကို ကိုယ်တိုင် သိကျွမ်းဖူးတဲ့လူတွေလောက်သာ စိတ်ဝင်စားကြပါတော့တယ်"

ဦး။ ။"နို့ နန်းတွင်းသူ နန်းတွင်းသားများကတော့ ကောဘယ်လိုသဘောထားကြသတဲ့လဲ၊ မောင့်ဦးကြီးက ဘယ်လိုပြောဖူးသလဲ"

ကျွန်ုပ်။ ။"ဦးကြီး ပြောပုံကတော့ နန်းတွင်းသူ နန်းတွင်းသားတွေဟာ ပပြားပင်လို လူစားတွေနဲ့တူပါတယ်၊ လေလာတဲ့ ဘက်ယိမ်းကြမှာနဲ့ တူပါတယ်"

ဦး။ ။"ကိုင်း...တော်ကြဦးစို့၊ အလုပ်ကလေးတွေ လုပ်စရာရှိသေးတယ်၊ လာသွားကြစို့"

ကျွန်ုပ်တို့သည် အခန်းထဲမှ ထွက်လာ၍ ဥယျာဉ်ကြီး အလယ်၌ရှိသော အိမ်တော်တွင် အဆောင်တစ်ဆောင်သို့ဝင်၍ ဦးပေါ်ဦးက ထုတ်ပေးသော စာများကို လက်ရေးဝိုင်းနှင့် ရေးကူးရလေသည်။

□

## အခန်း (၁၀)

ကျွန်ုပ်သည် အပါးတော်မြဲ လက်အောက်တွင် ရက်သတ္တတစ်ပတ်ခန့် အမှုထမ်းရသောအခါ ကျွန်ုပ်မျှော်လင့်သည့် လူငယ်ကြိုက် စွန့်စားခန်းများ မပါဘဲ ကျွန်ုပ်၏ ဦးကြီးမောင်မောင်ကြီး ဆောင်ရွက်ရခြင်းကဲ့သို့ တိုလီမိုလီ အလုပ်မျိုးသာ များသော်လည်း မြင်ကွန်းကိုယ်တော်ကြီးကို နေ့စဉ်မြင်တွေ့ရ၍ ၎င်း၏စိတ်သဘောထားနှင့် အထုံဝါသနာများကို နီးကပ်စွာ လေ့လာခွင့်ရခဲ့လေသည်။

တစ်နေ့သ၌ ကိုယ်တော်ကြီးသည် အရေးကြီးသော တိုင်းရေးပြည်ရေး ကိစ္စများကို လက်အောက်အရာရှိများနှင့် တိုင်ပင်၍ ကြားနာသင့်သည်ကို ကြားနာခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ စဉ်းစားဆင်ခြင်ခြင်း၊ အမိန့်ချမှတ်ခြင်း၊ စီမံခန့်ခွဲခြင်း စသည်ဖြင့် ပြုလုပ်ပြီးနောက် အမောအပန်းဖြေရင်း ကျွန်ုပ်ကို ခေါ်ယူကာ ထွေရာလေးပါး စကားပြောဆိုလေသည်။

ကွန်း။ ။"ဘယ့်နဲ့လဲ၊ မောင်တောက်ထွန်း၊ အလုပ်ဝတ္တရားများ တော်တော်ခေါက်မိပြီလား..."

ကျွန်ုပ်။ ။"မှန်လှပါ တော်တော် စမ်းဝါးမိပါဘုရား"

ကွန်း။ ။"အလုပ်လုပ်ရတာ ဘယ်လိုလဲ၊ ပျော်ပိုက်ကဲ့လား..."

ကျွန်ုပ်သည် ကွမ်းရေတော်မောင်မောင်ကြီး၏တူ ဖြစ်သည့်အလျောက် မင်းလိုလိုက်၍ မင်းကြိုက်တင်ရခြင်းကို နားလည်သော်လည်း သူငယ်ရွယ် မောင်ထွန်းကျော်နှင့် ကြာရှည်စွာ ပေါင်းသင်းခဲ့ရ၍ ၎င်း၏စိတ်ဓာတ် ကူးစက်ခြင်းကြောင့်၊ နေရာတိုင်း အလိုမလိုက်ချင်ဘဲ၊ မှန်သောစကားကို ဆိုချင်သည့် ဆန္ဒပေါ်ပေါက်လာခဲ့သည်။ သို့ဖြစ်၍–



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။"နေရေးထိုင်ရေးကတော့ ပျော်မွေ့စရာကြီးပါ ဘုရား၊ သို့သော် ဘုရား ကျွန်တော်မျိုး မျှော်လင့်ခဲ့တာက၊ ကူးလား၊ သန်းလား၊ တိုက်လား၊ ခိုက်လားနဲ့ အသက်ဆံဖျား ဆောင်ရွက်ရတဲ့ အလုပ်မျိုးလုပ်ရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ နယ်ခြားကို ကျော်ဖြတ်ပြီး၊ တပင်တပန်း လာခဲ့ခြင်း ဖြစ်ပါတယ်ဘုရား"

ဤစကားကို ကြားသောအခါ ကိုယ်တော်ကြီးသည် အလိုတော်ကျ တင်လျှောက်ခြင်း မဟုတ်သောကြောင့် ပထမ၌မျက်နှာညိုးသလို ဖြစ်သွားသော်လည်း ကျွန်ုပ်၏တစွတ်ထိုး ပြောတတ်သော ဝါသနာကိုသဘောကျသည့် လက္ခဏာနှင့် မပြုံးတပြုံးမျက်နှာထားဖြစ်ပေါ်လာ၏။

ကွန်း။ ။"အေးလကွယ်... မင်းတို့ အရွယ်ဆိုတာ သွေးဆူတုန်းမို့လို့ တိုက်ဟယ်, ခိုက်ဟယ်, ပြေးဟယ်, လွှားဟယ်ဆိုတဲ့ အလုပ်မျိုးကိုမှ လုပ်ချင်တယ်ဆိုတာ ဟုတ်မှာပေါ့။ သို့သော် ဒီအလုပ်မျိုးက ချက်ချင်းထလုပ်လို့ ဖြစ်တာမဟုတ်ဘူးကွယ့်။ အစီအစဉ်လုပ်ရသေးတယ်၊ ခဏလောက် သည်းခံပါဦးမောင်၊ တော်တော်ကြာတော့ တစ်ချီထဲချီ, တစ်တက်ထဲတက်, တစ်တိုက်ထဲ တိုက်နေရလို့ နားပါရစေဦးဘုရားဆိုပြီး တောင်းပန်ရပါလိမ့်မယ်။"

ကျွန်ုပ်။ ။"ကျွန်တော်မျိုးကတော့ တစ်မြို့တစ်ရွာ ဌာနတစ်ခုခုမှာ ကြာရှည်နေချင်တဲ့လူ မဟုတ်ပါဘုရား၊ ချီချင်တိုင်းချီ၊ တက်ချင်တိုင်းတက်၊ ညည်းညူမည့်သူ မဟုတ်ပါဘုရား"

ကွန်း။ ။"ဖေပါလေ ငါက ကြိုက်ပါတယ်။ ငါက တစ်ခါချီတက်မိရင် မြန်မာပြည်လောက်နဲ့ ရပ်တန့်မဲ့လူ မဟုတ်ဘူးကွယ့်၊ မြန်မာပြည်အထက်ပိုင်း အောက်ပိုင်းပြီးတဲ့နောက် မဏိပူ, အာသံထိအောင် ချီတက်ဖို့ ရည်ရွယ်ချက်ရှိတယ်"

ကျွန်ုပ်။ ။"ကုလားဖြူတွေမှာ လက်နက်တွေ အင်မတန် ကောင်းတယ်လို့ ကြားဖူးပါတယ်ဘုရား"

ကွန်း။ ။"ဟုတ်မှာပေါ့၊ နို့ပေမဲ့ ကုလားဖြူလက်နက်ကို ကုလားဖြူ လက်နက်နဲ့ ယှဉ်ပြိုင်တိုက်ရရင် တို့မြန်မာသွေးဟာ ကမ္ဘာမှာ ရှားပါတယ်ကွယ့်"

ကျွန်ုပ်။ ။"ကျွန်တော်မျိုးလဲ ယုံကြည်ပါတယ်ဘုရား"

အမှန်ကိုဆိုရလျှင် ကျွန်ုပ်သည် မန္တလေးရွှေမြို့တော်တွင် မိဖုရားညြဇာခံ၍ ညည်းစိမ်နှင့် နန်းစံသော သီပေါဘုရင်ထက် နေ့ရောညဉ့်ပါ အလုပ်လုပ်သော





မြင်ကွန်းကိုယ်တော်ကြီး လက်အောက်၌ မြန်မာလူမျိုးများ ရှိနေရလျှင် ကုလားဖြူ မှုလောက်သော ရန်သူကို ကြောက်ဖွယ်ရာမရှိဟု အောက်မေ့မိသည်။

ကွန်း။ ။"နေဦးကွယ့်၊ မောင်တောက်ထွန်း၊ မင်းအကြောင်းကို ငါ ကြားဖူးထားတဲ့ တစ်ချက်ရှိတယ်။ မုန့်တီဆိုင်တစ်ဆိုင်မှာ ထိုင်းရေးပြည်ရေး စကားပြောကြတုန်းက မြင်ကွန်းကိုယ်တော်ကြီးသာရှိရင် ကုလားဖြူတွေ မဆော်ထား ဝံ့ပါဘူးလို့ မင်းကပြောလို့ မင်းကို မြို့သူကြီးကခေါ်ပြီး စစ်လားဆေးလား လုပ်တယ်ဆို"

ကျွန်ုပ်ကဲ့သို့သော အညတြတစ်ယောက်၏ အဖြစ်အပျက်ကို ဤအရပ်မှ သိရှိနိုင်အောင် သူလျှိုကောင်းများ ရှိချေသည်တကားဟု အံ့သြမိခြင်းနှင့်အတူ မြင်ကွန်းကိုယ်တော်ကြီးအပေါ်၌ ကျွန်ုပ်အထင်အမြင်ကြီးသော စိတ်ဖြစ်၍ ကျေနပ်မိသေးသည်။

ကျွန်ုပ်။ ။"မှန်လှပါ...မိန့်တော်မူသည့်အတိုင်း ဖြစ်ဖူးပါသည်ဘုရား"

ကွန်း။ ။"ငါ့ကို မင်းက ဘယ့်အတွက်ကြောင့် အထင်ကြီးသရသလဲကွယ့်"

ကျွန်ုပ်။ ။"မှန်လှပါ...မှန်တဲ့အတိုင်း တင်လျှောက်ရရင်တော့ ကုလားဖြူ က ဆော်ကားတယ်ဆိုတာကို မခံချင်လေတော့ သွေးပူပူနဲ့ ပြောလိုက်ခြင်းဖြစ် ပါသည်ဘုရား၊ ဆင်ခြင်နည်းနဲ့မဆို ကိုယ်တော်ကြီးလို ပုဂ္ဂိုလ်ရှိရင် ကုလားဖြူသော ကုလားမဲသော ကျူးကျော်စော်ကားခြင်း ပြုဝံ့လိမ့်မယ် မထင်လို့ပါဘုရား"

ကွန်း။ ။"မင်းက အရမ်းမဲ့ အားကိုးခြင်းကိုးကွယ့် မင်းလို သူငယ်တွေ တော်တော်များသလားဟေ့"

ကျွန်ုပ်။ ။"မရှားလှပါဘုရား၊ ကုလားဖြူများက ချိမ်းခြောက်တယ်ဆိုတဲ့ သတင်းကို ကြားရတဲ့အခါမှာ ဇာတိသွေးဇာတိမာန်ရှိသူတိုင်းက ကိုယ်တော်ကြီးကို တောင့်တကြပါသည်ဘုရား"

ထိုကဲ့သို့ စကားပြောနေကြစဉ်အတွင်း၌ ကိုယ်တော်ကြီးသည် အခန်းထဲ တွင် စကြံလျှောက်လျက်ရှိရာ ကျွန်ုပ်၏စကားကို ကြားရသောအခါ၌ သဘောကျသည့် လက္ခဏာနှင့် ရှေ့သို့လာ၍ ကျွန်ုပ်၏နားရွက်ကိုဆွဲ၍ လိမ်လိုက်သည်။

ထိုခဏ၌ မင်းစေတစ်ယောက်ဝင်လာ၍ ကိုယ်တော်ကြီးမှာထားသည့် အပ်ချုပ်သည်ရောက်လာကြောင်း တင်လျှောက်ရာ ကိုယ်တော်ကြီးက သွင်းခဲ့ဟု အမိန့်ပေးလိုက်သဖြင့် မင်းစေသည် အထုပ်ကြီးတစ်ထုပ်ကို ပခုံးပေါ်တွင် ထမ်းလာသည့် လူတစ်ယောက်နှင့်အတူ ဝင်လာလေ၏။ ထိုသူသည် အထုပ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်ရာတွင် ကလေးကစားစရာဟု ထင်ရသော အရုပ်ကလေး မြောက်မြားစွာ ထွက်လာလေ၏။ ကိုယ်တော်ကြီးသည် ရင်ပတ်တွင် ပန်းနုရောင် ပုဝါစည်း၍ ထိပ်ဆံချထားသော (တစ်မိုက်ခန့်)ရှိ မိန်းမရုပ်ကလေးကို ကိုင်ကြည့်လျက် "ဒါက ဘာလဲ..."ဟု မေး၏။

လူ။ ။"အပျိုတော်ပါဘုရား"

ထို့နောက် ဘောင်း၊ နားဋ္ဌောင်း၊ ကတ္တီပါ ဝတ်စုံဆင်ထားသော အရုပ်ကို ကိုင်ကြည့်၍ "ဒီဟာကကော..."ဟု မေးရာ၊ ထိုလူက "အတွင်းဝန်ပါဘုရား"ဟု လျှောက်၏။

ထို့နောက် မိဖုရားရုပ်၊ မင်းကြီးသက်တော်ရှည်ရုပ်၊ လူပျိုတော်ရုပ်၊ အဆောင်ကိုင်ရုပ်မှစ၍ တစ်ရုပ်ပြီးတစ်ရုပ် ကောက်ယူကာ သေချာစွာ ကြည့်ရှုတော်မူလေသည်။ အရုပ်များမှာ "တစ်မိုက်ခန့်"ပင်ရှိသော်လည်း ကတ္တီပါ ရွှေဇာကပ်လျက် ပိုးဖဲအစစ်များဖြင့် ချုပ်လုပ်ထားသော အဝတ်တန်ဆာများ ဆင်ယင်ထားသည်ဖြစ်သောကြောင့် ကလေးသူငယ်မဆိုထားဘိ၊ လူကြီးများပင် ရှုကြည့်၍ မငြီးနိုင်အောင် လှပတောက်ပြောင်ကြပါပေသည်။ ကိုယ်တော်ကြီးသည် တရက်စီ ကိုင်ကြည့်ရင်း ဤအဝတ်ကား ရှည်လွန်းသည်။ ဤကား တိုလွန်းသည်။ ဤကတ္တီပါဆွေးကို မကြိုက်၊ ရင့်လွန်းသည်၊ ထိုအဆွေးက နုလွန်းသည်စသဖြင့် ဆေဖန်လေရာ၊ အရုပ်သည်လည်း မိန့်တော်မူသော စကားများကို ရေးယူမှတ်ထားလေ၏။

ကွန်း။ ။"ဒီဟာက ဘာရုပ်လဲ..."

လူ။ ။"ဘုရင်မင်းမြတ်ရဲ့ ပုံတော်ပါဘုရား..."

ကွန်း။ ။"ဟေ... ငါ့အတွက်လား၊ မလိုဘူး ငါ့အတွက် မလိုဘူး၊ ပြည့်ရှင်မင်းလုပ်တဲ့လူဟာ သူ့တိုင်းပြည်မှာ သူဝတ်ချင်သလို ဝတ်မှာပေါ့၊ မိဖုရားရဲ့ အမှုထမ်းများအတွက်ကိုသာ ဘုရင်က သတ်မှတ်ပေးရတာယ်၊ ဘုရင့်အတွက်တော့ သူ့သဘောအတိုင်း ရှိပစေ၊ နမူနာပုံစံမလိုဘူး"

လူ။ ။"မှန်လှပါဘုရား"

ကွန်း။ ။"ဒါတွေက နန်းတွင်းသူ, နန်းတွင်းသားများအတွက်နော်"

လူ။ ။"မှန်လှပါဘုရား"

ကွန်း။ ။"နို့...စစ်ဘက်ဆိုင်ရာတွေ အတွက်ကော"

လူ။ ။"မပြီးသေးပါဘုရား"





ကွန်း။ ။"ကောင်းပြီ၊ အောက်ဆုံးတန်း စစ်သားကစပြီး ဆင်းရဲသားတိုင်အောင် နမူနာအားလုံး ပါပစေနော်..."

လူ။ ။"ပါပါစေ့မယ်ဘုရား"

ကွန်း။ ။"တောင်ဓားဝယ်ဗိုလ်၊ မြောက်ဓားဝယ်ဗိုလ်တို့၊ တံခါးမှူးတို့၊ ရေကြောင်းဘက်က ပဲ့နင်းတို့၊ ထီးဖြူတော်မိုးတို့ဆိုတဲ့ တိုလီ၊ မိုလီ အမှုထမ်းတွေ အတွက်လဲ ပါပစေနော်"

လူ။ ။"မှန်လှပါ၊ မှတ်သားထားပါကြောင်းပါဘုရား"

ကွန်း။ ။(ကျွန်ုပ်ဘက်သို့ လှည့်လျက်) "ဒီဟာတွေကို မောင်မင်း ဘာထင်သလဲ"

ကျွန်ုပ်။ ။"ပထမတော့ ကလေးကစားစရာတွေ ထင်မိပါတယ်၊ အခုတော့ သိပါပြီဘုရား"

ကွန်း။ ။"ဘယ်လို သိတာလဲ"

ကျွန်ုပ်။ ။"ရွှေမြို့တော် ထီးနန်းကို သိမ်းယူပြီး မင်းပြုတဲ့အခါမှာ"

ကွန်း။ ။"တော်ပြီ တော်ပြီ မောင်နားလည်တယ်။ ငါက နန်းတော်သူ, နန်းတော်သားနဲ့ မင်းမှုထမ်းများဟာ အရပ်သူ, အရပ်သားများနဲ့ အသွင်မတူအောင် ဆင်ယင်ဝတ်စားခြင်းကို သဘောကျပေမယ့် အစဉ်အလာအတိုင်း သူတို့ဝတ်ကြတဲ့ အင်္ကျီရှည်ကြီးတွေကို မကြိုက်ဘူးကွယ့်၊ အမှုထမ်းဆိုတဲ့အတိုင်း ကျစ်ကျစ်လစ်လစ် သပ်သပ်ရပ်ရပ် ရှိစေရမယ်၊ တတ်နိုင်လို့ရှိရင် အနောက်က ကုလားဖြူတွေဝတ်တဲ့ ဘောင်းဘီကိုတောင် ခပ်ကြိုက်ကြိုက်ပဲ၊ ငါတို့အဝတ်တွေလို ဘိုသီ, ဘတ်သီ မဟုတ်ဘူး၊ ဘယ့်နဲ့လဲကွယ့် မောင်တောက်ထွန်း"

ကျွန်ုပ်။ ။"ယောကျ်ားတွေ အတွက်တော့ သင့်လျော်ကြောင်းပါဘုရား"

ကွန်း။ ။"မိန်းမများအတွက်မှာလဲ မင်းခမ်းမင်းနားဆိုပေမဲ့၊ အပျိုတော်တစ်ယောက်အတွက်မှာ အဝတ်တစ်စုံကို လေးငါးရာကုန်ကျလို့ မဖြစ်နိုင်ဘူးကွယ့်"

ကျွန်ုပ်။ ။"အဝတ်အစားအတွက်တော့ လေးငါးရာ မကုန်ကြောင်းပါဘုရား"

ကွန်း။ ။"အေးလေ...လက်ဝတ်လက်စားအတွက် ရှိသေးတာပေါ့ကွယ်၊ မင်းပဲ စဉ်းစားကြည့်ပါတော့၊ မနှင်းမြရဲ့ စိန်နားကပ်တစ်ရံအတွက် ငွေသုံးထောင်ဆိုရင် မင်းဘယ့်နဲ့ လုပ်မလဲ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ ပြောမပြနိုင်အောင် အံ့ဩမိပါတော့သည်။ မှန်တီဆိုင်အဖြစ် အယူက်ကိုသာမက၊ ကျွန်ုပ်၏အချစ်ပြဿနာကိုပါ သိတော်မူပြီး ဖြစ်ဟန်တူသည့် ဤမင်းသားကြီးသည် မြန်မာပြည်ဘက်၌ အပ်ကျသည်ကိုပင် သိဟန်တူသော ကြောင့် အလွန်ကျင်လည်သော သူလျှိုကောင်းများရှိချေသည်တကားဟု စဉ်းစားမိ ပါတော့သည်။

□

# အခန်း (၁၁)

မြင်ကွန်း ကိုယ်တော်ကြီးသည် အထက်ပါစကားများကို စကြံလျှောက်ရင်း ပြောဆိုလျက်ရှိရာမှ ကတ္တီပါ ဖုံကြီးပေါ်သို့ထိုင်ကာ မှီအုံးကို လက်ထောက်လျက် "ရှေ့တိုးခစားကွယ့်...ခေါင်တောက်ထွန်း"ဟုပြောသည်နှင့်၊ ကျွန်ုပ်သည် မင်းခစား ယောကျ်ားတို့ထုံးစံအတိုင်း ဆယ်တောင်ကွာလောက်တွင် ထိုင်ရာမှ ရှေ့သို့ ငါးတောင်ခန့် ချဉ်းကပ်၍ ထိုင်ရလေ၏။

ကွန်း။ ။"နိုင်ငံရေး ဆောင်ရွက်ရာမှ အိမ်ထောင်ရေးဟာ အရေးကြီး ကြောင်း မင်းသိသလား"

ကျွန်ုပ်။ ။"ကျွန်တော်မျိုး နည်းနည်းပါးပါးတော့ သဘောပေါက်ပါသည် ဘုရား"

ကွန်း။ ။"ဟုတ်ပေမှာပေါ့၊ ငယ်ပေသေးတာကိုး...နည်းနည်းပါးပါးဝါး လောက် သဘောပေါက်ပေမှာပေါ့၊ ဒီအချက်ဟာ သိပ်အရေးကြီးတယ်ကွယ့်၊ ပြောပါများ မယားစကား အောင်တယ်ဆိုတဲ့စကားရှိတယ်၊ ဒါကြောင့် နိုင်ငံရေး အယူအဆမှာ လင်နဲ့မယား သဘောတူမှ ဖြစ်နိုင်တယ်"

ကျွန်ုပ်။ ။မနှင်းမြဟာလဲ ကျွန်တော်မျိုးနဲ့ သဘောချင်း တူလောက် ပါသည်ဘုရား"

ကွန်း။ ။(ပြုံးလျက်) "မင်းက... တော်တော်ပါးရည် နပ်ရည်ရှိသာပါ သို့သော် မိန်းကလေးက မော်လမြိုင်သူဆိုတော့ ကုလားဖြူလက်အောက်မှာ ကြီးပြင်းလာခဲ့ရတာဖြစ်လေတော့ မြန်မာဘုရင် အစဉ်အဆက်အပေါ်မှာ အထင် မကြီးတတ်လို့ သစ္စာရှိဖို့ မမျှော်လင့်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။"သို့သော်လည်း ကုလားဖြူကို လိုလားတဲ့ အထဲက မဟုတ်ပါဘုရား..."

ကွန်း။ ။"အေးလေ... ကုလားဖြူလိုလားသူ မဟုတ်ပေမယ့် မြန်မာဘုရင်ကို နှစ်နှစ်ကာကာ မြတ်နိုးလေးစားတဲ့ အထဲက မဟုတ်လေတော့၊ အရေးအကြောင်းရှိရင် ကိုယ့်ကျိုးအနစ်နာခံပြီး ဆောင်ရွက်လိမ့်မယ်လို့ စိတ်မချရဘူးကွယ့်၊ ဒါကြောင့် မနှင်းမြအပေါ်မှာ မင်းအာရုံဖြတ်လိုက်၊ အိမ်ထောင်ရေးကိစ္စနဲ့ ပတ်သက်လို့ ငါ့အပေါ်မှာပုံထား၊ ငါ အားလုံးကြည့်စီမံသွားမယ်၊ ငါ့ဆီမှာ မင်းနဲ့သင့်တော်တဲ့ မိန်းမပျိုကလေးတွေ ရှိပါတယ်၊ မနှင်းမြကိုတော့ ငါမမြင်ဖူးဘူး၊ သို့သော် စိတ်နေသဘောထားရော၊ မိဘဂုဏ်ဒြပ်ရော၊ ရုပ်ဆင်းသဏ္ဌာန်ရော၊ ပစ္စည်းဥစ္စာရော၊ မနှင်းမြထက် မယုတ်လျော့စေရဘူးလို့ ငါက တာဝန်ယူပါတယ်"

ကျွန်ုပ်မှာ ရင်ပတ်ကို ခြေထောက်နှင့် ဆောင့်ကန်ခြင်းထက် အခံရခက်သော်လည်း ပြန်လည်လျှောက်ထားရန် မဝံ့သည်နှင့် သက်ပင့်ရှူကာ ဆိတ်ဆိတ်သာ နေလိုက်ရလေသည် ထိုခဏ၌ မင်းစေတစ်ယောက် ဝင်လာ၍ မိန်းကလေးတစ်ယောက်က ကိုယ်တော်ကြီးအား ဖူးတွေ့လိုကြောင်း တင်လျှောက်သည်တွင်

ကွန်း။ ။"ဘယ်က မိန်းကလေးလဲဟဲ့"

စေ။ ။"ဦးတိုင်းကျော်ရဲ့တူမ ခင်ခင်ကြီးပါဘုရား"

ကွန်း။ ။"ဟေ... ဦးတိုင်းကျော်ကို ငါသိတယ်။ တူမတစ်ယောက်ရှိတယ်လို့လဲ ငါကြားဖူးတယ်၊ ငါမမြင်ဖူးပါကလား၊ ဘာကိစ္စတဲ့တုန်းတဲ့"

စေ။ ။"မေးလို့မရပါဘုရား၊ ဖူးတွေ့ရတဲ့အခါမှ လျှောက်ထားလိုတယ် ပြောပါတယ်"

ကွန်း။ ။(ကျွန်ုပ်ဘက်သို့လှည့်လျက်) "သူတို့တူဝရီးကို မောင်မင်းသိတာပေါ့၊ မောင်မင်းရဲ့ ဦးကြီး ဦးလတ်ရဲ့ပစ္စည်းကို ဦးတိုင်းကျော်က ထိန်းသိမ်းထားတယ်ဆို မဟုတ်လား၊ ဦးလတ်က သူပုန် နန္ဒမင်းသားရဲ့ဂိုဏ်းသားဖြစ်လေတော့၊ ဘုရင့်ဘက်တော်သား ဦးတိုင်းကျော်က ပစ္စည်းတွေ ထိန်းသိမ်းထားခြင်းကို လွှတ်တော်က တရားသူကြီးများက ခပ်ပေါ့ပေါ့နဲ့ မျက်နှာလွှဲနေလိုက်ဟန်တူရဲ့၊ နေဦး ငါတစ်ခုကြားသေးတယ်။ ဦးလတ်ရဲ့အမွေကို မောင်တောက်ထွန်းဆက်ခံဖို့ဆိုသလိုလို ဟုတ်ကဲ့လား"

ကျွန်ုပ်။ ။"ကျွန်တော်မျိုးလဲ သတင်းသန့်သန့် ကြားဖူးကြောင်းပါဘုရား"





ကွန်း။ ။"ဒီလိုဆိုရင် ဦးလတ်အမွေကို လိုချင်လို့ ယိုးဒယားပြည်ကို မောင်မင်းလိုက်လာခဲ့သပေါ့"

ကျွန်ုပ်။ ။"မဟုတ်ပါဘုရား၊ အမွေကို ကျွန်တော်မျိုး သတိမရပါ၊ ကိုယ်တော်ကြီး လက်အောက်မှာ အမှုတော်ထမ်းလိုတဲ့အတွက် လာရောက်ခဲ့ခြင်း ဖြစ်ပါသည်ဘုရား..."

ကွန်း။ ။"ဒီလိုဆိုရင် ကောင်းပါလေ့ကွယ်၊ ဦးလတ်က နန္ဒမင်းသားရဲ့လူ၊ ဦးတိုင်းကျော်က ဘုရင်မင်းမြတ်ရဲ့ ဖြစ်နေလေတော့ သူ့လက်ထဲရောက်နေတဲ့ ပစ္စည်းကို ငါက မင်းအတွက် သိမ်းပေးဖို့ ခဲယဉ်းတယ်ကွယ့်"

ကျွန်ုပ်။ ။"ကျွန်တော်မျိုး မမျှော်လင့်ပါဘုရား"

ကွန်း။ ။"ကောင်းပါတယ်ကွယ်၊ သူတစ်ပါးစုဆောင်းခဲ့တဲ့ ဥစ္စာပစ္စည်းကို အမွေဆက်ခံရခြင်းထက် ကိုယ့်ဒူးကိုယ်ချွန် ကြီးပွားအောင် လုပ်ရခြင်းက မြင့်မြတ်ပါတယ်ကွယ်"

ကျွန်ုပ်။ ။"ကျွန်တော်မျိုးလဲ ဒီအတိုင်း သဘောပိုက်ကြောင်းပါဘုရား"

ကွန်း။ ။"ဘယ်မလဲ ခင်ခင်ကြီး သွင်းခဲ့စမ်း..."

မင်းစေသည် အခန်းပြင်သို့ထွက်သွား၍ မကြာမီ ခင်ခင်ကြီးကို ခေါ်သွင်းလာလေ၏။ ခင်ခင်ကြီးမှာ အနည်းငယ် ဖြော့တော့သော မျက်နှာရှိသော်လည်း ကြံ့ခိုင်သောမျက်နှာထားနှင့် ခံညားသော အမူအရာရှိသည်ဖြစ်၍ ကျွန်ုပ်၏ စိတ်ထဲတွင် ဤသူငယ်မနှင့် ဆွေမျိုးတော်စပ်သည် ဆိုခြင်းအတွက် အားရမိသည်။ ခင်ခင်ကြီးသည် မြင်ကွန်း ကိုယ်တော်ကြီးရှေ့၌ ကျွန်ုပ်နောက်တွင် ဒူးတုပ်လျက်ရှိစဉ်...

ကွန်း။ ။"ဘာလဲဟဲ့ မိန်းကလေး၊ ဘယ်လိုကိစ္စနဲ့ ငါ့ကို ဖူးတွေ့ချင်တာလဲ..."

ခင်ခင်ကြီးသည် ကိုယ်တော်ကြီး၏ မေးခွန်းကို မဖြေကြားမီ ကျွန်ုပ်အား လှမ်းကြည့်၍ ကျွန်ုပ်လှည့်ကြည့်ခိုက်နှင့် မျက်နှာချင်း ဆိုင်မိသည်တွင် ကျွန်ုပ်ရှိနေခြင်းအတွက်ကြောင့် အားတက်သော မျက်နှာထားမျိုး ဖြစ်ပေါ်လာသည်ကို ကျွန်ုပ်မြင်လိုက်ရသည်။

ကြီး။ ။"ကိုယ်တော်ကြီးဘုရားထံ ကျွန်တော်မျိုးမ အသနားခံစရာရှိသည့်အတွက် လာရခြင်း ဖြစ်ပါသည်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ကွန်း။ ။"ဘုရင်မြတ်ရဲ့ သစ္စာတော်ကို စောင့်သိရိုသေတဲ့ ဦးတိုင်းကျော်ရဲ့ တူမဖြစ်တဲ့အတွက် အခွင့်အရေးရှိသင့်ပေတာပေါ့။ ဘာများ အသနားခံလိုသလဲ တင်လျှောက်စမ်း"

ကြီး။ ။"ဦးလေးရဲ့ တူမအနေနဲ့ မဟုတ်ဘဲ၊ ကျွန်တော်မျိုးမ အနေနဲ့ အသနားခံလိုခြင်း ဖြစ်ပါသည်ဘုရား...မောင်သုတရဲ့ အသက်ကို ချမ်းသာပေးဖို့ ကျွန်တော်မျိုးမ အသနားခံလိုပါတယ်။ မောင်သုတဟာ နိုင်ငံရေးမှာ ဝါသနာပါသူ တစ်ယောက်မဟုတ်ပါဘုရား၊ စာဆိုတော်တစ်ဦးသက်သက် ဖြစ်ပါသည်။ လူညစ်ပတ်များက ဖြားယောင်းသွေးဆောင်ပြီး တမင်သက်သက် ရာဇဝတ်သင့်အောင် စီမံကြခြင်း ဖြစ်ပါသည်ဘုရား..."

ခင်ခင်ကြီးသည် ပြန်လည်တင်လျှောက်ခြင်း မပြုဘဲမျက်နှာကို အောက်သို့ ချထားလိုက်သည်။

ကိုယ်တော်ကြီးသည် အမှုတွဲတစ်ခုကို ကြွက်လျှောက်ပေါ်မှ ရှာယူဖတ်ရှုပြီး နောက်...

ကွန်း။ ။"သူ့အကြောင်းခြင်းရာတွေ ရေးထားပုံကတော့ တယ်ဟုတ်လှတဲ့ လူငယ်တစ်ယောက် မဟုတ်ပါပဲလား၊ မိန်းကလေးကတော့ ဒီလူငယ်ကို ချစ်ကြိုက်မိတာ မှားပြီထင်တယ်"

ကြီး။ ။"သူ့အသက်ကို ချမ်းသာပေးတော်မူပါ ကိုယ်တော်ကြီးဘုရား..."

ကွန်း။ ။"မဖြစ်နိုင်ဘူး မိန်းကလေး၊ ယိုးဒယားဘုရင်မင်းမြတ်က လွှဲအပ်ထားတဲ့ ကိစ္စမှာ သနားလို့ လွှတ်ပြစ်တယ်ဆိုရင် ငါ ဝတ္တရားပျက်ရာ ကျမှာပေါ့၊ တစ်ကြောင်းကလဲ နန္ဒမင်းသားကိုထံးကလူတွေဟာ ခုတလောမှာ အင်မတန် ဇက်ရဲလာတယ်။ ဒီတော့ အခုလို လက်ပူးလက်ကြပ်မိတဲ့ တရားခံ တစ်ယောက်ကို ခပ်စပ်စပ် အပြစ်ဒဏ်ပေးလိုက်မှ ကျန်တဲ့လူတွေ ကြောက်ရွံ့ပြီး သူပုန်ဂိုဏ်းသားတွေ ငြိမ်းသွားဖို့ရှိတယ်။ မိန်းကလေးကိုတော့ သနားတယ်၊ ရာဇဝတ်ကောင် သုတကိုတော့ ချမ်းသာ မပေးနိုင်ဘူး..."

ကျွန်ပ်သည် ခင်ခင်ကြီးနှင့်ပတ်သက်၍ သိရသမျှမှာ ကျေနပ်ဖွယ်ကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်၍ ဤမျှလောက် သတ္တိ၊ ဇွဲသတ္တိ၊ ကောင်းသော မိန်းမတစ်ဦးတစ်ယောက်က ယုံမှားဖွယ်မရှိအောင် နုံခြာညံ့ဖျင်းသော ယောကျ်ား တစ်ယောက်နှင့် စုံဖက်ချစ်ကြိုက်သည်ဆိုခြင်းမှာ ယုံနိုင်လောက်အောင် ဖြစ်မိပါတော့သည်။ ခင်ခင်ကြီးသည် ကိုယ်တော်ကြီး၏ မိန့်သံကို ကြားရသောအခါ





ပါးပြင်သို့မျက်ရည်တွေ စီးကျလာသဖြင့် ကျွန်ုပ်ကိုယ်တိုင် ရင်ထုမနာ ဖြစ်ရပါသည်။ သို့ရာတွင် ခင်ခင်ကြီးသည် လက်မလျှော့သေးမူ၍ ကိုယ်တော်ကြီး... ချဉ်းကပ်ခါ ခြေထောက်ကို ဆံပင်နှင့် ပွတ်လျက်...

ကြီး။ ။"ချမ်းသာပေးတော်မူပါ ကိုယ်တော်ကြီးဘုရား၊ နောက်နောင်တို ယခုလို မဖြစ်စေရအောင် ကျွန်တော်မျိုးမ တာဝန်ယူပါတယ်ဘုရား"

ကွန်း။ ။(စိတ်ဆိုးသော မျက်နှာထား ဖြစ်ပေါ်လျက်...)"မဖြစ်ဘူးဆို မိန်းကလေး၊ ငါဟာ တစ်ခွန်းတည်းသော စကားကိုသာ ဆိုတယ်လို့ မကြားဖူး ဘူးလား၊ တိုင်းရေးပြည်ရေးကိစ္စမျိုးမှာ မိန်းမဝင်ရှုပ်လို့ ငါစကားပြင်တယ်ဆိုရင် ရာဇဝင်ရိုင်းလိမ့်မယ်။ သူပုန်ဂိုဏ်းသားတွေ ခုတလောမှာ အလွန်ကဲလာလို့ မှတ်လောက်အောင် ဆုံးမရမယ်လို့ ငါပြောပြီး မဟုတ်လား"

ကြီး။ ။"ဒီလူဟာ ဘာမှလုပ်တတ်တဲ့လူ မဟုတ်ပါဘူး ကိုယ်တော်ကြီး ဘုရား"

ကွန်း။ ။"ရှိပါစေ၊ သူသေရင် ဒီပြင်လူတွေ ကြောက်ကုန်လိမ့်မယ်"

ကြီး။ ။"သစ္စာတော်ကို စောင့်ထိန်းပါစေမယ်လို့ ကျွန်တော်မျိုးမ တာဝန်ယူပါရစေ ဘုရား"

ကွန်း။ ။"မဖြစ်နိုင်ဘူးကွယ့်၊ တော်ပြီ"

ဤတွင် မင်းသားကြီးသည် ကျွန်ုပ်ကို လှမ်းကြည့်လိုက်သဖြင့် ကျွန်ုပ်သည် မင်းသားကြီး၏ ခြေထောက်ကို ဆံပင်ဖြင့် ပွတ်နေသော ခင်ခင်ကြီးကို ဖြည်းညှင်းစွာ တွဲထူရလေသည်။

ကွန်း။ ။"အေးဟုတ်ပြီ၊ အကြောင်းမထူးပါဘူး မောင်တောက်ထွန်း၊ အပြင် ခေါ်သွားလိုက်ပါ"

ခင်ခင်ကြီးသည် ကျွန်ုပ်နှင့်အတူ လိုက်လာရာမှ ကိုယ်တော်ကြီးသည် ရုတ်တရက် လှည့်လျက်...

ကြီး။ ။"ကြောက်လောက်အောင် နမူနာပြချင်ရင် နက်ကျော့်ကို..."

ကွန်း။ ။"နက်ကျော့်ကို မိရင်တော့ အကောင်းဆုံးပေါ့ဟဲ့"

ကြီး။ ။"ကိုသုတဟာ လူပေါင်းမှားရှာတာပါ ကိုယ်တော်ကြီးဘုရား"

ကွန်း။ ။"တူတူပါပဲ၊ ဒင်းတို့ ကြီးဘော်စည်ဘက်တွေပဲ"

ကြီး။ ။"အကယ်၍ နက်ကျော့်ကို မိအောင်ဖမ်းပေးနိုင်ရင်ကော ဘုရား..."



www.burmeseclassic.com

www.burmeseclassic.com



ထွန်း။ ။"တစ်ခဏတာမျှ စဉ်းစားလျက်၊ ဟေ့ နက်ကျောကိုလား၊ အေး... နက်ကျော်ကို ဖမ်းပေးနိုင်ရင်တော့ သူတကို ငါ ချမ်းသာပေးမယ်"

ကြီး။ ။"အချိန်ပေးတော်မူပါဘုရား"

ကွန်း။ ။"အချိန်ဘယ်လောက် လိုချင်သလဲ"

ကြီး။ ။"ရက်သတ္တတစ်ပတ် ပေးတော်မူပါ..."

ကွန်း။ ။"ကောင်းပြီ ခွင့်ပြုတယ်၊ နက်ကျော်ကို ခုနစ်ရက်အတွင်း မိရင် သူတကို လွှတ်မယ်၊ နို့မဟုတ်ရင် ရှစ်ရက်မြောက်တဲ့နေ့မှာ သူတကို တားစင်တင်ပြီး ရင်ခွဲ အသေနေလှန်းစေရမယ်"

□

# အခန်း (၁၂)

ကျွန်ုပ်သည် ခင်ခင်ကြီးကိုတွဲလျက် အိမ်တော်လှေကားမှ ဆင်းလာသော အခါ မောင်ထွန်းကျော်သည် ခင်ခင်ကြီးကို စောင့်မျှော်နေသည့် လက္ခဏာနှင့် အရံအိမ်တစ်ဆောင်မှ ထွက်လာ၍ ကျွန်ုပ်တို့အနီးသို့ လျှောက်လာ၏။ ကျွန်ုပ်မှာ မောင်ထွန်းကျော်ကို မမျှော်လင့်ဘဲနှင့်တွေ့ရသဖြင့် အံ့သြမိသော်လည်း ၎င်းတို့၏ အမူအရာကို မြင်ရခြင်းအားဖြင့်၊ မူလကတည်းက အတူတကွ လာကြခြင်းဖြစ်သည်ကို သိရပေ၏။

မောင်ထွန်းကျော်က "ဘယ်လိုလဲဗျာ...ခင်ခင်ကြီး"ဟု မေးလိုက်သဖြင့် ခင်ခင်ကြီးက ဦးခေါင်း ရမ်းပြသည်တွင်...မောင်ထွန်းကျော်က "ကျွန်တော်လဲ ထင်သားပဲ၊ ကိုယ်တော်ကြီးက စကားတစ်ခွန်းပြောပြီးရင် ပြင်တယ်လို့ မရှိဘူး၊ ဒါနဲ့တောင် ခင်ခင်ကြီးက ကိုယ်တိုင်ဖူးတွေ့ပြီး အသနားခံဝံ့တဲ့ သတ္တိကို ကျွန်တော် ချီးကျူးပါတယ်ဗျာ၊ ကျွန်တော်တို့တော့ သုံးယောက်နဲ့တစ်ယောက် ရင်ဆိုင်တိုက်မလား၊ ကိုယ်တော်ကြီးဆီက တစ်ခုခုရအောင် တောင်းမလားဆိုရင် သုံးယောက်နဲ့တစ်ယောက် တိုက်တော့မယ် သူ့အနားတော့ မကပ်ချင်ဘူး၊ ဒါလောက်တောင် စွန့်စားပြီး ဆောင်ရွက်ပါလျက်နဲ့ မအောင်မြင်ခဲ့တဲ့အတွက် ဝမ်းနည်းပါရဲ့ဗျာ၊ ကရုဏာလဲ ဖြစ်ပါတယ်"ဟု ပြောလေ၏။

ကျွန်ုပ်မှာ မိန်းမများနှင့် ပတ်သက်၍ မောင်ထွန်းကျော် ဆက်ဆံပုံကို အကြိမ်ကြိမ် မြင်ခဲ့ဖူးရာ၊ အေးအေးသက်သာ အမူအရာမျိုးကိုသာ တွေ့ခဲ့ဖူးသော်လည်း၊ ခင်ခင်ကြီးနှင့် ဆက်ဆံရာတွင် နှလုံးကိုထိခိုက်၍ ရင်ဖိုလိုက်သော အမူအရာမျိုး တွေ့မြင်ရသောကြောင့် အံ့သြမိပါသေးသည်။

ကြီး။ ။"ဟောဒီက ကိုတောက်ထွန်းနဲ့ အဆင်သင့် တွေ့လေတော့ သူကလဲ တတ်နိုင်သမျှ အားပေးရှာပါတယ်။ ရဲဗိုလ်ကြီးရယ်..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ပ်။ ။"ဘာပြောပြော ကျွန်တော်ကတော့ ခင်ခင်ကြီးသတ္တိကို ချီးကျူးတယ်ဗျာ၊ ခင်ခင်ကြီးက ချစ်တယ်ဆိုတဲ့လူဟာ လောကမှာ ကုသိုလ်ကံ ထူးပေတာပဲ၊ ယခုလို စွန့်စွန့်စားစား ဆောင်ရွက်ပေးတာကို မြင်ရတော့ ချစ်ထိုက်လို့ ချစ်တာ ဖြစ်ကောင်းပါရဲ့ဗျာ"

ကျွန်ပ်၏စကားမှာ မောင်သုတ၏အရည်အချင်းနှင့် ပတ်သက်၍ ယုံမှားခြင်းမကင်းသည့် အဓိပ္ပာယ် ရှိနေသည်ကို ခင်ခင်ကြီး ရိပ်မိ၍ မာနထန်သော မျက်နှာထားနှင့် ကျွန်ုပ်ဘက်သို့လှည့်ကာ–

ကြီး။ ။"ကိုသုတအကြောင်းကို မင်းသားကြီးလဲ မသိပါဘူး၊ ရှင်လဲ မသိပါဘူး၊ ကျွန်မ သိပါတယ်၊ ကိုသုတဟာ ထိပ်တန်းကျတဲ့ စာဆိုတော် တစ်ယောက်ပီပီ မြင့်မြတ်တဲ့စိတ်သဘော ရှိလေတော့ သူ့အပေါင်းအသင်းတွေကိုလ် သူ့လိုပဲ ထင်မှတ်ရှာတယ်၊ နက်ကျော်ကြီးက သူ့လို မဟုတ်ပါဘူး၊ တကယ့် လူဆိုးကြီးပါ။ သူ့လက်နဲ့ သတ်တဲ့လူ အတော်များပြီဆိုပဲ၊ ဒီလူကြီးသေမှ တိုင်းပြည်အေးမှာ အမှန်ပဲ၊ ကဲရှင်ကိုတောက်ထွန်းနက်ကျော်ကြီးကို ဖမ်းပေးဖို့ ကူညီပါလားရှင်"

ခင်ခင်ကြီးက ကျွန်ုပ်အား ဤကဲ့သို့ တောင်းတောင်းပန်ပန် ကူညီရန် ပြောခြင်းကို မောင်ထွန်းကျော် မြင်ရသောအခါ ကျွန်ုပ်နှင့် နေရာချင်း လဲလိုက် ချင်ဘိသည်ဟူသော မျက်နှာထားမျိုး ဖြစ်ပေါ်လာခြင်းကို ကျွန်ုပ် သတိပြုလိုက် မိသည်။

ထွန်း။ ။"ဒီလိုဆို ကျွန်တော်လဲ ကူပါ့မယ် ခင်ခင်ကြီး... ကျွန်တော့် အကူအညီတော့ မလိုချင်ဘူးလားဗျာ"

ကြီး။ ။"လိုချင်ပြီလားရှင်... နှစ်ယောက်ဆိုတော့ သာကောင်းတာပေါ့၊ လိုတဲ့အချိန် ကျွန်မက ခေါ်ပါ့မယ်၊ ကိုင်း ပြန်တော့မယ်၊ အိမ်ပြန်တာတော့ ကျွန်မ ပြန်ဝံ့ပါတယ်၊ နေရစ်ကြပါတော့..."

ခင်ခင်ကြီးသည် အိမ်ပေါ်တွင် မြင်ရသောအခါများ၌ နွဲ့ပျောင်းသော ကိုယ်ဟန်အမူအရာ ရှိသော်ငြားလည်း အရေးကြုံ၍ ခပ်သုတ်သုတ် လမ်းလျှောက် သွားသောအခါတွင် သာမန်အရပ်သူများကဲ့သို့ ဖျပ်လတ် သွက်လက်သော ခြေလှမ်းဖြင့် ထီးကလေးကို ထောက်ကာ ရှောက်သွားခြင်းကို ကျွန်ုပ်တို့နှစ်ယောက် ငေးမိုက်ကာ ကျန်နေရစ်ကြလေ၏။





ထွန်း။ ။"ရှာမှရှားဆိုတဲ့ မိန်းကလေးမျိုးပဲ သူငယ်ချင်း၊ ကျုပ်တို့ထောင် မကပ်ဝံ့တဲ့ မင်းသားကြီးကို သူဝင်ပြီး ဖွတ်ပြောဝံ့တာ အံ့သြပါရဲ့..."

ကျွန်ပ်။ ။"သူငယ်ချင်းက တကတ်တင်လျှောက်နေတာကို မမြင်ရပဲတိုး မြင်များမြင်ရရင် ဒီထက်မက ချီးမွမ်းသေးရဲ့"

ထွန်း။ ။"တကယ့်သတ္တိ၊ တကယ့်မျက်လုံး၊ တကယ့်စိတ်ကလေးပါပေ သူငယ်ချင်းရာ၊ မိန်းမဆိုတာ ဒီလိုမိန်းမမှ ကျုပ်တို့က သဘောကျတာ"

ကျွန်ပ်။ ။"သဘောကျတာထားဦး ကိုရင်၊ ကျုပ်တို့မှာ နက်ကျော်တို ဖမ်းပေးဖို့ တာဝန်ရှိသေးတယ်"

ထွန်း။ ။"သူ့အတွက်ဆို ဘာမဆိုလုပ်ပေါ့ သူငယ်ချင်း"

ကျွန်ပ်။ ။"ဘာမဆို လုပ်တာ ကိစ္စမရှိဘူး၊ ခုလုပ်ရမှာက သူ့ရည်းစား အသက် မသေအောင် ကိုရင်တို့, ကျုပ်တို့က ဆောင်ရွက်ပေးရမှာ ဆရာရဲ့"

ထွန်း။ ။"ခက်လိုက်တာ ကရို... ဟုတ်ပါရဲ့၊ သို့သော် ဘာပဲဖြစ်ဖြစ် သူစိတ်ချမ်းသာဖို့ဆိုရင် လုပ်ပေးမယ် သူငယ်ချင်း"

ကျွန်ုပ်စဉ်းစားမိသည်ကား သူငယ်ချင်း မောင်ထွန်းကျော်သည် မိန်းမပေါင်း များစွာကို ဂရုမစိုက်ဘဲနေနိုင်ခဲ့ပါလျက် အဟုတ်တကယ် အကြိုက်တွေ့ပြန်တော့ လည်း မော်လမြိုင်၌ မနှင်းမြနှင့်ပတ်သက်၍ တစ်ကြိမ်၊ ယခုတဖန် ခင်ခင်ကြီးနှင့် တစ်ကြိမ် ဆုံစည်းမိရာ၌ အကြိုက်ချင်း မဆုံမိရုံသာမက သူကြိုက်သောမိန်းမ၏ ရည်းစားအတွက် အလုပ်လုပ်ပေးရမည်ဖြစ်သောကြောင့် အဖြစ်ဆိုးသော ဘဝမျိုးဟူ၍ ဆုံးဖြတ်ချက်ချမိသည်။ သို့ရာတွင် မောင်သုတကိစ္စ၌ မောင်ထွန်း ကျော် ဆောင်ရွက်ပုံများမှာ အမှန်တကယ် စိတ်နေသဘောထားကြီးရင့် မြင့်မြတ် ခြင်းကို ထင်ရှားစေသဖြင့်၊ ချီးကျူးစရာတွေ များစွာရှိသော ကျွန်ုပ်၏သူငယ်ချင်း အားစိတ်ထဲ၌ ထပ်လောင်း၍ ချီးကျူးမိပါသေးသည်။

ထို့နောက် ကျွန်ုပ်သည် မြင်ကွန်းကိုယ်တော်ကြီးနှင့် ခင်ခင်ကြီးကို တွေ့ဆုံ၍ ရက်သတ္တပတ်အတွင်း နက်ကျော်ကြီးကို မိအောင်ဖမ်းပေးနိုင်ပါက မောင်သုတကို အသက်ချမ်းသာပေးမည်ဟု ကတိပေးထားတော်မူလိုက်သည့် အကြောင်းများကို မောင်ထွန်းကျော်အား အသေးစိတ် ပြောပြလေ၏။ မောင်ထွန်း ကျော်ကလည်း ၎င်းကိစ္စတွင် ခင်ခင်ကြီးခိုင်းသည့်အတိုင်း အစွမ်းကုန်ဆောင်ရွက်ရန် အဆင်သင့်ရှိသည်ဖြစ်၍ ခင်ခင်ကြီးထံမှ သတင်းစကားကြားရသည့်အချိန်တွင် မိမိထံသို့ အကြောင်းကြားဖို့ပြော၍ ၎င်းနေထိုင်သည့်ဌာနကို ကျွန်ုပ်အား ညွှန်ကြား သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။"နေစမ်းပါဦး...သူငယ်ချင်း၊ ခင်ခင်ကြီးနဲ့...ဘယ်မှာတွေ့လာကြတာလဲ"

ထွန်း။ ။"ကျုပ်က...အိမ်တော်လာရာမှာ ခင်ခင်ကြီးနဲ့လမ်းမှာတွေ့ကြလို့ အတူတူလာခဲ့ကြပါတယ်"

ကျွန်ုပ်။ ။"ဘာကိစ္စနဲ့ သူလာသလဲလို့ မမေးဘူးလား"

ထွန်း။ ။"မေးတော့ မေးတယ်၊ သူတကို ချမ်းသာပေးဖို့ သနားခံမယ်ဆိုလို့ ကျုပ်က ဖျက်သေးတယ်"

ကျွန်ုပ်။ ။"ဘာကြောင့် ကိုရင်က ဖျက်တာလဲ"

ထွန်း။ ။"အထင်မလွဲလိုက်ပါနဲ့ သူငယ်ချင်း၊ ကိုယ်တော်ကြီးသဘောကို သိလို့ မဖြစ်ပေဘူးထင်လို့ ဖျက်မိခြင်းပါ၊ ပြီးတော့ ကိုယ်တော်ကြီးက မိန်းမသော, ဘာသော နားမလည်ဘူး၊ ငေါက်စရာရှိ ငေါက်လွှတ်တာပဲ...၊ ခင်ခင်ကြီးကို သနားလို့ ကျုပ်က ဖျက်တာပါ"

ကျွန်ုပ်။ ။"ယုံကြည်ပါတယ်သူငယ်ချင်း၊ အကြောင်းရှိရင် ခေါ်မနော်၊ ကူညီမယ်မဟုတ်လား"

ထွန်း။ ။"စိတ်ချပါသူငယ်ချင်း"

❑

## အခန်း (၁၃)

ကျွန်ုပ်သည် နက်ကျော်ကို ဖမ်းဖို့ကိစ္စအတွက် ခင်ခင်ကြီးက အကူအညီတောင်းလာလိမ့်မည်ဟု စောင့်မျှော်နေခဲ့ရာ၊ ခြောက်ရက်ကုန်သော်လည်း ခင်ခင်ကြီးမပေါ်လာချေ။ အမှန်ကိုဆိုရလျှင် ပန်းချီဆရာရေးသော အရုပ်ကဲ့သို့လှသော မျက်နှာရှိသော်လည်း ယောကျ်ားမပီသည့် နုံချာသောစိတ်ဓာတ်ရှိသူ မောင်သုတကို ခင်ခင်ကြီးက လွတ်အောင်ကယ်ခြင်းကိစ္စ၌ အလွန်အမင်း စိတ်ဝင်စားခြင်း မရှိခဲ့ချေ။ သို့ရာတွင် ရုပ်ချောသလောက် သတ္တိကောင်း၍ ကြံ့ခိုင်သောစိတ်ဓာတ်ရှိသည့် ခင်ခင်ကြီးဟူ၍ ကျွန်ုပ်သိရှိထားသည် ဖြစ်သောကြောင့် ထိုသတ္တဝါအတွက် ကရုဏာ မသက်စေကာမူ ခင်ခင်ကြီးအတွက် မသနားဘဲ မနေနိုင်သောကြောင့် ကျွန်ုပ်ကိုလိုခဲ့လျှင် အစွမ်းရှိသလောက် ကူညီမည်ဟူ၍ သန္နိဋ္ဌာန်ချပြီးဖြစ်လေသည်။ သို့ဖြစ်၍ ဆဋ္ဌမမြောက်သောနေ့တွင် ကျွန်ုပ်ထံသို့ ခင်ခင်ကြီးရောက်လာခြင်းကို မြင်ရသောအခါ ဝမ်းသာသလို ဖြစ်သွား၏။ ခင်ခင်ကြီး၏ မျက်နှာကို ကြည့်လိုက်သောအခါတွင်လည်း မိမိဆောင်ရွက်သောကိစ္စ နေရာတကျရှိပုံရသည်ကို တွေ့ရလေသည်။ ကျွန်ုပ်၏အခန်းသို့ ခေါ်သွား၍ လွတ်လပ်စွာ တိုင်ပင်ကြသောအခါ...

ကြီး။ ။"နက်ကျော်ကြီးကို ကျွန်မတွေ့အောင် ရှာနိုင်ပါတယ်လို့ ကျွန်မ မပြောဘူးလား၊ ခုတော့ တွေ့ပြီ...သူ့ကို ဖမ်းရအောင် ကိုတောက်ထွန်း ကူညီမယ်ဆိုလို့ ကျွန်မလာခေါ်တာပဲ"

ကျွန်ုပ်။ ။"စစ်သားနဲ့ဖမ်းရင် မကောင်းဘူးလား...ခင်ခင်ကြီး"

ကြီး။ ။"မဖြစ်ဘူးရှင်၊ သူက အင်မတန်ပါးတယ်၊ စစ်သားဆိုလို့ ရိပ်ခနဲမြင်လိုက်ရင် သူကထွက်ပြေးပြီး ဒီထက်ခဲယဉ်းတဲ့ နေရာရွှေ့သွားလို့ တစ်ခါတည်း ခြေရာပျောက်သွားလိမ့်မယ်"

www.burmeseclassic.com



ကျွန်ုပ်။ ။"နေစမ်းပါဦး... ခင်ခင်ကြီးက နက်ကျော်ကို တွေ့ထား လို့လား"

ကြီး။ ။"သူ့ကိုတော့ မမြင်ရဘူး... သူနေတဲ့နေရာကို သိတယ်"

ကျွန်ုပ်။ ။"သိပုံ ပြောစမ်းပါဦး"

ကြီး။ ။"ကျွန်မစုံစမ်းကြည့်တော့ နက်ကျော်ကြီးဟာ ချစ်ပုံဆိုတဲ့ ကောင်မလေးနဲ့ ကြိုက်နေတယ်လို့ သိရတယ်၊ ချစ်ပုံက မကျော ချောင်းနခမ်းမှာရှိတဲ့ ဘုတ်ကျောင်းပျက်ကြီးနားက တဲငါတဲကလေးနားမှာနေတယ်၊ နက်ကျော်နဲ့ချစ်ပုံနဲ့ ကြိုက်နေကြတယ်ဆိုတာ သိရလို့ ချစ်ပုံကို အမှတ်တမဲ့ ချောင်းကြည့်နေတော့ မနေ့ညတုန်းက ချစ်ပုံဟာ ထမင်းထုပ်ကလေးနဲ့ ဘုန်းကြီးကျောင်းပျက်ထဲ ဝင်သွားတာ မြင်ရတယ်၊ ဒီကနေ့ တစ်မနက်လုံးလဲ ချစ်ပုံဟာ တာရိုးပေါ်ကနေပြီး လူသွားလူလာကို စောင့်ကြည့်နေတာ မြင်ရတယ်၊ ရဲသားလို လူတစ်ယောက်ကို အဝေးကမြင်တော့ ချစ်ပုံက ဘုန်းကြီးကျောင်းဘက်ကို ပျာယီးပျာယာ ပြေးလိုက် တာ၊ ရဲသားမဟုတ်မှန်းသိတော့မှ သူ့တဲသူ ပြန်သွားတယ်၊ ဒါကြောင့် နက်ကျော် ဟာ ဘုန်းကြီးကျောင်းထဲမှာ ပုန်းနေတယ်လို့ ကျွန်မ ဒီဠသိရတယ်"

ကျွန်ုပ်။ ။"ဒီလိုဆို ချက်ခြင်းဖမ်းမှတော်မယ်၊ မိုးချုပ်ရင် တံငါလှေ ကလေးနဲ့ လှော်ပြေးမှဖြင့် မြန်မာနယ်စပ်ကို ရောက်သွားနိုင်တယ်၊ ခင်ခင်ကြီး ပြောတာမှန်တယ်၊ ရဲအဖွဲ့နဲ့သွားရင် သူတို့က အရင်မြင်ပြီး ထွက်ပြေးသွားလိမ့်မယ်"

ကြီး။ ။"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

ကျွန်ုပ်။ ။"ကျုပ်ပြ...မပြောနိုင်သေးဘူး၊ ကိုထွန်းကျော်သွားတွေ့ပြီး သူနဲ့ တိုင်ပင်လုပ်ရမှာပဲ၊ သူက ဒါမျိုးတွေ ကျွမ်းကျင်ပါလိမ့်မယ်"

ကျွန်ုပ်သည် ဘုန်းကြီးကျောင်းပျက် တည်ရာဌာနကို ခင်ခင်ကြီးအားမေး၍ ၎င်းအား အိမ်သို့ပြန်စေပြီးလျှင် မောင်ထွန်းကျော်ရှိသော ရဲဌာနသို့သွားလေ၏။ မောင်ထွန်းကျော်နှင့်တွေ့၍ အကျိုးအကြောင်း ပြောပြပြီးလျှင် လုပ်ငန်းစဉ်ကို တိုင်ပင်ကြသောအခါ မောင်ထွန်းကျော်သည် မကျောချောင်းကမ်းပါး၌ရှိသော ဘုန်းကြီးကျောင်းပျက်ကို ကောင်းစွာသိ၍ ဗလအလွန်ကောင်းသော နက်ကျော်ကို ဖမ်းရမည့်အလုပ်တွင် ကျွန်ုပ်တို့နှစ်ယောက်တည်း သွားခြင်းထက် သုံးယောက် သွားမှ သင့်တော်လိမ့်မည်ဆိုကာ သတ္တိကောင်းသော ရဲသားတစ်ယောက်ကို ရွေးချယ်ခေါ်ယူခဲ့၏။ ထို့နောက် မောင်ထွန်းကျော်သည် အထက်အရာရှိထံမှ မြင်းသုံးစီးယူသွားဖို့ ခွင့်တောင်းရာ၊ အရာရှိသည် မြင်းကွန်းကိုယ်တော်ကြီး၏





လှူယုံတော်ဖြစ်ကြောင်း သိသည်နှင့် မြင်းသုံးစီးသာမက အလိုရှိလျှင် ရဲမြင်းအဖွဲ့ တစ်ခုလုံးကို ယူသွားနိုင်သည်ဟု ပြောပါပေသည်။

မောင်ထွန်းကျော်နှင့် ရဲသားသည် အရပ်သားအဝတ်ဖြင့် ဝတ်လျက် ကျွန်ုပ်တို့သုံးယောက်သည် မြင်းကိုယ်စီနှင့် မကျောချောင်းဘက်သို့ထွက်လာကြ သောအခါ အချိန်မှာ ညနေစောင်းနေလေပြီ။ လမ်းတွင် ကုန်းမြင့်တစ်ခုနှင့် လွင်ပြင်တစ်ခုကို ဖြတ်ကျော်၍ ဒုတိယကုန်းမြင့်ပေါ်သို့ တက်မိကြသောအခါ မကျောချောင်းကမ်းပါး၌ တည်ရှိသော ဘုန်းကြီးကျောင်းပျက်ကို နေမင်းအောက်၌ မြင်နိုင်လေသည်။ မနီးမဝေးသို့ရောက်လာသောအခါ ဘုန်းကြီးကျောင်းဝင်းကို ပေါ်တလင်းအဖြစ်နှင့် ရွာသားတစ်ယောက်က အသုံးပြုလျက် ရှိသည်ဖြစ်၍ တလင်းပေါ်မှ ကောက်ရိုးများကို လှည်းတစ်စီးပေါ်သို့ တင်ထားသည်ကိုမြင်နိုင်၏။ ကောက်ရိုးလှည်းအနီး၌ နွားနှစ်ကောင် ချည်ထားသော်လည်း လှည်းသမားကိုမူ မမြင်ရချေ။

ကျွန်ုပ်တို့သည် အရိပ်အခြည်ကိုကြည့်၍ ကျောင်းဘက်ဆီသို့ "လမ်းတိုး" စီးလာကြရာ၊ ဤလမ်းမှာ ကျောင်းအနီးမှကပ်၍ ကျောင်းကို ကျော်လွန်ကာ အခြားသော ရွာတစ်ရွာသို့ သွားနိုင်သောလမ်း ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကျောင်းဆီသို့ သွားသည်ဟု မထင်ရှားဘဲ ကျောင်းကို ကျော်လွန်သွားမည့် ခရီးသည်များလည်း ဖြစ်နိုင်၏။ သို့ရာတွင် တာရိုးပေါ်မှ ကျွန်ုပ်တို့ဘက်သို့ မျှော်ကြည့်နေသော မိန်းမတစ်ယောက်သည် ကျွန်ုပ်တို့ကို မြင်သည်နှင့် မသက်သာ သောအမူအရာနှင့် ကျောင်းဘက်သို့ ဆပ်ခနဲလှမ်းကြည့်လိုက်၏။

ထွန်း။ ။"ကင်းစောင့်နေတဲ့မိန်းမ မြင်လား၊ နက်ကျော်ရှိတာ သေချာ တယ်၊ ဒါပေမဲ့ တဲ့တဲ့ကြီးသွားရင် ရိပ်မိလိမ့်မယ်၊ ဟိုဘက်က တောင်ကမူ ကလေးပတ်ပြီးသွားရင် ကမူကိုလဲ လွန်ရော ကျောင်းပေါက်နားကို ဘွားခနဲ ရောက်သွားရော၊ ဒီလိုလုပ်မှတော်မယ်၊ ကိုင်း...လာကြ"

ကျွန်ုပ်။ ။ မဟုတ်ဘူး သူငယ်ချင်း၊ သူတို့သိချင်သိ မသိချင်နေ ကျောင်းဆီကို တိုက်ရိုက်ဒုန်းစိုင်းသွားတာ မကောင်းဘူးလား"

ထွန်း။ ။"မြေကြီးက သိပ်ကြမ်းတယ်၊ ကျောက်တုံးကြီးတွေပြည့်လို့၊ မြင်းကောင်းကောင်း မစိုင်းနိုင်တာနဲ့ ကျုပ်တို့မရောက်ခင် ထွက်ပြေးမှာ စိုးရိမ် ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကျောင်းဘက်သို့သွားသော လှည်းလမ်းကြောင်းအတိုင်း မလိုက်ဘဲ၊ လက်ဝဲဘက်သို့ကွေ့ကာ မြေကမူကလေးကို ပတ်သွားသော လှည်းလမ်းသို့ လိုက်ကြလေ၏။ ဆက်လက်စီးလာကြ၍ ကမူထိပ်ကို ဘွားခနဲ မြင်နိုင်သောနေရာသို့ရောက်သည်နှင့် တစ်ပြိုင်နက်၊ ကမူထိပ်၌ ရပ်နေသော မိန်းမတစ်ယောက်ကို တွေ့ရ၏။ ထိုမိန်းမသည် ကျွန်ုပ်တို့ကိုမြင်လျှင် မြင်ခြင်း အလန့်တကြား အော်လိုက်၍ ဦးခေါင်း၌ပတ်ထားသော တဘက်ကို ဖြုတ်ကာ လေထဲ၌ ဇော့ရမ်း၍ အချက်ပေးလိုက်၏။ ထိုအခါ၌ကား မောင်ထွန်းကျော်သည် ပုန်းလျှိုးကွယ်လျှိုး သွားခြင်း၏အချည်းနှီးဖြစ်ခြင်းကို သိသည်နှင့် ကျောင်းဘက်သို့ တိုက်ရိုက်ဒုန်းစိုင်းသွားသဖြင့် ကျွန်ုပ်နှင့် ရဲသားလည်း နောက်မှ လိုက်သွားကြလေ၏။

ကျွန်ုပ်တို့မှာ လက်မတင်ကလေးမျှ မှီလိုက်တော့သည်။ ကျောင်းနှင့် အတောင်သုံးရာခန့်ကွာ လှမ်းသေးစဉ်၊ လူတစ်ယောက်သည် အုတ်ကျောင်းအပေါ် ထိပ်ရှိ ပြတင်းပေါက်တစ်ခုမှ ပေါ်လာ၍ ကျွန်ုပ်တို့ရှိရာသို့ ကြောက်လန့်သော အမူအရာနှင့် လှမ်းကြည့်လိုက်သည်။ အလွန်ကျယ်ဝန်းသော ပခုံးနှစ်ဖက်အကြား တွင် တစ်ထွာသာသာ ရှည်သည့်ဆံပင်တို ဖားလျားကြီးကိုလည်းကောင်း၊ အဖျား ကုပ်လျက် စုတ်ဖွားဖွားရှိသော နှုတ်ခမ်းမွေးကြီးနှင့် နက်မှောင်ထူထပ်သော မျက်ခုံးမွေးကြီးကိုလည်းကောင်း၊ ဆေးနီရဲရဲရှိသော ရင်ပြင်ကြီးကိုလည်းကောင်း၊ နွားသိုးကဲ့သို့ တုတ်ခိုင်သော လည်တိုင်ကြီးကိုလည်းကောင်း မြင်ရခြင်းအားဖြင့် ကျွန်ုပ်တို့ဖမ်းချင်သည့် နက်ကျော်ပင်ဖြစ်ကြောင်း သိကြရလေပြီ။ ကျောင်းဝင်းထဲသို့ စိုင်းသွား၍ လျင်မြန်စွာ ခုန်ဆင်းကာ မြင်းများကို တွေ့ရာနှင့် ချည်ထားခဲ့ပြီးနောက် ကျွန်ုပ်တို့သည် အုတ်ကျောင်းအောက်ထပ်သို့ ဝင်သွားကြသည်။ သို့ရာတွင် နက်ကျော်ကို မတွေ့ရချေ။ သို့သော် ကိစ္စမရှိ၊ အထက်ထပ်မှတစ်ပါး ပြေးစရာ မရှိဟုဆိုကာ အုတ်လှေကားမှ တက်သွားကြရာ လှေကားထိပ်၌ သစ်သားတံခါး ကြီးကို တွေ့ရ၏။ သုံးယောက်သား တစ်ပြိုင်နက်တည်း တွန်းကြသော်လည်း မပွင့်ချေ။ ဤတွင် ကျွန်ုပ်တို့သည် ညီညာအောင် အသံတိုင်လျက် သစ်သားတံခါး ကြီးကို ပခုံးဖြင့် တစ်ပြိုင်တည်း ပြေးဆောင့်ကြ၏။ နှစ်ချက်တွင် "ဂျိုးဂျိုးဂျွတ်ဂျွတ်" မြည်၍ တတိယအချက်တွင် သုံးယောက်သား ထွေးကနဲ လဲကြ၏။ တံခါးကြီး ပွင့်သွားခဲ့လေပြီ။ သို့သော် နက်ကျော်မှုကား မရှိချေ။





အထက်ထပ်၏ အခြေအနေကို သေချာစွာ ကြည့်ကြသောအခါ ထော သောထောင့်၌ အမိုးပေါ်သို့တက်သော လှေကားရှင်တစ်ခု တွေ့ကြရသည်။ ထိုအခါ၌မူကား ကျွန်ုပ်တို့မှာ နက်ကျော်ထွက်ပြေးရန် လမ်းပေါက်မရှိတော့ပြီ ဆို၍ စိတ်ချလက်ချရှိနေကြလေပြီ။ နှစ်ထပ်ကျောင်းအပေါ်မှ ကူးပြေးရန်အခြား အဆောက်အဦးလည်းမရှိ။ လူ၏အရပ်ရှစ်ပြန်ထက်မနည်း မြင့်မားသောအမိုးပေါ်မှ အောက်သို့ခုန်ချလျှင်လည်း ကျိုးကြေ သေဆုံးခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိပြီဟုဆိုကာ အမောအပန်းဖြေ၍ နေကြသေး၏။ နောက်ဆုံး၌ မောင်ထွန်းကျော်သည် ရှေ့ဆုံးမှတက်၍ သူ့နောက်မှ ကျွန်ုပ်နှင့်ရဲသားတို့က ဓားရှည်များ ကိုင်ကာ လှေကားရင်းမှ တက်သွားကြရာ၊ အမိုးပေါ်၌ ဦးခေါင်းပြူမိသည်နှင့် တစ်ပြိုင်နက် ရှေ့ဆုံးမှတက်သော မောင်ထွန်းကျော်က "အလိုလေး... ဘုရား ဘုရား" ဟု အော်လိုက်၏။ သူ့နောက်မှ ကျွန်ုပ်ကပ်လိုက်၍ ဦးခေါင်းပြူထွက် သည်နှင့်တစ်ပြိုင်နက်၊ အမိုး၏တစ်ဖက်စွန်းတွင် ဆံပင်ဖားလျား၊လက်ကားယား ကြီးနှင့် ရပ်နေသော နက်ကျော်ကို မြင်ရလေ၏။

ကျွန်ုပ်တို့သည် တစ်ယောက်ချင်း မဖြစ်စေရန် သုံးယောက်လုံး အမိုးပေါ်သို့ ရောက်အောင်စောင့်၍ တညီတညာတည်း စီတန်းပြီးလျှင် နက်ကျော်ဆီသို့ တစ်ပြိုင်နက်တည်း ပြေးသွားကြ၏။ နက်ကျော်သည် ကျွန်ုပ်တို့ပြေးလာခြင်းကို မထီတရီအမူအရာနှင့် ကြည့်နေသေး၏။ ကျွန်ုပ်တို့ ချဉ်းကပ်မိသည်တွင်မှ နောက်သို့ ချာကနဲလှည့်ကာ ခုန်ချလိုက်လေတော့သည်။ ကျွန်ုပ်တို့၏စိတ်ထဲ၌ကား "သွားလေရော့ဟ" ဟု အောက်မေ့လိုက်ကြသည်။ အမိုးစွန်းသို့ရောက်၍ လက် ထောက်ကာ အော်သို့ငုံ့ကြည့်လိုက်ကြသောအခါ နက်ကျော်သည် ကောက်ရိုး အပြည့် တင်ထားသောလှည်းပေါ်သို့ တည့်တည့်ကြီးကျသည်နှင့် အနည်းငယ်မျှ နာကျင် ဟန်မရှိဘဲ၊ လှည်းပေါ်မှခုန်ဆင်းပြီးလျှင် ကျွန်ုပ်တို့က အံ့သြစွာ ငေးကြည့်နေဆဲ၌ပင် မြင်းတစ်စီးပေါ်သို့ ခုန်တက်၍ စိုင်းသွားလေတော့သည်။ ကျွန်ုပ်တို့လူစု စိတ် ပျက်လိုက်ကြပုံမှာ ပြောဖွယ်ရာ မရှိချေ။

အောက်သို့ ဆင်းပြေးလာကြသောအခါ နက်ကျော်စီးပြေးသော မြင်းမှာ ရဲသား၏မြင်းဖြစ်ကြောင်း တွေ့ကြရ၏။ မြင်းသုံးကောင်လုံးမှာ ရဲအဖွဲ့မှဖြစ်၍ မောင်ထွန်းကျော်သည် မြင်းသုံးကောင်လုံး၏ ခြေစွမ်းကိုသိ၏။ ရဲသားစီးသော မြင်းမှာ အညံ့ဆုံးဖြစ်၍ ၎င်းမြင်းကို နက်ကျော်ရွေးယူမိသည့်အတွက်ကြောင့် သူ့အဖို့ ကံဆိုးသည်ဟုဆိုချင်သည့်ပြင် ကျွန်ုပ်နှင့် မောင်ထွန်းကျော်တို့၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးများသည် နက်ကျော်၏ကိုယ်လုံးထက် အလေးချိန်ပေါ့သောကြောင့် မှီနိုင်စရာရှိသည်ဟု အားတက်မိကြသည်။ သို့ရာတွင် နက်ကျော်အတွက် အချက်ကောင်းတစ်ခုရှိသည်မှာ ထိုအချိန်တွင် နေဝင်ဖို့များစွာ မကြာတော့သည်ဖြစ်၍ ဤအတောအတွင်း မိလျှင်မိ၊ မမိလျှင်မျှော်လင့်ဖွယ် မရှိတော့ချေ။

ကျွန်ုပ်တို့သည် ရဲသားကို ထိုနေရာတွင် ထားခဲ့၍ မြင်းများပေါ်သို့ လွှားဘက်ကာ မျှော်ကြည့်လိုက်သောအခါ နက်ကျော်ကြီးမှာ ဆံပင်တွေတဖွားဖွားနှင့် ဒုန်းစိုင်းသွားသဖြင့် အဝေးတွင် ရေးရေးမျှသာ မြင်ရလေတော့သည်။ ကျွန်ုပ်တို့ လိုက်ကြရသောခရီးမှာ လှည်းလမ်းကြောင်းအတိုင်း မဟုတ်ဘဲ ကျောက်ခဲများ၊ ချုံပင်များ၊ ကိုင်းပင်များအကြားမှ နက်ကျော်ပြေးသည့်အတိုင်း လိုက်ရခြင်းဖြစ်၏။ မြေပြင်မှာလည်း တညီတညာတည်း မဟုတ်ဘဲ၊ ချိုင့်ထဲသို့ ဆင်းချင်တစ်ခါ ကမူပေါ်သို့ တက်ချည်တစ်လှည့်ဖြင့် နိမ့်ချည်မြင့်ချည်ဖြစ်နေ၏။ ချိုင့်ထဲသို့ ကျွန်ုပ်တို့ရောက်သွားသောအခါ နက်ကျော်ကွယ်ပျောက်သွား၍ ကမူပေါ်သို့ တက်မိသောအခါတွင် နက်ကျော်ကို မြင်ရပြန်၏။ ဤသို့ဖြင့် ပျောက်ချည်ပေါ်ချည်နှင့် လိုက်ပြေးကြရာ ယခုတစ်ကြိမ် ပေါ်လာသောအခါတွင် ယခင်တစ်ကြိမ် ပေါ်လာခြင်းကထက် နီးကပ်လာသည်ကို တွေ့ရ၍၊ ကျွန်ုပ်တို့သည် ကြာလေနီးလေဖြစ်လာသည်ဟု ခန့်မှန်းနိုင်လေသည်။ ဤအတောအတွင်း နေမင်းသည် အနောက်ဖက်တောင်ထိပ်တွင် တင်ရုံသာရှိတော့၍ ဝင်လုဆဲဆဲဖြစ်နေလေပြီ။

ကျွန်ုပ်သည် နက်ကျော်ကြီး လွတ်ပြေးချေတော့မည်လောဟု စဉ်းစားမိသည့်အခါတိုင်း ခင်ခင်ကြီးအတွက် ဝမ်းနည်းမိခြင်းသည်လည်း တစ်ချက်တစ်ချက်ပေါ်လာ၏။ ယင်းကဲ့သို့ ခြေကုန်တင်၍ မလျှော့တမ်း လိုက်ပြေးကြသဖြင့် ချိုင့်တစ်ခုမှ တောင်ကမူတစ်ခုထိပ်သို့တက်မိကြသည်တွင် ကျွန်ုပ်တို့သည် နက်ကျော်ကို မြင်နေကျအတိုင်းမမြင်ရဘဲ မျက်ခြည် ပြတ်သွားခဲ့လေပြီ။ နောက်ဆုံး မြင်လိုက်ရသော ခဏ၌ နက်ကျော်သည် မြေနိမ့်ထဲသို့ ဆင်းပြေးခြင်းဖြစ်ရာ မြင်သင့်သောနေရာသို့ ကျွန်ုပ်တို့ရောက်လာ၍ နက်ကျော်ကို မမြင်ရဘဲရှိသည်တွင် နက်ကျော်ကြီးတား ထိုနိမ့်ဝှမ်းသော မြေတစ်ပိုက်တွင် တစ်နေရာရာ၌ ပုန်းအောင်းနေခြင်း ဖြစ်ရမည်ဟု စဉ်းစားမိသည်။ ထိုနေရာတွင် ဤမှထိုမှ လိုက်လံရှာဖွေကြ၍ လက်ဝဲဘက်သို့ သွားသောလမ်းကြောင်းတစ်ခုနှင့် လက်ယာဘက်သို့ သွားသော လမ်းကြောင်းတစ်ခုကို တွေ့ရ၏။ ဤနေရာ၌ ကျွန်ုပ်တို့သည် မည်သည့်ဘက်သို့





လိုက်သင့်သည်ဟု တိုင်ပင်ကြဆဲတွင် မြင်းခွာသံများကြား သည်နှင့် ရုတ်တရက်ဒေါသများ ထောင်နေကြလေသည်။

ထိုခဏ၌ ရဲသားစီးခဲ့၍ နက်ကျော်ကြီး စီးနှင်းသော လက်တစ်ဖက်ကို မြင်းနီကြီးသည် ကျွန်ုပ်တို့ဘက်သို့ ပြေးလာရာ ကျောပေါ်တွင် လူမပါဘဲ ဖက်ကြိုးသည် မြေတွင်ရှိတ်လျက် ပါလာလေသည်။ ဤအခြင်းအရာကို တွေ့သဖြင့် နက်ကျော်သည် ခိုအောင်းရန် နေရာတွေ့သဖြင့် မြင်းကို လွှတ်လိုက်ခြင်း ဖြစ်ကြောင်းကား ထင်ရှားလေပြီ။

ကျွန်ုပ်တို့သည် မလင်းတင်းရှိနေသော နေရောင်ခြည်ဖြင့်ချုံကြို၊ ချုံကြားသို့ လိုက်လံရှာဖွေကြ၍ နေရောင်ခြည်ကွယ်ပျောက်ပြီး မှောင်စပြုသည်တွင် ကျွန်ုပ်၏စိတ်ထဲ၌ ဤနေရာသို့ ရောက်ဖူးပါသည်ဟု ကွက်ခနဲထိုင်လိုက်မိသည်။ စိတ်သည် အလွန်ဆန်းကြယ်၏။ နှင်းဆီပန်းတစ်ပွင့်ကို မြင်လိုက်ရခြင်းအားဖြင့် ယခင်ထိုနှင်းဆီပန်းမျိုး မြင်ရဖူးစဉ်က အဖြစ်အပျက်များသည် ကွက်ခနဲပေါ်လာတတ်သည်ကို ကြုံဖူးသူတို့ ဝန်ခံကြပေလိမ့်မည်။ ကျွန်ုပ်တို့သည် ဤနေရာ တဝိုက်တွင် အလင်းရောင်ဖြင့် ရှာဖွေစဉ်က ကျွန်ုပ်ရောက်ဖူးသည့် အဖြစ်ကို စိတ်ထဲ၌ မထင်မြင်သော်လည်း နေရောင်ခြည်ပျောက်၍ အမှောင်သို့ ရောက်ခါမှ ထိုကဲ့သို့ သတိရခြင်းမှာ အကြောင်းတစ်ခုရှိ၏။ အဘယ်ကြောင့်ဆိုသော် ယခင်တစ်ကြိမ်ရောက်ခဲ့ခြင်းမှာ ညအချိန်ဖြစ်၍ ယခုလည်း ညအချိန်တိုင်ရောက်မှ ချုံပင်များနှင့် သစ်ပင်များ၏အနေအထားသည် စိတ်ထဲတွင် ကွက်ခနဲ ပေါ်လာသောကြောင့်ပေတည်း။ ဖော်ထုတ်ရေးသားရသော ကျွန်ုပ်သည် ယိုးဒယားပြည်သို့ ရောက်သည့်ပထမည၌ ဦးတိုင်းကျော်နောက်မှ လိုက်ခဲ့၍ လိုဏ်ဂူဝသို့ရောက်ခါနီးတွင် ဤသစ်ပင်များနှင့် ဤချုံများကို မြင်ရဖူးခြင်းဖြစ်လေသည်။ ဤအတိုင်း မှန်ခဲ့လျှင် လိုဏ်ဂူဝသည် အနီးအပါးတစ်ဝိုက်တွင်ဖြစ်ရမည်ဟု ကျွန်ုပ် စဉ်းစားမိလေသည်။

ယင်းသို့ စဉ်းစားမိသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်၏စိတ်ထဲတွင် စိတ်ကူးတစ်ခု ဖြစ်ပေါ်လာပြန်၏။ နက်ကျော်သည် မိမိအား ဦးတိုင်းကျော်၏လှည့်စားခြင်းဖြင့် ရဲသားများ၏လက်သို့ ရောက်လုမတတ် ဖြစ်ခဲ့ရသည်ဟု စဉ်းစားမိဟန်တူ၏။ ယင်းသို့ ဆိုလျှင် ခက်ထန်ကြမ်းကြုတ်သော နက်ကျော်သည် မိမိအား အကောက်ကြံသော ဦးတိုင်းကျော်အပေါ်၌ လက်စားချေလိုသောစိတ် ဖြစ်ပေါ်ရမည် မုချတည်း။ ဟုတ်ချေပြီ။ နက်ကျော်ကား လျှို့ဝှက်သော လိုဏ်ဂူဝ



www.burmeseclassic.com

www.burmeseclassic.com



ဘည်ရှိခြင်းကို တစ်နည်းနည်းနှင့် သိရှိသည်ဖြစ်၍ ဦးတိုင်းကျော်အား လက်စားချေရန် ဤနေရာသို့ လာခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ဤအကြောင်းကို မောင်ထွန်းကျော်အား ပြောပြ၍ ဟုတ်တန်ရာသည်ဟု သဘောတူညီသည်တွင် ကျွန်ုပ်တို့သည် နက်ကျော်ကို မရှာတော့ဘဲ လိုဏ်ဂူဝကိုသာ ရှာကြလေတော့သည်။

ဖော်ပြခဲ့ပြီးသည့်အတိုင်း ညဥ့်အချိန်၌ ရောက်ဖူးသော နေရာတစ်ခုကို ညဥ့်အချိန်၌ ရှာရခြင်းသည်သာ၍ လွယ်ကူသည့်အလျောက် ကျွန်ုပ်တို့သည် ယခင်ညက မြင်ဖူးသော တောင်ပူစာ၏ကမ်းပါးယံသို့ ချဥ်းကပ်၍ သတိရသလောက် အမှတ်အသားဖြင့် ချုံပင်များမှ အခက်အလက်များကို ဖယ်ရှားကာ အနှံ့အပြား ရှာဖွေကြသည်တွင် လိုဏ်ဂူဝကို တွေ့ကြရလေပြီ၊ မြင်းများကို ချုံတစ်ခုတွင် ဖြစ်သလို ချည်ထားခဲ့၍ ကျွန်ုပ်တို့သည် ဒူးဆစ်သာသာမျှရှိသော လိုဏ်ဂူဝသို့ လျှိုးဝင်ကြလေ၏။ မောင်ထွန်းကျော်မှာ ကျွန်ုပ်ထက် သတ္တိကောင်းသူဖြစ်၍ ရှေ့မှဝင်လိုသော်လည်း ကျွန်ုပ်က ရောက်ဖူးသူဖြစ်၍ ရှေ့မှဝင်ရသည်။ လိုဏ်ဂူကြီးတစ်လျှောက်တွင် ဦးတိုင်းကျော်နှင့် ဝင်လာကြစဉ်က ဂူကြီး၏အခြေအနေကို အသေးစိတ် ဖော်ပြခဲ့ပြီးဖြစ်ရာ၊ ယခုမှာမူ ဖယောင်းတိုင် မပါသည်ဖြစ်၍ မြင်လည်းမမြင်ရ၊ ယခင်ကထက်လည်း အချိန်ကြာရှည်စွာ စမ်းသပ်ကာတွားဝင်ကြရလေသည်။ အမှန်ကိုဆိုရလျှင် ဤတစ်ကြိမ် ဝင်ကြရခြင်းမှာ ယခင်ကထက် သုံးလေးဆဝေး၍ အချိန်သုံးလေးဆ ကြာသည်ဟူ၍လည်း ကျွန်ုပ်မှတ်ထင်မိသည်။

မတ်တတ်ထနိုင်သော နေရာသို့ရောက်သောအခါ ဆေးလိပ်သောက်ရန်အတွက် ဆောင်ထားသော မီးခတ်ကျောက်ဖြင့် တစ်ချက်နှစ်ချက်ခတ်၍ ဆက်လက်ရန် လိုဏ်ခေါင်းကို ရှာပြီးမှ ရှေ့သို့ဆက်လက်ကြရသည်။ လိုဏ်ခေါင်းအဆုံးသို့ ရောက်လုနီးသည်တွင် ကျွန်ုပ်မှာ ရင်ပတ်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။ အကြောင်းမူကား လိုဏ်ဂူမှအထွက်တွင် လျှိုရှက်သော ခလုတ်ကို နှိပ်ခြင်းအားဖြင့် ကျောက်တုံးကြီးလည်သွား၍ လူထွက်ရန်အပေါက်တစ်ခု ပေါ်လာသည်ဖြစ်ရာ အကယ်၍ နက်ကျော်သည် အပေါက်ဖွင့်သောနည်းကိုသိ၍ ထွက်သွားပြီးသည့်နောက် ကျောက်တုံးကို ပြန်ပိတ်ခဲ့လျှင် ကျွန်ုပ်တို့ထွက်နိုင်မည် မဟုတ်ဟု သတိရသောကြောင့်ပေတည်း။ သို့ရာတွင် ထိုနေရာသို့ ကျွန်ုပ်တို့ ရောက်ကြသောအခါ နက်ကျော်သည် အလျင်လိုသောကြောင့်ပေလော။ သို့တည်းမဟုတ် ပိတ်စရာမလိုဟူ၍ ယူဆသောကြောင့်ပေလော၊ သို့တည်းမဟုတ် အတွင်းမှသာဖွင့်တတ်၍ ပြင်ဘက်မှ မပိတ်တတ်သောကြောင့် ပေလောမဆိုနိုင်၊ ကျွန်ုပ်တို့ထွက်ရန်





အပေါက်ကြီးဟောင်းလောင်းဖြစ်နေသည်ကို တွေ့ရသဖြင့် ဝမ်းသာမိသည်။

ကျွန်ုပ်တို့သည် အပေါက်မှထွက်၍ အပေါ်သို့တက်သော လှေကားပေါ်သို့ ရောက်ကြသည်တွင် ရှေ့မှအသံများကြားသဖြင့် မောင်ထွန်းကျော်က "သေချာတယ် သူငယ်ချင်း ရှိတယ်"ဟု ဆိုကာ ကျွန်ုပ်ရှေ့မှ လွှန်တက်သွား၏။ ထိုခဏ၌ အလန့်တကြား လွှတ်ခနဲ အော်လိုက်ပြီးနောက် အလွန်အမင်းထိတ်လန့်ကြောက်ရွံ့သည့်လက္ခဏာနှင့် ငယ်သံပါအောင် သံရှည်ဆွဲ၍ ကုန်းအော်သော အသံဆိုးကြီးကို ကြားရသည်နှင့် ကျွန်ုပ်တို့သည် အသံကြားရာသို့ ပြေးဝင်သွားကြလေ၏။ တစ်ခုသောအခန်းမှ မီးရောင်ထွက်လျက်ရှိရာ ကျွန်ုပ်တို့သည် ၎င်းခန်းသို့ ပြေးသွားကြ၍ အဝသို့ရောက်သည်နှင့် တစ်ပြိုင်နက် လက်ဆစ်ကို ချိုးလိုက်ခြင်းကြောင့် ဂျွတ်ခနဲမြည်သော အသံမျိုးတစ်ချက်ကြားလိုက်ရ၏။ သို့ရာတွင် လက်ဆစ်ကိုချိုးသော အသံထက် ဆယ်ဆမက ပြင်းထန်လေသည်။ ကျွန်ုပ်တို့က တံခါးကိုတွန်း၍ ဝင်မည်ပြုဆဲတွင် အစေခံကလေး တစ်ယောက်သည် "သတ်ကုန်ပါပြီ၊ သတ်ကုန်ပါပြီ၊ ကယ်တော်မူကြပါဦး"ဟု အော်ဟစ်ကာ အခန်းထဲမှ အခြားသော တံခါးပေါက်က ဖွက်ပြေးသည်ကို မြင်လိုက်ကြရ၏။ အစေခံမကလေးကမူ ကျွန်ုပ်တို့ဝင်လာသည်ကို မြင်ဟန်မတူချေ။ ကျွန်ုပ်သည် ဂျွတ်ခနဲမြင်သောအသံကို ကြားလိုက်ရကတည်းက နက်ကျော်ကြီးအကြောင်းကို သိပြီးဖြစ်၍ မည်သည့်အတွက်ကြောင့် မြည်သောအသံဖြစ်သည်ကို တွေးဆနိုင်၏။ ထိုအသံကို ကြားရပြီးသည့်နောက် အခန်းထဲသို့ ဝင်ခဲ့လျှင် မည်သို့သော အခြင်းအရာကို တွေ့မြင်ရလိမ့်မည်ဟူ၍လည်း မှန်းဆပြီးဖြစ်၏။ သို့နှင့်ပင် တံခါးဝမှ လှမ်းကြည့်၍ ကျွန်ုပ်တို့ မြင်တွေ့ရသော ရူပါရုံမှာ အူအသဲကို ဆပ်ဆပ်ခါအောင် ကိုင်ဆောင့်လိုက်ဘိသည်ကဲ့သို့ အခံရခက်လှပါဘိတော့သည်။

ဖြစ်ပျက်ဟန်တူသည်မှာ ဦးတိုင်းကျော်သည် တံခါးဘက်သို့ ကျောခိုင်းကာ မြင်းခုံတစ်ခုပေါ်တွင်ထိုင်၍ ဖယောင်းတိုင် မီးရောင်ဖြင့် စာရေးလျက်ရှိစဉ် ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်သည်တွင် နက်ကျော်ကြီးကို မြင်လိုက်ဟန်တူ၏။ ထို့ကြောင့် လွှတ်ခနဲအလန့်တကြားအော်လိုက်သော အသံကို ရှေးဦးစွာ ကျွန်ုပ်တို့ကြားရခြင်းဖြစ်ရာ၊ နောက်တစ်ကြိမ်ဆင့်၍ ငယ်သံပါအောင် အော်လိုက်ခြင်းမှာကား နက်ကျော်ကြီးက သူ၏လည်ပင်းကို ကိုင်ဖမ်းခြင်းကြောင့် အပြင်းအထန် ကြောက်လန့်သည့်အတွက် ဖြစ်တန်ရာသည်။ ဦးတိုင်းကျော်မှာ ကြောက်လွန်းအားကြီး၍ အကြောတွေဆိုင်းပြီး ထိုင်ရာမှ ထမပြေးနိုင်မိ မိသွား



www.burmeseclassic.com

www.burmeseclassic.com



တန်တူ၏။ ကျွန်ုပ်တို့အဖို့ အထူးအံ့ဩစရာကောင်းသည်မှာကား ဦးတိုင်းကျော်သည် ထိုင်ခုံပေါ်တွင် ကျွန်ုပ်ဘက်သို့ ကျောခိုင်းထားသော်လည်း သူ၏မျက်နှာသည် ကျွန်ုပ်တို့ဘက်သို့ တည့်တည့်ကြီးလှည့်ကာ သမင်လည်ပြန်ကြည့်ခြင်းမျိုးဖြင့် မျက်လုံးမျက်ဆန် ပြူးထွက်နေခြင်းကို မြင်ကြရသောကြောင့်ဖြစ်၏။ ဆိုလိုရင်းမှာ သမင်တစ်ကောင်အဖို့ နောက်ပြန်လှည့်၍ ကြည့်ခြင်းသည် အထူးအဆန်း မဟုတ်သော်လည်း၊ လူသတ္တဝါအဖို့မှာ မည်သည့်အခါမျှ ထိုကဲ့သို့ နောက်ပြန်တည့်တည့်ကြီး လှည့်ဖူးသည်မရှိသောကြောင့် ထိုအခြင်းအရာသည် ကျွန်ုပ်တို့၏စိတ်ကို အထူးတုန်လှုပ်ချောက်ချားစေခြင်း ဖြစ်လေသည်။ စင်စစ်မှာ ဤသို့သော အမြင်ဆိုးသည် စာဖြင့်ရေးပြခြင်းထက် မြင်ကိုယ်တွေ့ကြုံရသောအခါ ဘယ်မျှလောက်ကြောက်စရာကောင်းသည့်ကို နားလည်နိုင်ကြပေမည်။ ဦးတိုင်းကျော်၏အဖြစ်ဆိုးကို မြင်ရပြီးသည့်နောက်၌ ကျွန်ုပ်မှာ နှစ်ပေါင်းခြောက်ဆယ်ကျော်မျှ အသက်ရှင်လျက် ရှိခဲ့သော်လည်း အကြောက်မပြေနိုင်သေးသည်ဖြစ်၍ အိပ်မက်, မက်ခဲ့ရသော အကြိမ်ပေါင်းများခဲ့လှလေပြီ။

နက်ကျော်သည် ကျွန်ုပ်တို့ကို မြင်သောအခါ အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိဘဲ အေးအေးဆေးဆေးရှိသော အမူအရာနှင့် "ဘယ့်နှယ်လဲကွယ်၊ ငါ့လူများ၊ မင်းတို့ ဘာလုပ်ချင်ကြသလဲ၊ လုပ်ချင်တာလုပ်ကြ၊ ငါ့ကိစ္စပြီးပြီ၊ လူ့ပြည်မှာ ငါနေလို့ အပိုပဲ"ဟု ပြော၏။

ထွန်း။ ။"ဒါဖြင့် အဖမ်းခံသလား"

နက်။ ။"ဘာလို့ အဖမ်းခံရမလဲ ရာဇဝင်ရိုင်းအောင်၊ သတ်ချင်သတ်လိုက်ကြ၊ ဟောဒီမှာ..."ဟုဆိုကာ ဆေးနီတွေရဲလျက်ရှိသော ရင်ပတ်ကြီးကိုကော့ပေး၏။

ထွန်း။ ။"မသတ်ချင်ဘူးဗျာ၊ အဖမ်းခံလိုက်ပါ"

နက်။ ။"ဘာကြောင့်ခံရမှာလဲ၊ သယ်...တခြားလူမှတ်တယ်၊ ငါ့လက်ထဲက လွှတ်ပစ်လိုက်တဲ့ ငပေါက်စ ပါကလား"

ကျွန်ုပ်သည် ၎င်းစကားကို ကြားရသောအခါ၌ ထိုညဦးက အဖြစ်အပျက်များ စိတ်ထဲတွင် ဘွားခနဲပေါ်လာ၍ နက်ကျော်ကြီးကို သတ်ချင်သောစိတ်ဖြစ်လာ၏။

နက်။ ။"အောင်မယ်၊ ပေါက်စက ငါ့ကို ဒေါ်တွေမာန်တွေနဲ့များ ကြည့်လို့လား"





ပြောပြောဆိုဆိုနှင့် နက်ကျော်ကြီးသည် ကျွန်ုပ်ဆီသို့ လျှောက်လာရာ အသင့်စောင့်နေသော မောင်ထွန်းကျော်က ခြောက်လုံးပြူးနှင့်ချိန်ကာ "ဖော့ ရပ်လိုက်..."ဟု အမိန့်ပေးလိုက်၏။ ဤတွင် နက်ကျော်သည် ချာခနဲလှည့်ကာ မြင်းခုံတခုံကိုဆွဲ၍ လက်ဖြင့်ဇော့ရမ်းလျက် ကျွန်ုပ်တို့ဆီသို့ တိုးလာပြန်သည်။ မောင်ထွန်းကျော်က ပစ်လိုက်သော ကျည်ဆန်သည် နက်ကျော်ကို လှလှကြီးမထိဘဲ မြင်းခုံကိုထိပြီးမှ နက်ကျော်၏ လက်ယာဘက် ပခုံးသို့ မှန်သွားရာ သွေးများ ဖြာခနဲ ထွက်လာသော်လည်း နာကျင်လှဟန်မတူချေ။ နက်ကျော်သည် မြင်းခုံကို ကိုင်လျက် ကျွန်ုပ်ဘက်သို့ ပြေးလာဆဲတွင် ကျွန်ုပ်သည် မြင်းခုံအောက်မှ လျှိုဝင်ကာ နက်ကျော်သို့ ထိချင်ရာထိဆို၍ ဓားရှည်နှင့် အရမ်းခုတ်လိုက်၏။ ကျွန်ုပ်၏ဓားချက်သည် နက်ကျော်၏နဖူးသို့ထိသွားဟန် တူသော်လည်း အသေအချာမသိလိုက်ရ၊ နက်ကျော်က ကျွန်ုပ်၏ဦးခေါင်းကို ရိုက်ချလိုက်သောမြင်းခုံသည် ကျွန်ုပ်ကိုမထိဘဲ တံခါးရွက်ကို ရိုက်မိသဖြင့် မြင်းခုံကျိုး၍ ခြေတစ်ဖက်သည်သာလျှင် နက်ကျော်၏လက်ထဲတွင် ဆုပ်ကိုင်လျက်သား ကျန်နေလေတော့သည်။ ဤတွင် နက်ကျော်သည် အားလွန်သွားသောကြောင့် ကျွန်ုပ်တို့ကို ကျောခိုင်းလျက်သား ဖြစ်နေရာမှ ကျွန်ုပ်တို့ဆီသို့ ချာခနဲလှည့်လိုက်ပြန်ရာ မျက်နှာတစ်ခုလုံး သွေးသံရဲရဲဖြစ်နေတော့သည်။ အကြောင်းမူကား ကျွန်ုပ်ခုတ်လိုက်သော ဓားချက်သည် နက်ကျော်၏နဖူးသို့ထိ၍ အရေလွှာချလိုက်သကဲ့သို့ ဖြစ်သွားသောကြောင့် နဖူးမှ အရေပြားကြီး ဖတ်လတ်ကျကာ မျက်လုံးနှစ်ဖက်ကို ဖုံးနေတော့သည်။ ထိုအခါ၌ နက်ကျော်သည် မျက်လုံးနှစ်ဖက်ကို နဖူးရေ ဖုံးနေသည့်အတွက်ကြောင့် ကောင်းစွာမမြင်နိုင်သဖြင့် လက်ဝဲလက်ဖြင့် နဖူးရေကို ပင့်တင်လျက် လက်ယာလက်၌ မြင်းခုံခြေတစ်ဖက်ကိုကိုင်ကာ ရှုတ်ဝင်လာသေးသည်။ ဤအကြိမ်တွင် နက်ကျော်သည် ကျွန်ုပ်ကို ရန်မမူဘဲ သေနတ်ကိုင်သော မောင်ထွန်းကျော်၏ ကိုယ်လုံးကို လက်ကြီးနှစ်ဖက်နှင့် သိမ်းကျုံး၍ ဖက်လိုက်သဖြင့် မောင်ထွန်းကျော်မှာ မျက်လုံးများပြူးကာ..."တအင်းအင်း"...ညည်းနေရှာ၏။ ကျွန်ုပ်မှာ ကြံရာမရသည်နှင့် သူ၏ကျောကုန်းကြီးကို ဓားဦးနှင့်ဆွလိုဆွ၊ လက်မောင်းနှင့် ကိုယ်လုံးကြားသို့ ဓါးနှင့် ကလန့်လိုကလန့် ပြုလုပ်သည်တွင်မှ မောင်ထွန်းကျော်ကို လွှတ်၍ ကျွန်ုပ်ဆီသို့ မဲလာပြန်၏။ ပထမ၌ မောင်ထွန်းကျော်မှာ သေးကျန်ကျော်ဖြစ်နေဟန်နှင့် ကျွန်ုပ်ကို မကူညီနိုင်ဘဲ နံဘေးနှစ်ဖက်ကိုနှိပ်ကာ ငေးကြည့်နေရှာ၏။ ကျွန်ုပ်မှာ အတင်းဝင်လာသော နက်ကျော်ကို ဓားဦးဖြင့် ရင်ဘတ်သို့ ထောက်ခြင်း

www.burmeseclassic.com



ဓားဖြင့် ရမ်းကားကာဆီးခြင်း စသည်ဖြင့် ခုခံပါသော်လည်း နက်ကျော်သည် ဓားဦးကိုလည်းမကြောက်၊ ဓားသွားကိုလည်းမကြောက်၊ ကာဆီးထားသောဓားကို လက်ဖြင့် ဖယ်ရှားကာ အတင်းသာတိုးဝင်တော့၏။ သူ၏လက်မောင်းနှင့် လက်ဖဝါးများတွင် ဓားထိခြင်းကို လုံးဝဂရုမစိုက်၊ နဖူးမှ အရေဘတ်ကြီး တွဲရရွဲကျခြင်းကိုလည်း ပမာဏ မပြုချေ။ သို့ဖြစ်၍ လက်နက်မပါသူက နောက်ဆုတ် ရမည့်အစား၊ ဓားကိုင်ထားသော ကျွန့်ပ်ကသာလျှင် နောက်ဆုတ်၊ နောက်ဆုတ်နှင့် တိမ်းရှောင်နေရသည်။ တစ်နေရာတွင် မြင်းခုံကျိုးကို ကျွန့်ပ်၏ခြေနှင့် တိုက်မိ၍ ပက်လက်လန် လဲသွားသည်နှင့် တစ်ပြိုင်နက်၊ နက်ကျော်၏ လက်ကြီးနှစ်ဖက် သည် ကျွန့်ပ်၏လည်ပင်းသို့ ရောက်လာတော့သည်။ လက်ထဲမှ ဓားလည်း လွတ်ကျသွားပြီဖြစ်၍ ကျွန့်ပ်မှာ ခုခံရန် မတတ်နိုင်ဘဲ၊ သေဖို့မှတစ်ပါး အခြား နည်းလမ်းမရှိပြီဟု အလန့်ကြီး လန့်နေဆဲတွင် မောင်ထွန်းကျော် ပြေးလာ၍ နက်ကျော်၏နားထင်သို့ သေနတ်တေ့ကာ မောင်းဖြုတ်လိုက်သည့်တွင်မှ "ဝေါ" ခနဲ မြည်သော အသံနက်ကြီးဖြင့် အသက်ထွက်သွားလေတော့သည်။

ကျွန့်ပ်တို့သည် ဦးတိုင်းကျော် အလောင်းအနီးတွင်ရှိသော ခုံပေါ်မှ ပုရပိုက်များနှင့် စာရွက်များကို ကြည့်ရှုရာတွင် ရေးပြီးခါစ စာတစ်စောင်ကို တွေ့ရ၍ ကောက်ယူဖတ်ရှုသောအခါ အောက်ပါအတိုင်း တွေ့ကြရ၏။

"မော်လမြိုင်မြို့ ဆေးဆရာကြီး ဦးနေဒွန်းသို့ ..." အစီရင်ခံပါသည် ဆရာကြီးခင်ဗျား။

ယမန်နှစ်က ပို့လိုက်သည့် ဆေးမြီးတိုအတိုင်း အမြန်ဆုံးရောက်အောင် ပို့ပေးပါမည့်အကြောင်း။

ကျွန့်ပ်သည် ၎င်းစာကိုဖတ်သောအခါ "ဆေးမြီးတို" ဆိုသည်မှာ အဆိပ် ကို ဆိုလိုသည်ဟု နားလည်၍ ကျွန့်ပ်အဖို့သော်လည်းကောင်း၊ ခင်ခင်ကြီး အဖို့ သော်လည်းကောင်း၊ နှစ်ယောက်လုံးအတွက်သော်လည်းကောင်း ဖြစ်တန်ရာသည် ဟု စဉ်းစားမိပါတော့သည်။

❑

# အခန်း (၁၄)

ကျွန့်ပ်မှာ အလုပ်များသောညဥ့်ဖြစ်၍ အိမ်တော်သို့ ပြန်ရောက်ပြီးသည့် နောက်တွင် မိမိအခန်းသို့ဝင်၍ စိတ်ချလက်ချအိပ်လိုက်ရာ၊ နံနက်တွင် မင်းသားကြီး ခေါ်တော်မူသည်ဟု မင်းစေတစ်ယောက်က နှိုးသည်တွင်မှ ကပျာကယာထ၍ လိုက်သွားရပါတော့သည်။ ကိုယ်တော်ကြီးမှာ စိတ်မြန်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ခေါ်သည်ဆိုလျှင် ကွမ်းတစ်ရာမညက်မီ ရောက်ရမြဲဖြစ်သောကြောင့် မျက်နှာသစ် ကြင်း၊ ယောင်ထုံးခြင်းစသော အလုပ်များကို ပျာယီးပျာယာ လုပ်ခဲ့ရတော့သည်။

အိမ်တော်ပေါ်သို့ ကျွန့်ပ်တက်သွားသောအခါ၊ မြင်ကွန်းကိုယ်တော်ကြီးမှာ မြန်မာပြည်မှ အတူပါလာ၍ ကြင်ယာတော်အရာ မရောက်တရောက် မြှောက်စား ထားသည့် သခင်ကြီးနှင့်အတူထိုင်ကာ ရွှင်ပြုံးသော မျက်နှာများနှင့် ရှိနေကြ၏။ ကျွန့်ပ်ရောက်သည်မှစ၍ သခင်ကြီးကို နှစ်ကြိမ်, သုံးကြိမ် မြင်ဖူးသော်လည်း မျက်နှာချင်းဆိုင်တွေ့ဆုံရသည်မှာ ဤအကြိမ်သည် ပထမအကြိမ်ဖြစ်၏။ သို့ပင် ဖြစ်လင့်ကစား သခင်ကြီး၏ မျက်နှာထားကို မြင်ရခြင်းအားဖြင့် ကျွန့်ပ်အကြောင်း ကို မင်းသားကြီးထံမှ ကြားပြီးဖြစ်၍ ကျွန့်ပ်ကို သိပြီးဖြစ်ဟန်တူပေ၏။

ကတ္တီပါဖုံးကြီးများနှင့် မနီးမဝေးတွင် ကျွန့်ပ်ထိုင်၍ ခစားမိသောအခါ ...

ကွန်း။ ။"မောင်ထွန်းကျော် တင်လျှောက်ပုံတော့ မောင်တောက်ထွန်းက ပွဲဦးထွက်ပုံ တယ်နေရာကျပါကလား၊ လွှတ်ရုံးမှာမထားဘဲ သက်တော်စောင့်နေရာ ထားမှ ထင်တယ်၊ နက်ကျော်တစ်ယောက် သေသွားတဲ့အတွက် ဝဇီယာဘုရင် ဟာလဲ နန်းပြင်ကို ထွက်ဖုံ၊ ဝင်ဝံ့ ဗိုလ်ရှုခံဝံ့ပါတော့မယ်၊ ဒီကောင်ကြီးက ဝိဇ္ဇာမိုရ်လိုလို၊ မော်ရှူးလိုလို နာမည်ကြီးပြီး လူတွေကကြောက်တယ်ပြီးကြောက်ကြဆိုပဲ၊ လက်စသတ်တော့ နာမည်ကြီးသလောက် ဟုတ်တန်မတူလို့ လူသုံးဆောက်တည်း ဝိုင်းတာနဲ့ အသေရလိုက်ကြတာကိုး"

www.burmeseclassic.com



ကျွန်ုပ်။ ။"သုံးယောက်ဆိုပေမယ့် တကယ်ဖမ်းရတာကတော့ နှစ်ယောက်ပါဘုရား၊ ရဲသားတစ်ယောက်က အပြင်မှာကျန်နေရစ်ကြောင်းပါ"

ခင်။ ။ဝဇီယာ ဘုရင်ထက် မိဖုရားကြီးက သာပြီး... ကြောက်တတ်တယ်လို့ ကြားတယ်၊ အိပ်ဖန်စောင့်တာတောင် တပ်စိတ် နှစ်ထပ်ချထားတယ်လို့ ပြောတယ်"

ကွန်း။ ။မိန်းမဆိုတာ ဒီလိုချည်းပေါ့၊ ကြောက်စရာရှိမှဖြင့် သူတို့အကြောက်ဆုံးပဲ"

ခင်။ ။"မိန်းမတိုင်းလဲ မဟုတ်ပါဘူး၊ ဒါကြောင့်သာ ပုဆိုးစဆွဲလိုက်လို့ ယိုးဒယားပြည် ရောက်လာတာပေါ့"

ကွန်း။ ။"ဟား ဟား ဟား... ဟုတ်ပေတယ်...ဟုတ်ပေတယ်၊ ဒါလဲ ဟုတ်သေတယ်၊ ဒါ့ထက် မောင်တောက်ထွန်းရေ...မင်းခင်ခင်ကြီးက မြေရာကောက်ပုံ တယ်တော်ပါကလားကွယ့်၊ ကယ်ပါ ယူပါ တစာစာနဲ့ နေ့တိုင်းအော်နေတဲ့ သုတလို ကောင်စားမျိုးနဲ့ ဒီသူငယ်မနဲ့ဆိုတော့ နှမြောစရာကြီးပကွယ်နော်"

ကျွန်ုပ်။ ။"မှန်လှပါဘုရား"

ကွန်း။ ။"မိန်းမတွေက ခက်တယ်ကွယ့်၊ လူပုံကလေး သနားကမားရှိရင် သူတို့က အဟုတ်ကြီးမှတ်ကရော"

ဤနေရာတွင် သခင်ကြီးက ရယ်လိုက်သဖြင့် ကိုယ်တော်ကြီး စကားပြတ်သွားသေးသည်။

ကွန်း။ ။"နေစမ်းကွယ့် မောင်တောက်ထွန်း၊ ခင်ခင်ကြီးဟာ မောင်သုတရဲ့ အရည်အချင်းကို အမှန်အတိုင်းသိရရင် စိတ်ပျက် မသွားပေဘူးလားကွယ်"

ကျွန်ုပ်။ ။"မှန်လှပါ ခင်ခင်ကြီးသဘောကို ကျွန်တော်မျိုး သိရသလောက်ဆိုရင် မောင်သုတ နုံချာကြောင်းကို အမှန်အတိုင်းသိရရင် စိတ်ပျက်သွားလိမ့်မယ်လို့ ထင်မိပါတယ်ဘုရား"

ကွန်း။ ။"မောင်မင်း တင်လျှောက်ပုံက မောင်မင်းကိုယ်တိုင် ငြိတိတိဖြစ်နေထင်တယ်"

ကျွန်ုပ်။ ။"မဖြစ်နိုင်ပါဘုရား၊ ကျွန်တော်မျိုး တင်လျှောက်မှုးတဲ့အတိုင်း"

ကွန်း။ ။"တစ်ချို့ကွယ်...တမယ်မေ့ဆိုတဲ့ စကား ရှိသေးတာကိုးကွယ်"

ကျွန်ုပ်က တင်လျှောက်မည်ပြုဆဲတွင် မင်းစေတစ်ယောက် ဝင်လာ၍ "ရောက်လာပါပြီဘုရား"ဟု တင်လျှောက်သည်နှင့်...





ကွန်း။ ။"ကောင်းပြီ ကိုဘက်ဆောင် သွားကြစို့...နှမတော်လဲ တိုက်ထဲမှာ မောင်တော်ထက် နှမတော်နဲ့သာပြီး သင့်တော်တယ်"

ကျွန်ုပ်တို့အားလုံးသည် အတွင်းဆောင်သို့ ဝင်သွားကြရာ တိုက်ခိုက် ပြတင်းပေါက်မရှိသော အခန်းဖြစ်သည့်ပြင် ခန်းဆီးများချထားသောကြောင့် အလင်းရောင် ကောင်းစွာမဝင်သဖြင့် ခပ်မှောင်မှောင်နေ၏။ ၎င်းအခန်းထဲတွင် တစ်ခုသောထောင့်၌ မောင်သုတသည် အာဏာသားတစ်ယောက်နှင့်အတူ ထိုင်လျက်ရှိ၏။ မင်းသားကြီးကို မြင်ရသောအခါ မောင်သုတ၏ မျက်လုံးများမှာ လူမိသော ကျီးကန်း၏ မျက်လုံးကဲ့သို့ ကလယ်ကလယ်ရှိနေ၏။ သခင်ကြီးသည် ဖုံပေါ်၌ထိုင်သော်လည်း မင်းသားကြီးသည် မောင်သုတရှေ့သို့သွား၍ လက်ပိုက်ကာရပ်လျက်...

ကွန်း။ ။"ဘယ်နဲ့လဲဟေ့...သုတ၊ တိုင်းရေးပြည်ရေးပေါက်နဲ့ကျေးဆိုတဲ့ စကား မင်းနားလည်ပြီလား၊ မင်းလိုလူနဲ့ နိုင်ငံရေးနဲ့ ဘာဆိုင်လို့လဲ"

တ။ ။"မှန်လှပါ...ဒီတစ်ကြိမ် ချမ်းသာပေးရင်...နောက်နောင်ကို ဘယ် တော့မှ သစ္စာမဖောက်ဘဲ အသက်ထက်ဆုံး..."

ကွန်း။ ။"ဒါတွေထားစမ်းပါ၊ မောင်မင်းကို ချမ်းသာပေးရင်ငါ့ခိုင်းတာ လုပ်မလား"

တ။ ။အလိုရှိရာ ခိုင်းတော်မူပါဘုရား၊ လိုက်နာဖို့အဆင်သင့်ပါ"

ကွန်း။ ။"ဟုတ်ပါမလား၊ ငါက ချမ်းသာပေးလိုက်ရင် ငါ့လက်အောက်မှာ အမှုထမ်းမလား"

တ။ ။"အဆင်သင့်ပါဘုရား"

ကွန်း။ ။"ငါ့ဆီမှာ အမှုထမ်းရင် ငါပေးစားတဲ့ မိန်းမကို ယူရမယ်၊ ဘယ်နဲ့လဲ..." မောင်သုတလည်း အကြံအိုက်သော အမူအရာနှင့် ဆံပင်ကိုသပ်ကာ ဆိတ်ဆိတ်နေ၏။

ကွန်း။ ။"ဘယ်နဲ့လဲကွယ်"

တ။ ။"ကျွန်တော်မျိုး တစ်ခု တင်လျှောက်ပါရစေဘုရား"

ကွန်း။ ။"ဘာမှ မတင်လျှောက်ရဘူး"

တ။ ။"အခက်အခဲတစ်ခု ရှိနေတာက"

ကွန်း။ ။"တော်ပြီ...မလိုချင်ဘူး၊ နှမတော်အဆောင်မှာ ခစားတဲ့ အပျိုတော် ခင်ကြော့...ရှိတယ်၊ သူနဲ့ထိမ်းမြားပြီး ငါ့ဆီမှာ အမှုထမ်းရင်



www.burmeseclassic.com

www.burmeseclassic.com



ထမ်း၊ နို့မဟုတ်ရင် ထောင်ထဲပြန်သွား ဒါပဲ"

မောင်သုတမှာ နဖူးတွင် ချွေးပြန်လျက် မျက်တောင်တစ်ခတ်ခတ် ဖြစ်နေတော့သည်။

ကွန်း။ ။"ကိုင်း တော်ပြီ၊ ခေါ်သွားကြပေတော့ ဒီကောင်"

တာ။ ။"ချမ်းသာပေးတော်မူပါဘုရား"

ကွန်း။ ။(ကြမ်းကို ခြေနှင့်ဆောင့်လျက်) "ခေါ်သွားကြလဟဲ့"

တာ။ ။"လက်ထပ်ပါတော့မယ် ဘုရား... ပေးစားချင်တဲ့မိန်းမနဲ့ ပေးစားတော်မူပါ။ ကျွန်တော်မျိုး လိုက်နာပါ့မယ်"

"သယ်...တယ်တော်တဲ့လူပါလား၊ ဟင်၊ ဒီကဖြင့် အဟုတ်ကြီးမှတ်လို့ လက်စသတ်တော့" ထိုခဏတွင် အခြားသော အခန်းမှာ ခန်းဆီးကိုလှပ်ကာ ခင်ခင်ကြီးထွက်လာ၍ စက်ဆုပ်သော မျက်နှာထားနှင့် မောင်သုတကို ကြည့်လျက် ရှိ၏။ ခင်ခင်ကြီးမှာ နှလုံးသွေး ဆူပွက်လျက်ရှိသည့် လက္ခဏာနှင့် မြင်ကွန်း ကိုယ်တော်ကြီးကိုလည်းကောင်း၊ သခင်ကြီးကိုလည်းကောင်း၊ လုံးဝ သတိမရ တော့ဘဲ ခရာရေသွန် ကြိမ်းမောင်း ရေရွတ်လေတော့သည်။

ကြီး။ ။"ဟိုလူ ဒီလူတွက ပြောလို့လဲ ကျွန်မ မယုံ၊ ဘယ်သူပြောလို့မှ ကျွန်မမယုံ ထင်ရှားအောင် သာဓကပြမယ်ဆိုလဲ ကျွန်မမယုံ၊ ခုတော့မှ ဖွတ် ထွက်တဲ့တောင်ပို့ကြီး ဖြစ်နေပါပကောလား။ ဘုရား ဘုရား ကံကောင်းလို့ ပါကလား။ ဒီလိုလူကို ခင်ပွန်းလုပ်ပြီး စခန်းသွားရမယ်ဆို တစ်သက်လုံး ကိုယ်ကျိုးနည်းလို့ ဆုံးနိုင်ပါတော့မလား"

ကွန်း။ ။"တော်ပြီး ခင်ခင်ကြီး ဟိုဘက်ဆောင်ပြန်တော့။ ထောင်မှူးများ အကျဉ်းသမားကို ခေါ်သွားကြပေတော့"

ကိုယ်တော်ကြီး၏အမိန့်အတိုင်း ခင်ခင်ကြီးသည် ကန့်လန့်ကာ၏ အခြားဘက်သို့ ပြန်ဝင်သွားစဉ် အာဏာသားများလည်း မင်းသား၏ ခြေထောက်ကို ဖက်ဦးမည် လုပ်နေသော မောင်သုတကို အခန်းထဲမှ ဆွဲထုတ်သွားကြလေ၏။

ထို့နောက် ကိုယ်တော်ကြီးသည် ကျွန်ုပ်ဘက်သို့လှည့်လာ၍–

ကွန်း။ ။"နေရာကျတယ်ကွယ်၊ မိန်းမတစ်ယောက်တော့ တိမ်သလ္လာဖုံး နေတာ ကွာကျသွားပေပြီ။ နှမတော် စိတ်ကူးကလေး တော်ပါပေတယ်။ ဒါကြောင့်လဲ အကြံဉာဏ် ကောင်းသင့်တဲ့ နေရာမှာကောင်းလို့ အကြံကောင်းဉာဏ် ကောင်းပေးနိုင်တယ်ဆိုပြီး စိတ်ကြီးဝင်ပေတာကိုး။ ကိုင်း...သို့သော် မောင်





တောက်ထွန်း ကိစ္စလေးရှိသေးတယ်။ ကိုယ့်ဆီမှာ အမှုထမ်းတဲ့ လူတော်တောက်ကို စိတ်ချသည်ထက် စိတ်ချရအောင် လုပ်ပေးရဦးမယ်"

ကျွန်ုပ်။ ။"ကျွန်တော်မျိုးအတွက်တာတော့ စိတ်ချတော်မူပါဘုရား"

ကွန်း။ ။"ဟုတ်သေးရိုးလားလေ၊ တစ်ကြိုးထက် နှစ်ကြိုးချည်တော့ ပိုပြီး မြဲတာပေါ့ကွယ့်၊ အပျိုတော် ခင်ကြေးဟာ တကယ်တော်တဲ့ သူငယ်ပေ၊ ခုတွင်က ကောင်မျိုးနဲ့တော့ စကားထဲ ထည့်ပြောလိုက်ရတာတောင် နစ်နာသေး တယ်။ ဘယ်လောက်တောင် တော်သလဲဆိုတော့ မောင်တောက်ထွန်းနဲ့တောင် သင့်လျော်တယ်လို့ နှမတော်ကလဲ ထောက်ခံတယ်။ ငါကလဲ သဘောတူတယ်၊ ဒါကြောင့်မို့"

ကျွန်ုပ်။ ။"ကျွန်တော်မျိုးမှာ မင်းဘုရားကြီး သိတော်မူတဲ့အတိုင်း"

ကွန်း။ ။"မဟုတ်ဘူးကွယ့်...ငါ့စကား နားထောင်ရမယ်"

ကျွန်ုပ်မှာ အူအသည်းဖြောင်းဆန်လျက် ရှိသည်နှင့် မင်းသားကြီးကိုပင် မကြောက်နိုင်တော့ဘဲ ဇွတ်ထိုး၍ လျှောက်ထားရလေသည်။

ကျွန်ုပ်။ ။"မဖြစ်နိုင်လိုပါဘုရား၊ သည်းခံတော်မူပါ"

ကွန်း။ ။"မောင်တို့က...ကျူးကျူးလွန်လွန် ဖြစ်ခဲ့ပြီးလို့ ဟာလား"

ဤနေရာတွင် ကျွန်ုပ်သည် လိမ်လည်၍ လျှောက်လိုက်ချင်၏။ သို့သော် မနှင်းမြ၏ ဂုဏ်သရေကို ထိခိုက်မည် စိုးသည်နှင့်–

ကျွန်ုပ်။ ။"ဒီလိုတော့ မဟုတ်ရပါဘုရား၊ သို့သော်"၊

ကွန်း။ ။"တန်တော့ကွယ်၊ ငါ့ဆီမှာ အမှုထမ်းချင်ရင် ငါ့စကား နားထောင်ရမယ်၊ နားမထောင်နိုင်ဘူးဆိုရင် အမှုထမ်းရဲ ရှိတာပေါ့"

ကျွန်ုပ်ကား အကြီးအကျယ် ဂွကျလျက်ရှိလေပြီ။ သူငယ်ချင်း မောင်ထွန်း ကျော်လည်း ရှိသည့်အတွက်ကြောင့် တစ်ပြည်တစ်နိုင်ငံသို့ စွန့်စား လာရောက်၍ ကျွန်ုပ်ကိုယ်တိုင်လည်း စိတ်တိုင်းကျသော အရှင်သခင်မျိုးနှင့် တွေ့ရပြီးမှ လက်လွှတ်ရမည်ဆိုတော့လည်း နှမြောစရာကြီး ဖြစ်နေချေပြီ။ သို့သော်

ကျွန်ုပ်။ ။"ကျွန်တော်မျိုးကြီးမှာတော့ အခက်ကြီးကြုံနေရပါပြီဘုရား၊ သက်စွန့်ကြိုးပမ်း အမှုထမ်းချင်လို့ လာခဲ့ပြီးတဲ့နောက်"

ကွန်း။ ။"ဘာများ ခက်လို့လဲကွယ့်၊ ငါ့စကားနားထောင်လိုက်ပါ"

ကျွန်ုပ်။ ။"မနှင်းမြအပေါ်မှာ သစ္စာဖောက်ရမယ်ဆိုလျှင်တော့ လည်ပင်း မှာ ခွက်ဆွဲပြီး တောင်းစားရတဲ့အဖြစ်မျိုး ရောက်ချင်ရောက်ပါစေ..."

www.burmeseclassic.com



ဤတွင် မင်းသားကြီးနှင့် သခင်မကြီးတို့သည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်၍ ပြုံးလိုက်ကြသည်။

ကြီး။ ။"တယ်ဆိုတဲ့ စာပါကလားကွယ်၊ ရွှေမြို့တော်ကမို့ စကားတတ်တိုင်း လျှောက်ပြောနေတာလားကွယ်"

ကွန်း။ ။"အေးလေကွယ် ကြည့်ရုံတော့ ကြည့်သေးတာပေါ့၊ မင်းမကြိုက်တော့နေပေါ့"

ကျွန်ုပ်။ ။"ကြည့်ဖို့ မလိုကြောင်းပါဘုရား"

ကွန်း။ ။"ဒါလောက်လဲအပြောမကြီးနဲ့လေကွယ်၊ ကြည့်ပါဦး၊ ဘယ်မလဲ နမတော် ခင်ကြော့ကို ခေါ်လိုက်စမ်းပါ"

ဤတွင် သခင်ကြီးက အတွင်းဆောင်ဘက်သို့ လှည့်ကာ "ဘယ်မလဲဟဲ့ ခင်ကြော့ ဝင်ခဲ့စမ်း"ဟု ခေါ်လိုက်သည်တွင် မိန်းမတစ်ယောက်သည် ရှေ့တော်သို့ ဝင်လာရာ ကျွန်ုပ်မှာ ပါးစပ်ဟောင်းလောင်းဖေးလျက် ကြက်သေသေသွားပါတော့သည်။ အကြောင်းမူကား အချိတ်ထဘီ, ထိုင်မသိမ်းအင်္ကျီနှင့် ထိပ်ဆံချလျက် ဝင်လာသော မိန်းမမှာ အခြားသူမဟုတ်၊ ရွှေမြို့တော်သူ မနှင်းမြဖြစ်နေသည်ကို တွေ့ရသောကြောင့်ပေတည်း။ မင်းသားကြီးနှင့် သခင်ကြီးကမူကား ကျွန်ုပ်ကို ကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်မောကြလေတော့သည်။

ထိုနောက်မှ သခင်ကြီး "ကိုင်း... မောင်တော်ဘုရား၊ သူ့ခများများမှာ ကွဲနေတာ အတော်ကြာလို့ ပြောချင်ဆိုချင်တဲ့ စကားရှိကြပေလိမ့်မယ်။ အလိုက်သိစွာ ဖယ်ပေးလိုက်ကြပါစို့..."ဟု ဆိုကာ အခြားအဆောင်တော်သို့ ကူးသွားကြလေ၏။

❑

## အခန်း (၁၅)

ကျွန်ုပ်မှာ ကိုယ်တော်ကြီး မျက်နှာငြိုမည်ကိုစိုး၍ ရှုံကြောက်ခြင်းကား တစ်မျိုး၊ သူငယ်ချင်း မောင်ထွန်းကျော်နှင့်အတူတကွ အမှုထမ်းခွင့်ရတော့မည် မဟုတ်ရှာဆို၍ ဝမ်းနည်းခြင်းကားတစ်ဖက်၊ မျှော်လင့်သလောက် ကြီးပွားခွင့် မရှိသဖြင့် မနှင်းမြကို ရဲဝံ့စွာ တောင်းခံခွင့် ရှိတော့မည်မဟုတ်ဟု စိတ်ပျက်ခြင်းကား တစ်ဖက်၊ အမျိုးမျိုး အဖက်ဖက်သောနည်းဖြင့် ဝမ်းနည်းပက်လက်ဖြစ်နေခဲ့ရာမှ လုံးဝမမျှော်လင့်သော ချစ်သူမနှင်းမြနှင့် ဤကဲ့သို့ ဘွားခနဲ တွေ့လိုက်ရခြင်း ဖြစ်ပေရကား၊ ဝမ်းသာလုံးဆို့၍ ထိုနေရာ၌ ပွဲချင်းပြီး သေမသွားခဲ့ခြင်းအတွက် တစ်ခါတစ်ရံတွင် အံ့သြမိပါသေးသည်။

ဖြစ်ပျက်ပုံမှာ သစ်ကုန်သည် ဦးချစ်ဆွေသည် မနှင်းမြကို အင်္ဂလိပ်စစ်ဗိုလ် တစ်ယောက်နှင့် သဘောတူ၍ လက်ထပ်ပေးစားမည်ပြုဆဲတွင် မနှင်းမြသည် မြင်ကွန်းမင်းသားကြီးက ခိုးယူခဲ့ရန် စေလွှတ်လိုက်သည့် သူလျှိုများနှင့် အဆင်သင့် တွေ့၍ တိတ်တဆိတ် လိုက်ပြေးလာခဲ့ခြင်း ဖြစ်လေသည်။ ဤအဖြစ်အပျက်ကို ကြားရလေလေ၊ ကျွန်ုပ်မှာ ဝမ်းသာပြီးရင်း ဝမ်းသာမိလေလေ ဖြစ်ရပါတော့သည်။

မနှင်းမြအား မိစ္ဆာဒိဋ္ဌိ လင်ယောကျ်ား၏လက်မှ ကယ်ဆယ်ရသည့်အပြင် မြင်ကွန်းကိုယ်တော်ကြီးနှင့် သခင်ကြီးတို့က ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည့် အလျောက် ကျွန်ုပ်တို့နှစ်ယောက်အား ၎င်းတို့ကိုယ်တိုင် ထိမ်းမြားလက်ထပ် ပေးစားခဲ့သည်တွင် ကျွန်ုပ်တို့၏မင်္ဂလာဆောင်မှာ ယိုးဒယားပြည်တွင် အကြီး ကျယ်ဆုံးတစ်ခု ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့အဖို့ကား နေရာကျလှပါ၏။ သို့သော် အရှင်နှစ်ပါးတို့၏ နိုင်ငံရေးအခြေအနေမှုကား မဟန်လှချေ။ ဝဇီယာဘုရင်သည် ကိုယ်တော်ကြီး၏ ကိစ္စကို ရီးတီးရားတားလုပ်၍ အချိန်ဆွဲထားခဲ့ရာ၊ နောက်ဆုံးတွင် စိတ်မြန်သော ကိုယ်တော်ကြီးသည် ယိုးဒယားပြည်မှ စွန့်ခွာ၍ ပြင်သစ်ပိုင် အင်ဒိုချိုင်းနား နယ်ဘက်သို့ ကူးသွားတော်မူလေသည်။

သူငယ်ချင်း မောင်ထွန်းကျော်မှာ "မျက်စိလယ်" ပြေပျောက်သော ခင်ခင်ကြီးကို လူပျိုလှည့်ရာတွင် စွံတော့မည်ဖြစ်ရာ၊ ကိုယ်တော်ကြီး၏ တိုက်တွန်းချက်အရ ကျွန်ုပ်တို့၏ မင်္ဂလာဆောင်နှင့် အတူ တစ်ချိန်တည်းကိစ္စပြီးစေ၏။ ၎င်းတို့လင်မယားမှာ နှစ်ဦးလုံး သတ္တိကောင်းသူချည်းဖြစ်၍ အင်ဒိုချိုင်းနားဘက်သို့ ကိုယ်တော်ကြီး ပြောင်းရွှေ့တော်မူရာတွင် တစ်ပါတည်း အတူလိုက်သွားကြလေတော့သည်၊

ကျွန်ုပ်မှာ ဦးရီးလတ်က အမွေပေးခဲ့၍ ဦးတိုင်းကျော်တို့ နေထိုင်သော တိုက်ကြီးနှင့် လယ်မြေများကို ရရှိသည်တွင် (မနှင်းမြ၏ ငြိမ်းချမ်းစွာနေထိုင်လိုသော ဆန္ဒအတိုင်း) ကိုယ်တော်ကြီးတို့နှင့်အတူ အင်ဒိုချိုင်းနားဘက်သို့ မလိုက်ကြဘဲ ယိုးဒယားပြည်၌ပင် ကျန်နေရစ်ခဲ့ကြလေသည်။ သို့ရာတွင် မနှင်းမြမှာ သားဦးယောကျ်ားကလေး မျက်နှာမြင်ရာတွင် ပျက်စီးရရှာသည်နှင့် ကျွန်ုပ်သည် ယိုးဒယားပြည်၌ နေလိုစိတ် မရှိသောကြောင့် ဖွားရာဇာတိဖြစ်သည့် အမရပူရမြို့သို့ ပြန်လာ၍ နောက်အိမ်ထောင်ဖြင့် သားသမီးများ ပေါက်ဖွားခဲ့ခြင်း ဖြစ်ပါတော့သတည်း။ ။

ရွှေဥဒေါင်း